www.burmeseclassic.com

# ရှင်မိုး

(ဆေးတက္ကသိုလ်)

BURMESE CLASSIC .com

## နှလုံးသားချင်း ဆက်သွယ်ထားတယ်



Design L လင်း

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိုး(ဆေးတက္ကသိုလ်)

## နှလုံးသားချင်းဆက်သွယ်ထားတယ်


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၃၃၀၃၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၁၀၀၅၀၉

၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊

ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅. ၈၃

ရှင်မိုး(ဆေးတက္ကသိုလ်)

နှလုံးသားချင်းဆက်သွယ်ထားတယ်/ရှင်မိုး(ဆေးတက္ကသိုလ်)-ရန်ကုန်။

စေတနာစာပေ၊ ၂၀၀၉။

၂၈၈- စာ၊ ၁၂×၁၈ စင်တီ။

(၁) နှလုံးသားချင်းဆက်သွယ်ထားတယ်


### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်


- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







# ရှင်မိုး
## (ဆေးတက္ကသိုလ်)



# နှလုံးသားချင်း ဆက်သွယ်ထားတယ်






စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





# နံနက်ခင်းတစ်ခု စတင်လာသောအခါ...

မနက် ခြောက်နာရီထိုးသံ နှိုးစက်လေးက တာ .. တာ၊ တု ... တုနဲ့ မြည်ပေမဲ့ ကောင်းကောင်းမနိုးလှပ်သေးသော မျက်လုံးတွေကို ကြိုးစားဖွင့်လိုက်ပါသည်။ မပေလို့ ... ဒီအချိန်လောက်ထ,မှ အလုပ်သွားချိန် ရှစ်နာရီခွဲအမီ အ... အဆင်သင့်ဖြစ်မှာ ဆိုတော့ ဒီအချိန် ထကိုထရမယ်။

တိုက်ခန်းအတွင်းရှိ တစ်ခန်းတည်းသော အိပ်ခန်းထဲမှ အမေ့ချောင်းဟပ်သံ လူးလွန့်နိုးထသံနဲ့အတူ အမေ့ရဲ့ ...

"တင်တင် နေသာရဲ့လား"

ဆိုသော မေးသံကို ဆက်တိုက်ကြားရသည်။ ထို အချိန်မှာ လွှင်ပြင်ကတော့ အိမ်နောက်ဖေးနေရာလွတ်မှာ ဖျာခင်း



www.burmeseclassic.com

www.burmeseclassic.com



ဂွမ်းကပ်မွေ့ရာပါးခင်း ခြင်ထောင်ထောင် အိပ်ရသူမို့ ထိုပစ္စည်းတွေကို စတင်ခေါက်သိမ်းနေပြီ။ အိမ်ရှေ့ခန်းမှာ အိပ်ရသော အဖေ့အိပ်ရာတွေကိုပါ ပြီးရင် သိမ်းပေးရဦးမှာမို့ အချိန်ဆွဲမနေအား။ မြန်မြန်ပဲ ကိုယ့်အိပ်ရာကိုယ် ခေါက်သိမ်း၊ ထောင့်တစ်နေရာမှာပုံ။ ပြီးတာနဲ့ အဖေ့အိပ်ရာကို သွားခေါက်သိမ်းပေးရမည်။ အဖေကတော့ အမေအိပ်နေသော အိပ်ခန်းထဲ ဝင်သွားပြီး အမေ့ကို နေသာလား၊ ဒီနေ့ ဘာစားချင်စိတ်ရှိလဲ၊ ဆေးခန်းသွားဖို့လိုမလားဆိုသော မေးခွန်းမျိုးတွေ မေးနေကျအတိုင်း သွားမေးနေပါသည်။

"သမီးရေ ... အမေက ဒီနေ့တော့ ကြက်သားပြုတ်ကြော်လေးနဲ့ပဲ ထမင်းစားမတဲ့"

"ဟုတ်ကဲ့ အဖေ၊ ဈေးပြေးပြီး သမီး သွားဝယ်လိုက်မယ်၊ အဖေရော ဘာစားချင်လဲ"

"မိသားစု စားကြမှာပဲ၊ တစ်ညီတည်း ဝယ်ခဲ့ပါ၊ သမီး အလုပ်လည်း သွားရဦးမယ်၊ ထူးထူးထွေထွေ ချက်မနေနဲ့"

"အခု မနက်စာ ဘာစားမလဲ မေးတာ အဖေ"

"အိမ်မှာ မုန့်ကြွပ်ရှိတယ်၊ တော်ပါပြီ၊ အပြင်စာဝယ်မစားတော့ပါဘူး၊ သမီး စားချင်ရာသာ ဝယ်စားခဲ့"

"အမေရော ဘာစားချင်လဲ"





"အမေ့အတွက် နွားနို့ရှိရင် ရပါပြီကွယ်၊ မဝယ်ပါနဲ့၊ သမီးသာ စားချင်တာ ဝယ်စားခဲ့"

မျက်နှာသစ် အဝတ်လဲပြီး ပလတ်စတစ်ခြင်းလေး ဆွဲကာ ငါးလွှာအမြင့်မှ ဆင်းလာခဲ့သော လွင်ပြင်သည် မနီးမဝေး [illegible] မနက်ဈေးကို လမ်းလျှောက်ပြီး ထွက်လာခဲ့ပါသည်။ လမ်းမ [illegible]ာန်းတစ်လျှောက်မှာ ဖွင့်ထားသော ဆိုင်မျိုးစုံတွေထဲမှာ ဗီဒီယို ဆိုင်တွေကလည်း မှိုလိုပေါက်နေတာကတော့ နေ့စဉ်မြင်တွေ့ရတဲ့ မြင်ကွင်းပါ။

ဒါပေမဲ့ လွင်ပြင့်အတွက်ကတော့ မရိုးနိုင်သော မြင်ကွင်း၊ ကြည့်၍မဝတာလား၊ သတိတရ ငေးကြည့်နေမိတာလား မသိနိုင်သော ဗီဒီယိုကားကြော်ငြာဝေါလ်ရှိုထ်တွေကို အမြဲလိုပဲ ကြည့်ပြီးသွားလာနေမိခဲ့၏။

ထိုဝေါလ်ရှိုထ်တွေပေါ်မှာ တော်တော်များများ နေရာယူ ကြော်ငြာထားတဲ့ ရုပ်ရှင်ကားတွေထဲမှာ ပါဝင်သူ တစ်စုံတစ်ဦးကြောင့် ဒီဝေါလ်ရှိုထ်တွေကို တစွဲမက်မက် ကြည့်နေမိပါသည်ရယ်လို့တော့ ကိုယ့်ကိုယ်ကိုယ် ဝန်မခံချင်မိပါ။

ပျင်းစရာကောင်းပြီး တိတ်ဆိတ်ကာ ပုံမှန်လိုပဲ အပြောင်းအလဲ နည်းလှပြီး မြစ်ရိုးဖြစ်စဉ်တွေထဲမှာ နှစ်ခွင့်ရုဝင်ချင်



www.burmeseclassic.com

www.burmeseclassic.com



သည့်နေရသော လွင်ပြင့်အတွက် ဒီဝေါလ်ရှိထဲက တစ်စုံတစ်
ယောက်ဟာ မနက်တိုင်းမှာ စိတ်ကို ပြောင်းလဲမှုတစ်ခု ပေးစေ
ာတော့ အမှန်ပါပဲဟု ဝန်ခံဖို့တော့ အသင့်ရှိနေခဲ့ပါသည်။





# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com



## ၁

ရှုပါမားကပ်ကြီး၏ ယူနီဖောင်းဝတ်စုံက အပေါ်အပြာရင့် ရှပ်အင်္ကျီပုံစံ လက်စက ဘလောက်(စ)နှင့် (ရှပ်အင်္ကျီမှာ ကော်လာရယ်၊ လက်အဖျားရယ်၊ အိတ်ကပ်နေရာရယ်မှာ အဖြူလေးတွေ ကွပ်ထားသည်) အနက်ရောင်စကတ်ထဘီ ဖြစ်သည်။ ဘတ်စ်ကားပေါ်မှ ဆင်းလာရသောအခါ အနည်းငယ်တွန့်ကြေသွားသဖြင့် ဆွဲဆန့်လိုက်ပြီးလျှင် လွှင်ပြင် တစ်ယောက် ပခုံးလွယ်သားရေအိတ်လေးကိုပြင်လွယ်၊ ရေဘူးနဲ့ထမင်းချိုင့်ထည့်သော ပလတ်စတစ်ခြင်းလေးဆွဲပြီး ရှော့ပင်းမောလ်ကြီးဆီ လမ်းလျှောက်လာခဲ့ပါသည်။

လွှင်ပြင် အလုပ်လုပ်ရသော ရှုပါမားကပ်ကြီးက ထိုရှော့ပင်းမောလ်မှာ ဖွင့်ထားတာဖြစ်သည်။ ကုန်ပစ္စည်းမျိုးစုံတင်ရောင်းသော Family Supermarket (ဖန်မလီရှုပါမားကပ်)





မိသားစု ရှုပါမားကပ်ကြီးတွင် လွှင်ပြင် အလုပ်ဝင်တာ သိပ်တော့မကြာသေး။ သုံးလစွန်းစွန်းလောက်ပဲ ရှိသေးသည်။ ဒီဆိုင်မှာ မလုပ်ခင်ကတော့ စာအုပ်တိုက်ကြီးတစ်တိုက်မှာ အရောင်းစာရေးဝင်လုပ်သေးသည်။ အဲဒီကမှ ဒီဘက်မှာ လခပိုရသည်။ ပိုလည်း စိတ်ဝင်စားစရာကောင်းသည်ထင်ကာ သူငယ်ချင်းတွေနဲ့အတူ ပြောင်းလာတာဖြစ်သည်။

ဘာလို့ဆိုတော့ စာအုပ်တိုက်ကြီးမှာက စာအုပ်မျိုးစုံနဲ့သာ နေ့စဉ် နစ်ပါးသွားနေရလေရာ အတော့်ကိုပျင်းဖို့ကောင်းပြီး ထူးထူးခြားခြားလည်း မမြင်ရဘူးဟုထင်သည်။ ရှုပါမားကပ်မှာကျတော့ ရှော့ပင်းမောလ်ထဲလာသမျှ လူမျိုးစုံကိုလည်း တွေ့ရပြီး တစ်နေ့တစ်မျိုး မရိုးရသော ဖက်ရှင်ဒီဇိုင်းတွေနဲ့ ဝတ်စားလာသူ ကောင်လေး ကောင်မလေးတွေကို ငေးမောရတာနဲ့ပင် အလုပ်လုပ်ရတာ ပျင်းဖို့တောင် အချိန်မရ။

ပြီးတော့ ဒီရှုပါမားကပ်ကလည်း အားလုံးထက်စာရင် ဈေးချိုသည်ဟု နာမည်ထွက်လေရာ ဝင်ဝယ်ကြသူများလှသဖြင့် လွှင်ပြင်တို့လို ဝန်ထမ်းတွေမှာ ပျင်းပြီး ထိုင်နေဖို့တောင် အချိန်မရှိပါ။ လွှင်ပြင်က ကွန်ပျူတာလည်းရသဖြင့် Cashier ကောင်တာမှာ ဝင်လုပ်ရသလို တစ်ခါတလေလည်း အရောင်းဝန်ထမ်း ဝင်လုပ်ရတာမျိုး သင့်သလို လုပ်ရသည်။ လခကလည်း အခုခေတ် ရှုပါမားကပ်တွေမှာပေးသော လခအတိုင်းပဲ သိပ်တော့



www.burmeseclassic.com

www.burmeseclassic.com



မထူးခြားလှ။ ဒါပေမဲ့ အသစ်ဖွင့်ခါစ နာမည်ရခါစ ရှော့ပင်းမောလ်ကြီးမှာ အသစ်ဖွင့်သော ရူပါမားကပ်ကြီးမှာ ဝင်လုပ်ရတာကို ပျော်သဖြင့် လွင်ပြင်က ဒီအလုပ်ကို ရွေးလိုက်တာဖြစ်သည်။

အမေကတော့ ...

"အမေနဲ့အတူတူ ကုမ္ပဏီမှာပဲ ဝင်လုပ်ရောပေါ့ သမီးရယ်"

ဟု ပြောပေမဲ့ လွင်ပြင်မလုပ်ချင်သဖြင့် ငြင်းခဲ့သည်။

"လွင်ပြင် ဘွဲ့ရပြီးရင် နိုင်ငံခြားဘာသာ ဒီပလိုမာတစ်ခု ထပ်တက်ဦးမယ်၊ အဲဒီက တစ်ဘာသာမှာ ဒီပလိုမာရမှ ကုမ္ပဏီမှာ ဝင်လုပ်တော့မယ်၊ အခုတော့ စိတ်လွတ်လပ်ပြီး ပျော်လည်းပျော်ရတဲ့ ရူပါမားကပ်မှာပဲ ဝင်လုပ်ချင်တယ်"

အမေကတော့ လွင်ပြင် အလုပ်ထွက်လုပ်ရတာကို သနားနေတတ်သည်။

"အမေ မကျန်းမာလို့ပါ၊ နောက်မို့ အမေ့သမီးလေး လူငယ်ပီပီ ပျော်ပျော်ပါးပါး ကျောင်းတက်ပြီး လွတ်လွတ်လပ်လပ် နေရအောင် အမေ အလုပ်လုပ်နိုင်ပါတယ် အမေက အခုတော့ လှုပ်တောင်မလှုပ်နိုင်အောင် ကျန်းမာရေးက ချို့တဲ့နေတော့တာ"

လွင်ပြင့်အမေ ဒေါ်တင်တင်မှာ အရင်ကတော့ ကိုယ်တိုင် ကလေးကျောင်းဝတ်စုံတွေချုပ်ပြီး ဆိုင်တွေမှာလိုက်



သွင်းသော အလုပ်ကိုလုပ်သည်။ တန်ဖိုးသင့်ပြီး လက်ရာသေသေသပ်သပ်ချုပ်ကာ ဖောက်သည်သွင်းသော အမေ့ ကျောင်းဝတ်စုံလုပ်ငန်းက တစ်ပိုင်[illegible]စ်နိုင်ပေမဲ့ အကူချုပ်သမား ကောင်မလေးတစ်ယောက်တော့ ခေါ်ထားရအောင် အလုပ်ဖြစ်ပါသည်။

လွင်ပြင်တို့မိသားစုသုံးယောက် အတွက်ကတော့ အမေ့ကုမ္ပဏီဝန်ထမ်း လစာငွေ၊ အမေ့ကျောင်းဝတ်စုံချုပ်လုပ်ငန်းက ရသည့်ငွေဖြင့် အတော်ကြီး ချောင်လည်ကာ လွင်ပြင်လည်း ဆာဖောသီသီ သုံးစွဲပြီး ကျောင်းနေနိုင်ခဲ့သည်။

သို့သော် လွန်ခဲ့သော တစ်နှစ်ကျော်ကတော့ အမေဟာ အဆစ်အမြစ်ယောင်လာလိုက်၊ နေမကောင်းဖြစ်လိုက်ဖြင့် ချချာလာသဖြင့် ဆရာဝန်ပြကြည့်ရာ လိုအပ်တာတွေ စစ်ဆေးခိုင်းပါသည်။ စစ်ဆေးပြီး အဖြေထွက်လာရာ ...

"လေးဖက်နာနဲ့ နှလုံးရောဂါဖြစ်နေပြီ၊ ပုံမှန်ဆေးထိုးဆေးသောက်ပြီး အနားကောင်းကောင်းယူမှ ရောဂါ ဒီ့ထက်ပိုဆိုးမလာမှာ။ အနားမယူဘဲ အလုပ်တွေ ဆက်လုပ်နေဦးမယ် ဆိုရင်တော့ နှလုံးက ပိုအခြေအနေဆိုးလာမယ်"

ဟူသော ဆရာဝန်၏ ဆုံးဖြတ်ညွှန်ကြားချက်ကို သိခွင့်ရခဲ့ပါသည်။

အဲဒီထဲက အမေ့လုပ်ငန်းလည်း နားလိုက်ရပြီး ဆေးထိုး၊ ဆေးသောက် ပုံမှန်လုပ်ကာ အနားယူလိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီခေတ်ကြီးထဲမှာ အိမ်ထောင်စုတစ်ခုတွင် မိသားစုသုံးယောက်
ရှိသည်ထားဦး။ အဖေတစ်ယောက်တည်းရဲ့ ဝင်ငွေနဲ့တော့ ဘယ်
လိုမှ ထိုင်စားလို့မရသည်ဖြစ်ရာ လွှင်ပြင်အမေ ကိုယ့်အသိစိတ်ဓာတ်
နဲ့ကိုယ် အလုပ်ထွက်လုပ်လိုက်ပါသည်။

အလုပ်လုပ်တဲ့ လခက မိဘကို ပြန်ထောက်ပံ့နိုင်
သည်အထိတော့ မများလှပေမဲ့ ဘာပဲဖြစ်ဖြစ် အဖေ့အတွက်
လွှင်ပြင့် ကျောင်းစရိတ်၊ မုန့်ဖိုး၊ အဝတ်အစားဖိုး စသဖြင့် လို
အပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ သက်သာသွားပါသည်။ လွှင်ပြ
ကလည်း လခထုတ်ရင် အဖေနဲ့အမေကို စားစရာတစ်ခုဖြစ်ဖြ
လိုအပ်တဲ့ဆေးဝါးဖြစ်ဖြစ်ဝယ်ပြီး ပြန်ကန်တော့ခြင်းဖြင့်သာ မိဘ
ကို ပံ့ပိုးနိုင်ပြီး ကိုယ့်လခနဲ့ကိုယ် လောက်ငအောင်သုံးတတ်
သည်။

အဖေ့ကို အားနာတာရော၊ သနားတာရောပေါင်းပြီ
ဘယ်တော့မှ လက်ဖြန့်မနေတော့ပါ။

အဖေ့လခဟာ မိသားစု မီးဖိုချောင်စရိတ် ဖြစ်
ပြီး အမေ ရှာနိုင်တုန်းက စုတတ်၊ ဆောင်းတတ်သဖြင့် စုဆော
ထားတာတွေကတော့ အမေ့ဆေးဖိုး ဖြစ်သွားရသည်။ ဘာပဲ
ဖြစ် လမ်းပန်းဆက်သွယ်ရေးကောင်းသော မြို့နယ်ကြီးတစ်ခု
မှာရှိသည့် ကန်ထရိုက်တိုက် ငါးလွှာမှာ တစ်ခန်း အပိုင်ဝယ်
နိုင်ပြီး လူတန်းစေ့ရှိရမည်ဖြစ်သော တီဗီတို့၊ ဒီဗီဒီစက်တို့၊ ေ





သေတ္တာအသေးလေးတို့လောက်တော့ အိမ်မှာလည်း ရှိထားသဖြင့်
လွှင်ပြင်တို့ အခြေအနေက ချောင်လည်ပြည့်စုံသည်ဟု ပြောနိုင်
ပါသည်။

လွှင်ပြင်သည် နဂိုစိတ်သဘောကိုက တင်းတိမ်
ရောင့်ရဲနိုင်သော စိတ်ဓာတ်မျိုးရှိလျက် ဘယ်တော့မှလဲ သူများကို
အားမကျ။ ကိုယ်မသုံးနိုင်တာ၊ မတတ်နိုင်တာ၊ မပြိုင်နိုင်တာတွေ
အတွက်လည်း စိတ်မကောင်း ဖြစ်မနေ။ ကိုယ့်ထက် ရှိသူကို
လည်း ဘယ်တော့မှ အားကျငေးမောမနေ။ အမြဲပျော်ပျော်နေတတ်
ပြီး လောကကြီးကို အစဉ်ထာဝရ အကောင်းမြင်စိတ် ရှိနေတတ်
သော စိတ်အခံရှိသည့် လွှင်ပြင်သည် ဘယ်တော့ကြည့်လိုက်
ကြည့်လိုက် ပြုံးနေတတ်သော မျက်နှာလေးနဲ့ ဖြစ်လေသည်။

မျက်နှာလေးက ပြုံးနေတတ်ပြီး မျက်နှာလုံးလုံး
မျက်လုံးဝိုင်းဝိုင်းလေးနဲ့ ချစ်စဖွယ် ရုပ်ရည်လေးလည်းရှိသော
လွှင်ပြင်မှာ မိတ်ဆွေအပေါင်းအသင်းက ပေါလှတာလည်း မဆန်း
လှ။

"လွှင်ပြင့်ကို မြင်ရတာ စိတ်ချမ်းသာတယ်ဟော့၊ ပြုံးပြီး
ဝင်လာပါပြီ"

လွှင်ပြင် အလုပ်လုပ်ရန် တာဝန်ကျသော ကောင်
တာဆီ ဝင်လာလျှင် မချို ဆိုသော အစ်မကြီးက လှမ်းနှုတ်ဆက်
ရင်း ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မချိုက အသက်နှစ်ဆယ့်ရှစ်နှစ် အရွယ်ဖြစ်ကာ ကလေးတစ်ယောက်အမေပေမဲ့ ရုပ်ရည်နုလှသဖြင့် လူကလည်း ခပ်သေးသေးဖြစ်သဖြင့် အရွယ်တင်ကာ လွှင်ပြင်တို့လို အသက်ဆယ့်ကိုး နှစ်ဆယ်တွေသာ အလုပ်လုပ်နိုင်သော အရောင်းဝန်ထမ်းအလုပ်ကို လုပ်ခွင့်ရသူဖြစ်လေသည်။

"ဟုတ်ပ၊ လွှင်ပြင် မပြုံးတဲ့နေ့က ခပ်ရှားရှားပဲ"

လွှင်ပြင်နဲ့အတူ တွဲလုပ်ရမည့် ခင်မေသူက ထောက်ခံသလို ပြောလေသည်။

"သူ့ကြည့်ရတာနဲ့တင် အစ်မမှာရှိတဲ့ အဆင်မပြေတာတွေ မေ့သွားသလို ခံစားရလို့ လွှင်ပြင် ပြုံးပြီးဝင်လာမှာကို စောင့်နေရတာ"

"အဟီး ... အမေကပြောတယ်၊ လွှင်ပြင်က မွေးကတည်းက ပြုံးပြီးမွေးလာတာတဲ့။ သူများကလေးတွေလို မငိုဘဲ ပြုံးပြီးထွက်လာတာတဲ့၊ ဟုတ်၊မဟုတ်တော့ မသိဘူး။ ဆရာဝန်က မွေးလည်းပေးပြီးရော အမေ့လက်ထဲ အနီးထုပ်လေးနဲ့ လာထည့်တော့တဲ့ အမေကချီပြီး ငုံ့ကြည့်လိုက်တာ လွှင်ပြင်က အိပ်ရက်သားလေး ပြုံးနေတာတဲ့။ အမေ့စိတ်ထဲမှာ အဲဒီတုန်းက အံ့ဩပြီး၊ ဟယ် ... ကလေးက ငိုလည်းမငိုဘူးဆိုပြီး တွေးမိတယ်တဲ့"





လွှင်ပြင် ပြောတာကို ရယ်စရာမပါပါဘဲ အားလုံးပြိုင်းရယ်ကြလေသည်။

လွှင်ပြင်တို့ တာဝန်ကျနေသော ကောင်တာက မျက်နှာသုတ်ပဝါတွေ ရောင်းရသော ကောင်တာဖြစ်သည်။ ဒီစူပါမားကပ်မှာက တစ်လတစ်ခါ ကောင်တာ ပြောင်းလုပ်ရလေသည်။ မျက်နှာသုတ်ပဝါတွေစီပြီး ခေါက်ထားတာ ညီမညီစစ်ရင်း လွှင်ပြင်သည် စူပါမားကပ်ထဲမှာ ဖွင့်ထားသော သီချင်းတစ်ပုဒ်ကို စာသားသိပ်မရပါဘဲ ရသလောက် တစ်ပိုင်းတစ်စ လိုက်ဆိုလျက်ရှိလေသည်။

စူပါမားကပ်က ကြီးလှသဖြင့် ကောင်တာတွေလည်း များလှလေရာ ကောင်တာတစ်ခု တစ်လတာဝန်ကျပြီးလျှင် တော်တော်နဲ့ ပြန်မရောက်နိုင်ပါ။ လွှင်ပြင်ကတော့ မိန်းကလေးပီပီ အလှကုန်ပစ္စည်းကောင်တာကို တာဝန်ကျလျှင်တော့ ပိုပျော်သည်။ ကိုယ်သုံးသည်ဖြစ်စေ မသုံးသည်ဖြစ်စေ မည်သည့်နိုင်ငံကပဲထုတ်ထုတ် အလှကုန်ပစ္စည်းတွေသည် ဘယ်ပစ္စည်းမဆို မွှေးနေကြတာပဲ လူလည်း မွှေးကြိုင်လန်းဆန်းပြီး တက်ကြွနေမိသည်။

L'oreal တို့လို Maybelline တို့လို၊ Revlon တို့လို၊ Kanebo တို့လို တံဆိပ်တွေကတော့ သူ့ဝန်ထမ်းနဲ့သူ ကောင်တာလာဖွင့်ကြသည်ဖြစ်ရာ လွှင်ပြင်တို့ ရောင်းပေးစရာမလိုပါ။ လွှင်ပြင်တို့ ရောင်းရသော အလှကုန်ကောင်တာကတော့



www.burmeseclassic.com

www.burmeseclassic.com



စုပါမားကပ်ပိုင် ကောင်တာတစ်ခုဖြစ်သည်။ ဈေးကွက်မှာ သိပ်လူသိလည်းမများ၊ နာမည်လည်း မရှိလှသော ယိုးဒယားတွေ၊ တရုတ်တွေဖြစ်ပြီး ဈေးလည်းသက်သာလှသော အလှကုန်ပစ္စည်းမျိုးစုံရယ်၊ မြန်မာပြည်ဖြစ် သနပ်ခါးဘူးတွေ၊ မိတ်ကပ်ဘူးတွေ၊ ဘော်ဒီစပရေးဘူးတွေ စသဖြင့်ကို တင်ရောင်းရသော အလှကုန်ကောင်တာ ဖြစ်ပါသည်။

ဈေးသိပ်မများလှဘဲ သာမန်လူတန်းစားပါ သုံးနိုင်သော အမျိုးအစားတွေလည်း ပါသဖြင့် လူဝယ်များသော ကောင်တာတစ်ခုဖြစ်သည်။ အခု တာဝန်ကျနေသော မျက်နှာသုတ်ပဝါအသေးအကြီးတွေ၊ မွေးပွလက်ကိုင်ပဝါတွေရောင်းသော ကောင်တာကတော့ သိပ်အလုပ်မရှုပ်သော ကောင်တာတစ်ခုဖြစ်သည်။ ဝယ်သူက လှော်ဖြန့်ကြည့်ပြီး ထားခဲ့တာတွေကို ညီအောင်ပြန်ခေါက်ရတာသာ အလုပ်ပိုပါသည်။

"ဟော့ ... လွင်ပြင်၊ သတင်းကြားလား၊ ဒီနေ့ ဗီဒီယိုတစ်ကား လာရိုက်မယ်တဲ့"

ခင်မေသူက ပြောပါသည်။

"ဗီဒီယို လာရိုက်တာများဟယ်၊ စိတ်မဝင်စားပါဘူး၊ တကယ်ပြောတာ၊ လခတိုးမယ် သတင်းကြားမှ ပိုစိတ်ဝင်စားစရာ ကောင်းဦးမယ်"

"လခကတော့ မတိုးပါဘူးဟယ်"





"တိုးလည်း တစ်ရာနှစ်ရာ ပိုလာတာပဲရှိမယ်"

"နင်က ကိုယ့်ပိုက်ဆံ ကိုယ်သုံးရလို့ သိပ်ညည်းစရာမရှိတာ၊ ငါဆို အိမ်ကို ပြန်ထောက်ပံ့ရသေးတယ်၊ ပြန်မထောက်ပံ့လို့လည်း မဖြစ်ဘူးလေ၊ ငါ့လခက အမေ့ဈေးဖိုးထဲ ဝင်ပါနိုင်မှ ထမင်းနဲ့ဟင်း ပုံမှန်စားနိုင်တာ"

ခင်မေသူတို့က မောင်နှမခြောက်ယောက်ရှိပြီး ခင်မေသူက အလတ်ဖြစ်သည်။ မောင်နှမခြောက်ယောက်မှာ သုံးယောက်က အဝေးသင်တက်ရင်း အလုပ် လုပ်နိုင်ပေမဲ့ အငယ်သုံးယောက်ကတော့ အလယ်တန်းအဆင့် ကျောင်းသားတွေပဲမို့ အလုပ်မရှိကြ။ အဖေက ကုမ္ပဏီကားမောင်း၊ အမေက မနက်ဆို ဈေးမှာ မုန့်ကြာစေ့၊ သာကူ၊ နို့ထမင်း လုပ်ရောင်း၊ ညနေဆို ကြာဆံသုပ်ရောင်းဖြင့် စီးပွားရှာကာ မိသားစုဝန်ကို ထမ်းနေကြသူများ ဖြစ်လေသည်။

"နင့်အစ်မက သူ့ရည်းစားနဲ့ ယူတော့မယ်ဆို၊ ဟုတ်လား"

"အေး ... ဒီနှစ်ကုန်ရင် ယူကြမယ်တဲ့၊ ငါတော့ သူ့တို့အစား ရင်လေးတယ် သိလား"

"ဟယ် ... ဘာဖြစ်လို့လဲ"

"အိမ်လည်း ငှားနေရမယ်ဟယ်၊ ပြီးတော့ နှစ်ယောက်စလုံး ဘွဲ့တစ်ခုစီရထားတာကလွဲရင် ဘာမှအရည်အချင်းပိုတာလဲ မရှိဘူးလေ။ လခစားချင်းလည်း အတူတူပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒီခေတ်မှာ ဒီလခနဲ့ အိမ်ထောင်အတူတူ ထူထောင်ပြီး ဘယ်လိုရုန်းကန်ကြမလဲ၊ နှစ်ယောက်တည်းက အကြောင်း မဟုတ်ဘူး၊ ကလေးတွေ ဘာတွေ ရလာရင် ကလေးစရိတ် က ကုန်ဦးမှာ"

"ဟီ ဟီ ... နင်ကလည်း ကလေးရလာရင် ပြောပါဟယ်၊ ကလေးတွေ ဘာတွေဆိုတော့ 'ဘာတွေ'ဆိုတာက ဘာကို ပြောတာလဲ"

လွင်ပြင်က ရယ်စရာ ကြံဖန်ပြောလိုက်လျှင် ခင်မေသူ လည်း စိတ်ညစ်စရာတွေမေ့ပြီး တဟီးဟီး ရယ်နေတော့သည်။ မချိုက တစ်ဖက်ရှိ မီးဖိုချောင်ပစ္စည်းကောင်တာမှ လှည့်ကြည့်ပြီး -

"ဟယ် ... ဒီကောင်မလေး နှစ်ယောက်ဟာ တဟီးဟီး တဟားဟားနဲ့ အူရွှင်နေလိုက်ကြတာ"

ဟု ချစ်စနိုး မြည်တွန်တောက်တီးပြပါသည်။

"ဒီနေ့ ဘာဟင်းလဲ မချို"

လွင်ပြင်က လှမ်းမေးလိုက်သည်။

"ဘာလဲ ... အခုမှ ဆယ်နာရီပဲ ရှိသေးတာ လွင်ပြင် ဆာ ပြီလား"

"မဆာပါဘူး၊ မေးကြည့်တာ"

လွင်ပြင်တို့က ထမင်းစားလျှင် ကိုယ့်ကောင်တာ ရှိုးကေ့(စ)တွေ နောက်ကွယ်မှာ ထမင်းချိုင့်တွေစုပြီး ကိုယ့်အုပ်စု





...ယ် စားလေရာ မချိုရယ်၊ ခင်မေသူရယ်၊ လွင်ပြင်ရယ်ကတော့ ...တွဲဆုံးမို့ အတူတူ အမြဲထမင်းစုပြီး စားဖြစ်ပါသည်။

"ကြက်ဥဟင်းလေ။ ကြက်ဥ၊ ဘဲဥ ဟင်းချက်ရင် တွက် ချေကိုက်တယ်။ တစ်ယောက် မနက်တစ်ခြမ်း ညတစ်ခြမ်း စား သတ်မှတ်ရုံပဲ။ အာလူးလေး ရောထားလိုက်ရင် ကြက်ဥဟင်းအနှစ် ချဉ်ငန်စပ်လေးနဲ့ စားလို့မြိန်တယ်"

"လွင်ပြင်ကတော့ အမေ့ကို ကြက်သားပြုတ်ကြော် လုပ် ပေးရမှာမို့ မထူးဘူးဆိုပြီး အဖေနဲ့ လွင်ပြင့်အတွက်တော့ ဆီပြန်ချက်လိုက်တယ်၊ အဖေက ကြက်သားဆို ဆီပြန်ဟင်း ဆို သိပ်ကြိုက်တာလေ၊ လွင်ပြင်ကတော့ ထမင်းဟင်းသိပ် မမက်ပါဘူး။ ဝတ္တုရားကျေ စားတာ ... ဟီ ဟီ"

"သိပါတယ်၊ သိပါတယ်၊ လွင်ပြင်က သရေစာမုန့်သရဲ လေ၊ ဘယ်မှာ ဘာမုန့်ကောင်းလဲပဲ သတင်းစောင့်နေတာ"

"ဒါပေမဲ့ အခုခေတ်ပေါ်တဲ့ Pizza (ပစ်ဇာ)ဆိုတဲ့ မုန့်အဝိုင်း ကြီးကိုတော့ ဝယ်မစားနိုင်ဘူး။ မုန့်က တစ်သောင်းကျော် ပေးရတယ်တဲ့"

"ဟယ် ... ဘယ်လိုမုန့်မျိုးမို့လဲ"

"မသိဘူး၊ သတင်းကြားတာပဲ၊ မုန့်အဝိုင်းကြီးတစ်ချပ်ကို အဲဒီလောက် ဈေးပေးရတာတဲ့"

"သူဌေးတွေမှ စားနိုင်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လွင်ပြင်ကမစားရလည်း သိပ်ဝမ်းမနည်းပါဘူး၊ Pizz
ကို ခင်မေသူတို့အမေလုပ်တဲ့ မုန့်ကြာစေ့သာကူလော
မမက်ပါဘူး"

"အေး … အေး၊ မနက်ဖြန်မှ နင့်အတွက် တစ်ချိုင့်ထ
ခဲ့ဦးမယ်၊ ငါတို့ကတော့ နေ့တိုင်း အမေ အဲဒါတွေလု
နေတာနဲ့ အနံ့နဲ့တင် ဝ,ပြီး ရိုးအီနေလို့ မစားချင်တေ
ဘူး"

စကားကောင်းနေစဉ် ကောင်တာတွေမှာ လူစည်
ပြုလာပြီမို့ လွင်ပြင်တို့၏ အလုပ်ကို အာရုံစိုက်လိုက်ရပါသည်
ရူပါမားကပ်တွေ အရောင်းဆိုင်တွေ ဆိုတာက နေ့လယ်ဆယ့်တ
နာရီလောက်မှသာ လူဝင်များသည်ဖြစ်ရာ အခုမှ လူစည်လို့ကော
သောအချိန် ဖြစ်လာသည်။

နေ့လယ် ထမင်းစားသောက်ချိန်တွင် တစ်နာရီထ
ခါနီးနေပြီ။ ထမင်းခဏထိုင်စားလိုက်၊ ဝယ်သူလာလျှင် ရော
ပေး၊ ပြပေးလိုက်ဖြင့် အလုပ်လုပ်ကြရပါသည်။

ထမင်းချိုင့်လေးတွေဖွင့်တော့ မချိုက ကြက်ဥ
တစ်ခြမ်းနဲ့ အာလူးလေးခြမ်းလောက်ကို ချဉ်ငန်စပ်ချက်ထည့်လ
သော ဟင်းပါသည်။ လွင်ပြင်က အားလုံးထဲမှာ အတတ်နိုင်ဆ
မို့ နေ့စဉ် အသားဟင်းတော့ ပါနိုင်သလို ကိုယ်နဲ့အတူ ထမ
စားသူတွေအတွက်လည်း အသားတုံးလေးတစ်တုံးစီတော့ မျှဝေ





နိုင်သည်။ ခင်မေသူက ဘာငါးမှန်းမသိသော ငါးခြောက်ကို
ချဉ်သီးနဲ့ ကြော်ထားတာရယ်၊ ပဲနီလေးဟင်းချိုရယ်၊ ထမင်းစု
စားကြသည်မို့ ဟင်းတော့စုံကာ တစ်ယောက်နဲ့တစ်ယောက်
သည်းနည်းစီ မျှပေးနိုင်သဖြင့် စားလို့ကောင်းပါသည်။

"လွင်ပြင်က အလုပ်လာမှပဲ ထမင်းကို သေသေချာချာ
စားတာလေ။ အိမ်ရောက်ရင် မစားတော့ဘူး။ ညနေစာဆို
ဟိုဟာဝယ်စား ဒီဟာဝယ်စားနဲ့ လမ်းထိပ်ထွက်ပြီး ပိုက်ဆံ
ဖြုန်းမိရော"

စကားပြောရင်း ထမင်းစားနေကြစဉ် လူတွေ ဆူဆူ
ညံညံတွေဖြစ်လျက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတာကို သတိပြု
မိသည်။

"လာပြီထင်တယ်"

ခင်မေသူက ထမင်းစားရင်း ပြောလိုက်၏။

"ဘယ်သူလာလို့လဲ"

မချိုက မသိသေးလေရာ လှမ်းမေးသည်။

"ဒီနေ့ ဗီဒီယိုလာရိုက်မှာတဲ့"

"ဩော် … ဘာကားတဲ့လဲ"

"ဘာကားမှန်း မသိဘူး"

"မင်းသား ဘယ်သူလဲ"

"မင်းသားလည်း မသိဘူး၊ လာမယ်ပဲ သတင်းကြားတာ"



www.burmeseclassic.com

www.burmeseclassic.com



လွှင်ပြင်က ထမင်းလည်း အနည်းငယ်သာ ထည့်လာသူမို့ အရင်ဆုံးပြီးကာ ထမင်းချိုင့်ကို ပြန်ဆင့်ပြီး သိမ်းလိုက်ပါသည်။

"အလှကုန်ကောင်တာတို့၊ စာရေးကိရိယာကောင်တာတို့၊ အရုပ်ကောင်တာတို့မှာပဲ ရိုက်မှာပါ။ ငါတို့ကောင်တာတွေက သိပ်မှမလှတာ စိတ်ဝင်စားစရာလည်း မရှိပါဘူး"

"ခင်မေသူ့ရယ် ... အဲဒါပဲ ကောင်းပါတယ်၊ နောက်မို့မင်းသမီးက ဈေးရောင်းပြမယ်၊ ပစ္စည်းတွေ ဖွခဲ့မယ်ဆိုရင် ငါတို့ပဲ ပြန်ရှင်းရမှာ၊ အလုပ်ရှုပ်ထယ်၊ သူတို့က ခဏလေး လာရိုက်ပြီး ပြန်သွား။ တစ်ကားကို သုံးလေးရက် အပြီးရိုက်တာနဲ့ သိန်းဂဏန်းတွေ တစ်ပုံကြီးပိုက်သွားကြတာ။ ငါတို့ကတော့ သောင်းဂဏန်းလောက် လခလေးကိုမက်ပြီး တစ်လလုံး အလုပ်လုပ်နေရတာလေ"

"အံမယ်လေး ... အံမယ်လေး ... ထူးထူးဆန်းဆန်း လွှင်ပြင်က အဲဒီလို စကားတွေ ပြောလို့ပါလား။ ဒီနေ့ ထီထိုးရမယ်ထင်တယ်"

"ဩော် ... မဟုတ်ပါဘူး၊ လွှင်ပြင် မနာလိုလို့ ပြောတာ မဟုတ်ပါဘူး၊ ဒီလိုပါပဲ တစ်ခါတလေကျရင် လူတန်းစား မညီတာ ဝင်ငွေမညီတာကို တွေးမိပြီး အဲဒီလူတန်းစားတွေကို မကြိုက်လို့ပါ"





"ကြိုက်တဲ့လူတွေကလည်း ကြိုက်နေတော့ သူတို့ရိုက်တဲ့ကားတွေလည်း လူကြည့်များပြီး သူတို့လည်း ဝင်ငွေတွေ ကောင်းနေတာပေါ့ဟယ်"

လူတွေရုတ်ရုတ်သဲသဲ လှုပ်ရှားမှုများနဲ့အတူ စုစုရုံး ဖြစ်နေသောဘက်ခြမ်းကို လွှင်ပြင် တစ်ချက်သာကြည့်ပြီး ညနေပြန်ရင် ဘာမုန့်ဝယ်စားရမလဲ ဆိုတာ စဉ်းစားနေမိသည်။ ...မ်းထိပ်မှာ မုန့်ဆိုင်တွေက အများကြီး၊ ရေမုန့်စားရမလား၊ ...့်လင်မယား စားရမလား၊ ဝက်သားတုတ်ထိုး စားရမလား၊ ...ကောင် စားရမလား၊ အာပူလျှာပူ စားရမလား။ ဘာစားရင်ကောင်း...လဲ မသိဘူး။ ထမင်းကတော့ မစားချင်တော့ပါဘူး။ အခုမနက် ...ားပြီးနေပြီပဲ။ အမေ ဘာစားချင်မလဲ မသိဘူး။ အမေလည်း ...ွှင်ပြင့်လိုပဲ ထမင်းသိပ်မကြိုက်ဘူး။ မုန့်ကြိုက်တယ်။

ညနေဆို အမေနဲ့လွှင်ပြင် မုန့်တစ်မျိုးစားလိုက်ရမှ ...ကျေနပ်ကြတာ။ အဖေကတော့ မရဘူး။ ထမင်းစားရမှ။ ထမင်း ...့ဟင်းကို သေသေချာချာ ချက်ပေးရမယ်။ သူများတွေလို ...တစ်ခါတလေ ပြီးစလွယ် ဘဲဥကြော်နဲ့စားတာ၊ ပဲပြုတ်ကြော်နဲ့ ...မျိုး မလုပ်တတ်ဘူး။ တစ်ခါတလေ အိမ်မှာ မုန့်ဟင်းခါး၊ ...ခနိုးနို့ခေါက်ဆွဲ ချက်စားရင်တောင် အဖေ့အတွက်တော့ ထမင်း ...င်း သီးသန့်ချက်ပေးရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဒီဘက်ခြမ်းကို ရောက်လာကြပြီ"

ခင်မေသူက စိတ်ဝင်တစား လာပြောသည်။ မီးထိုးမှန်ထိုးသမားများနှင့် လူအုပ်စုတစ်စု ဒီဘက်ခြမ်းကို စတင်ရောက်လာပါသည်။

"မင်းသား မင်းသမီး ဒီနားက ဖြတ်လျှောက်လိမ့်မယ်၊ ညည်းတို့ ကင်မရာမြင်ကွင်းထဲ ပါချင်ရင် ရပ်သာနေ"

အဖွဲ့ထဲမှ ဦးလေးကြီး တစ်ယောက်က လွင်ပြင်တို့ကို စ,သလို နောက်သလို ပြောလျှင် ခင်မေသူတို့ မချိုတို့ကတော့ စိတ်တွေလှုပ်ရှားပြီး ကောင်တာမှာ ကြွကြွရွရွလေး ရပ်ကြပါသည်။ လွင်ပြင် တစ်ယောက်ကတော့ ခပ်တည်တည် မျက်နှာကြီးဖြစ်လျက် မျက်နှာကို တစ်ဖက်စောင်း လှည့်ထားမိသည်။ ဘာကြောင့်လဲဆိုတော့ ဒီကားကို လာရိုက်သော ဇာတ်လိုက်မင်းသား နေရာမှာ ဘယ်သူသရုပ်ဆောင်သလဲဆိုတာ မြင်လိုက်ရ၍ပင်။

ထို့အတူ မင်းသမီးနဲ့ အတူတွဲလျှောက်လာဟန် သရုပ်ဆောင်နေရသော ဇာတ်လိုက်မင်းသားလေးကလည်း အမှတ်မထင် ကောင်တာဘက် ဖျတ်ခနဲ ကြည့်မိသွားသောအခါ ရုတ်တရက် ကြောင်ငေးမိတော့မလို တစ်ချက်တော့ ဖြစ်သွားလေသည်။

ဒါပေမဲ့ ဒီအလုပ်ကို လုပ်နေကျ သရုပ်ဆောင်သူ တစ်ယောက်ပီပီ ထိုသို့ဖြစ်ပျက်မှုမှာ စက္ကန့်တဲ့ရဲ့တစ်ဝက်လောက် အရွေ့လေးမျှသာ ကြာမြင့်ခဲ့ပါသည်။ ဘယ်သူမှလဲ သတိမပြု





လိုက်ကြသလို ဘယ်သူမှလဲ မမြင်လိုက်ကြသော မျက်လုံးအကြည့်ဖြစ်ပါသည်။

လွင်ပြင်သည် ဇာတ်လိုက်မင်းသားလေး ဒီနေရာတစ်ဝိုက်မှာ မရှိတော့သောအခါကျမှ သက်ပြင်းတစ်ခုကို မသိမသာ ခိုးချရင်း အလုပ်ထဲ အာရုံစိုက်လို့ ရသွားလေသည်။

❦ ❋ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၂

Toyota အမျိုးအစားထဲမှာပါပြီး မိသားစုစီးလို့ရသော လူခုနစ်ယောက်ဆန့်သော Tarago တံဆိပ် ကားကြီး၏ နောက်ခန်းမှာ မင်းဂုဏ်ရှိန် သက်သောင့်သက်သာ မှီထိုင်ရင်း ပါလာသည်။ ဒရိုင်ဘာက ဦးလေးနှစ်ဝမ်းကွဲလောက်တော်သော အမျိုးကို ခန့်ထားတာမို့ ကားမောင်းနေရင်း နောက်ကြည့်မှန်ထဲမှ လှမ်းကြည့်လိုက်ကာ ...

"ပင်ပန်းလာသလားကွ"

ဟု မေးလေသည်။

"မပင်ပန်းပါဘူး ဦးလေးစိန်"

"မင်းတို့အလုပ်ကလည်း မလွယ်ဘူးကွာ၊ ပူတဲ့အိုက်တဲ့ ရာသီကြီးလည်း မီးတွေအထိုးခံပြီး အပြင်ထွက် အလုပ်လုပ်ရတာပါပဲလား"





"ဒါ သိပ်မပူသေးလို့ အောက်ဒိုးတွေ ရိုက်ကြတာပါ၊ ဒီထက်ပူလာရင်တော့ အင်ဒိုးတွေ ရိုက်ရမှာပေါ့၊ ဒီ့ထက် ဒီ့ထက်မက ပူလာရင်တော့ ရုပ်ရှင်သမားတွေ ထုံးစံအတိုင်း ပြင်ဦးလွင် တက်ရုံပေါ့"

"အဲဒီကျမှ အစ်မလည်း ပိုအလုပ်များဦးမှာ မြင်ယောင်သေး။ အခုလည်း မအားရဘူး။ သား မနက်ရှူတင်သွားဖို့ ဝိုင်းပြင်ပေး။ နေ့လယ်စားဖို့ ထမင်းချိုင့်လာပို့။ အခု ညနေပိုင်းအပြန်မှာ သား စားကောင်းအောင် ပြင်ဆင်ချက်ပြုတ်ရ။ နိုက်ဆင်းန်တွေရှိရင် သူပါ မအိပ်မနေ လိုက်စောင့်ပြီး သားကို ကော်ဖီ၊ မုန့်တွေ ဂရုစိုက်ကျွေးရနဲ့ကွာ"

"မေမေ့ကြည့်ရတာ ပျော်နေပုံပါပဲ၊ ပင်ပန်းတဲ့ပုံ မရဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော့်ကို သူပဲ မင်းသားဖြစ်စေချင်ခဲ့တာလေ။ ကျွန်တော် ဝါသနာပါလို့ မဟုတ်ဘူး။ မေမေ ဝါသနာပါလို့ ကျွန်တော် မင်းသား ဖြစ်လာရတာ။ မေမေက မင်းသား မင်းဂုဏ်ရှိန်ရဲ့အမေလေ ဆိုတာကို သိပ်ကျေနပ်ပီတိဖြစ်တယ်လေ"

မင်းဂုဏ်ရှိန်သည် နေ့လယ်က ဖျတ်ခနဲ မြင်ခဲ့သော မျက်လုံးကြီးကြီး ဝိုင်းဝိုင်း တစ်စုံကို အမှတ်မထင် ပြန်သတိရသွားလျှင် "လွင်ပြင်"ဟု စိတ်ထဲမှ ခပ်တိုးတိုး ရေရွတ်မိရုံမက နှုတ်ဖျားမှပါ ထုတ်ပြောမိတော့မလို ဖြစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်တည်တည် ဖြစ်နေသော လွှင်ပြင့် မျက်လုံးတွေထဲမှာ သူ့အပေါ် အရင်ကလို ရင်းနှီးမှုတွေ ရှိမနေတော့ကြောင်း သတိထားမိခဲ့သဖြင့် ရင်ထဲမှာ ဘယ်လိုမှ နေလို့မရ။ တစ်မျိုးကြီး နိုးလိုးခုလု နင်တင်တင် ဖြစ်နေသည်။ မတွေ့တာ ဘယ်လောက်ကြာပြီလဲ။ နှစ်နဲ့ချီနေပြီ။ ဒါပေမဲ့ ဘယ်အချိန်တွေ့တွေ့ ဒီရုပ်လေးကို မမေ့ဘူး။ အမြဲပြုံးနေတဲ့ မျက်နှာလေးကို မေ့လို့မရဘူး လွှင်ပြင်ရယ်။

ရင်ထဲမှာ သိမ်းဆည်းထားဖူးတဲ့ စကားတစ်ခွန်းကို အခုမှ ပြန်လည်သတိရပြီး အသစ်တစ်ဖန် ခံစားရသလို ဖြစ်လာပါသည်။ ဒီရုပ်ရှင်၊ ဗီဒီယို အနုပညာလောကကြီးထဲမှာ စတင်ကျင်လည်ပြီး ဘယ်လောက်ပဲ မင်းသမီးတွေနဲ့ တွဲရ တွဲရ မော်ဒယ်လ်ချောချောလေးတွေနဲ့ တွဲရ တွဲရ ဘယ်သူ့ကိုမှ သေချာချာ စိတ်ဝင်စားလို့လည်း မရခဲ့။ ဘယ်သူ့ကိုမှလဲ ချစ်ကြည့်လို့တောင် မရခဲ့။ အပျော်ရည်းစားထားဖို့တောင် စိတ်မပါခဲ့တာဟာလည်း လွှင်ပြင်ကြောင့်ပါပဲလို့ အခုမှ ပြန်သတိတရ ဝန်ခံချင်သွားပါသည်။

ရယ်စရာပဲ။ ချစ်စရာ သန့်ပြန့်မွှန်ရည်တဲ့ ရုပ်ရည်လေး ရှိတာကလွဲရင် ဘယ်လိုမှ မထူးခြားသော မိန်းကလေးကိုသာ သတိရပါသည်။ စွဲလမ်းပါသည်လို့ အခုမှ သူ့ကိုယ်သူ ပြန်





သုံးသပ်မိရသလား။ ဒါဆို မဆုံမတွေ့ဖြစ်ကြတဲ့ နှစ်နှစ်ကျော်သုံးနှစ်နီးပါးလုံးလုံး ဘာကြောင့် သူ တစ်ချက်လေးမှတောင် လွှင်ပြင့်ကို သတိမရခဲ့သလဲ။

"ဟော ... မင်းအမေ ဝရန်တာမှာ ထွက်စောင့်နေပါပြီကွာ၊ ဒီနေ့ ဘာဟင်းတွေများ ချက်ပြီး စောင့်နေပါလိမ့်"

ဦးလေးစိန် အသံကြားမှ အိမ်ရှေ့ပေါ်တီကိုအောက် ကားဝင်ရပ်တော့မည် ဆိုတာကို အသိဝင်လေသည်။ မင်းဂုဏ်ရှိန် ကား ရပ်လိုက်တာနဲ့ အိမ်ရှိကောင်မလေးနှစ်ယောက်တို့ အပြေးအလွှား တံခါးဖွင့် ထွက်လာကြပြီး ဦးလေးစိန် အသင့်ဖွင့်ပေးလိုက်သော နောက်ဖုံးထဲမှ အဝတ်အစားသေတ္တာတွေ ထုတ်ယူကြပါသည်။

ဒါ့အပြင် ကားအလယ်ခန်းထဲမှာလည်း တခြားအသုံးအဆောင်နှင့် ဖိနပ်မျိုးစုံတွေထည့်သော ဘူးတွေကလည်း သူ့ဘူးနှင့်သူ အစီအရီ ရှိသေးလေရာ မင်းဂုဏ်ရှိန် အိမ်ထဲရောက်သည်အထိပင်။ ကောင်မလေးနှစ်ယောက်ရော၊ ဦးလေးစိန်ရော သယ်ချလို့ မပြီးကြသေး။ မင်းဂုဏ်ရှိန်ကတော့ ဖိနပ်ကိုကန်ချွတ်ခဲ့ပြီး အိမ်ရှေ့ဧည့်ခန်းရှိ ကတ္တီပါသား ဆိုဖာကြီးပေါ် ခြေပစ်လက်ပစ် ထိုင်လိုက်ကာ Plasma တီဗီရီမုဒ်ကို ကောက်ကိုင်ပြီးဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



52"(ငါးဆယ့်နှစ်လက်မ)ရှိသော Plasma TV အကြီးကြီးမှာ ပေါ်လာသည့် MTV သီချင်းသံနဲ့အတူ မေမေ့အသံကပါ အနားရောက်လာသည်။

"When I grow up ... I wanna be a star ... I wanna be in the movies"

Pussycat Dolls အဖွဲ့၏ မြူးကြွလှုပ်ရှားနေသော ကကွက်နှင့် သီချင်းကို ကြားတော့ သူ ပြုံးမိသွားသည်။ သီချင်းအဓိပ္ပာယ်က ငါ ကြီးလာရင် စတားဖြစ်ချင်တယ်၊ ရုပ်ရှင်ထဲမှာ သရုပ်ဆောင်ချင်တယ်တဲ့။ မင်းဂုဏ်ရှိန်ကတော့ အဲဒီလို စိတ်မကူးခဲ့။ စိတ်ကူးမယဉ်ခဲ့။ ဝါသနာလည်း မပါခဲ့။ ဖြစ်လည်းမဖြစ်ချင်ခဲ့ပါပဲ ဘယ်လိုကဘယ်လို ဒီအခြေအနေ ဖြစ်လာသည်ပင် သူ့ကိုယ်သူ စဉ်းစားမရတော့။ ငယ်ငယ်က ကြီးလာရင် ဘာဖြစ်ချင်လဲ မေးတဲ့အခါ သူ ဘာများဖြေမိခဲ့သလဲ။ သေချာတာကတော့ ရုပ်ရှင်မင်းသား ဖြစ်ချင်တယ်လို့ သူ တစ်ခါမှ မဖြေခဲ့ဘူးတာတော့ သေချာပါသည်။

"သား ... ဘယ်လိုလဲ ပင်ပန်းလာလား"

"မပင်ပန်းပါဘူး မေမေ၊ (...)ရှော့ပင်းမောလ်မှာဆိုတော့ အဆင်ပြေပါတယ်၊ ဒီနေ့ အဲဒီနားတစ်ဝိုက်နဲ့ ရှော့ပင်းမောလ်အနံ့ပေါ့။ ဈေးဝယ်ထွက်တဲ့အခန်း ရိုက်တာလေ"





"အေး ... မေမေ သိပါတယ်၊ မေမေက သားရဲ့ မန်နေဂျာလေ။ သားရဲ့ Schedule (စကက်ကျူးလ်)တွေ အကုန်အလွတ်ရပါတယ်"

"ဒီကား နှစ်ရက်စာ ကျန်သေးတယ်၊ ပြီးရင် ကြားထဲမှာ တစ်ရက် အားတယ်နော် မေမေ"

"အားတယ်လေ၊ သားလေး ဘာလုပ်ချင်လို့လဲ"

မင်းဂုဏ်ရှိန် လက်ဆန့်၊ ခြေဆန့်၊ ခါးပါဆန့်ပြီး ချင်းကြောဆွဲပြလိုက်ကာ ရယ်မောရင်း ...

"ဘာမှမလုပ်ချင်ပါဘူး၊ နေ့တိုင်း မနက်ရိုက်ကွင်းသွား။ အဲဒီမှာ အချိန်ကုန် အိမ်ပြန်လာနဲ့ဆိုတော့ ငြီးငွေ့ပြီးပျင်းလာသလိုပဲ၊ စိတ်ထဲမှာ တစ်ကားနဲ့တစ်ကားကြား နားရက်ရမှာကိုပဲ မျှော်နေမိတယ်"

ဟု ဖြေမိသည်။

"မေမေလည်း ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ ကိုယ်က နာမည်တက်ခါစ ကိုယ်ကိုလည်း အလုပ်တွေလာအပ်တာများလာခါစလေးမှာ လက်လွှတ်မခံသင့်ဘူးထင်လို့ လာသမျှကားတွေ အကုန် လက်ခံထားမိတယ်၊ ဒီတော့ ရိုက်ရက်က ဆက်နေတာပေါ့။ ဒီလောကသားတွေကလည်း တစ်မျိုးသားရဲ့။ ရိုက်ရက်မပေးနိုင်ဘူး ရိုက်ရက်ဆက်နေတယ် ပြောရင် ပိုပြီး မရမက ရက်ကိုအတင်းအကျပ်



www.burmeseclassic.com

www.burmeseclassic.com



တောင်းပြီး ရိုက်ရက် ယူချင်ကြတယ်၊ သားနဲ့ခေတ်ပေါ် ပြိုင်ဘက်မင်းသား ရွယ်တူလေးတွေကလည်းရှိတော့ ကိုယ်ကလည်း လုပ်ထားနိုင်မှ။ နောက်မို့ အမီမလိုက်ထားနိုင်ဘူးဆိုရင် တစ်နှစ်လောက်အတွင်း သိပ်သိသာတာလေး ပြတ်ပြီးကျန်ခဲ့မှာ”

ကျွန်တော် မလုပ်ချင်တော့ဘူး မေမေ။ ငြီးငွေ့လာပြီ မေမေ။ ပျင်းလာပြီ မေမေ။ သာမန်လူပဲ ပြန်လုပ်ပါရစေလို့တော့ မပြောရဲ။ ပြောမထွက်။ မင်းဂုဏ်ရှိန်ဟာ ငယ်ငယ်တည်းက မေမေ့သား။ မေမေ့အချစ်တော်၊ မေမေ့စိတ်တိုင်းကျသာ နေပြ ဝတ်ပြ၊ စားပြခဲ့သူ။ မေမေ မျက်နှာတစ်ချက် ညိုမှာကို မမြင်ရက်ခဲ့သူသာ။

မေမေ ဒါဖြစ်စေချင်တယ်။ ဒါပဲ ဖြစ်ရမယ်လို့ ဆုံးဖြတ်ပေးခဲ့တဲ့လမ်းကို လျှောက်ခဲ့ပြီးပြီတည်း။

ရေမိုးချိုး အနားယူဖို့ သူ့အိပ်ခန်းဆီ သူ တက်လာခဲ့ပါသည်။ မင်းဂုဏ်ရှိန်တို့အိမ်က သုံးထပ်တိုက်ဖြစ်ပြီး အောက်ဆုံးထပ်မှာ ဧည့်ခန်းနဲ့ မီးဖိုချောင်အပြင် အိပ်ခန်းနှစ်ခန်းပါဝင်သည်။ ထိုအိပ်ခန်းတွေမှာတော့ အိမ်ဖော်လေးယောက်နေကြသည်။ ဒုတိယထပ်မှာ အိပ်ခန်းနှစ်ခန်းရှိပြီး တစ်ခန်းက ဖေဖေနဲ့မေမေ အိပ်သော နှစ်ယောက်အိပ်ခန်း၊ ကျန်တစ်ခန်းက တစ်ယောက်အိပ်ခန်း။ ထိုအခန်းမှာ မင်းဂုဏ်ရှိန် နေပါသည်။ အပေါ်ဆုံးထပ်မှာ





ည်း အိပ်ခန်းနှစ်ခန်းနဲ့ ဘုရားခန်းသာရှိသည်။ အဲဒီနှစ်ခန်းက ာ့ အစ်ကိုကြီးနဲ့ မမတို့ တစ်ခန်းစီနေပေမယ့် ခု သူတို့နှစ်ယောက်လုံး မရှိကြသဖြင့် ဘယ်သူမှ မရှိဘဲ သူတို့ပစ္စည်းတွေသာ ခန်းထဲမှာရှိသည်။

ရေပန်းမှ ကျလာသော ရေအေးအေးကို တစ်ဝကြီး လိုက်ပြီးနောက် အိမ်နေရင်း လွတ်လပ်ပေါ့ပါးသော တီရှပ်ပွပွ ဘောင်းဘီတိုတစ်ထည် ဝတ်ပြီးလျှင် မင်းဂုဏ်ရှိန် တစ်ယောက် အိပ်ရာကျယ်ကြီးပေါ် ပက်လက်လှဲအိပ်လိုက်သည်။ ခေါင်းနောက် ဲ လက်နှစ်ဖက် ယှက်ထည့်ရင်း မျက်လုံးအစုံကို မှိတ်လိုက်သော အခါ စတက်(ပ)ဆံပင်လေးတွေခါအောင် ရယ်မောနေသော လွင်ပြင့်ကို မျက်စိထဲ မြင်ယောင်လာသည်။

နေ့ခင်းက ဖျတ်ခနဲ တွေ့လိုက်ရသော လွင်ပြင်က တော့ လွန်ခဲ့တဲ့ သုံးနှစ်ကထက် ဆံပင်ပိုရှည်လာသလားလို့။ အရင်ကတော့ လည်ကုပ်မှာထောက်ပြီး ကော့လန်နေတတ်တဲ့ တက်(ပ)ဆံပင်လေးတွေနဲ့။ တစ်ခါတလေ အရူးထပြီး ဘေး ကလစ်တွေထိုး၊ နောက်မှာ ပိုနီတေးလ် မရမက စုချည်ထားတတ် သေးတာ။ ဘဲမြီးလို တိုနံ့နံ့နဲ့မို့ ခဏခဏဆွဲပြီး စ,ပစ်မိရင် အဲဒီ တစ်နေ့လုံး လွင်ပြင်တစ်ယောက် စိတ်ကောက်လို့မဆုံး။

လွင်ပြင် ကျောင်းပြီးသွားလို့ အလုပ်ဝင်လုပ်နေတာ ား။ ဟာ ... ဒါတော့ မဖြစ်နိုင်ဘူး။ လွင်ပြင်လည်း အခုနောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးနှစ် ဒါမှမဟုတ် တတိယနှစ်တော့ ရောက်ရင်ရောက်နေမယ် ဘာလို့ဆိုတော့ လွှင်ပြင်က မင်းဂုဏ်ရှိန်နဲ့ အတန်းအတူတူ အသက်အတူတူပဲလေ။

"နင့်အမေက တစ်မျိုးပဲနော်၊ ငါနဲ့ နင့်ကို မပေါင်းစေချ သလိုပဲ"

လို့ လွှင်ပြင် ပြောတုန်းက မေမေမျက်နှာတည်တာ ကြောင့်ဟူ၍သာ မင်းဂုဏ်ရှိန် ထင်မိခဲ့သည်။

အမှန်တော့ မေမေဟာ မင်းဂုဏ်ရှိန်နဲ့ လွှင်ပြင်တို့ ရဲ့ ထူးခြားတဲ့သံယောဇဉ်ကို ကြိုမြင်နေလို့သာ ဒီလိုဆက်ဆံခဲ့တယ် ဆိုတာ အခုမှ ပြန်တွေးကြည့်မိပြီး သိလာခဲ့သည်။

"လွှင်ပြင် ... ကိုယ် လွှင်ပြင့်ကို ချစ်တယ်"

ဟု ဒီစကားကို နောက်တစ်ခေါက် ပြန်ဖွင့်ပြော ဘယ်တော့များမှ အခွင့်အရေး ရှိပါတော့မလဲ။

ထိုသို့ အမှတ်မထင် ဒီစကားကို ကြားယောင်လိုက် မိသောအခါ ရင်ဘတ်ထဲမှာ တစ်ထပ်ထပ် အသံမြည်ပြီး ပူနွေး လာခဲ့သည်။ ရင်ခုန်သံတွေ ပြန်ပြီးလန်းလာပြီ ထင်တယ် လွှင်ပြ ရယ်။

"သားလေး"

အပြင်မှ မေမေ့ တံခါးခေါက်သံ သဲ့သဲ့သည် မင်း ဂုဏ်ရှိန်၏ အတွေးတွေကို လွှင့်ပြေးသွားစေပါသည်။





"ဘာလဲ မေမေ၊ တံခါးလော့(ခ)မလုပ်ထားဘူး၊ ဝင်လာလို့ ရတယ်"

"ထမင်းစားတော့မလား"

"မစားသေးဘူး မေမေ"

"ဟယ် ... ခုနစ်နာရီပဲ ထိုးနေပြီ"

"မဆာသလိုပဲ"

"နေ့လယ်က ဘာစားလို့လဲ"

"ဒိန်ချဉ်သောက်ချင်လို့ ဦးလေးစိန်ကို သွားဝယ်ခိုင်းလိုက် တယ်။ ဟို ... ထန်းလျက်ရည်နဲ့စားတဲ့ ဒိန်ချဉ်မဟုတ်ဘူး မေမေ။ ဒိန်ချဉ်အရည်လေ"

"ဒိန်ချဉ်က ဗိုက်တောင်ချောင်ပြီး အစာကြေသေးတယ်၊ ဘာလို့ မဆာတာလဲ"

မေမေက မင်းဂုဏ်ရှိန်ကို ကလေးတစ်ယောက်လိုပဲ ဆက်ဆံပြီး ပူပင်နေတော့သည်။ အမှန်တော့ မင်းဂုဏ်ရှိန်ဟာ ကိုယ့်ကိုယ်ကိုယ်ပင် ဗိုက်ဆာလား မဆာလား မသိတော့။ အတွေး ထဲမှာ လွှင်ပြင့် အကြောင်း ပြည့်နှက်နေတာနဲ့ပင် အရာရာကို သတိမပြုနိုင်တော့သလို ဖြစ်နေပါသည်။

"မဆာလည်း နည်းနည်းတော့ လာစားလိုက်ပါ သားရယ်။ တစ်ခါတလေ ရင်ထဲမှာ လေခံနေရင် အဲဒီလိုပဲ မဆာဘူး။ အစာဝင်သွားမှ တဖြည်းဖြည်း လေကြေပြီး ဆာလာတတ်



www.burmeseclassic.com

www.burmeseclassic.com



တာ။ သားရယ် လာပါ၊ ဖေဖေလည်း ကုမ္ပဏီက ဒီနေ့ စောစောပြန်လာရတယ်၊ ဘာအစည်းအဝေး ညာအစည်းအဝေးမှ မရှိဘူး။ ဘာညစာစားပွဲမှ မရှိဘူး။ ဒီတော့ မိသားစုသုံးယောက် ပျော်ပျော်ပါးပါး စားရအောင်ပါ"

မေမေ လာခေါ်တော့လည်း မငြင်းသာတော့ဘဲ အသာထ,လိုက်လာရပါသည်။ ထမင်းဝိုင်းမှာ သားအမိသားအဖ သုံးယောက် အတူစားရင်း ဖေဖေကတော့ ...

"သားကြီးနဲ့ သမီးကို သတိရတယ်ကွာ၊ သူတို့ ခုချိန်ဆို ဘယ်လိုများ စားနေကြမလဲ၊ ဘာတွေ ချက်စားနေကြမလဲ မသိဘူး"

ဟု သတိတရ ပြောလာသည်။

"ပြန်လာနိုင်းလိုက်ပါတော့လား မေမေရယ်၊ ဒီမှာ သူတို့ ရှာဖွေပြီး ပို့ထားတာနဲ့တင် မကြောင့်မကြ နေနေနိုင်ပါပြီ လို့ ပြောလိုက်ပါလား"

"မေမေက ပြန်လာခိုင်းပါတယ်၊ သူတို့က နောက်တစ်နှစ် နေဦးမယ်ဆိုတာနဲ့ လွှတ်ထားလိုက်တာ၊ တစ်နှစ်ပြည့်ရင် တော့ မရမက ပြန်လာခိုင်းမှာပါ၊ ဒီမှာ ကိုယ့်ညီလေး ကိုယ့်မောင်လေး အောင်မြင်တဲ့မင်းသား ဖြစ်နေပြီ။ မင်း ဂုဏ်ရှိန်ရဲ့အစ်ကို အစ်မတွေအဖြစ် နေရာယူကြပါဦးလို့ ပြောပါတယ်"





"တကယ်တော့ သား ဒီလိုဖြစ်လာတာ အစ်ကိုကြီးနဲ့ မမ ကြောင့်ပါ"

မေမေက ဒီတော့မှ အကွက်ရသွားသလိုဖြင့် ...

"အဲဒါကြောင့် မေမေ ပြောတာပေါ့၊ သား ပိုကြီးစားပြတာ ဟာ ပိုပြီးအောင်မြင်အောင် လုပ်ပြတာဟာ အစ်ကို၊ အစ်မ တွေကို ကျေးဇူးဆပ်တာနဲ့ အတူတူပဲလို့"

ဟူ၍ ထောက်ပြလိုက်လျှင် မင်းဂုဏ်ရှိန်၌ ပြောစရာ စကား ကင်းမဲ့သွားသလိုပင် ဖြစ်သွားပါသည်။

❦ ❃ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၃

ရှော့ပင်းမောလ်က ညကိုးနာရီမှ ပိတ်လေသည်။ ဒီတော့ ရုပါမားကပ်ကလည်း ရှစ်နာရီခွဲဆိုရင် စတင်သိမ်းဆည်းပြီး Roller Door ဟုခေါ်သော တံခါးလိပ်များကို တဂျိုင်းဂျိုင်း ဆွဲချပြီး အပေါက်တွေ စပိတ်တော့သည်။ တစ်ပေါက်သာ ချန်ပေးထားပြီး အထဲက လူကုန်အောင်သာဖွင့်ပြီး အပြင်က ထပ်ဝင်မဲ့လူကို အဝင်မခံတော့။ အထဲကလူ ကုန်တာနဲ့ တံခါးတစ်ပေါက် ချန်ထားတာကို အောက်ဆုံးထိ ဆွဲချပြီး ပိတ်ပါတော့သည်။ ကိုးနာရီအတိဆို အားလုံး ပြီးစီးနေပြီ။

လွင်ပြင်တို့လို ဝန်ထမ်းကောင်မလေးတွေကတော့ အတူတူ ပြန်မဲ့နေရာချင်း မနီးမဝေးတွေ၊ ဘတ်စ်ကားနံပါတ် အတူတူစီးပြီး တစ်လမ်းကြောင်းတည်း သွားမဲ့သူတွေ အတူတူစ





ာ ရှော့ပင်းမောလ်ရှေ့ရှိ ဘတ်စ်ကားမှတ်တိုင်ရောက်လျှင် ကိုးနာရီ ကျော်ကိုကျော်နေပြီ။ အိမ်ပြန်ရောက်ရင် အမြဲ ကိုးနာရီခွဲဆယ်နာရီနီးပါးမို့ အဖေက အမြဲ ကားမှတ်တိုင်မှာ လာစောင့်နေတတ်သည်။

"ဒါကြောင့် သမီးကို ပြောတာကွယ်၊ အဖေနဲ့အတူ ကုမ္ပဏီမှာပဲ ဝင်လုပ်ရောပေါ့၊ အလုပ်ချိန်လည်း ခုလောက်နောက်မကျတော့ဘူး"

ဟူ၍ အဖေက အိမ်အပြန်လာကြိုပြီးတိုင်း နားချတတ်လေသည်။

"လွင်ပြင် မကြောက်ပါဘူး၊ သွားရဲပါတယ် အဖေရဲ့၊ ဒီရပ်ကွက်မှာ ငယ်ငယ်လေးတည်းက နေလာတာပဲ၊ ပြီးတော့ လွင်ပြင်တို့အိမ်နဲ့ ကားမှတ်တိုင်ကလည်း တစ်ကွေ့လေး လျှောက်ရုံပဲ ဘာမှမကြာဘူး။ လွင်ပြင် ပြန်လာချိန်ကျမှ ဈေးသည်တွေ စပြီးသိမ်းတုန်း ရှိသေးတာ"

"ဟုတ်ပါ့ ... ဟုတ်ပါ့၊ မုန့်အမြဲဝယ်ပြီးမှ ပြန်လာတဲ့ သူတို့ဖောက်သည်ကို စောင့်ပြီးမှ ဈေးဆိုင်သိမ်းကြတာလေ"

လွင်ပြင်နှင့်အဖေ အိမ်တံခါးဖွင့်ပြီး ဝင်လိုက်လျှင် အမေ့ကို တီဗီရှေ့မှာ တွေ့ရသည်။

"ဟယ် ... အမေ ဘာကားကြည့်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ အကျိုးပြုစာတ်လမ်းကားလေး လာတယ်လေ၊ မဆိုးပါဘူး၊ ကြည့်ကောင်းသားပဲ၊ ဟိုကောင်လေးဟာကွယ်၊ သမီးသူငယ်ချင်းလေးလေ သူ ပါတယ်။ မင်းဂုဏ်ရှိန်ပါတယ်"

တီဗီဖန်သားပြင်မှာ ပေါ်နေသော သူ့မျက်နှာကို လွင်ပြင် တစ်ချက်သာကြည့်ကာ ရေချိုးဖို့ အိမ်နောက်ဖေးဝင်ခဲ့လေသည်။ ရင်ထဲမှာ နာနေတာလား၊ ကြေကွဲနေတာလား ကိုယ့်ကိုယ်ကိုယ် မသေချာပါ။ မနေ့တစ်နေ့ကမှ သူ့ကို ဖျတ်ခနဲပြန်ဆုံပြီးတဲ့နောက်မှာ မေ့ထားတာတွေ ပြန်အသစ်ဖြစ်လုနီးပါး ခံစားနေရခိုက်မှာ သူနဲ့ပတ်သက်တာကို မသိချင် မကြားချင်သလို ဖြစ်နေသည်။

ရေချိုးပြီးလျှင် သနပ်ခါးရေကျဲ အမြန်ပွတ်ကာ ကော်ဖီမစ်တစ်ထုပ် ဖျော်သောက်ပြီး ဝယ်လာသော ဘူးသီးကြော် တစ်ပွဲ ပန်းကန်ထဲ ပြင်ထည့်လိုက်ပါသည်။

"အမေ စားဦးမလား"

"ဘာဝယ်လာလို့လဲ သမီးရဲ့"

"ဘူးသီးကြော်"

"သြော် ... နေ ... နေ ... မစားတော့ဘူး။ အမေ ခုနလေးတင် မုန့်ကြွပ်နဲ့နွားနို့ စားထားတယ်"

"အမေရော"





"အဖေ့များ မေးနေပြန်ပြီ၊ အဖေက အိပ်ခါနီးဆို ဘာမှ မစားတော့တာ သိသားနဲ့၊ သမီး ဒီလာပါလား၊ ဒီမှာလာ စားရင် စကားလည်းပြော။ မင်းဂုဏ်ရှိန်ပါတဲ့ ဇာတ်လမ်းလည်း ကြည့်ကြည့်ပေါ့"

"မကြည့်တော့ဘူး အမေ၊ လွင်ပြင် ငှားထားတဲ့ဝတ္ထု ပြီးအောင်ဖတ်လိုက်ဦးမယ်"

အမှန်တော့ ခါတိုင်းနေ့တွေဆို တီဗီရှေ့မှာ အဖေနဲ့ အမေ ကြည့်နေလေ့ရှိတဲ့ ကိုရီးယားဇာတ်လမ်းကို ဝင်ကြည့်ရင်း မုန့်လည်းစား၊ အလုပ်ထဲကအကြောင်းလည်းပြော စသဖြင့် အချိန်ဖြုန်းတတ်ပါသည်။ မိသားစုအားလုံး မီးပိတ်၊ အိပ်ရာဝင်ချိန်မှာ ညဆယ့်တစ်နာရီလည်း ဖြစ်ရင် ဖြစ်နေတတ်သည်။ အမေတို့ရဲ့ ကိုရီးယားကားက နည်းနည်းအချိန်ပိုကြာလျှင် ဆယ့်တစ်နာရီ ကျော်ရင်လည်း ကျော်သွားတတ်ပါသည်။ ဒီနေ့တော့ မင်းဂုဏ်ရှိန် မျက်နှာကို ထပ်ကြည့်နေမိမှာ စိုးတာနဲ့ လွင်ပြင် တစ်ယောက် နောက်ဖေးထမင်းစားပွဲမှာသာ အချိန်ဖြုန်းနေလိုက်ရတော့သည်။

ဒါပေမဲ့ အိမ်ရှေ့ဧည့်ခန်းတီဗီစင်နဲ့လည်း သိပ်မဝေးလှသော အကွာအဝေးမို့ ဇာတ်လမ်းထဲမှာ သရုပ်ဆောင်ရင်း စကားပြောနေသော မင်းဂုဏ်ရှိန်၏အသံကိုတော့ မကြားချင်ဘဲ ကြားနေရပါသည်။ ဩရှရှနဲ့ ယောကျ်ားပီသသည်ဟု ထင်ရသော အဲဒီအသံသည် လွင်ပြင့် ရင်ထဲကို လှိုက်ပြီးဝင်လာသလိုပဲ ခံစားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှလုံးသားထဲမှာ အမြဲတမ်း ထည့်ထားပြီး ချစ်တာပါ"

ဟူသော ဓာတ်လမ်းထဲမှာ သရုပ်ဆောင်စဉ်ပြော သောအသံမှာ လွင်ပြင့်ကို လာပြီးလှောင်ပြောင်သလိုပဲ ခံစားရ လေသည်။

"အို ... ရှုပ်ပါတယ်၊ ဘာလို့ ခေါင်းထဲထည့်တွေးနေတော့ မလဲ၊ ငါဟာ ဇော်တော်ရှုးတာပဲ။ သူ့လိုလူက အခု ငါ့ကို သတိရဖို့ နေနေသာသာ လွင်ပြင်ပါလို့ သွားမိတ်ဆက် ရင်တောင် မှတ်မိရင် ခပ်ကောင်းကောင်း။ ဘာကြောင့် ငါ ဒါတွေကို ပြန်ခေါင်းထဲထည့်နေတော့မလဲ၊ ကိုယ့်စိတ် ကိုယ် ညှဉ်းဆဲတာနဲ့ အတူတူပဲ"

လွင်ပြင် ထိုသို့ ခပ်တိုးတိုး ရေရွတ်ရင်း ညအိပ် အိပ်ရာခင်း ခြင်ထောင် ထောင်လိုက်ပါသည်။ မနက် အလုပ်သွား ရဦးမည်။ အလုပ်က တစ်ပတ်မှာ တစ်ရက်တော့ အနားရသည်။ လွင်ပြင်ကတော့ ပိတ်ရက်မှာ အဖေရယ် အမေရယ် လွင်ပြင်ရယ် သုံးယောက်ဆုံချင်သဖြင့် တနင်္ဂနွေနေ့ကို နားရက်ယူပါသည်။ အများစုက တနင်္ဂနွေဆိုရင် မနားပဲ ဆင်းချင်ကြသည်။ အဲဒီနေ့ မှာတော့ စူပါမားကပ်တွေ၊ ရှော့ပင်းမောလ်တွေဟာ လူစည်ကား လှပြီး ပိုလည်းရောင်းရသဖြင့် အလုပ်ရှင်တွေကလည်း အလုပ်ဆင်း သူဆိုလျှင် အဲဒီနေ့ဆင်းခ ဆုကြေးသတ်မှတ်ပြီး ပေးတတ်သည်။ နေ့လယ်နေ့ခင်း ကော်ဖီ မုန့်တွေ ဘာတွေ ကျွေးတဲ့အပတ်လည်း





ရှိသည်။ ဒါပေမဲ့ လွင်ပြင်ကတော့ ထိုနေ့ကိုသာ အားရက်ယူပြီး အိမ်မှာပဲနေကာ ကျောင်းစာလုပ်သည်။ ကျူရှင်ကိုလည်း ထိုရက် ... ယူထားလေရာ ကျူရှင်သွားရမည့်အချိန် သွားပါသည်။

လွင်ပြင် အခု အသက်နှစ်ဆယ် ရှိပြီ။ မကြာခင် ... သေးသင်နောက်ဆုံးနှစ်စာမေးပွဲပြီးလျှင် ဘွဲ့တစ်ခုတော့ ရတော့ ...ည်။

ဘွဲ့ရလျှင် နိုင်ငံခြားဘာသာ ဒီပလိုမာတစ်ခုတော့ ... တက်ချင်သေးသလို ကွန်ပျူတာလည်း အခြေခံလောက်သာ သင် ...န်းတက်ထားလေရာ ထပ်ပြီးသင်ချင်တာတွေလည်း ရှိသေးသည်။ ...ခု စူပါမားကပ်မှာ လုပ်နေတော့ အဖေ ပြောသလိုပဲ အချိန်က ...အားချိန်သိပ်မရှိသလို ဖြစ်နေသည်။

မနက်ကိုးနာရီကနေ ညကိုးနာရီဆိုတော့သင်တန်း ...တွေ ဘာတွေ သွားတက်ဖို့လဲ အချိန်မပေးနိုင်သလို ဖြစ်နေသည်။ ...ဘာလုပ်ရင် ကောင်းမလဲ။ အဖေ ပြောသလိုပဲ အဖေ့ကုမ္ပဏီမှာ ...ယ်နေရာပဲရရ ဝင်လုပ်။ ကျန်တဲ့အချိန် သင်တန်းသွားတက်။ ...ပ်သက်လည်းရလာ၊ သင်တန်းဆင်းလက်မှတ်တွေလည်း များ ...လာရင် ကုမ္ပဏီမှာလည်း ရာထူးကောင်းကောင်းရလာပြီး အခြေ ...ိုင်လာမယ် ထင်တယ်။ ဒါပေမဲ့ ခက်တာက လွင်ပြင်ပဲ။ လွင်ပြင်က ရုံးအလုပ်ကို ဝါသနာကိုပါလို့မရ ဖြစ်နေတာ။ အခု ...ပဲ စူပါမားကပ်မှာ ပျော်ပျော်ပါးပါး အရောင်းစာရေးဝင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ရတာကိုပဲ ကြိုက်နေတာ။ အေးလေ လူဆိုတာ ပျော်တာ၊ မပျော်တာ လိုက်ဂရုစိုက်နေရင် ဘဝဟာ ဘာမှတိုးတက်မှု ရှိမှာမဟုတ်ဘူး။ ဒီတော့ ကိုယ့်ဘဝအတွက် သင့်တော်တာကို ရွေးရမယ်။

အဖေနဲ့အမေက ရှိသေးတယ်။ ခုလိုလေး အခြေအနေမပျက် နေနိုင်ဖို့ ငါ့မှာ တာဝန်ရှိတယ်။ အဖေလည်းအသက်ကြီးပြီ။ ဘယ်လောက်ထိ ကျန်းမာပြီး အလုပ်လုပ်နိုင်မလဲဆိုတာ ဘယ်လိုမှ မမှန်းနိုင်ဘူး။

ဒီတော့ အဖေအမေတာဝန်ကို ယူနိုင်ဖို့ ငါ့မှာအလုပ်အကိုင်ကောင်းကောင်း ရှိနေမှကို ဖြစ်မှာ။

လွင်ပြင်သည် ဟိုတွေး ဒီတွေးဖြင့် လှဲအိပ်နေလေရာ တဖြည်းဖြည်း မျက်လုံးစင်းလာပြီး ဘယ်လိုကဘယ်လို အိပ်ပျော်သွားမှန်းပင် မသိလိုက်၊ အသံသဲ့သဲ့တစ်ခုကြောင့် ဖျတ်ခနဲနိုးသွားသော အချိန်တွင် တစ်အိမ်လုံး မှောင်မည်းနေသည်။ နံရံကပ်နာရီ၏ စက္ကန့်ရွေ့သံ တစ်ချက်ချက်ကိုသာ ကြားနေရသည်။

အမေ့အခန်းထဲမှ အသံသဲ့သဲ့ ကြားသဖြင့် လွင်ပြင်စိတ်ပူသွားပြီး ...

"အမေ ... အမေလား၊ အမေ ဘာဖြစ်လို့လဲ"

ပြန်ဖြေသံ မကြားရဘဲ ညည်းသံသဲ့သဲ့ ထွက်လာသဖြင့် လွင်ပြင် ကမန်းကတန်း အိပ်ရာမှ ထလိုက်ပါသည်။ မီးခလုတ်ကို စမ်းပြီးဖွင့်ပေမဲ့ မီးမလာပါ။ မီးဘယ်အချိန်က





[ပျ]က်နေပါလိမ့်။ လက်နှိပ်ဓာတ်မီးတင်ထားတတ်သော နေရာလေး[မှ]ာ လက်နှိပ်ဓာတ်မီးကို စမ်းယူရင်း ဖွင့်ကာ အမေ့အခန်းဆီ[သို့ ]ရောက်လာခဲ့၏။

"အမေ ... အမေ ... ဘာဖြစ်လို့လဲ"

"အင်း ... ဟင်း ... ဟင်း ... သမီး ... သ ... သမီး ... အမေ ... အမေ ... နေလို့မကောင်းဘူး"

အမေဟာ အသက်ကို မနည်းဝအောင် လုကာရှူနေ[ရ]သောအသံဖြင့် လွင်ပြင့်ကို အားကိုးတကြီး ပြောသည်။ လွင်ပြင်[သ]ည်း ဗီရိုထဲရှိ အမေ့ဆေးတွေ အမြန်ပြေးသွားယူပြီး အရေးပေါ်[သ]ောက်ရမဲ့၊ လျှာအောက်ထည့်ငုံရမဲ့ ဆေးတချို့ကို ရှာဖွေလိုက်[ပ]ါသည်။

"အမေ ... အမေ ... ဒီမှာ ဆေးအရင်ငုံလိုက်၊ သက်သာမှ သောက်ဆေးသောက်ရအောင်နော် ... အမေ"

"ရင်ထဲမှာ နေလို့မကောင်းဘူး၊ ဘယ်လိုကြီးမှန်း မသိဘူး သမီးရယ်။ ရင်ဘတ်ထဲက ရှူးပြီးအောင့်နေတာ"

အမေသည် ထိုစကားတွေကို မနည်းအားယူပြီး တစ်လုံးချင်းနီးပါး ပြောနေရတာ ဖြစ်သည်။

"တင်တင် ... သမီး ... ဘာဖြစ်နေကြတာလဲ"

"အမေရယ် နေလို့မကောင်းဘူး၊ ရင်ဘတ်ထဲမှာ ရှူးပြီးအောင့်လို့ဟဲ့ အဖေ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ခန်းမှ အဖေပါ နိုးလာပြီး အခန်းဝလာရပ်ကာ ဓာတ်မီးဖြင့်ထိုးရင်း မေးလေသည်။

"ဆေးသောက်ကြည့်လို့ မသက်သာရင်တော့ ဆေးရုံပြေး
ထင်တယ်"

"နေ ... နေပါ၊ တင်တင် ဆေးရုံမသွားချင်ဘူး အစ်ကို
အိမ်မှာပဲ ဆေးသောက်နေချင်တယ်"

"ဟာ ... ဘယ်ဟုတ်မလဲ၊ မင်း ပြနေ… အထူးကုက
တောင် ပြောတယ်လေ။ ဆေးရုံတက်ပြီး နားသင့်တယ်
အနားယူ ဆေးကုပြီးရင် ခွဲမယ်ဆိုတာ"

"ပိုက်ဆံတွေ ကုန်ကျနေပါ့မယ်"

"ပိုက်ဆံကိစ္စ မပြောနဲ့ကွာ၊ အဲဒီပိုက်ဆံတွေ မင်းရှာနိုင်
တုန်းက ရှာထားတာပဲ။ မင်း ဆေးကုဖို့ မင်း သုံးသင့်
တယ်"

"အိမ်မှာ အစ်ကိုနဲ့သမီးပဲ ရှိတာ။ အားလုံး အလုပ်ကိုယ်
နဲ့ တင်တင် ဆေးရုံတက် ခွဲစိတ်ကုသရင် အားလုံးလည်း
အလုပ်တွေ ရှုပ်ကြမှာ"

"အမေရယ် ... အဲဒါတွေ ပြောမနေပါနဲ့၊ အခု နားလိုက်
ပါ။ သက်သာရင် အမေ အိမ်မှာနေချင်ရင်နေပါ၊ မသက်
သာရင်တော့ အဖေ အကြံပေးတဲ့အတိုင်းပဲ ဆေးရုံသွား
အမေရယ်"





ဒီလိုနဲ့ အမေ ငုံဆေးငုံ၊ ဆေးလည်းသောက်ပြီး
…နာရီလောက်တော့ နည်းနည်းသက်သာသလိုလို ဖြစ်သွားပါ
…သည်။ နောက်တော့ တစ်ဖန် အမောဖောက်လာပြန်ကာ
…သက်တောင် မရှူနိုင်တော့သလို ဖြစ်လာပြန်လျှင် အဖေလည်း
…က္ကစီပြေးခေါ်။ လွင်ပြင်လည်း အမေ့ကို ပူပန်စိတ်ဖြင့် မျက်ရည်
…လက်နဲ့ ဆေးရုံသွားဖို့ ပစ္စည်းတွေ ဆွဲခြင်းတစ်လုံးတည်း
…သည့် ပြင်ဆင်ဖြင့် ညဘက် တစ်နာရီခွဲလောက်ကြီး အလုပ်တွေ
…ကုန်ရတော့သည်။

တက္ကစီနောက်ခန်းမှာ အမေ့ကို လွင်ပြင်ကထိန်း
…ရင်း အဖေက ကားရှေ့ခန်းမှာထိုင်ကာ ရန်ကုန်ဆေးရုံကြီး
… ဦးတည်ကြရပါသည်။ ဆေးရုံရောက်တော့ အရေးပေါ်ကုသ
…ရှိသည်များ ကုသပေးပြီးလျှင် အမေ့ကို အထူးကြပ်မတ်ကုသ
…ဆောင်ထဲ သွင်းလိုက်ကြသည်။ အမေကတော့ စကားပင်မပြော
…တော့။ မှာချင်တာပင် ပါးစပ်က ထုတ်ပြောပြီး လေသံပင်
…နိုင်တော့။ လွင်ပြင့်ကို ပြန်အိပ်ဖို့ မျက်လုံးဖြင့်သာ အရိပ်ပြ
…သည်။

"အဖေပဲ ပြန်ရင် ပြန်အိပ်ပေါ့၊ လွင်ပြင် အမေ့ကိုစောင့်
ပြီး နေခဲ့လို့ရတယ် အဖေ။ လွင်ပြင် နေခဲ့မယ်"

"အေး ... အေး ဟုတ်ပြီ။ အဖေ ဒီမှာဆက်နေလည်း ဘာ
မှမထူးဘူး။ မိန်းမဆောင်ဆိုတော့ မိန်းကလေးပဲ စောင့်

www.burmeseclassic.com



လို့ရမယ်။ အဖေ မနက်ကျမှ တစ်ခေါက်လာခဲ့မယ် ဟုတ်လား"

"လွှင်ပြင့် အလုပ်ကို ခွင့်တိုင်ပေးပါဦး အဖေ"

"အေး ... အဖေ သတိရပါတယ်"

"အဖေ ဟင်းမချက်နိုင်လည်း ဝယ်သာစားလိုက်ပါ၊ လွှင်ပြ[ြ]
ကိုလည်း အထူးတလည်ချက်ပြီး လာပို့မနေပါနဲ့။ လွှင်ပြ[ြ]
ခေါက်ဆွဲခြောက်ကိုပဲ ပြုတ်စားရင် ရပါတယ်။ အမေ့အတွ[က်]
သာ မနက်နိုးမှ ဘာစားနိုင်မလဲမေးပြီး ဝယ်မယ်နော်"

"သမီး ... အဖေ့အတွက် စိတ်ချပါ။ ဘာမှပူမနေနဲ့၊ အ[ဖေ]
စားတတ်ပါတယ်။ သမီးလည်း ညဘက်ကို နေ့စဉ်ရ[...]
ဆက်ကြီး စောင့်လို့တော့ မဖြစ်ပါဘူး၊ နှာ့(စ်)ငှားဖို့ အ[...]
စုံစမ်းလိုက်ဦးမယ်"

စီစဉ်စရာရှိတာများ စီစဉ်ပြီးလျှင် အဖေ ပြန်သွား[...]
သည်။ အဖေ ပြန်သွားတော့ အချိန်က မနက်ငါးနာရီထော[...]
လုပြီ။ လွှင်ပြင်လည်း ညဦးပိုင်းကသာ ကောင်းကောင်းအိပ်[...]
ပြီး ညလယ်မှာ ပြန်နိုးရပေမဲ့ အမေ့ဘေးနဲ့မို့ အိပ်ချင်စိတ်တော[...]
မရှိဘဲ မျက်စိကြောင်နေသည်။ အသက်ရှူစက်၊ အောက်ဆီ[ဂျင်]
ဘူးတွေ၊ နှလုံးခုန်စက်တွေ ဝန်းရံထားသော အမေ့ခုတင်[...]
ခေါင်းထဲ ရီဝေဝေဖြင့် မျက်လုံးအကြောင်သားဖြင့် နာရီကို[...]
မကြာခဏကြည့်လျက် စောင့်နေမိခဲ့သည်။



အကယ်၍ နာ့(စ)မရသေးဘူး။ နောက်ညလည်း [ဆ]က်ပြီးစောင့်ရဦးမယ်ဆိုလျှင် အိမ်ကနေ ဖတ်စရာ တစ်ခုခုတော့ [ယ]ူလာခဲ့မှ။

ခင်မေသူတို့ မချိုတို့တော့ supervisor ကတစ်ဆင့် [လွှ]င်ပြင် ဘာလို့အလုပ်မလာလဲ သိကြရရင် အမေ့ကို သူတို့ပါဝိုင်း[...] စိတ်ပူပေးကြမှာပဲ။ မချိုကဆို သူ့အသက် ဆယ့်ငါးနှစ်လောက်[...]ည်းက အမေ ဆုံးသွားလို့ ...

"အမေရှိသေးတာ အင်မတန် ကံကောင်းတယ် လွှင်ပြင်ရဲ့။ ဘာပဲဖြစ်ဖြစ် ခလုတ်ထိမှ အမိတ ဆိုတဲ့စကားက သိပ်မှန်တာ၊ ဘဝမှာ တစ်ခုခု အဆင်မပြေတာ၊ ဆုံးဖြတ်ရခက်တာ၊ အကူအညီလိုတာ၊ ဖြေရှင်းဖို့လိုတာရှိရင် အမေသာဆိုရင် ဘယ်လိုများ ဖြေရှင်းမလဲ။ အမေရှိရင် ဘယ်လိုများ အကြံပေးမလဲ စသဖြင့် အမေ့ကို သတိတရ ခေါင်းထဲ တွေးကြတာ မိန်းကလေးအများစုရဲ့ သဘာဝပဲလေ။ မချိုလည်း တစ်ခါတလေ အဲဒီလို ဖြစ်ဖူးတော့ ညီမတို့ကို သိပ်အားကျတာပဲ။ ညီမတို့က မိစုံဖစုံနဲ့ နေခွင့်ရသေးတယ်လေ။ တချို့တွေများ သိပ်ကံကောင်းတာ၊ အသက်လေးငါးခြောက်ဆယ်ထိ အဖေအမေအိုကြီးတွေ ရှိသေးတာ တကယ့်ကို တန်ဖိုးမဖြတ်နိုင်တဲ့ ပိုင်ဆိုင်မှုလို့ မချိုတော့ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



လွင်ပြင်တို့ကို အမြဲအားကျပြီး တမ္ဘဖွဲ့ပြောတတ်သူ အရင်းနှီးဆုံး သူငယ်ချင်းဖြစ်သော ခင်မေသူနဲ့ လွင်ပြင်တို့ရဲ့ အမေတွေလိုပဲ သူမအမေလို မှတ်ယူသဘောထားပြီး ချစ်ခင် ခင်မင်၊ လေးစားစွာ လာတွေ့ဆုံ ဂါရဝပြုတာ၊ သီတင်းကျွတ်ရဲ့ အမှတ်တရ လာပြီးကန်တော့တာတွေအထိ လုပ်တတ်တာ မချို့ဆို လွင်ပြင့်အတွက် ပိုပြီးစိတ်ပူဦးမှာ။ အလုပ်က အားရင် မှာ ရောက်ကို ရောက်လာကြလိမ့်မယ်ရယ်လို့ လွင်ပြင် ထင်မိ သည်။ ဘာရယ်မဟုတ် လူက အားနေတာနဲ့ ဟိုတွေး ဒီတွေး ဖြစ်ပြီး ကိုယ်နဲ့ရင်းနှီးသူတွေကို သတိဟာရ ဖြစ်နေမိတာဖြစ်သည်။

အမေကတော့ ဆေးရုံက ကုသပေးသော ဆေးအရှိန် တွေဖြင့် အသက်ပုံမှန် ပြန်ရှူနိုင်ကာ အိပ်မောကျနေခဲ့ပါသည်။ ဒီတစ်ခါ အမေဖြစ်တာ အိမ်ကဆေးနဲ့တောင် မသက်သာလို့ ဆေးရုံရောက်ရတယ်ဆိုရင် အမေပြန်နေကျ နှလုံးအလွှာကူး အကြံပေးသလိုပဲ ခွဲစိတ်ဖို့ တကယ်လိုအပ်လာပြီထင်တယ်။ ဘုရား ဘုရား ... အမေ ခွဲစိတ်ခဲ့ရရင် ဘာမှမဖြစ်သွားပါစေနဲ့။ ပြန်ပြီး ကျန်းမာလာပါစေလို့ လွင်ပြင် မျက်ရည်တွေဝဲရင်း အမေ့လက် ကို ဆုပ်ကိုင်ကာ ဆုတောင်းနေမိသည်။

❀ ❀ ❀





၄

မီးပွိုင့်တွင် မီးနီမိသဖြင့် ကားကိုရပ်လိုက်ရစဉ် မျဉ်း ကြားမှ ဖြတ်ကူးလာသော လူတွေကို အမှတ်မထင် ကြည့်မိသည်။ လူတွေအများကြီး ကြားထဲမှာမှ မနိမ့်မမြင့် အရပ်လေးနဲ့ သုတ် သုတ်ပျာပျာ ဖြတ်ကူးနေသော မိန်းကလေးကို ဖျတ်ခနဲ တွေ့လိုက် ချင် ရင်ထဲမှာ ...

"လွင်ပြင်"

ဟု လွမ်းသလို ခေါ်လိုက်မိသည်။

ဘယ်လိုဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ။ သုံးလေးနှစ် လောက် လုံးဝမတွေ့တော့ဘဲ ရန်ကုန်တစ်မြို့တည်း နေနေပြီး ပေးနေခဲ့ပြီးမှ ...။ ဘာကြောင့် ခုတလောမှာမှ ဆက်တိုက်နှစ်ကြိမ် အိပ် တွေ့ရသလဲ။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့အပတ်က (...)ရွှေပင်းမောလ်မှာ ရှိ ကွင်းတည်တော့ လွင်ပြင့်ကို Family စူပါမားကပ်မှာ အလုပ်လု နေတာ တွေ့ခဲ့ရတယ်။ ခုလည်း တွေ့ပြန်ပြီ။ လမ်းဖြတ်ကူးသွား တဲ့ လူအုပ်စုထဲမှာ သိပ်ပြီး ထင်ထင်ရှားရှား ပုံစံနဲ့ ဝတ်စားပြ ဆင်ထားတာ မဟုတ်ခဲ့ပေမဲ့ အင်္ကျီအဝါနုရောင်လေးနဲ့ လွင်ပြ ကို မင်းဂုဏ်ရှိန် မြင်ဖြစ်အောင် မြင်လိုက်သတဲ့။

မင်းဂုဏ်ရှိန် ချက်ချင်းပဲ စိတ်ဆုံးဖြတ်ပြီး ကားက ရပ်စရာနေရာ အမြန်ရှာလိုက်သည်။ ကံကောင်းချင်တော့ ပါကင် ရပ်ဖို့နေရာ လွယ်လွယ်ကူကူ ချက်ချင်းပဲ ရှာတွေ့၊ အမြန်ထိုးရ မျက်မှန်အနက်ရောင်ကို ကောက်တပ်၊ ကားပေါ်မှာ အသင့်ပါသော ကောင်းဘွိုင်ဦးထုပ်ပုံစံ ဦးထုပ်တစ်လုံးကို ကောက်ဆောင်းလိုက် ပြီး အဝါနုရောင်အင်္ကျီလေးနောက်သို့ ပြေးလိုက်သွားမိပါသည်။ အဝါနုရောင်အင်္ကျီနဲ့ ပါတိတ်လုံချည်စလို အစကို စကတ်ချုပ်ဝတ် ထားသော လွင်ပြင်သည် အေးအေးလူလူ လျှောက်နေတာတော့ မဟုတ်ဘဲ နည်းနည်းတော့ အလောတကြီး နိုင်နေတာ တွေ့ရ သည်။

မင်းဂုဏ်ရှိန်လည်း လူတွေကို ရှောင်ရှားတိုးတိုက် ပြီး လွင်ပြင့်ကိုမီအောင် လိုက်မိသည်။ လူတွေကတော့ ဦးထုပ် ခပ်ငိုက်ငိုက်ဆောင်းပြီး မျက်မှန်နက်တပ်ထားသော မင်းဂုဏ်ရှိန် ကို သတိမထားမိကြ။ မင်းဂုဏ်ရှိန် ဆိုတဲ့ မင်းသားပေါက်စ





ည်း သိပ်ပြီးလျှမ်းလျှမ်းတောက် နာမည်ကြီး အောင်မြင်နေသူ တဲ့ နာမည်ရှိပါစေ၊ လူသိခါ မင်းသားလေးမို့ သတိမထား ကြတာလည်း ဖြစ်ချင်ဖြစ်မည်။

"လွင်ပြင်"

မင်းဂုဏ်ရှိန်သည် အဝါနုရောင်လေးနားရောက်လျှင် တ်များက နာမည်ကို အသံထွက် ခေါ်လိုက်မိသော်လည်း "လွင်ပြင်"ဟု ရောရောရှူရှူ ခေါ်လို့မရဘဲ အသံလေးလေးနဲ့ ဆိုင်းသွားပါသည်။

ဖျတ်ခနဲ လှည့်ကြည့်လိုက်သော လွင်ပြင့် မျက်ဝန်း ာမှာ မယုံနိုင်သလိုဖြစ်ပျောက် ...။

"လွင်ပြင် ... လွင်ပြင် ... ငါပါ မောင်ရှိန်ပါ၊ မှတ်မိရဲ့ လား"

လွင်ပြင့် မျက်နှာမှာ သရော်သလိုလို၊ ခနဲ့ချင်သလိုလို အရိပ်တွေ ဖြတ်ပြေးသွားပြီး နှုတ်ခမ်းအစုံက ခပ်မဲ့မဲ့လေးဖြစ်သွား ပါသည်။ မင်းဂုဏ်ရှိန်သည် လွင်ပြင့်မျက်ဝန်းအစုံကို လှမ်းဆွတ် တမ်းတသလို စိုက်ကြည့်မိနေသည်။ လွင်ပြင်ကတော့ သူ ကြည့် နေတာကို သိလား မသိလား မသေချာပါ။ ဘာကြောင့်လဲဆိုတော့ သူတပ်ထားသော မျက်မှန်နက်က သူ့မျက်ဝန်းအကြည့်တွေကို ကာဆီးဖုံးကွယ်ထား၍ပင်။

"မှတ်မိလား"



www.burmeseclassic.com

www.burmeseclassic.com



မင်းဂုဏ်ရှိန် ထပ်ပြီးမေးလိုက်မိသည်။ လွင်ပြင်က ခုထိ ခြေလှမ်းအရှိန်ကို မလျှော့သေးသဖြင့် သူပါ လွင်ပြင်အား က လိုက်လျှောက်မိသလို ဖြစ်နေသည်။

"ဒီရပ်ကြီးကို ငါ မမှတ်မိဘူးဆိုရင် မှတ်ဉာဏ်တော်တော် နည်းလို့ ဖြစ်မယ်"

"မတွေ့တာ ကြာပြီဆိုတော့ ..."

"သုံးနှစ်ခွဲပဲ ရှိပါသေးတယ်"

လွင်ပြင်က အသေအချာ မှတ်ထားပြီး ပြောသဖြင့် မင်းဂုဏ်ရှိန်တောင် ဖျားသွားသည်။ သူ့မှာတော့ တစ်နေ့ တစ်နေ့ မေမေ့ထိန်းချုပ်မှုအောက်မှာ ကျင်လည်ရလျက် မနက်က နေဝင် ထိ သူ, မပျော်ပိုက်လှသော ပတ်ဝန်းကျင်ထဲမှာ အချိန်တွေကုန် ခဲ့ရတာလေ။ ဒါကြောင့် လွင်ပြင်နဲ့မတွေ့ဖြစ်ကြတာ နှစ်နဲ့ချီပြီ မှန်းတော့ သိပေမဲ့ ဒီလောက်အတိအကျကြီးတော့ မှတ်မထားမိပါ။

"ဟိုတလောက တွေ့သေးတယ်၊ လွင်ပြင့်ကို စကားလာ ပြောဖြစ်ခဲ့ဘူး"

"... ... ..."

"လွင်ပြင်က အရင်လိုပဲ ပုံစံမပြောင်းဘူး"

"... ... ..."

"အခု ဘယ်သွားမလို့ ဒီလောက် ရေးကြီးသုတ်ပျာ ဖြစ် နေတာလဲ"

"... ... ..."





"လွင်ပြင် ... လွင်ပြင် ... လွင်ပြင်"

"ဟာ ... ဘယ်လိုဖြစ်နေတာလဲ၊ ဘာဖြစ်လို့ ဒီလောက် ခေါ်နေရတာလဲ"

"စကားမှ ပြန်မပြောတော့တာ"

"ငါ့ဘာသာ ခေါင်းထဲမှာ တွေးစရာတွေ ရှိနေလို့ နင် ဘာပြောနေမှန်းတောင် မကြားဘူး။ ငါ ကက,တစ်စီး အမြန်ငှားမှ ဖြစ်တော့မယ်၊ အခုထိ လာသမျှကားတွေလိုက် ကြည့်နေတာ လူပါလာတယ်၊ ဘယ်လိုမှ ငှားလို့မရဘူး"

"လွင်ပြင် ဘယ်သွားမှာလဲ၊ လိုက်ပို့မယ်လေ"

"အမယ်လေးလေး ... နေပါ ... နေပါ၊ ကိုယ့်ဘာသာ သီးသန့် ရှောင်နေစမ်းပါ။ ငါနဲ့ လာမပတ်သက်ပါနဲ့၊ နင့် အမေ ပြောခဲ့တဲ့ ,စကားတွေကို ငါ ခုထိမမေ့သေးဘူး မောင်ရှိန်။ ဒီတော့ ငါတို့ ခပ်ကင်းကင်း နေလက်စနဲ့ နေ လိုက်ကြရအောင်။ နင်နဲ့ငါ ခုချိန်မှာ ဘဝချင်းကတခြား စီပဲ။ ဒီတော့ ကိုယ့်လမ်း ကိုယ်သွားပါ။ ငါက သာမန်လူ အဖြစ်နဲ့ပဲ လမ်းပေါ်လျှောက်နေမယ်၊ နင်လည်း မင်းသား တစ်ယောက်ဘဝနဲ့ စင်ပေါ်မှာ ပျော်ပျော်ကြီး ရယ်နေစမ်း ပါ၊ ဟော ... အတော်ပဲ၊ ကားတစ်စီးတွေ့ပြီ"

လွင်ပြင်ဟာ စကားတွေ ဆက်တိုက်ပြောလိုက်ရင်း ...ားလည်းအဆုံးမှာ ကက,တစ်စီးကလည်း တိုက်ဆိုင်စွာပင်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မြင်ကွင်းမှာ ထိုးရပ်။ ကားပေါ်ပါလာသူကဆင်းပြီး ကားလည်း ပြန်ထွက်တော့မှာမို့ လွင်ပြင့်အတွက် ကံကောင်းသွားပါသည်။ လွင်ပြင် ချက်ချင်းပဲ ...

"အစ်ကိုကြီး ... အစ်ကိုကြီး ... ကားအားလား"

ဟု လက်ကာလည်းတားရင်း ကားဆီ အမြန်ပြေး သွားသောအခါ မင်းဂုဏ်ရှိန်တစ်ယောက် နေရာမှာ ငူငူကြီးရပ် ကာ ကျန်ရစ်ရသည်။

"ရန်ကုန်ဆေးရုံကြီးကိုပါ"

ဟူသော ပြောသံသဲ့သဲ့ကို ကြားဖြစ်အောင် ကြားလိုက် ရလျှင် မင်းဂုဏ်ရှိန်သည် အသေအချာပဲ မှတ်သားပြီး ခပ်လှမ်း လှမ်းမှာ ကျန်ခဲ့သော သူ့ကားဆီ လျှောက်လာခဲ့ပါသည်။

ရန်ကုန်ဆေးရုံကြီးတဲ့။ ဘာဖြစ်လို့ပါလိမ့်။ ဘယ်သူ ဆေးရုံတက်နေရလို့ပါလိမ့်။ သူငယ်ချင်း မိတ်ဆွေ ဆိုရင်တော့ ဒီလောက် စိုးရိမ်တကြီးပုံစံ၊ ရေးကြီးသုတ်ပျာပုံစံ ရှိမှာမဟုတ်ဘူး ဒါ သူနဲ့ရင်းနှီးတဲ့သူတစ်ယောက်ယောက်ကြောင့် ဖြစ်မယ်။ ဘယ်သူ များလဲ။ လွင်ပြင့် အဖေအမေထဲက တစ်ယောက်ယောက်များလား

မင်းဂုဏ်ရှိန်ဟာ သတိရစွာနဲ့ပဲ မတွေ့တာ ကြာပြီ ဖြစ်သော လွင်ပြင့် အဖေအမေတွေကိုပါ ပြန်သတိရလာသည် စိတ်သဘောထား အေးဆေးလှပြီး ဖြူစင်သော လွင်ပြင့်အဖေအမေ တွေဟာ သူ့အပေါ် သဘောထား မပြောင်းနိုင်ဘူး ထင်ပါရဲ့





"အန်တီတင်တင် ချက်တဲ့ အုန်းထမင်းနဲ့ ကြက်သားက သိပ်စားကောင်းတာပဲ"

လို့ တစ်ခါပြောမိတာနဲ့ သူ့အတွက် ခဏ ခဏ ချက်ကျွေးပေးတတ်သော လွင်ပြင့်အမေရဲ့ စေတနာတွေကို အခုမှ ပြန်အမှတ်ရလာသည်။

"လွင်ပြင် ရှိလား ဦး၊ ကျူရှင်သွားမလို့ လာခေါ်တာပါ"

ဟု ခွင့်တောင်းပြီး ကျူရှင်အတူသွားဖို့ လာခေါ် တိုင်း အစဉ်အမြဲ ပြုံးနေသော မျက်နှာနဲ့ လွင်ပြင့်အဖေဟာ ...

"အေး ... ရှိတယ် ... ရှိတယ်၊ မင်း သူငယ်ချင်းကို သေသေချာချာ စောင့်ရှောက်ပြီး ခေါ်သွားပါကွယ်"

ဟူ၍ သူနဲ့ဆို အမြဲယုံကြည်စိတ်ချစွာ အတူသွားခွင့် ပေးခဲ့ဖူးတာကိုလည်း ပြန်သတိရလာခဲ့သည်။

တကယ်တော့ လူကြီးတွေက ယုံကြည်စိတ်ချပြီး အရင်းနှီးဆုံး သူငယ်ချင်းတွေအဖြစ် မြင်ခဲ့ပေမဲ့ မင်းဂုဏ်ရှိန်နဲ့ လွင်ပြင်မှာ ငါးတန်းမှာ သူငယ်ချင်းစဖြစ်ပြီး ဆယ်တန်းရောက် တဲ့အချိန်မှာ ရည်းစားစ,ဖြစ်နေခဲ့တာပါ။

ရည်းစားဖြစ်ကြတယ် ဆိုပေမဲ့ လူကြီးတွေသိရင်၊ ဆရာ ဆရာမတွေသိရင် အဆူခံရမှာစိုးလို့၊ အခွဲခံရမှာစိုးလို့ တကယ့်ကို သူငယ်ချင်းပုံစံမျိုးသာ ဆက်ဆံပြပြီး အပြင်ပန်းဟန် ဆောင်ခဲ့ပေမဲ့ ရင်ထဲမှာတော့ အချစ်ကိုယ်စီတွေနဲ့မို့ ...



www.burmeseclassic.com

www.burmeseclassic.com



"လွင်ပြင်ဟာ ကိုယ့်ဘဝရဲ့ အချစ်ဆုံးသူ တစ်ယောက်ပါပဲ"

ဆိုတဲ့ စာကြောင်းလေးတွေ ရေးထားတဲ့ ပို့စကတ်လေးတွေ အပြန်အလှန် ပေးလိုပေး။

"နင်ကလွဲရင် ဘယ်သူ့ကိုမှ ချစ်လို့ရမှာ မဟုတ်ဘူး မောင်ရှိန်ရယ်"

ဆိုတဲ့ မိန်းကလေးပီပီ စာရေးစက္ကူလှလှ၊ ရေမွှေးနံ့သင်းသင်း ဘောလ်ပင်နဲ့သုံးပြီး ရေးပေးတဲ့ ရည်းစားစာလေးတွေလည်း ပြန်ပေးလိုပေးနဲ့။

ဘယ်သူမှ မရိပ်မိခဲ့အောင် အပြင်ပန်းအမြင်မှာတော့ ငယ်ငယ်တည်းက ပေါင်းလာတဲ့ သူငယ်ချင်း။ အတွင်းစိတ်တွေထဲမှာတော့ တကယ့်ကို ရည်းစားဦး အချစ်ဦးအဖြစ် ချစ်နေခဲ့ကြတာ၊ အခုတော့ ပုံပြင်တစ်ပုဒ်လိုတောင် ဖြစ်နေခဲ့ပြီထင်တယ် လွင်ပြင်ရယ်။

မင်းဂုဏ်ရှိန်သည် အတိတ်ကာလတချို့ကို ပြန်မြင်ယောင် သတိရပြီး ကားကို စက်နှိုးစဉ်မှာ သူ့ကားဒက်ရှ်ဘုတ်ပေါ် တင်ထားခဲ့သော မိုဘိုင်းလ်ဖုန်းက အသံမြည်လာပါသည်။

"သားရေ ဘယ်ရောက်နေလဲဟေ့၊ အခုပဲ လေးနာရီထိုးနေပြီနော်၊ ခြောက်နာရီ ခရီးစထွက်ရတော့မှာ၊ သား အိမ်ပြန်နားဖို့လိုတယ်"





ဒီညဘက်မှာပဲ ပြင်ဦးလွင်မှာ သုံးကားရိုက်ဖို့ စပြီး ထွက်ရမည့်အကြောင်း မေမေက အသိပေးသလို လှမ်းဖုန်းဆက်ပါသည်။

"သား ခုပဲ ပြန်လာနေပါပြီ"

"MKမှာ အကျိုကြည့်မလို့ သွားမယ် ဆိုလို့သာ လွှတ်လိုက်တာ။ တကယ်တော့ သားကို မသွားစေချင်ဘူး၊ ည ခရီးထွက်ရမှာ၊ အိမ်မှာ နားနားနေနေ အိပ်ဖို့သင့်တယ်လေ။ ပြီးတော့ ကိုယ်က သာမန်လူလည်း မဟုတ်ဘူးဆိုတော့ လူကြားသူကြားထဲ သိပ်လူမြင်ခံပြီး လျှောက်သွားလို့မကောင်းဘူး။ မြင်ပါများတော့ ရိုးတယ်ဆိုတဲ့စကားလည်း ရှိတယ်၊ ခဏခဏ မြင်ရရင် သားကို ရိုးသွားကြလိမ့်မယ်"

မေမေက သူ့အကျင့်အတိုင်း စကားတွေ ရှည်ရှည်ဝေးဝေး ပြောနေပါသည်။

"သား ... ခုပဲ ကားမောင်းလာတော့မယ် မေမေ၊ ဖုန်းပိတ်လိုက်တော့မယ်နော်"

စကားမြန်မြန်ဖြတ်ပြီး ကားစက်နှိုးလိုက်လျှင် ကားစီဒီထဲမှာ အသင့်ရှိသော သီချင်းသံက ထွက်ပေါ်လာသည်။

James Blunt ရဲ့ သီချင်းလေး။



www.burmeseclassic.com

www.burmeseclassic.com



"Goodbye my lover ... Goodbye my friend ... You're still the one for me ..."

တဲ့ ...။ ချစ်သူလည်း ချစ်သူ။ သူငယ်ချင်းလည်း သူငယ်ချင်း ဖြစ်ခဲ့သူကို Goodbye လို့ နှုတ်ဆက်လိုက်သင့်ပြီလား။ သီချင်းထဲမှာ ပြောသလိုပဲ ... You are still the one for me မင်းဟာ ကိုယ့်ရဲ့ တစ်ဦးတည်းသောချစ်သူ ဖြစ်နေဆဲပါလို့ ပြောလိုက်ချင်တယ်၊ ဝန်ခံချင်တယ် လွင်ပြင်ရယ်။ ကိုယ် ဘယ်လိုလုပ်ရမလဲ။ ဘယ်လို ဆုံးဖြတ်ရမလဲ။ နင် ပြောသလို သုံးနှစ်ခွဲလောက် မေ့ထားနိုင်ပြီးမှ အခု ပြန်တွေ့ရချိန်မှာ ဘာကြောင့် မပြတ်သားနိုင်သေးတာလဲ။ ဘာကြောင့် အချစ်ကို ပြန်တမ်းတချင်မိသလဲ။ စဉ်းစားမရဘူး လွင်ပြင်ရယ်။

ဒီည ပြင်ဦးလွင်ဘက် သွားရမယ်။ သုံးကားစာနဲ့ အဲဒီမှာ တစ်လလောက်နေပြီး ရိုက်ရမဲ့သဘောမှာရှိတယ်။ တစ်လလုံးလုံး ထပ်ပြီးဝေးနေရမှာတောင် မဝေးချင်တော့သလိုပဲ။

ဒီနေ့တွေ့ မနက်ဖြန် ချက်ချင်းထပ်တွေ့ဆိုတဲ့ အဖြစ်မျိုးကိုတောင် ပြန်ဖန်တီးယူချင်နေပြီ။

အခုမှ ကိုယ် အသည်းအသန်၊ အရူးအမူးဖြစ်ပြီး အနာဟောင်းက ပြန်ကြွသလိုပဲ တစစ်စစ် ရင်ထဲမှာ နာကျင်ဝမ်းနည်းလာမိပြီ လွင်ပြင်ရယ်။

❦ ❋ ❦





အပိုင်း(၂)

(၁၉၉၈-၂၀၀၄)ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



## ၅

မျက်နှာချင်းဆိုင်တိုက်ရဲ့ နှစ်လွှာဟဲ့အခန်းကို ပြောင်းလာသော မိသားစုထဲမှာ လွှင်ပြင်နဲ့ရွယ်တူနီးပါး ကောင်လေးတစ်ယောက်ပါသဖြင့် လွှင်ပြင် စပ်စုပြီး ကြည့်မိသည်။ အစ်ကိုအစ်မဖြစ်ဟန်တူသူတွေကတော့ ကောင်လေးထက် ဟော်တော့်ကိုအသက်ပိုကြီးကာ အသက်နှစ်ဆယ်ကျော်တွေ ဖြစ်ပုံရသည်။ ကောင်လေးကတော့ ကိုးနှစ်လား၊ ဆယ်နှစ်လား မသိ။ လွှင်ပြင်နဲ့ အရပ်ချင်းတိမ်းမယိမ်းလောက်ရှိမဲ့ ကောင်လေးက အိမ်ပြောင်းတာဖြင့်နာရီပိုင်းမပြည့်သေးဘူး။ တစ်လမ်းလုံးကို လမ်းသလားပြီးနေပြီ။ လမ်းထဲမှာရှိသမျှ ခွေးလေခွေးလွင့်တွေကို အလကားနေရင်း ခဲနဲ့လိုက်ထုပြီးနေပြီ။ ခွေးတစီစီနဲ့ လမ်းသလားနေသော ကောင်လေးကို ရပ်ကွက်ထဲ၊ လမ်းထဲကလူတွေ တစ်ခဏချင်းနဲ့ မှတ်မိသွားကုန်ကြလေပြီ။



ဗရန်တာလက်ရန်းမှာ လက်တံတောင်နှစ်ဖက်ထောက်ရင်း လမ်းပေါ်သို့ ငုံ့ကြည့်နေတဲ့ လွှင်ပြင့်ကိုလည်း သူမြင်ပြီးနေပြီ။ ဒါပေမဲ့ စနချင်နှောက်ချင်တဲ့ ပုံစံမျိုးမပါတဲ့ ခင်မင်ရင်းနှီးလိုမှု အပြုံးကိုတော့ လွှင်ပြင်ဟာ ကောင်လေးထံမှ ဖျတ်ခနဲမြင်လိုက်ရလျှင် မျက်စောင်းကြီးထိုးပြီး အိမ်ထဲပြန်ဝင်လာသည်။

ခွေးတွေကို အလကားနေရင်း ခဲနဲ့လိုက်ပစ်နေတဲ့ကောင်လေးမှာ စိတ်နှလုံးကောင်း ရှိမယ်မထင်ဘူးလို့ လွှင်ပြင်ချုပ်တစ်ပြက်တွေးမိသဖြင့် ထိုသို့တုံ့ပြန်မိတာလည်း ဖြစ်သည်။

နွေရာသီကျောင်းပိတ်ရက်တွေမှာ ယောက်ျားလေးပီပီ လမ်းပေါ်မှာ တစ်နေကုန် အချိန်ကုန်ယျက် နဂိုမဖြူမညိုအသားအရေကို မည်းသည်းနေအောင်ဆော့တဲ့ ကောင်လေးနဲ့မိန်းကလေးပီပီ အပြင်သိပ်ထွက်မဆော့ဘဲ အမေ့ချုပ်ထည်တွေမှာကူလိုက်၊ ကာတွန်းဇာတ်လိုက်နဲ့သာ အချိန်ကုန်ခဲ့သော လွှင်ပြင်တို့ဟာ ကျောင်းစဖွင့်သောနေ့မှာတော့ တကယ်ပဲ မျက်နှာချင်းဆိုင် ဆုံကြရလေသည်။

"ကျောင်းသားသစ်တဲ့"

လွှင်ပြင့်အားက သူငယ်ချင်းတွေပြောသံ ကြားသဖြင့်ဘယ်သူလဲ ကြည့်လိုက်တော့ ဟိုကောင်လေး။ လွှင်ပြင့်စိတ်ထဲမှာ နာမည်ပေးထားတာက ဟိုကောင်လေးဆိုတဲ့ နာမည်ပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းဂုဏ်ရှိန်"

"ရှိပါတယ်ခင်ဗျ"

ဆရာမက ကျောင်းခေါ်ချိန်မှတ်ရန် နာမည်ခေါ်တော့ သူ့နာမည်ကို စတင်သိရသည်။

"ဟယ် ... နာမည်က အပျံစားပါလားကွယ်။ လူလည်း အပျံစား၊ စာတော်အောင် ကြိုးစားနော် သား"

မျက်နှာချိုပြီး စန်းပွင့်ပုံရတဲ့ ဟိုကောင်လေး ချက်ချင်းပဲ အတန်းပိုင်ဆရာမအချစ်တော် ဖြစ်လို့သွားသည်။

ဘာကြောင့်လဲဆိုတော့ ကျောက်သင်ပုန်းကို ဆရာ ဖျက်ရင်လည်း ဆရာမခေါ်ခိုင်းစရာမလို။ သူ့ဘာသာ အလို တသိ ထပြီးကူညီဖျက်ပေးပြီးသား ဖြစ်သလို မနက်ကျောင်း တက်ခင်လည်း ဆရာမစားပွဲမှာ ပန်းအိုးတစ်လုံးနဲ့ ပန်းတစ် ထားထားပေးဖို့ ဘယ်တော့မှမမေ့။ ဆရာမ ခြင်းတောင်းဆွဲ တာမြင်ရင် ပြေးကိုင်ပြီး ဖားတတ်တာလည်း သူ့လောက် ယောက်မရှိ။ ဒါနဲ့ပဲ ကျောင်းရောက်ပြီး တစ်ပတ်အတွင်း ဆရာ၊ ဆရာမအားလုံး နှုတ်ဖျားတွင် မင်းဂုဏ်ရှိန် ... မင်းဂုဏ် ဖြစ်နေတော့လေသည်တည်း။

အိမ်နဲ့မနီးလည်းမနီး၊ ဝေးလည်း သိပ်မဝေးလှသော ကျောင်းကို အသွားအပြန်အတွက် ဆိုက်ကားလပေးနဲ့ငှားထား





ဖြင့် ဆိုက်ကားနဲ့သာ သွားရသော လွှင်ပြင်သည် မင်းဂုဏ်ရှိန်နဲ့ ကျောင်းသွား ကျောင်းပြန်ချိန်တွေမှာလည်း ဆုံတတ်ပါသည်။ ကျောင်းကို သူ့ဘာသာ လမ်းလျှောက်သွားတတ်သော မင်းဂုဏ် ရှိန်ကို ဆိုက်ကားပေါ်ကနေ လှမ်းလှမ်းကြည့်သွားမိသဖြင့် မင်း ဂုဏ်ရှိန်လည်း လွှင်ပြင့်ကို ဆိုက်ကားနဲ့ ကျောင်းသွားသော အိမ် ရှာ့အိမ်က ကောင်မလေးအဖြစ် အမှတ်တရ ဖြစ်လာတော့သည်။

အတန်းထဲမှာ တစ်တန်းတည်းပေမဲ့ မရင်းနှီးသော သူတို့နှစ်ဦးဟာ ကျောင်းတွေဖွင့်ပြီး သုံးလကြာမှပဲ ရင်းနှီးသွားကြ ပြီ အကြောင်းအရာ ပေါ်လာပါသည်။ အဲဒါကတော့ မင်းဂုဏ်ရှိန် ကျောင်းကို နှစ်ရက်တိတိပျက်သောရက်မှာ ဖြစ်သည်။

လွှင်ပြင် ဆိုက်ကားပေါ်ကဆင်းပြီး အိမ်ပေါ်တက် လာ၊ ကျောင်းကျောပိုးအိတ်ရယ် ရေဘူး [illegible]သော ဖလတ်စတစ်ခြင်းရယ်ကို ချတုံးရှိသေးချိန်မှာ အိမ်တံခါးဘဲလ်သံ မြည်လာသည်။

အမေက အပ်ချုပ်စက်ပေါ်မှာ တဂျုန်းဂျုန်းနင်းနေ ဆဲ။ အကူလာချုပ်သော အစ်မနှစ်ယောက်ကလည်း သူ့အလုပ်နဲ့ သူ ရှုပ်နေဆဲဖြစ်သဖြင့် လွှင်ပြင်ပဲ တံခါးသွားဖွင့်ပေးလိုက်တော့...

"သမီး ... လွှင်ပြင်နော်၊ အန်တီပါ ... အန်တီက မင်း ဂုဏ်ရှိန် မေမေပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု စတင်နှုတ်ဆက်လာသော အိမ်ရှေ့အိမ်က အန်တီ ကို လွင်ပြင်ဟာ ကလေးပီပီ ဖိတ်မန္တကပြုပြီး ပြန်နှုတ်ဆက် မေနေသည်။

"ဟဲ့ ... သမီး၊ ညှော်သည်ကို အိမ်ထဲဝင်ပါ ပြုပါ ထိုင်ပါ ဖိတ်ခေါ်လေ၊ ဘာလို့ ကြောင်ပြီးရပ်ကြည့်နေတာလဲကွယ်"

"ဩော် ... ဟို ... အန်တီ အထဲဝင်ပါ"

အမေကပါ ထလာပြီး ဖိတ်ခေါ်သည်။ ထိုအန်တီ က ပြုံးပြီး အိမ်ထဲဝင်လာသည်။ ချုပ်ထည်တွေပုံနေသော ဧည့် ခန်းမှာ ဧည့်သည်တစ်ယောက်လာရင် ထိုင်ဖို့အတွက်ပင် နေရာ မရှိသလို ဖြစ်နေသဖြင့် အမေက ဆက်တီကချို့ပေါ် ရောက်နေ သော ပိတ်စတွေကို ဖယ်ပေးရင်း ...

"အိမ်ကတော့ မြင်တဲ့အတိုင်းပဲ အစ်မရေ၊ ရှုပ်ပွနေတာ အားနာဖို့တောင် ကောင်းတယ်"

ဟု အားနာသလို ပြောသည်။

"ရပါတယ်၊ အားနာစရာမလိုပါဘူး။ အစ်မကသာ အားနာ ရမှာ။ သူများအိမ်ကို လာနှောင့်ယှက်သလို ဖြစ်နေမိပြီနော်"

"ရပါတယ်၊ ရပါတယ်၊ အိမ်နီးချင်းတွေပဲ ခင်လို့မင်လို့ လာတာ ဝမ်းသာပါတယ်"

"ဩော် ... ဒီလိုပါ၊ သားလေ ... အစ်မသားက ဒီကသမီး နဲ့ တစ်တန်းတည်း အတူတူပေါ့"





"ဟုတ်တယ် ... ဟုတ်တယ်၊ သမီး ပြန်ပြောပါတယ်၊ ဒီနှစ်မှ ပြောင်းလာကြတာနော်"

"ဟုတ်ကဲ့ရှင့်၊ အရင်က(...)မြို့နယ်ဘက်မှာ နေတာပါ။ အစ်မ အမေအိမ်ပေါ့၊ အမေရှိသေးတော့ အမေအိမ်တက် နေပြီး အမေ့ကိုလည်း စောင့်ရှောက်ရတာပေါ့။ လွန်ခဲ့တဲ့ ခြောက်လကမှ အမေဆုံးသွားတော့ အမေ့အိမ်က အမွေ ဆိုင်ဖြစ်နေတာနဲ့ မောင်နှမတွေ ရောင်းချပြီး ခွဲယူကြရမှာ မို့ အစ်မတို့လည်း ကိုယ့်ဘာသာ အိမ်ပြန်ဝယ်နေရလို့ ဒီ ဘက်လာဝယ်နေဖြစ်တာပါပဲ"

"ဩော် ... အမေ ဆုံးသွားတာကိုး။ စိတ်မကောင်းပါဘူး ရှင်"

"လူကြီးရောဂါပဲ၊ အသက်က တော်တော်အိုပြီလေ၊ ရှစ် ဆယ်ကျော်နေပြီ။ အစ်မလည်း အမေ့ကို စိတ်ကျေနပ် လောက်အောင် ပြုစုလိုက်ရတော့ ဖြေသာပါတယ်"

"ဟုတ်တာပေါ့၊ ဟုတ်တာပေါ့"

လူကြီးနှစ်ယောက် ထွေရာလေးပါး စကားလက်ဆုံ နေတဲ့ကြားထဲ လွင်ပြင် တစ်ယောက် မျက်လုံးအဝိုင်းသားနဲ့ ကြည့် ဒီကြည့်။ ဒီကြားထဲ တစ်ဖက်မျက်နှာချင်းဆိုင်အခန်း ကျန်ခဲ့တဲ့ မင်းဂုဏ်ရှိန်ကလည်း သူ့အမေ ဒီဘက်အိမ်လာမှန်း သိတော့ အနွေးထည်လေး ဝတ်ရက်သားနဲ့ ဧရန်တာတွက်ရပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်မျှော်ကြည့်နေသဖြင့် လွင်ပြင်နဲ့သူ မျက်လုံးချင်းဆုံမိသလို ဖြစ်ကာ ရယ်ပဲပြရမလိုလို။ တည်ရမလိုလိုဖြစ်နှင့်။

"ဒီလိုပါ ... သားက နှစ်ရက်ကျောင်းပျက်သွားတယ်လေ၊ ဘာအစားမှားတယ် မသိဘူး။ တစ်နေ့ကုန် အထက်လှန် အောက်လျှောဖြစ်ပြီး ဝမ်းသွားလိုက် အန်လိုက်နဲ့ဖြစ်တယ်၊ နောက်တစ်ရက်ကျ ဖျားလည်းဖျားသွားလို့ ကျောင်းလည်း နှစ်ရက်တောင်ပျက်သွားတယ်၊ အဲဒါကြောင့် လွတ်သွားတဲ့ ကျောင်းစာလေးတွေ ကူးချင်လို့ သမီးဆီက မှတ်စုစာအုပ် ခဏလာငှားတာပါ။ သမီးစာကျက်ချိန်အမီ ပြန်ပေးမယ်နော်"

"ရပါတယ် အန်တီ"

လွင်ပြင် ကျောပိုးအိတ်ထဲက စာအုပ်တွေထုတ်ပေးလိုက်ပါသည်။ စိတ်ထဲမှာ နည်းနည်းတော့ ရှက်နေသည်။ ဘာကြောင့်လဲဆိုတော့ လွင်ပြင်က မိန်းကလေးဖြစ်ပြီး လက်ရေးမလှလို့ပင်။ လွင်ပြင့်လက်ရေးတွေက ခပ်သော့သော့နဲ့ အရွယ်အစားလည်း သိပ်မညီ။ ကြီးချင်ရင် ကြီးသွားလိုက်၊ သေးချင်ရင့်သေးသွားလိုက်နဲ့။ ကလေးပီပီ ကိုယ့်လက်ရေးမလှတာကိုတော့ ရှက်နေတတ်သေးသည်။

စာအုပ်တွေငှားသွားပြီး သိပ်မကြာပါ။ နှစ်နာရီနီးပါးလောက်အကြာမှာ မင်းဂုဏ်ရှိန်၏အမေပဲ လာပြန်ပို့ပေးပါသည်။





"ကျေးဇူးတင်ပါတယ် သမီးရယ်"

"ရပါတယ် အန်တီ"

"ဪ ... ဒါနဲ့ သမီးကို မေးရဦးမယ်၊ သမီး ကျောင်းကို ဆိုက်ကားနဲ့ သွားတာ ပြန်တာ တွေ့တယ်၊ အဲဒါ လပေးငှားထားတာလား"

"ဟုတ်တယ် အစ်မ၊ လပေးငှားပေးထားလိုက်တယ်လေ။ သူ့အဖေက ရုံးအလုပ်နဲ့မအား၊ ကျွန်မလည်း ချုပ်ထည်တွေနဲ့ မအားတော့ သမီးကို ကိုယ့်အသိမိတ်ဆွေ ဆိုက်ကားဆရာဆီမှာပဲအပ်ပြီး ကျောင်းပို့ ကျောင်းကြို လုပ်ခိုင်းထားတယ်၊ သူ လေးဘာန်းနှစ်တည်းက စီးလာတဲ့ ဦးကြီးလေ၊ စိတ်ချရတယ်"

"အစ်မလည်း သားကို ဆိုက်ကားနဲ့ ပို့ချင်တာ ဘယ်လို စုံစမ်းရမှန်း မသိလို့"

အမေ တစ်ချက်စဉ်းစားလိုက်ပြီး ...

"အစ်မ ကြိုက်,မကြိုက်တော့ မသိဘူး။ အကြံပေးရရင်တော့ သမီးလည်း ဆိုက်ကားတစ်စီးလုံးမှာ တစ်ယောက်တည်းစီးရတာ။ နောက်တစ်ယောက် ပိုပါလာတော့လည်း စီးလို့ရပါတယ်။ အစ်မ သဘောကျရင် သမီးစီးတဲ့ဆိုက်ကားနဲ့ပဲလိုက်ဖို့ အဲဒီ ဦးကြီးကို ပြောပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု စီစဉ်ပေးလိုက်လျှင် မင်းဂုဏ်ရှိန်အမေလည်း ဝမ်းသာအားရပင် ...

"အို ... အဆင်ပြေလိုက်တာ ညီမရယ်၊ အစ်မလည်းအမှန် တော့ ဒီကသမီးလေးစီးတဲ့ ဆိုက်ကားနဲ့ပဲ ထပ်ထည့်လို့ ရရင် ထပ်ထည့်ပြီးစီးစေချင်တာပါ။ ပြောရမှာ အားနာလေ လို့ပါ"

"အိမ်နီးချင်းတွေပဲ အားနာစရာ မလိုပါဘူး"

"အစ်မနာမည် မှတ်ထားနော်၊ ခင်နှင်းဦးတဲ့၊ အမျိုးသားက ကိုမင်းမောင်ပါ၊ သားကြီးက အခု ကျောင်းပြီးခါနီးပြီလေ Physics နဲ့ မင်းကျော်ဇောတဲ့။ သမီးကတော့ တတိယနှစ် မြသီတာမင်းတဲ့။ အကြီးနှစ်ယောက်က တစ်နှစ်ခွဲပဲ အသက် ကွာတာလေ။ သားလေးက အစ်ကို အစ်မတွေနဲ့ ကိုးနှစ် ဆယ်နှစ်လောက် အသက်ကွာပြီးမှမွေးတော့ သူ့မှာအဖော် မဲ့နေရှာတာ။ သမီးလေးနဲ့အဖော်ဖြစ်ရရင် ကောင်းတာပေါ့"

မင်းဂုဏ်ရှိန်အမေက မိတ်ဆက်သဖြင့် အမေက လည်း ...

"ကျွန်မ နာမည်က တင်တင်ပါ။ သူ့အဖေ နာမည်က ကိုသက်အောင်ပါ၊ ကျွန်မတို့ကတော့ သမီးတစ်ယောက်ပဲ ရှိတယ်၊ ကျွန်မမှာ နှလုံးအားနည်းတဲ့ရောဂါ ရှိတော့လေ ဆရာဝန်က ကလေး သိပ်မယူစေချင်တာနဲ့ သမီးတစ်





ယောက်ပဲမွေးပြီး ရပ်ထားလိုက်ရတယ်၊ သမီးလည်း အဖော် မဲ့တာပါပဲ၊ ကျောင်းရောက်မှ သူငယ်ချင်းတွေနဲ့ ဆုံရတယ် ဆိုပြီး ဘယ်တော့မှ ကျောင်းပျက်မခံဘူး"

အမေတွေ အပြန်အလှန် မိတ်ဆက်လိုက်ကြပြီးသော အခါမှာ စနေ၊ တနင်္ဂနွေ ကျောင်းနှစ်ရက်ပါပိတ်ပြီးလို့ တနင်္လာ ကျောင်းပြန်တက်ရသောအခါတွင် လွှင်ပြင်တစ်ဦးတည်းစီးရသော ဆိုက်ကားပေါ်မှာ အရှေ့ခြမ်း၌ မင်းဂုဏ်ရှိန် တစ်ယောက် အခန့် သား ပါလာခဲ့တော့သည်။ အနောက်ခြမ်းမှာ ခြင်းကလေး ရင် ခွင်မှာပိုက်ပြီး ရှက်ကိုးရှက်ကန်းလေး ကျောချင်းကပ်ထိုင်လျက် ပါလာသော လွှင်ပြင်အား မင်းဂုဏ်ရှိန်သာ စပြီးစကားမပြောဘူး ဆိုရင် ပြောဖို့တောင် စကားရှာမရဖြစ်ပြီး ရှက်ကြောက်နေခဲ့ သတဲ့။

"နင် ... ငါ့ကို စိတ်ဆိုးနေတာလား"

ဆိုက်ကားပေါ်ပါလာပြီး လမ်းတစ်ဝက်လောက် ရောက်တော့ မင်းဂုဏ်ရှိန်က ထိုသို့လှည့်မေးလာလျှင် လွှင်ပြင် ကြောင်ကြောင်ကြောင်လေး မျက်လုံးပြူးကြည့်မိလေသည်။ (မောင်ရှိန် က ချစ်သူတွေဖြစ်ပြီးမှ ပြန်ပြောတာတော့ လွှင်ပြင် သူ့ကိုစကြည့် တဲ့ မျက်လုံးဝိုင်းဝိုင်းလေးတွေကို အဲဒီနေ့က တော်တော်သဘော ကျသွားပါသည်တဲ့။)

"စိတ်ဆိုးလား မေးတာ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာကို စိတ်ဆိုးရမှာလဲ”

“ငါ ရှေ့မှာထိုင်စီးလို့”

“စိတ်မဆိုးပါဘူး၊ ငါလည်း ရှေ့မှာထိုင်ရတာ မကြိုက်ပါဘူး။ နင် ဝင်ထိုင်တော့ အတော်ပဲ ဖြစ်သွားတာပေါ့။ အစက ငါတစ်ယောက်တည်းဆိုတော့ ရှေ့မှာပဲ ထိုင်ရတယ်”

“အေး ... စိတ်မဆိုးရင် ပြီးရော၊ ဒါပေမဲ့ စကားတော့ ပြောပါ၊ စကားမပြောဘဲ မနေနဲ့ ပျင်းစရာကြီး”

“ဘာပြောစရာမှ မရှိဘူး”

“နင် ငါနဲ့ မပေါင်းချင်လို့လား”

“ယောကျ်ားလေးနဲ့ မိန်းကလေး ဘယ်လိုလုပ် ပေါင်းမလဲ”

“အံမာ ... နင် အတန်းထဲမှာကျတော့ ဇော်မိုးတို့၊ ဘိုဘိုတို့ ကျော်ကျော်တို့နဲ့ ပေါင်းတယ်”

“သူတို့က ငယ်ငယ်တည်းက တွေ့လာတာ”

“သူငယ်တန်းကလား”

“ဟုတ်တယ်”

“ဒီလိုမှန်းသိရင် ငါလည်း သူငယ်တန်းတည်းက ဒီကျောင်းမှာ လာနေပါတယ်”

ဆိုက်ကားနင်းသော ဦးကြီးကတော့ တဟားဟားရယ်ရင်း ...





“ဟ ... ငါ့ကောင်ရာ။ မိန်းကလေးတစ်ယောက်နဲ့ သူငယ်ချင်းဖြစ်ဖို့များ တော်တော်ခက်နေပါလား ကောင်ရာ”

ဟု နောက်ပြောင်ပြီး မင်းဂုဏ်ရှိန်၏ငယ်ထိပ်ကို [illegible]စ်လေသည်။

ဘယ်နေရာသွားသွား၊ ဘယ်သူနဲ့ပဲတွေ့တွေ့ ချက်ချင်းပဲ သူစိမ်းတစ်ယောက်ရဲ့အချစ်ကို ခံရသော မင်းဂုဏ်ရှိန်ဟာ အခုလည်းပဲ နှစ်နှစ်လောက်နီးပါး သူ့ဆိုက်ကားစီးလာသော လွင်ပြင်ထက် ဒီနေ့မနက်မှစပြီး ဆိုက်ကားစီးသော မင်းဂုဏ်ရှိန်ကို အချစ်ပိုသွားတော့လေသည်။ (သူဟာ ဒါကြောင့်ပဲ တစ်ချိန်ချိန်ကျရင် တစ်ပြည်လုံးက အချစ်ခံရတဲ့ ရုပ်ရှင်မင်းသားလေး ဖြစ်လာတာပဲ ထင်ပါရဲ့။)

အဲဒီလိုနဲ့ပဲ ကျောင်းသွားကျောင်းပြန် ကျောချင်းကပ်ထိုင်ပြီး ဆိုက်ကားတစ်စီးတည်း စီးခဲ့ရတဲ့ မင်းဂုဏ်ရှိန်နဲ့ လွင်ပြင်တို့ဟာ ရက်ပိုင်း လပိုင်း အတွင်းမှာပဲ သိပ်ခင်မင်ရင်းနှီးသော သူငယ်ချင်းတွေ ဖြစ်သွားခဲ့ပါသည်။ မျက်နှာချင်းဆိုင် တိုက်ခန်းအချင်းချင်း အလွှာချင်းလည်း တူသဖြင့် ပြောစရာ ဆွေးနွေးစရာတွေကို ဝရန်တာကနေ အော်ပြောတတ်သော၊ မနက်ကိုးနာရီကနေ ညနေသုံးနာရီကျောင်းမို့ နေ့လယ်ထမင်းစားချိန်တွေမှာ လွင်ပြင့်ထမင်းနဲ့ သူ့ဟင်းကို လဲစားတတ်သော၊ တစ်ခါတလေ ကျောင်းဆင်းချိန်မှာ ပြန်မလိုက်တတ်ဘဲ သူ့ကျောပိုးအိတ်တွေ ထမင်းဘူး



www.burmeseclassic.com

www.burmeseclassic.com



တွေသာ ပြန်ထည့်ပေးလိုက်ပြီး သူငယ်ချင်းတွေနဲ့ချိန်းကာ ဘောလုံး သွားကန်တတ်သော၊ ထိုသို့ အိမ်ပြန်ပါမလာဘဲ ဘောလုံးကန်ပြီး ကျန်ခဲ့မှန်းသိလျှင် ...

"နောက်တစ်ခါ သူ ဘောလုံးကန်ပြီး ကျန်ခဲ့ရင် သမီးပဲ ရအောင်ခေါ်ခဲ့။ မရရင် ဗိုက်ခေါက်ဆွဲလိမ် နားရွက်သာ ဆွဲပြီးခေါ်ခဲ့"

လို့ သူ့မေမေ ဒေါ်ခင်နှင်းဦး တစ်ယောက်လုံးက လည်း လွင်ပြင့်လက်ကို အပ်ထားတာလည်း ခံရသော မင်းဂုဏ်ရှိန် သည် ဘယ်ရှေးရေစက်ကြောင့်မှန်းကိုမသိရလောက်အောင် လွင်ပြင့် အတွက် အခင်ဆုံး၊ အချစ်ဆုံး၊ အရင်းနှီးဆုံးသော သူငယ်ချင်း ကောင်လေးတစ်ယောက် ဖြစ်ခဲ့တော့လေသည်။

❦ ❋ ❦





## ၆

ရိုးရိုးသာမန် အလယ်အလတ်တန်းစား လူတန်းစား ဘဝမှာတုန်းကတော့ ဒေါ်ခင်နှင်းဦးဟာ စိတ်သဘောကောင်းလျက် လွင်ပြင့်အမေ ဒေါ်တင်တင့်ကိုလည်း အင်မတန်မှ ခင်ခင်မင်မင် ရှိလှသည်။ အမေတော့ အိမ်မှာ တစ်ပိုင်တစ်နိုင် လုပ်ငန်းရှိပြီး အိမ်ရဲ့ဝင်ငွေကို ရှာနိုင်သဖြင့် ဒေါ်ခင်နှင်းဦးတစ်ယောက် အားကျ နေတတ်လေသည်။

"အစ်မကတော့ အမှန်အတိုင်းဝန်ခံရရင် ညီမရယ် အဖေ ရှိတုန်းက အရာရှိကြီးမို့ အရာရှိသားသမီးဆိုပြီး ကိုယ့်ကိုယ် ကိုယ် မာနတွေထားတာပေါ့။ အဖေ ဆုံးသွားတော့လည်း အဖေထားခဲ့တဲ့ ရှာခဲ့တဲ့ အိမ်တွေ ကားတွေ ကျန်တာပဲလေ ဆိုပြီး အထည်ကြီးပျက်ပေမဲ့ မာနကလည်း ခေါင်ခိုက်နေ သေးတော့ ဘော်ရုံတန်ရုံ အလုပ်ဆို ဝင်မလုပ်ချင်ရတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာနဲ့ အချိန်ဆွဲခဲ့မိတာ။ ယောက်ျားတစ်ယောက်တည်း
လုပ်စာနဲ့ ကလေးသုံးယောက်နဲ့ တော်တော်လေး ကျပ်တည်း
လာချိန်ကျတော့ ကိုယ်က အလုပ်ရှာရခက်တဲ့အရွယ် ဖြ
သွားပြီ။ အသက်လည်း ကြီးနေပြီဆိုတော့ ဘယ်အလုပ်က
မှလဲ မခန့်ချင်တော့ဘူး။ ပြီးတော့ ကိုယ်က အသက်ကြ
ပြီး ကလေးတွေလုပ်တဲ့ လခလောက်နဲ့ ဝင်လုပ်ရမှာလည်း
ခက်ပြန်ရော၊ ဒါနဲ့ပဲ ကျပ်ကျပ်တည်းတည်းနဲ့ပဲ ရုန်းက
ရပ်တည်နေရတာ တင်တင်ရေ။ တင်တင်တို့ မြင်တော
အားကျပါတယ်၊ ငါသာ ဒါမျိုး အချုပ်အလုပ်လေး တတ်
ခဲ့ရင် အိမ်မှာအလကားမနေရဘဲ တစ်ခုခု ချုပ်လုပ်နိုင်
လို့"

အိမ်မှာ စီးပွားရေး မပြေမလည်ဖြစ်တိုင်း၊ ကျပ်တည်း
တိုင်း အမေ့ဆီ လာညည်းညူ ရင်ဖွင့်တတ်တဲ့အထိ အိမ်တွင်းရေး
တွေ အသိပေးတဲ့အထိ ခင်မင်လှပါသည်။

"သားကြီးနဲ့သမီးလည်း ဘွဲ့ရတော့မှာပါ၊ ဒါပေမဲ့ တင်တင်
သိတဲ့အတိုင်းပဲ။ အခုခေတ်က ဘွဲ့ရပညာတတ်လို့လည်း
ဘာမှမထူးပါဘူး။ သူလိုကိုယ်လိုတွေက အများကြီး၊ သူ
ကုမ္ပဏီမှာပဲ ဝင်လုပ်ဦး၊ လခလေးငါးသောင်းနဲ့ ဘယ်လို
ရပ်တည်နိုင်မလဲနော် ... ကလေးတွေကို ဘာစီစဉ်ပေးရမ
မသိဘူး"





"အလုပ်ချက်ချင်းလိုချင်ရင်တော့ ကိုသက်အောင်တို့ကုမ္ပဏီ
မှာ ပြောပေးရင် ရပါတယ်၊ မပူပါနဲ့ အစ်မရယ်။ လေး
သောင်း ငါးသောင်းရလည်း မဆိုးပါဘူးလေ၊ အခုလိုပဲ
စ,လုပ်ရတာပေါ့။ လူငယ်ပြီး တော်ရင်တော်သလို လခတိုး
ပါတယ်။ ဒီကြားထဲ သင်တန်းတွေလည်း ထပ်တက်ရသေး
တာပေါ့"

"အေးလေ ... သူတို့သဘောပါပဲ ပြန်မေးရဦးမယ်၊ ကျေးဇူး
လည်းတင်ပါတယ် တင်တင်ရယ်။ အစ်မကတော့ ကလေး
တွေလုပ်စာ မျှော်ကိုးလို့ မဟုတ်ပါဘူး။ သူတို့ဘဝသူတို့
အခြေခိုင်ခိုင် ရပ်တည်သွားစေချင်လို့ပါ။ အစ်မတို့အတွက်
က နေစရာ အိမ်ရှိတယ်။ သူ့အဖေလည်း ကုန်သည်ပွဲစား
လုပ်တဲ့ ဝင်ငွေလေး ပုံမှန်လေးရှိနေတယ်ဆိုရင် ဖြစ်ပါတယ်၊
တစ်ခုပဲ ရှိတာပေါ့။ ကလေးတွေကို လူတန်းစေ့သုံးနိုင်စွဲ
နိုင်အောင် မထားနိုင်တာပဲ ရှိတယ်"

မင်းဂုဏ်ရှိန်နဲ့ လွင်ပြင်ကတော့ အသက်ဆယ်နှစ်
ကျော်အရွယ်တွေပီပီ အိမ်မှာ လူကြီးတွေ အဆင်ပြေလား၊ မပြေ
လားလည်းမသိသေး။ အမေတွေလက်ထဲ ပိုက်ဆံကျန်သေးလား၊
ကျန်သေးလားလည်း မသိ။ ဗိုက်ဆာရင် သူ့အိမ်လည်း ကိုယ်
ထမင်းဝင်စားလိုက်တာပဲ။ ကိုယ့်အိမ်လည်း သူဟာ တံခါးမရှိ
ဓားမရှိ ဝင်လာပြီး ဝင်စားလိုက်တာပဲ။ ယောက်ျားလေးနဲ့ မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးမို့ မင်းဂုဏ်ရှိန်ကတော့ စာကျက်ပျင်းပြီး လွင်ပြင်ကတော့ ပုံမှန်လေးကျက်သဖြင့် အတန်းထဲမှာ ရီပို့ကတ်ရလာရင် သူက အမြဲအဆင့်နိမ့်နေတတ်ပေမဲ့ အမှန်တော့ ဉာဏ်ရည်ချင်းလည်း အတူတူတွေမို့ အတန်းတင်စာမေးပွဲတွေပြီးလို့ အောင်စာရင်းထွက် နောက်တစ်နှစ်ရဲ့အတန်းကို တက်ရတိုင်းလည်း အတန်းကအတူတူ အမှတ်ပေါင်းနဲ့ အတန်းခွဲသောကျောင်းမို့ မတိမ်းမယိမ်း ဉာဏ်ရည် ရှိသူတွေဟာ အတန်းတစ်တန်းမှာ အတူတူ ပြန်ရောက်ရစမြဲ။

"ဟား ဟား ... နင် ဘယ်လောက်ကျက်ကျက် ငါနဲ့အတန်း ကွဲအောင် ဘယ်လောက်လုပ်လုပ် နောက်ဆုံးတော့ ငါနဲ့ မခွဲမခွာ အတူတူ ကျောင်းတက်ရတာပဲ"

ဟူ၍ မင်းဂုဏ်ရှိန်က လွင်ပြင် မခံချင်အောင် မကြာခဏ စ,တတ်ပါသည်။

ကျောင်းမှာ စာသိပ်အတော်ကြီးလည်း မဟုတ် စာအညံ့ကြီးလည်းမဟုတ်၊ အလယ်အလတ် အဆင့်လောက်သာ ရှိသော လွင်ပြင်တို့နှစ်ဦးသည် အတန်းငယ်တုန်းကတော့ အတူတူ တက်ခဲ့ကြသလို ရှစ်တန်းလောက် ရောက်လာတော့ ...

"မေမေက ပြောတယ်၊ ရှစ်တန်းဆိုတာ အတန်းကြီးလာပြီ တဲ့။ မြို့ထဲက နာမည်ကြီးကျူရှင်တွေမှာ သွားတက်သင့် တယ်တဲ့ အန်တီ။ အဲဒါ လွင်ပြင့်ကိုပါ သားနဲ့အတူတူ လိုက်တက်ခိုင်းပါလား"





ဟု ရှစ်တန်းတက်ပြီး တစ်ပတ်အကြာမှာ မင်းဂုဏ်ရှိန် ကိုယ်တိုင် လာပြောပါသည်။ အဖေတို့ အမေတို့ကလည်း ခပ်အေး အေးသမားတွေမို့ လွင်ပြင်ကသာ မပူဆာရင် သူတို့ကိုယ်တိုင်က တောင် သမီးအတွက် ဘာစီစဉ်ပေးရမှန်း စိတ်ကူးမပေါ်ကြ။ မင်းဂုဏ်ရှိန် လာပြောတော့လည်း အလွယ်တကူပဲ ...

"အေး ... ကလေးတွေ သဘောပါပဲ၊ သွားတက်ချင်ရင် လည်း တက်ပေါ့။ သမီးမှာ မြို့ထဲသွားဖို့ အဖော်ရှိရင်ပြီး တာပဲ၊ မောင်ရှိန်နဲ့ဆိုရင် စိတ်ချပါတယ်"

ဟု လက်ခံခွင့်ပြုလိုက်ကြလေသည်။

ဒီလိုနဲ့ပဲ ရှစ်တန်းအတူတူတက်ရသောအခါ မနက် ကိုးနာရီကနေ သုံးနာရီ ကျောင်းအတူတူတက်၊ အိမ်ပြန်လာ ရေ မိုးချိုး ထမင်းစားပြီးတာနဲ့ အဝတ်အစားလဲကာ မြို့ထဲကို ဘတ်စ် ကားအတူစီးပြီး ကျူရှင်သွားတက်ကြရသည်။

သင်္ချာကျူရှင်က တစ်ပတ်နှစ်ရက်ကို ကျောင်းဖွင့် ရက်တွေမှာ ကျောင်းဆင်းချိန်အပြီး ညနေလေးနာရီခွဲကနေ ခြောက် နာရီခွဲတက်ရပြီး၊ အင်္ဂလိပ်ကတော့ စနေ၊ တနင်္ဂနွေမှာ မနက်ကိုး နာရီကနေ ဆယ့်တစ်နာရီ နှစ်ရက်သွားတက်ရသည်။

မြို့ထဲ သွားရဖန်များလာတော့ လွင်ပြင်တို့နှစ်ယောက် လည်း လူရည်လည်ပြီး စနေ၊ တနင်္ဂနွေလို ကျောင်းပိတ်ရက်တွေ မှာ ကျူရှင်သွားရလျှင် ကျူရှင်ပြီးတာနဲ့ အိမ်တန်းမပြန်ကြ။



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲ လျှောက်လည်တတ်ကြသေးသည်။ အဲဒီလို လည်ပတ်ဖို့ လည်း လွင်ပြင်က စ,ထွင်တာမဟုတ်။ မင်းဂုဏ်ရှိန်ကသာ ယောက်ျားလေးပီပီ လမ်းများချင်ပြီး ...

"အိမ်တန်းပြန်ရမှာ ပျင်းပါတယ် လွင်ပြင်။ လာ ... မြို့ ထဲ လမ်းလျှောက်ကြရအောင်"

လို့ စတင်အဖော်ညှိတာနဲ့ လွင်ပြင်လည်း သူ့နောက် လိုက်ဖြစ်မှန်းမသိ ဖြစ်လာခဲ့ပါသည်။

နှစ်လယ်လောက်ရောက်လာတော့ မင်းဂုဏ်ရှိန်ဟာ အရင်ကနဲ့မတူ မုန့်ဖိုးလည်း တော်တော်လေး သုံးနိုင်လာပြီ အသုံးအဆောင်ပစ္စည်းတွေလည်း ကောင်းတာလေးတွေ သုံးနိုင် လာတာကို သတိထားမိလာသည်။ (အရင်ကတော့ ငွေကိုတိုင် ထွာသုံးရသော မိသားစုတွေမို့ မုန့်ဖိုးလည်း ဒီပ်မရ။ အသုံး အဆောင်လေးတွေကလည်း သာမန်အသင့်အတင့်လောက်သာ) မြို့ထဲလျှောက်သွားရင်လည်း မီနီစတိုးလေးတွေဝင်ပြီး သူဝယ်ချင် တာ ဝယ်ရုံမကဘူး။ လွင်ပြင့်အတွက် ဆိုပြီးတော့လည်း သူ့ဘာ သာ ကျိတ်ဝယ်ပြီးလျှင် ...

"ဒီမှာ ကြည့်စမ်း ... လွင်ပြင်၊ နင် ကြိုက်တယ်မဟုတ် လား"

"ဟယ် ... ပိုက်ဆံအိတ်လေး"

"ငါ ခုနဆိုင်မှာတွေ့လို့ နင့်အတွက် ဝယ်လိုက်တာ"





"ငါ ကြိုက်မယ်မှန်း ဘယ်လိုလုပ်သိလဲ"

"နင် အဲဒါလေးကို ခဏယူကြည့်ပြီး ဈေးကြီးလို့ ပြန်ထား ခဲ့တယ်လေ"

"အေးလေ ... ဈေးကြီးလို့ပဲ"

"ငါဝယ်လာပေးပြီးပြီ နင် ယူလိုက်"

ပိုက်ဆံအိတ်က မိန်းမကိုင် ခေါက်အိတ်လေးဖြစ် ပါသည်။

"နင် အခုတလော ပိုက်ဆံသိပ်သုံးတာပဲ မောင်ရှိန်ရယ်၊ ဘယ်ကပိုက်ဆံတွေ ရနေတာလဲ"

လွင်ပြင်က စပ်စုမိသည်။

"ဘယ်က ရ,ရမလဲ၊ မေမေ မုန့်ဖိုးပေးလို့ ရတာပေါ့"

"မုန့်ဖိုးတွေ အများကြီးပေးတယ် ဟုတ်လား"

"ဟုတ်တယ်"

"ဟယ်"

"နင် သိတယ် မဟုတ်လား၊ အစ်ကိုကြီးနဲ့ မမ ဂျပန်မှာ သွားအလုပ်လုပ်နေကြပြီလေ"

"အေး ... သိတယ်လေ၊ ဟိုတလောက နင့်အမေ ပြောပြ တာပဲ။ နင်တို့ဦးလေးတစ်ယောက်က အဲဒီမှာ အလုပ်သွား လုပ်ရင်း ဂျပန်မနဲ့ရပြီး အပြီးနေနေတာ ရှိတယ်ဆို။ အဲဒါ ကြောင့် အလွယ်တကူ သွားလို့ရတာတဲ့၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့၊ အဲဒီမှာသာ ဘယ်သူမှမရှိရင် အစ်ကိုကြီး ရော မမရော နှစ်ယောက်စာ ဂျပန်သွား အလုပ်လုပ် ပိုက်ဆံတွေ အများကြီး အမေတို့က ဘယ်လိုလုပ်ပေးနိုင် မလဲ။ ကံကောင်းပြီး သွားလို့ရသွားတယ်၊ ဟိုရောက်တော့ လည်း စက်ရုံမှာ ချက်ချင်းအလုပ်ရတယ်၊ ဦးလေးမိန်းမ စက်ရုံမှာ အရာရှိလေ။ အလုပ်လုပ်ခ ပိုက်ဆံတွေ အများ ကြီးရတယ်ဟ။ မေမေ့ဆီ နှစ်လတစ်ခါလောက် ပိုက်ဆံ ရင် မေမေ ပိုက်ဆံသွားထုတ်ရတဲ့အခါ ငါတို့အိမ်မှာ ရေစက်တောင် ဝယ်ထားပြီး ပိုက်ဆံရေရတယ်၊ ပိုက်ဆံ အများကြီး ရလို့လေ"

အဲဒီလို အခြေအနေပြောင်းလာပြီး သိပ်မကြာ မင်းဂုဏ်ရှိန်တို့ ကားအကောင်းစားကြီး တစ်စီးကိုတောင် ဝယ် နိုင်လာကြလေသည်။ ဒေါ်ခင်နှင်းဦးလည်း စိတ်သဘောတော့ မပြောင်းသေးပေမဲ့ အမေ့ဆီတော့ အလာကျဲသွားသည်။ လွှင်ပြင် အမေ့ဆီက ပြန်သိရသမျှကတော့ ...

"မြေကွက်တွေကို သားတွေ သမီးတွေ နာမည်နဲ့ လျှောက် ဝယ်ပေးထားတယ်၊ အဲဒီအပေါ်မှာ တိုက်အိမ်ကြီးတွေ ဆောက်နေတယ်တဲ့။ အလုပ်သွားလုပ်တဲ့ သားနဲ့သမီးပြန် လာရင် နေဖို့တဲ့။ လုပ်ငန်းတွေထဲလည်း ရှယ်ယာတွေ လျှောက်ဝင်ပြီး ရင်းနှီးမြှုပ်နှံနေပြီတဲ့၊ ဒါကြောင့် အရင်လို မအားတော့လို့ အမေ့ဆီ သိပ်မလာနိုင်တော့တာ"





အိမ်၏ဝင်ငွေ ပြောင်းလဲလာသောအခါ နေထိုင်မှု ပါ ပြောင်းလာနိုင်သဖြင့် မင်းဂုဏ်ရှိန်လည်း အရင်ကလို ပြင်နဲ့ ကျောင်းအသွားအပြန် ဆိုက်ကားဖယ်ရီလိုက်မစီးတော့။ ရှင်သွားရင်လည်း ဘတ်စ်ကားအတူစီးပြီး သွားစရာမလိုတော့။ င်းဂုဏ်ရှိန်အဖေ ကိုယ်တိုင်လိုက်မောင်းပို့သော ကားပေါ်တွင် င်းဂုဏ်ရှိန်နဲ့အတူတူ လွှင်ပြင်ပါ လိုက်စီးခွင့် ရလာလေသည်။

"မေမေလည်း ကားမောင်းသင်နေတယ်၊ မေမေ တတ်သွား ရင် နောက်ဆို မေမေ လိုက်မောင်းပို့လိမ့်မယ်"

ဟု မင်းဂုဏ်ရှိန်က ဘယ်အရာမဆို သူ့အိမ်က ဖြစ်အပျက် က,ကြီးကနေ အ,အထိ ပြောပြတတ်ပါသည်။

"ဒါပေမဲ့ ငါကတော့ ကားစီးရတာ မမက်ဘူး သိလား။ နင်နဲ့ ဆိုက်ကားအတူတူစီးပြီး ကျောင်းသွားရတာကို ပျော်တယ်။ ဘတ်စ်ကား တိုးစီးရတာကို ပျော်တယ်။ ဖေဖေ့ကို ကားမစီးချင်ဘူး လိုက်မပို့ပါနဲ့ပြောတော့ ဖေဖေက ပြောလို့ရတယ်၊ မေမေက မရဘူးဟ၊ ကိုယ့်အဆင့်အတန်း နဲ့ကိုယ် ကောင်းကောင်းနေတဲ့၊ ကလေရိုက်မနေချင်နဲ့တဲ့"

"အေးလေ ... ဟုတ်သားပဲ၊ နင့်အကြံ ငါလည်းသိနေသား ပဲ။ အိမ်က အကြိုအပို့လုပ်နေတော့ နင် ကျူရှင်ဆင်းရင် မြို့ထဲလည်လို့မရလို့ မဟုတ်လား။ ကျောင်းဆင်းရင် သူများ နဲ့ချိန်းပြီးကန်တဲ့ ဘောလုံးပွဲမှာ ဝင်ပါလို့မရလို့မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကလေးစိတ် မပျောက်သေးသော မင်းဂုဏ်ရှိန်တစ်ယောက် ရှစ်တန်းနှစ်လယ်လောက်ကစပြီး အိမ်ကကားစီးရခြင်းကို ညည်းညူဂြိုကျလျက် -နောက်ဆုံးတော့လည်း အမေ့ဆန္ဒကို မလွန်ဆန်နိုင်ဘဲ အမေ့အလိုကျ အိမ်ကကားပေါ် ပါသွားရသူအဖြစ်နဲ့သာ ကျောင်းတက်ရက် တစ်နှစ်ကို ကုန်ဆုံးခဲ့ပြန်လေသည်။

ကိုးတန်းနှစ်လယ် ရောက်သောအခါ တစ်ရက်မှာ ဒေါ်ခင်နှင်းဦးက ပြောပြလာသည်။

"အန်တီတို့လည်း ဒီနှစ်ကုန်ရင် အိမ်ပြောင်းတော့မှာ သမီးရဲ့။ သမီးအမေကိုတောင် ပြောပြထားပြီးပြီ၊ သမီး သိပြီးပြီလား"

"ဟုတ်ကဲ့ အန်တီ၊ လှိုင်ပြင့်ကို အမေ မနေ့ကတင် ပြောပါတယ်"

အဲဒီနေ့က လှိုင်ပြင် ကျူရှင်သွားဖို့ မင်းဂုဏ်ရှိန်ကို ဝင်အခေါ်မှာ ကိုယ်တော်ချော ရေချိုးနေတာကို ထိုင်စောင့်နေတုန်း ဒေါ်ခင်နှင်းဦးက စကားလာပြောတာဖြစ်သည်။ ကိုးတန်းသို့ ဘာသာတွဲရသူချင်း အတူတူဖြစ်တာမို့ ကျူရှင်ယူရသော ဘာသာလည်းတူကာ ဘာသာရပ်တွေလည်း များလာသည်။ အရင်က သင်္ချာနဲ့အင်္ဂလိပ်စာသာ ကျူရှင်ယူရပေမဲ့ ကိုးတန်းမှာတော့ ရူ





ဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာတွေပါ ကျူရှင်ယူရသဖြင့် လှိုင်ပြင်တို့နှစ်ယောက် ကျောင်းတက်ရင်လည်း တစ်နေကုန်မအား။ နေ၊ တနင်္ဂနွေလည်း တစ်နေကုန်မအားရ။

"အန်တီတို့ ပြောင်းမဲ့နေရာက အဝေးကြီးလား"

"ဒီမြို့နယ်နဲ့ဆို ဝေးတယ် သမီးရဲ့။ ရွှေတောင်ကြားရပ်ကွက်ထဲမှာ"

ရွှေတောင်ကြားတဲ့ ဘာတို့ဆိုတာ တကယ်ပိုက်ဆံချမ်းသာသော သူဌေးတွေသာ နေနိုင်သောရပ်ကွက်အဖြစ် ကြားထားလေရာ လှိုင်ပြင်မှာ သူတို့ ဒီလောက်ထိတောင် ဝယ်နေနိုင်သွားပြီလားလို့ အံ့ဩမဆုံး ဖြစ်နေပါသည်။

"သားလေးရဲ့ အစ်ကို အစ်မတွေ ပြန်လာရင်နေဖို့ မြေကွက်တွေပါဝယ်ရင်း အန်တီတို့ပါ သားတွေ သမီးတွေနဲ့ နီးနီးနားနားနေဖို့ ဝယ်လိုက်ကြတယ်လေ၊ အိမ်သုံးလုံး အပြိုင်ဆောက်လိုက်တာ ပြီးလည်းပြီးတော့မယ်၊ ဒါကြောင့် နှစ်ကုန်ရင် ပြောင်းတော့မယ် သမီးရဲ့"

ဒေါ်ခင်နှင်းဦး အသံက ဝမ်းသာအားရဖြစ်ပြီး တက်ကြွနေသည်။

"ဒါဆို မောင်ရှိန်ကရော ကျောင်းပါပြောင်းသွားမှာလား အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုးတန်းတော့ နှစ်ကုန်တဲ့အထိ ပေးတက်လိုက်မှာပေါ့။ ဆယ်တန်းရောက်မှသာ အိမ်နားနီးတဲ့ကျောင်း ပြန်ပြောင်းတော့မယ်"

"ဟာ ... မေမေကလည်း ဆယ်တန်းတစ်နှစ်ပဲကျန်တာ မပြောင်းချင်ပါဘူး၊ တခြားကျောင်းမှာ သူငယ်ချင်းလည်း မရှိဘဲနဲ့ သွားနေရမှာ"

မင်းဂုဏ်ရှိန် ရေမိုးချိုး အဝတ်အစားလဲပြီးသဖြင့် အနားရောက်လာလေရာ သူ့အမေပြောတာတွေကြားပြီး လက်မခံသလို ဝင်ပြောပါသည်။ မင်းဂုဏ်ရှိန်မှာ အသက်ဆယ့်လေးနှစ်ကျော် ဆယ့်ငါးနှစ် ပြည့်ခါနီးလေးပေမဲ့ အရပ်အမောင်းကတော်တော်ကို မြင့်နေပြီး ကိုယ်လုံးကိုယ်ထည် အနေတော်နှင့် ကြည့်ကောင်းနေသည်။ အရပ်ရှည်ပြီး ကလန်ကလား ဖြစ်နေတာမျိုးမဟုတ်ဘဲ ပြေပြေပြစ်ပြစ်နဲ့ အနေတော် ကိုယ်လုံးကိုယ်ထည်မျိုးဖြစ်နေသည်။ မျက်ခုံးထူထူထဲထဲ၊ မျက်လုံးအညိုရောင်၊ နှုတ်ခမ်းသား သွေးရောင်လွှမ်းလျက် အမြဲပြုံးနေသလို ထင်ရစေသော အမူအရာတို့ကြောင့် တကယ့်ကို လူရည်သန့် လူချောလေးတစ်ယောက်ဖြစ်နေပါသည်။ အခုနောက်ပိုင်း မိဘတွေလည်း ပိုက်ဆံတတ်နိုင်လာလေရာ အဝတ်အစား၊ အသုံးအဆောင်ကောင်းကောင်းလေးတွေလည်း သုံးနိုင်လာသဖြင့် လူက သိသိသာသာ တောက်ပြောင်အရောင်ထွက်နေတော့သည်။





"သူ ကျောင်းပြောင်းသွားရင် လွင်ပြင်နဲ့အတူတူ မတက်ရတော့ဘူးပေါ့နော် အန်တီ"

"ဟာ ... အလကားပြောတာ၊ မေမေ ပြောင်းခိုင်းလည်း မပြောင်းပါဘူး၊ ငါ နင်နဲ့ပဲ ဆယ်တန်းအတူတူတက်မယ်၊ စာမေးပွဲ အတူတူ ဖြေမယ်"

သို့သော် မင်းဂုဏ်ရှိန် ဘယ်လောက်ပဲငြင်းငြင်းဆက်ဆုံးတော့ သူဟာ အမေ့စကား နားထောင်တတ်သောသားတစ်ယောက်ပီပီ အိမ်ပြောင်းပြီး သိပ်မကြာ ကိုးတန်းဖြေပြီးနောက်မှာ အထက်တန်းကျောင်းပါ ပြောင်းသွားခဲ့ရပါသည်။ ကိုးတန်းဖြေပြီးသူများပီပီ နွေရာသီကျောင်းပိတ်ရက်မှာ မနားဘဲ ဆယ်တန်းအတွက် ကျူရှင်ကြိုယူ၊ ကြိုတက်ကြသဖြင့် ကျူရှင်မှာတော့ နေ့တိုင်းတွေ့ရသေးလေရာ သူ အထက်တန်းကျောင်းအသစ်ပြောင်းလိုက်ရတဲ့ အကြောင်းကို လွင်ပြင်ကတော့ ကျောင်းပြန်မှင့်ခင် စောစောစီးစီး သိခဲ့ပါသည်။

"ငါမရှိတော့ နင် ဘယ်သူနဲ့ ကျောင်းအတူသွားမလဲ"

"ငါ့ဘာသာ တစ်ယောက်တည်းပဲ သွားမှာပေါ့"

"အေး ... ကိုယ့်ဘာသာပဲသွား၊ ဘယ်သူနဲ့မှ မသွားနဲ့သိလား။ တခြားကောင်နဲ့ ဆိုက်ကားကို ကျောချင်းကပ်ထိုင်ပြီး မသွားနဲ့၊ သွားတာတွေ့ရင် အသိပဲ"

"အံမာ"



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းကျောင်းတွေဖွင့်၍ စတက်ရသောအခါ မှာ မင်းဂုဏ်ရှိန်တစ်ယောက် စကားအဆန်းတွေ စပြောလာသည်။ လွင်ပြင်ဟာ ဘယ်လောက်တုံး အ,သလဲဆိုရင် ကိုယ်နဲ့အတူ ခင်မင်စွာ ပေါင်းခဲ့တဲ့ သူငယ်ချင်းကောင်လေးရဲ့စိတ်ဟာ ကိုယ့်အပေါ် ရိုးရိုးပဲလား၊ ဆန်းပြားလာသလား ဆိုတာတောင် အကဲမခတ် တတ်ခဲ့ပါတဲ့။

ဘယ်လိုလုပ်ပြီးတော့လဲ သူက ကိုယ့်အပေါ်စိတ် ပြောင်းနေပြီလို့ သိပါ့မလဲ။ လွင်ပြင့်ပုံစံလေးက ရိုးရိုးကုပ်ကုပ်ပုံ နဲ့ လူကလည်း ခပ်သေးသေးမို့ ယောကျ်ားလေးတွေ အရှုးအမူး အကြိုက်ခံရတဲ့ စာရင်းထဲမှာလည်း မပါ။ ကိုယ်ကိုယ်တိုင်က လည်း အပျိုလုပ် ရှိုးထုတ်ဖို့ စိတ်မဝင်စားသဖြင့် ယောကျ်ားလေး တွေရဲ့စိတ်ကို မစူးစမ်းခဲ့တာလည်း ပါပါသည်။ စတက်(ပ)ဆံပင် လည်ကုပ်ထောက် ကော့ကော့လန်လန် ဆံပင်လေးတွေနဲ့ ကလေး ရုပ်တောင် မပျောက်တာမို့ မင်းဂုဏ်ရှိန်လို ခပ်ချောချော သူငယ် ချင်းကောင်လေးက ကြိုက်လာလိမ့်မယ်ရယ်လို့ ထင်ကိုမထင်။

အထက်တန်းကျောင်းသာ မတူပေမဲ့ ကျောင်းဖွင့်တဲ့ နေ့ရက်တွေမှာလည်း ကျောင်းဆင်းပြီး အိမ်ပြန်ရေချိုး၊ စားသောက် အဝတ်အစားလဲ၊ တစ်ခေါက်ပြန်ထွက်ကာ ကျူရှင်တစ်ခုတော့ သွားရတာ တူစမြဲမို့ ကျောင်းဖွင့်ရက်လည်းတွေ့၊ ကျောင်းပိတ် ရက် စနေ၊ တနင်္ဂနွေတွေမှာ မနက်ခုနစ်နာရီကနေ ကျူရှင်စတက်





ကြိုက်ရင် တစ်နေကုန် တက်ရတာမို့ အဲဒီရက် နှစ်ရက်လည်း တွေ့ကြရသေးရာ မင်းဂုဏ်ရှိန်တို့ အိမ်ပြောင်းသွားတာ၊ ကျောင်း ပြောင်းသွားတာတွေဟာ သိပ်အသိသာကြီး မဟုတ်သလို ခံစားရစေ ပါသည်။

စနေ၊ တနင်္ဂနွေလို ရက်မျိုးတွေမှာ ကျူရှင်ကဆင်း ရင် မင်းဂုဏ်ရှိန်က သူ့အိမ်ကို ကြိုတင်ခွင့်တောင်းလာခဲ့တာမို့ လွင်ပြင့်အိမ်လိုက်လာပြီး ညနေစောင်း မိုးချုပ်မှပြန်တဲ့ရက်တွေ လည်း ရှိတတ်ပါသည်။

"ငါ့အိမ်ကိုလည်း လိုက်လည်ပါဦး လွင်ပြင်"

ဟု မင်းဂုဏ်ရှိန် အတင်းခေါ်သဖြင့် တစ်ရက်တော့ လွင်ပြင် လိုက်လည်ဖြစ်ပါသည်။ ကြီးမားခန့်ထည်လှပြီး ရုပ်ရှင် ဗီဒီယိုတွေထဲမှာ မြင်ဖူးသော အိမ်ပုံစံမျိုး၊ အိမ်အပြင်အဆင်မျိုး မို့ လွင်ပြင် တအံ့တသြနဲ့ ကိုယ့်ကိုယ်ကိုယ်ပင် အားငယ်သလိုလို ခံစားမိသည်။ လွင်ပြင်တို့နေနေတဲ့ ကန်ထရိုက်တိုက်ခန်း ဆိုတာ ဟာ မင်းဂုဏ်ရှိန်တို့အိမ်ရဲ့ အိပ်ခန်း တစ်ခန်းစာလောက်ပါပဲ လား။

ပြီးတော့ နောက်တစ်ချက်ကလည်း မင်းဂုဏ်ရှိန်ရဲ့ အမေ ဒေါ်ခင်နှင်းဦးရဲ့မျက်နှာ။

အရင်ကနဲ့ သိပ်မတူတော့ဘဲ မျက်နှာမှာ မာန်တစ် မျိုးတက်နေတာ၊ လွင်ပြင့်ကို သိပ်အရေးတယူမရှိလှဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆယ်တန်းရောက်နေပြီ သမီးရဲ့။ သိပ်အသွားအလာမများ နဲ့၊ အပျော်အပါး သိပ်စိတ်မပါနဲ့။ စာသာကြိုးစား၊ နှ ချင်းပေါက်အောင်အောင်လုပ်။ သမီးအမေလည်း သနာ ပါတယ်၊ ခါးချိုအောင် အဝတ်တွေ ချုပ်နေရတာလေ၊ သမီး ဝင်ကူနိုင်ရင် သူ သက်သာတာပေါ့"

ဟူ၍ အမေ အင်္ကျီချုပ်တာကိုပဲ အဆင့်နိမ့်သလိုလို အပြောမျိုး ပြောဟန်ကို လွင်ပြင် တစ်ချက်တည်းနဲ့ သတိထား မိခဲ့သည်။ ကလေးမကျ လူကြီးမကျ အရွယ်လေးပေမဲ့ လူကဲခတ် လည်း မတော်လှပေမဲ့ ဒေါ်ခင်နှင်းဦးရဲ့မျက်နှာအမူအရာနဲ့အပြော အဆိုကတော့ သိသာသဖြင့် လွင်ပြင့်ရင်ထဲ မကောင်းလှ။

"ဘာပဲဖြစ်ဖြစ် အမေ စက်ချုပ်တဲ့အလုပ်နဲ့ အခြေခိုင်ပြီးသား ဆိုတော့ သမီးဘဝအတွက်လည်း မပူရဘူးပေါ့။ ဘယ် အလုပ်မှ ဝင်လုပ်စရာမလိုဘူး။ စက်ချုပ်စားရုံပဲ၊ အန်တီတို့ ကတော့ သားကို တော်ရုံတန်ရုံ မမှန်းဘူး။ တကယ့်ကို မြင့်မြင့်မားမားဖြစ်အောင် လုပ်မယ်လို့ မှန်းထားတာ သားက စာမတော်တော့ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကွန်ပျူ တာပညာရှင် ဖြစ်ဖို့ကလည်း မှန်းလို့မရတော့ တစ်ခုခုနဲ့ မြင့်မားအောင်လုပ်ဖို့ စိတ်ကူးထားတယ်လေ၊ သားအခြေ အနေက သာမန်နဲ့ကို မတူတာမျိုး ဖြစ်ရမယ်၊ ဒါကြောင့် အပေါင်းအသင်းတောင် ရွေးပေါင်းခိုင်းထားတယ်၊ တော်ရုံ





တန်ရုံအဆင့်ဆို သိပ်မပေါင်းနဲ့လို့၊ အပေါင်းအသင်း သူငယ်ချင်း အဆင့်မြင့်မှ ကိုယ်လည်း မြင့်တာမှန်းလို့ ရမှာလေ"

လွင်ပြင် အဲဒီနေ့က မင်းဂုဏ်ရှိန် အိမ်မှာ နာရီဝက် သာနေကာ ပြန်မည်ပြောပြီး မင်းဂုဏ်ရှိန်တားတာတောင် မရ။ အတင်းပြန်ချလာခဲ့သည်။ စိတ်မကောင်းဖြစ်လာပေမဲ့ အမေ့ကို တော့ ပြန်မပြောခဲ့ပါ။

သူ့အမေ ဒေါ်ခင်နှင်းဦး အဲဒီလိုတွေ ဟိုပြော ဒီပြော လုပ်လို့ပဲ မင်းဂုဏ်ရှိန်နဲ့ လွင်ပြင်တို့ အမြန်ဆုံး ချစ်သူ တွေဘဝ ရောက်သွားကြတာဆိုရင်လည်း မမှားခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၇

"မနေ့က လိုက်လည်းလည်ပေး။ ခဏလေးနေပြီး နင်
အတင်းပြန်မယ်ပြောလို့သာ အမေ့ကိုခေါ်ပြီး ပြန်ပို့ရ
တကယ်တော့ ငါက မပြန်စေချင်သေးဘူး၊ နင်နဲ့ တင်း
ကုတ်မှာကစားဖို့တောင် ပြင်ဆင်နေတာ"

"ငါ ပြန်ချင်လာလို့"

"နင့်အိမ်လာလည်ရင်တော့ ငါ အကြာကြီးနေတယ်"

"နင့်အိမ်မှာလည်း အကြာကြီး နေချင်ပါတယ် မောင်
ရယ်။ ဒါပေမဲ့ ငါ အနေရကျပ်လာတယ်"

"ဟင် ... ဘာဖြစ်လို့လဲ၊ ဘယ်သူမှလဲ နင့်ကို မချုပ်ချ
ပါဘူး"

"နင့်မေမေက တစ်မျိုးဖြစ်နေတယ်"

မင်းဂုဏ်ရှိန်လည်း သူ့အမေသဘောတချို့ကိုကြ
ပြီးပုံရသည်။ ဘာမှပြန်မဖြေဘဲ ငြိမ်နေသည်။ လေထဲလွင့်နေသေ





လွင်ပြင့် ဆံပင်ကော့လန်လန်လေးတွေကို ငေးကြည့်ရင်း သက်
ပြင်းချနေသည်။

"သူက ငါနဲ့ပေါင်းတာ မကြိုက်ဘူးလို့ ပြောလား"

"အမှန်အတိုင်း ပြောရမလား"

"ပြောပေါ့၊ ငါ သိချင်တယ်"

မင်းဂုဏ်ရှိန် လွင်ပြင့်ကို စေ့စေ့ကြည့်ရင်း ...

"မေမေက နင်နဲ့ငါ ရည်းစားဖြစ်သွားမှာကို စိုးရိမ်နေ
တာ"

ဟု တစ်မျိုးလေး ညို့ငင်သလို မျက်လုံးတွေနဲ့ပြော
သည်။ လွင်ပြင်မှာ ပထမဦးဆုံး စကြားရသဖြင့် ရင်ထဲမှာ
တဒုတ်ဒုတ်နဲ့ အသံကျယ်ကြီး မြည်နေတော့ကာ ငယ်ငယ်တည်း
က ပေါင်းလာခဲ့တဲ့ သူငယ်ချင်းကိုပင် သေသေချာချာ မကြည့်ရဲ
တော့သလိုဖြစ်လျက် ခေါင်းကြီးငုံ့နေတော့လေသည်။

"မေမေပြောတာ တွေးပြီး စိတ်မကောင်း ဖြစ်မနေပါနဲ့။
မေမေက ဒီလိုပဲ၊ မိန်းမဆိုတော့ နည်းနည်းဇွေဂုဏ်မောက်
ချင်လာတယ်။ ဒါပဲ။ ကျန်တာ ဘာမှမရှိဘူး။ နင့်ကိုမုန်း
တာလည်း မဟုတ်ဘူး။ ငါနဲ့ ရည်းစားဖြစ်မှာ စိုးရိမ်လို့
လျှောက်ပြောတာပါ။ ငါကတော့ မေမေ ဘာပြောပြော
ဘယ်လောက်တားတား ဒီတစ်ခုတော့ မလိုက်နာပါဘူး
ငါ့သဘောနဲ့ ငါလုပ်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြောဆိုဆို ပြုံးခနဲ လွှင်ပြင့်လက်ကိုး ကာ လက်ထဲကို ပန်းရောင်စာအိတ်နဲ့ ထည့်ထားသော စာ စောင် ထည့်လိုက်တော့လေသည်။

လွှင်ပြင် အလန့်လန့်အဖျပ်ဖျပ် ရှန်းပေမဲ့မရ။ အိတ်က လက်ထဲ တင်ကျန်နေပြီ။

"ရည်းစားစာ"

မင်းဂုဏ်ရှိန်က လွှင်ပြင့်နားနားကပ်ပြီး ထပ်ပြော နေသေးသည်။

"မေမေ ငါ့ကို နင်နဲ့ရည်းစားမဖြစ်ဖို့ ခဏ ခဏ တားသေ လေ၊ ငါ့စိတ်ထဲမှာ နင်နဲ့ငါ ရည်းစားဖြစ်ချင်လေလေပဲ ဒါကြောင့် ဒီစာကို ငါရေးပြီး သိမ်းထားတာကြာပြီ။ ဆယ တန်းနှစ်စကတည်းကပဲ။ ငါကျောပိုးအိတ်ထဲမှာ အမြဲ တယ်။ နင့်ကို သတိပေးလိုက်ရင် နင်စိတ်ဆိုးပြီး မခေ တော့မှာစိုးလို့ မပေးဘဲ နေနေတာ၊ ခုတော့ မနေနိုင်တော့ ဘူး။ ပေးချင်လာလို့ ပေးလိုက်မိပြီ၊ ငါ့ကို စိတ်မကောင် နဲ့နော်၊ စိတ်မဆိုးနဲ့နော်၊ နင် မဖတ်ချင်ရင် ဆွဲဖြဲလိုက်"

သို့သော် လွှင်ပြင် ဆွဲမဖြဲခဲ့ပါ။ သူ့ရှေ့မှာပဲ ဘယ် ဘယ်လို ရလာသည်မသိသော ဖတ်ချင်စိတ်ရဲ့ စေ့ဆော်မှုကြောင့် ဖွင့်ဖတ်လိုက်တော့တာတဲ့။

"ချစ်တဲ့ လွှင်ပြင်လေး ...

ဟား ဟား ... အဲဒီလို ရေးရတာ ရယ်ချင်တယ်"





ဟု ရယ်သံကိုတောင် ထည့်ရေးပြီး စာကြောင်းစ, တဲ့ ရည်းစားစာကို လွှင်ပြင် ရင်ခုန်စွာ ဖတ်တတ်ခဲ့ပြီ။

"နင့်ကိုချစ်နေတာ ကြာပြီ၊ ကျူရှင်မှာ ဟိုကောင်တစ် ကောင်ကွာ၊ ရဲကျော် ဆိုတဲ့ကောင် နင့်ကို လာကြိုက်တည်း က နင်ပြန်ကြိုက်မှာ စိတ်ပူပြီး ငါ နင့်ကို အရမ်းချစ်လာ တာ။ တော်ပါသေးရဲ့ နင်က ပြန်မကြိုက်ဘဲ အဲဒီကောင် ရဲ့စာကိုဖြဲပြီး သူ့ရှေ့မှာပဲ မြောင်းထဲပစ်ချပြလိုက်ပေလို့။ ဘယ်ကောင့်ကိုမှ မချစ်နဲ့နော်၊ ငါ့ကိုပဲ ပြန်ချစ်ပါ လွှင်ပြင် ရာ၊ နင်က ငါ့ဘဝပါ။ ငါ့ရဲ့အချစ်ဦးပါ။ ငါ နင့်ကိုပဲ အရင်ဆုံး ချစ်တယ်၊ နောက် ဘယ်သူ့ကိုမှလဲ ထပ်မချစ် ဘူး။ သေတဲ့အထိ နင့်ကိုပဲ ချစ်သွားမယ်၊ နင်လည်း ငါ့ လိုပဲ ငါ့ကို ပြန်ချစ်ပါနော် ...

ဘာဆက်ရေးရမှန်း မသိတော့ဘူး။ ဒါ့ကွပဲ။ ငါက အချစ်ဝတ္ထုလည်း မဖတ်တော့ ဝတ္ထုထဲက စာသားတွေ သုံးပြီး ဟိုကောင် ရဲကျော်လို လှလှပပ စာသားလည်း မရေးတတ်ဘူး။ နင့်ကို ချစ်တာပဲ သိတယ်၊ ချစ်တာပဲ ရေးပြတတ်တယ်။ နင် ငါ့ကို ချက်ချင်း အဖြေပေးနော် လွှင်ပြင် ...

မောင်ရှိန်"



www.burmeseclassic.com

www.burmeseclassic.com



လွင်ပြင် စာဖတ်ပြီးသောအခါ မင်းဂုဏ်ရှိန် တ... ယောက် ပြုံးဖြီးဖြီး စပ်ဖြဲဖြဲနဲ့ လွင်ပြင့်နား တိုးကပ်ထိုင်လိုက်ပြီး

"နင်နဲ့ ငါ ရည်းစားဖြစ်ပြီလား"

လို့ မေးလာသည်။

"အံမာ ... နင့်စာဖတ်တာနဲ့ပဲ ရည်းစားဖြစ်ရမှာလား"

"ရဲကျော်တုန်းက နင် ပြန်မကြိုက်တော့ စာကို ဖတ်တော... မဖတ်ဘဲ ဖြဲပြီး မြောင်းထဲပစ်ချတာလေ"

"နင့်ကိုတော့ ကြိုက်လို့ စာဖတ်တယ်လို့ ထင်တယ်ေ..."

"ဟာ ... နင်ကလည်း ရစ်မနေနဲ့ အဖြေပေးတော့"

"ဘာလို့ပေးရမှာလဲ၊ မပေးဘူး"

"တစ်ယောက်ကတောင်းရင် တစ်ယောက်က ချစ်တ... မချစ်ဘူးတော့ အဖြေပေးရမှာပေါ့"

"အေးလေ ... မပေးဘူးလေ"

"ဘာလဲ ... အဖြေမပေးရင် ငါက ဘယ်လိုနားလည်ရမ... နင်နဲ့ငါ ရည်းစားလား၊ သူငယ်ချင်းလား၊ ဘာလဲ။ ငါ... ချင်တာ အဲဒါပဲ"

လွင်ပြင်တို့နှစ်ယောက် ပေးမယ်၊ မပေးဘူး ... လုံးနှစ်လုံးနဲ့ပင် ပတ်ချာလည်ကာ ဆယ်မိနစ်လောက် အငြင်းအ... ဖြစ်လိုက်ကြသေးသည်။





နောက်ဆုံးတော့ မင်းဂုဏ်ရှိန်က ယောကျ်ားလေးပီပီ ...ထာမျှားပြီး အကျပ်ကိုင်လာသည်။

"အေးနော် ... လွင်ပြင်၊ နင် ငါ့ကို ပြန်မချစ်ရင် ငါ ကျူရှင်လည်း မတက်တော့ဘူး၊ စာလည်းမကျက်တော့ဘူး၊ အိမ်ကိုလည်း ကျောင်းသွားမယ် လိမ်ပြောပြီး အိမ်ကကား ကျောင်းရှေ့မှာ ချပေးပြီးတာနဲ့ ကျောင်းထဲမဝင်ဘဲ ကျောင်းပြေးပစ်မယ်၊ ဆယ်တန်းလည်း မဖြေဘူး၊ ဆေးချမယ်၊ အရက်သောက်မယ်၊ ဖဲကစားမယ်၊ မကောင်းတာတွေ လျှောက်လုပ်မယ်၊ ငါ တကယ်ပြောတာ မလုပ်ဘူးမထင်နဲ့။ ငါတို့အရွယ်တွေ တချို့ ပျက်စီးနေကြတာ ရှိတယ်၊ သူတို့နဲ့ ပေါင်းရုံပဲ၊ ငါက တစ်ခုခု စမ်းသပ်မယ် ကြံတိုင်း နင့်မျက်နှာလေး ပြေးပြေးမြင်နေလို့ မစမ်းသပ်ဘဲ လူလိမ္မာလုပ်နေတာ သိလား"

ဟု မင်းဂုဏ်ရှိန် တစ်ယောက် နှစ်ခါပင်ပြည့်အောင် ...ခြိမ်းခြောက်လိုက်ရ၏။ လွင်ပြင်ဟာ အစိုးရိမ်ကြီးစွာ တားမြစ်ရင်း ...အောင်းဖျရင်းနဲ့ပဲ ...

"မောင်ရှိန်ရယ် နင့်ကို ချစ်ပါတယ်ဟယ်၊ လိမ်လိမ်မာမာ ပဲ နေပေးပါ"

ဆိုတဲ့ အဖြေစကားကို ပြောလိုက်ရတော့တာပဲ ...ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနဲ့ပဲ သူတို့ဟာ ဆယ်တန်းစတက်ပြီး န... အစလေးလောက်မှာ ရည်းစားဖြစ်သွားကြပေမဲ့ ဒါကို ဘယ်သူ... ဂရုမပြုမိ။ သတိမထားမိလိုက်ကြ။ ကျူရှင်တက်ဖက် အတန်းဖေ... တွေကလည်း မင်းဂုဏ်ရှိန်နဲ့ လွင်ပြင် ဆိုတာဟာ သူငယ်ချင်... အရင်းကြီးတွေလို့သာ အရင်တည်းက သိထားလေရာ သူတို့... လာလည်း ဒီအတိုင်း အမြင်က မပြောင်းကြ။

ဘာကြောင့်လဲဆိုတော့ ရည်းစားသာ ဖြစ်သွားတယ်... အနေအထိုင် အပြောအဆိုကအစ အရင်ကလို ပုံစံလေးတွေ... ဘယ်သူမှ သတိထားမိစရာ မရှိခဲ့။ ယုတ်စွအဆုံး မင်းဂုဏ်... သူတို့ရဲ့သမီးဆီ ခဏ ခဏ လာလည်နေကျမို့ ရိုးနေပြီဖြစ်... လွင်ပြင့်မိဘတွေပင် ပြောင်းလဲသွားသော အခြေအနေကို မရိ... ခဲ့ချေ။

"မောင်ရှိန်လေး ဒီအပတ် အိမ်ပါလာဦးမှာလား၊ လာ... သူကြိုက်တဲ့ ကြက်ဥဆီပြန်ဟင်း ချက်ထားမလို့"

ဟု အမေကလည်း စနေဖြစ်ဖြစ်၊ တနင်္ဂနွေဖြစ်... မှာ အိမ်ပါလာပြီး ညနေစာပါစားပြီးမှ ပြန်တတ်သော မင်း... ရှိန်ကို ရိုးရိုးသားသား ချစ်ခင်ဆဲ။ သမီးရဲ့ ငယ်သူငယ်ချင်း... အဖြစ် သံယောဇဉ်ရှိဆဲ။

ထို့အတူ ကျူရှင်ကို ကားနဲ့လာလာကြိုသော ... ဂုဏ်ရှိန် ဖေဖေကလည်း ...





"မောင်ရှိန့်ကို ဆူပါဦး လွင်ပြင်ရေ။ ဒီကောင် ကျောင်း စာမေးပွဲလေးတွေမှာ အမှတ်မကောင်းဘူး၊ အောင်ရုံလေး တွေ ဖြစ်နေတယ်၊ စာကို သေသေချာချာ မကျက်ဘူးထင် တယ်၊ သမီး ကူကျက်ပေးပါဦး၊ နားမထောင်ရင် ခေါင်း သာနာနာခေါက်"

ဟူ၍ ယုံကြည်စိတ်ချစွာ မှာတတ်စမြဲ။ သူ့မေမေ ...သာ စိတ်ပြောင်းပေမဲ့ သူ့ဖေဖေကတော့ စိတ်ထားမပြောင်းလဲ ...ဲ လွင်ပြင့်ကို လိုလိုလားလား လက်ခံတတ်သူ ဖြစ်ပါသည်။

"သားက မိန်းကလေးသူငယ်ချင်းလည်း ဘယ်သူမှမထား ဖူးဘူး။ လွင်ပြင့်ကိုပဲ ခင်တာ"

ဟုလည်း အမှတ်ရစွာ ပြောနေတတ်သည်။

သူငယ်ချင်း ချစ်သူလေးတွေအဖြစ် ချစ်ခဲ့ကြပေမဲ့။ ...ယ်ကျော်သက်အရွယ်နဲ့ ချစ်ခဲ့ကြပေမဲ့ သူတို့ဟာ စိတ်ကစား ...ို့ အနေနီးစပ်လို့ ချစ်ကြတာမျိုးမဟုတ်ဘဲ တကယ့်ကို ရင်ထဲ ...စုံပြီးနင့်နေအောင် ချစ်တာပါလို့ လွင်ပြင်ကတော့ သေချာခဲ့ ...သည်။ (မင်းဂုဏ်ရှိန်လည်း အဲဒီအတိုင်း ဖြစ်မှာပါလို့ ထိုအချိန် ...ာလတွေကတော့ ထင်မှတ်ခဲ့ဖူးပေမဲ့ အခုအခါမှာတော့ ဒါဟာ ...သေချာတော့သလို ခံစားနေရသည်။) လွင်ပြင်သည် သမီးလိမ္မာ ...လေးတစ်ဦးပေမဲ့ မိဘမသိအောင် ခိုးပြီးရည်းစားထားခဲ့ရသည်ကို ...ကြာခဏ စိုးရိမ်ပူပန်ပြီး အပြစ်ရှိသလိုလည်း ခံစားရသူပီပီ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရှိန်ရယ် … နင့်ကို မချစ်တော့ဘူးလို့ ငါ ပြောလိုက်ချင်တယ်၊ ဒါဆို ငါ့မှာ ဘာအပြစ်မှ ရှိတော့မှာ မဟုတ်ဘူး"

ဟု မင်းဂုဏ်ရှိန်ကို ပြောပြမိတတ်သည်။

"ချစ်တာနဲ့ပဲ အပြစ်ဖြစ်ရောလား"

မင်းဂုဏ်ရှိန်က ဘုကန့်လန့်လို စကားမျိုး ပြောတတ်ပြန်သေး၏။

"ငယ်ငယ်လေးနဲ့ ရည်းစားထားတာ လူကြီးတွေ ဘယ်ကြိုက်မလဲ။ သူတို့ မကြိုက်တာကို ငါတို့က လုပ်နေမိတာ အပြစ်ရှိတာပေါ့"

"ဒါ ဘာမှမမှားဘူး။ ဘာအပြစ်မှလဲ မရှိဘူး။ ငါတို့ရည်းစားဖြစ်ပေမဲ့ ကျောင်းလစ်ပြီး အတူတူ လျှောက်မလည်ဘူး။ ရုပ်ရှင်ရုံထဲ မသွားဘူး၊ ပန်းခြံတွေထဲ လျှောက်မသွားဘူး။ တစ်နေ့ တစ်နေ့ ကျူရှင်လာ ကျူရှင်မှာတွေ့၊ စကားပြော အိမ်ပြန် ဒါပဲလုပ်တာ။ အရင်က သူငယ်ချင်းပုံစံလည်း ဒီလိုပဲ၊ ရည်းစားပုံစံလည်း ဒီလိုပဲ"

"ဒါပေမဲ့ ချစ်တဲ့အကြောင်းတွေတော့ စာရေးပြီး ပြောကြတယ်"

"ဘာဖြစ်လဲ၊ အချစ်ဝတ္ထုတွေထဲမှာလည်း ရေးပြီးပြောတာပဲ"





"ဒါပေမဲ့ ငါတို့ မကောင်းတာ လုပ်ထားသလို ခံစားရတယ် မောင်ရှိန်ရယ်"

"လွင်ပြင်နော် … ငါ နင့်ကို စိတ်ကုန်လာပြီ။ ဆံပင်ဘဲမြီးကို ဆွဲမိတော့မယ်"

"အံမာ … ဆွဲချင်တိုင်း ဆွဲလို့ရမလား"

"ဟား ဟား ဟား … အခုမှပဲ နားအေးတော့တယ်၊ ဘေးကနေ တဂျီဂျီနဲ့ မြှောနေတာ၊ ဆံပင်ဆွဲမယ်ဆိုမှပဲ လစ်တော့တယ်"

လွင်ပြင်တို့ ရည်းစားပုံစံက အဲဒီလိုမျိုးတွေလည်း ရှိတတ်ခဲ့သည်။

ပါးစပ်ကသာ ချစ်တယ် ချစ်တယ် ပြောကြတာ၊ တစ်ရက်တစ်ခါလောက် ချစ်တဲ့အကြောင်းလေးတွေ စာရေးပြီး ပြောကြတာ၊ တကယ့်တကယ်မှာတော့ သူတို့ဟာ သူငယ်ချင်းပေါင်း ပေါင်းလျက် တစ်ယောက်မကြိုက်တာဆို တစ်ယောက်က အမင်္ဂလာပြီး၊ စ,နောက်ပြီး လုပ်တတ်သေးတာတွေလည်းရှိသည်။

ဥပမာ လွင်ပြင့်ဆံပင် ကုပ်ထောက်ကို တစ်ခါတစ်ရံ ထက်ကူးပေါက်ပြီး ဘဲမြီးလို ပိုနီတေးလ် လုပ်လာရင် မင်းဂုဏ်ရှိန်က ပြောမရ၊ ဆိုမရ၊ အော်မရ၊ ဝေါက်မရလောက်အောင် လက်ငြိမ်မနေနိုင်ဘဲ ခဏ ခဏ လိုက်ဆွဲပြီး စတတ်လေသည်။ သူ ဆံပင်ဘဲမြီးကို ဆွဲလိုက်လို့ လွင်ပြင် တစ်နေကုန်နီးပါး သော



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် စိတ်ပဲကောက်ကောက် သူက အဲဒီဆံပင်ကို
ဆွဲပြီး စ,ကိုစလိုက်ရမှ။

“ဆံပင် စည်းချင်ရင်လည်း ဆံပင်ရှည်ထားပါလား။ အဲ
ဆို ငါ မဆွဲချင်တော့ဘူးပေါ့”

ဟုလည်း ပြန်ဖြေရှင်းတတ်သေးသည်။

“မိန်းကလေးဆိုတာ ဆံပင်ရှည်ရှည်လေးနဲ့မှ လှတာ
ကျက်သရေရှိတာ၊ ဆံပင်ရှည်ထားပါလား လွင်ပြင်ရယ်”

လို့ တစ်ခါတလေ ပြောလာရင် ...

“အံမာ ... နင်က ငါ့ထက်ပိုလှတဲ့ ကောင်မလေးတွေ
ကြိုက်ပြီး ရည်းစားတော်ချင်လာပြီလား၊ အေး ... ဒါ
လည်း ရတယ်၊ ငါနဲ့ပြတ်ပြီပဲ”

လွင်ပြင်က အရင်ဆုံး ဦးအောင် ဖြတ်စကား ပြ
ပြောကာ ရန်လိုတတ်လေသည်။

“ဆံပင်ရှည်ကလေးကို ကြိုက်လာလို့ပြောတာ”

မင်းဂုဏ်ရှိန်ကလည်း ချော့ပြီး အလျှော့ပေးဖို့မစဉ်း
စားဘဲ ဆက်ပြောတတ်သေးလျှင် လွင်ပြင် တစ်ယောက် နှုတ်ခမ်း
ကြီးစူလျက် အိမ်ပြန်တဲ့အထိ နှုတ်ဆိတ်နေတတ်သည်။ နောက်
တစ်နေ့ကျ အစွဲ့တိုက်ပြီး ဆံပင်ကို အတိုဆုံးပုံစံ ညှပ်ပြလာသည်။

“ဟာ ... ဘယ်လိုဖြစ်တာလဲ၊ မယ်သီလရှင်လူထွက်
နေတာပဲ”





မင်းဂုဏ်ရှိန် အံ့သြပြီး ပြောမိလျှင် ...

“ဆံပင်ရှည်တဲ့ ကောင်မလေးကို ရည်းစားထားတော့မယ်
ဆိုတော့ မထူးဘူးလေ။ ငါ့ဆံပင်တွေ တိုသွားလည်း နင်
က ဂရုစိုက်ပြီး ကြည့်နေမှာမှ မဟုတ်တော့တာ။ ဒါကြောင့်
ဆံပင်ကို သွားညှပ်ပစ်လိုက်တာပေါ့”

“လွင်ပြင်ရာ ... နင်ကလည်း၊ ငါက ချစ်လို့လိုက်စနေတာ
ပါ။ ကြိုက်ချင်ရင် အဲဒီကောင်မလေးတွေကို အရင်တည်း
က ကြိုက်ပြီးပြီပေါ့။ လွင်ပြင့်လောက် ဘယ်သူကမှ ချစ်
စရာမကောင်းဘူးထင်လို့ လွင်ပြင့်ကိုပဲ အရင်ရည်းစားတော်
တာပေါ့။ လွင်ပြင့်ကိုပဲ ချစ်လို့ရတယ်၊ ငါ တကယ်ပြော
တာ၊ လွင်ပြင် ဘာပုံကြီးဖြစ်နေနေ ချစ်မှာပဲ။ ဘယ်သူနဲ့
မှ မလဲနိုင်ဘူး”

ထိုသို့ ချော့ချော့မော့မော့လေး ပြန်ပြောပြရင်တော့
လွင်ပြင်ဟာ အကျေနပ်ကြီး ကျေနပ်လျက် ဒီစကားတွေကို အိပ်
မက်ထဲတောင် ထည့်ပြီးမက်ရလေသည်။

ရည်းစားဖြစ်နေကြသော အချိန်မှာ မင်းဂုဏ်ရှိန်က
တော့ ပိုက်ဆံပိုသုံးနိုင်သူမို့ ဘယ်ကဘယ်လို ရှာကြံဝယ်လာမှန်း
မသိတဲ့ ဖန်စီပစ္စည်း အသေးအမွှားလေးတွေ၊ ခဲတံဘောလ်ပင်နဲ့
လှလှလေးတွေ၊ ဘောလ်ပင်နဲ့ထည့်တဲ့ အိတ်လေးတွေ၊ နားကွင်း
နားဆွဲလေးတွေ ဝတ်တတ်တဲ့ လွင်ပြင့်အကြိုက် ဖန်လိုပြောင်ပြောင်



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ၊ ခရစ်စတယ်လ်လို လက်လက်လေးတွေ ဖြစ်နေတတ်တဲ့ နားကွင်းနားဆွဲ လှလှလေးတွေ၊ စာကြည့်စားပွဲမှာ ကင်ရှသော စက္ကူဖိဖန်တုံးလှလှလေးတွေ၊ ဘောလ်ပင်န်တွေ ခဲတံတွေ ထည့်သော စတန်းဒ်လေးတွေ သော့ခတ်ပြီး သိမ်းထားရသော ဒိုင်ယာရီစာအုပ်၊ Note Book စာအုပ်လှလှလေးတွေ စသဖြင့် တစ်ပတ်မှာ အနည်းဆုံး သုံးလေးမျိုးတော့ လက်ဆောင်ပေးတတ်သည်။

လက်ဆောင်တစ်ခါရတိုင်း လွှင်ပြင်က စိတ်ရှုပ်သလို လေးနဲ့ ...

"ဟာ ... ပေးပြန်ပြီ မောင်ရှိန်ရယ်၊ ငါ့မှာ အများကြီးဖြစ်နေလို့ ဘယ်နားသိမ်းရမှန်းတောင် မသိဘူး၊ ပြီးတော့ နင်ပဲဝယ်ပေးနေတာ၊ ငါကဘာမှပြန်ဝယ်မပေးနိုင်ဘူး"

"ဘယ်သူပြောလဲ၊ ပြန်ဝယ်ပေးရမယ်လို့"

"နင်ကချည်း ဝယ်ပေးနေလို့ပါ"

"ပြန်ဝယ်မပေးနဲ့၊ ငါ ဘာမှမလိုချင်ဘူး"

"ဒါဆို နင်လည်း ဘာမှဝယ်မပေးနဲ့တော့၊ ငါ့ဆီမှာများနေပြီ၊ အမေ မမြင်အောင်လည်း ဖွက်ရသေးတယ်၊ ပစ္စည်းတစ်မျိုးတည်းကို သုံးလေးမျိုးဖြစ်နေတော့ အမေက မြင်ရင်မေးတော့မှာပေါ့။ ဒါကြောင့် တချို့ဟာတွေ ဖွက်ထားရတယ်"





"သိမ်းထားရင် ကျေနပ်တယ်"

"အေးပါ၊ သိမ်းထားပါတယ်"

"ဘာဖြစ်လို့လဲ မသိဘူး၊ ရုပ်ရှင်ကပ်တွေသွားရင် ရှော့ပင်းကလပ်တွေသွားရင် မျက်စိထဲမှာ နင်ကြိုက်တတ်တဲ့ ပစ္စည်းလေးတွေပဲ တန်းမြင်ပြီး ဝယ်ပေးချင်လာတယ်၊ ဒါကြောင့် ဝယ်ဝယ်လာမိတာ"

"အန့်တီ ဒေါ်ခင်နှင်းဦးက နင် ဒါတွေဝယ်တာ မသိဘူးလား"

"မေမေ မသိပါဘူး၊ မသိအောင် ဝယ်တာပေါ့"

"ဒါဖြင့် ရှော့ပင်းလုပ်တော့ နင်က ဘယ်သူနဲ့သွားလဲ"

"မေမေနဲ့ပဲသွားတာလေ"

"အေး ... အဲဒီတော့ နင်ဝယ်တဲ့ မိန်းကလေးပစ္စည်းတွေကို သူ မမြင်ဘဲ နေမလား"

"မြင်တဲ့အခါကျ မေးရင်တော့ ပြောပြလိုက်ပါတယ်၊ လွှင်ပြင့်ကို လက်ဆောင်ပေးမလို့ဆိုပြီး ပြောလိုက်ရင် ရပါတယ်၊ မေမေ မတားပါဘူး။ မေမေက နင့်ကို ချစ်ပါတယ်"

သို့သော် အဲဒါက မင်းဂုဏ်ရှိန်၏ အထင်သာဖြစ်ပါသည်။ မင်းဂုဏ်ရှိန်၏ အမူအရာတွေ၊ လွှင်ပြင်နဲ့ ပတ်သက်ရင် ပြောဆိုတတ်တာတွေကို မသိမသာ အကဲခတ်နေတတ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်နှင်းဦးကတော့ ကလေးတွေရဲ့ သိုသိပ်သော ဆက်ဆံရေးကို မရ,ရအောင် အကဲခတ် အဖြေထုတ်နေနိုင်ခဲ့လေသည်။

ဒေါ်ခင်နှင်းဦးက အကြမ်းနည်းနဲ့ မသုံးဘဲ အနုနည်းနဲ့သာ လွင်ပြင်တို့ကို ခွဲလိုက်ဖို့ စိတ်ကူးရှိပုံလည်းရသည်။ ဆယ်တန်းနှစ်လယ်လောက်ရောက်တော့ မင်းဂုဏ်ရှိန် သတင်းတစ်ခု သယ်လာသည်။

ထိုသတင်းမှာ ...

"မေမေက စီစဉ်နေပြီကွာ၊ မြို့ထဲမှာ အချိန်ကုန်ခံပြီး ကျူရှင်တွေ လျှောက်တက်တာဟာ သိပ်အဓိပ္ပာယ်မရှိဘူးတဲ့။ ပိုက်ဆံလည်း တတ်နိုင်နေရက်သားနဲ့ အိမ်မှာပဲ ဆရာခေါ်သင်မယ်တဲ့။ ဘာသာစုံဆရာကောင်းတွေကို ငှားပြီး ငါတစ်ယောက်တည်းကို သင်ခိုင်းမယ်၊ စာကျက်ဖို့ ဆေးကျောင်းက အစ်ကိုကြီးတစ်ယောက်လည်း Guide ငှားပေးမယ်တဲ့"

ဟူသော လွင်ပြင်နဲ့ မင်းဂုဏ်ရှိန်တို့ကို မသိမသာလေး ခွဲပစ်သော သတင်းစကားပင် ဖြစ်ပါသည်။

"ဟုတ်တော့လည်း ဟုတ်သားပဲ၊ နင်တို့ ဒီလောက် ပိုက်ဆံရှိတာ၊ အမှန်ဆို ပိုင်းကျူရှင်အိမ်မှာ ခေါ်ပြီးသင်လို့ရရက်သားနဲ့ နင်က မြို့ထဲက ရိုးရိုးသင်တန်းတွေကို လိုက်တက်နေတာကိုး"





"နင် ဘာသိလို့လဲ လွင်ပြင်ရ။ ငါက နင်နဲ့မခွဲချင်လို့ တမင် လာတက်တာ"

"ငါသိသားပဲ ... ဟဲ ဟဲ"

"သိရက်သားနဲ့များ မေမေ ပြောတာ ဟုတ်တယ်လေးဘာလေး ပြောပြီး ထောက်ခံနေရသေးတယ်"

"အန်တီ ပြောတာလည်း ဟုတ်လို့ပါ။ ဒါပေမဲ့ သူက နှစ်စကတော့ အဲဒီလို မစီစဉ်ဘဲ ဘာလို့ခုမှ စီစဉ်ရတာလဲ"

"ငါ ဒီပုံအတိုင်းသွားရင် ဆယ်တန်းကျဖို့ အခြေအနေဘက် ပိုဦးတည်နေပြီတဲ့"

လွင်ပြင်တို့ကတော့ လူကြီးတွေစိတ်ကို အကဲမခတ်နိုင်သူပီပီ သူ့မေမေ ပြောတာ ဟုတ်တယ်ဟု ထင်မိသည်။

"ဆယ်တန်းအောင်မှ ဖြစ်မယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ မေမေက ငါ့အတွက် အစီအစဉ် ကြီးကြီးမားမား တစ်ခု ဆွဲထားလို့ ဒီနှစ်ဆယ်တန်းကို နှစ်ချင်းပေါက် အောင်မှဖြစ်မယ်လို့ ပြောနေတယ် လွင်ပြင်"

"ဘာအစီအစဉ်လဲ"

"ငါလည်း မသိရသေးဘူး"

"နိုင်ငံခြားမှာ ကျောင်းသွားနေခိုင်းမှာလား"

"ငါက စာဝါသနာမပါဘူး။ စာလည်း ကြိုးစားချင်စိတ်မရှိဘူးဆိုတာ မေမေ သိပါတယ်။ နိုင်ငံခြားမှာ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သွားနေတယ်၊ ကျောင်းသွားနေတယ်သာ အော်နေကြတာ နင်ပဲ စဉ်းစားကြည့်။ အင်္ဂလိပ်စာနဲ့ အင်္ဂလိပ်စကားကလည်း တော်တော်ကြီး လုပ်နိုင်မှ။ ပြီးတော့ ဒီကုဆရာတွေလို ငှက်ပျောသီးအခွံနွှာပြီးသား အဆင်သင့်စားရုံ ပုံစံမျိုး ဟို မှာ သင်မှာမဟုတ်ဘူး။ ကိုယ့်ဘာသာ လေ့လာမှ သင်မှ စာမေးပွဲအောင်မှာ။ ငါက ငပျင်း၊ စာနဲ့ပတ်သက်ရင် ပျင်းတာ၊ နင်လည်း သိတယ်၊ မေမေကိုလည်း သိတယ်၊ ဒီတော့ ငါ့ကို လွှတ်မှာမဟုတ်ပါဘူး”

“ဒါကတော့ နင့်အထင်ကိုး။ နင်တို့အသိုင်းအဝိုင်းမှာက အဲဒါမျိုး ခေတ်စားနေတာ၊ နင့်မေမေက သူလည်းခေတ် နောက်မကျအောင် နင့်ကို ပို့ချင်လို့ ဖြစ်မယ်”

“အဲဒါအရေးမကြီးပါဘူး၊ အခု ငါတို့ ဘာလုပ်ကြမလဲ လွင်ပြင်”

“ဘာကို ဘာလုပ်ရမှာလဲ”

“ဟာ … ခုံးဝေးပြန်ပြီ၊ ငါ နောက်အပတ်ကစပြီး မြို့ထဲ ကကျူရှင် မလာရတော့ဘူးလေ၊ နင်နဲ့ လုံးဝကို မတွေ့ရ တော့ဘူး ဖြစ်သွားပြီ”

“ငါ ဘာလုပ်ပေးနိုင်မှာမို့လဲ မောင်ရှိန်ရယ်၊ နင့်အမေက အကုန်စီစဉ်ပြီးနေပြီပဲ၊ ငါက နင့်အနားကပ်ပါလို့မှ မရ တာ”





“ဒီလိုလုပ်၊ ငါ မေမေ့ကို ပြောမယ်၊ နင့်ကိုပါ ငါနဲ့အတူတူ တစ်ဝိုင်းတည်း သင်ခိုင်းမယ်လေ”

လွင်ပြင် တွေဝေသွားသည်။ ဝိုင်းကျူရှင်ယူဖို့လောက် ဆိုတော့ လွင်ပြင့်မိဘတွေက တတ်နိုင်ပါ့မလား။ မတတ်နိုင်ရင် အောင် တစ်ဦးတည်းသော သမီးလေးမို့ ပညာရေးမှာ ပုံအောပြီး သင်ပေးမယ်ဆိုတဲ့ ဆန္ဒနဲ့ လွင်ပြင် တက်ချင်ပါသည်ဟု ပူဆာ လျှင် သူတို့ကတော့ မရ,ရအောင် ကြိုးစားကြမှာပင်။ ဒါပေမဲ့ လွင်ပြင် ကိုယ်တိုင်ကိုက ကိုယ့်အခြေအနေ ကိုယ်သိလို့ ရိုးရိုး အတန်းကျူရှင်တွေသာယူပြီး ပုံမှန်စာကျက်ကာ ဆယ်တန်းအောင်ဖို့ ကြိုးစားရန် ဆုံးဖြတ်ခဲ့ပြီးလေပြီ။

လွင်ပြင်တို့က သိပ်ပြီး ဉာဏ်တွေကောင်း၊ စာလည်း သိပ်တော်၊ ကျောင်းက ဂုဏ်ထူးရှင်စာရင်းဝင်တွေလည်း မဟုတ် တာမို့ ဆယ်တန်းကို အောင်ရင် တော်ပါပြီ၊ အောင်ဖို့သာ ကြိုးစားရပါမည်လို့ ဆုံးဖြတ်ထားတဲ့သူတွေဖြစ်ရာ ကိုယ်က ဘာ မှဖြစ်လာမှာ မဟုတ်ဘဲ ဆယ်တန်းကို ဝိုင်းကျူရှင်တွေ တန်းစီ ယူပြီး ပိုက်ဆံအကုန်မခံချင်တော့ပါ။ အမေက ခုတလောလည်း အဆစ်အမြစ်တွေရောင်ပြီး အိပ်ရာထဲ မကြာခဏလဲလေရာ လုပ် ငန်းလည်း ဝင်ငွေထိခိုက်လှပြီ။ အမေလည်း ချုပ်ထည်တွေလျှော့ ပစ်ပြီး နားနားနေနေလေး အလုပ်လုပ်ရသဖြင့် အဖေ့လစာလေး ရယ်၊ အမေ့ငင်ငွေလေးရယ်နဲ့ သင့်တင့်ရုံ မျှတသုံးစွဲနေရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို လွင်ပြင် မြင်တတ်ပါသည်။ ဆယ့်ငါးနှစ်ကျော် အရွယ်ပေမဲ့ ဘဝပေးအခြေအနေက သိပ်ပြီးမဖြောင့်ဖြူးလှလေ မိဘ၏အခက်အခဲကို မြင်တတ်၊ မျှဝေခံစားတတ်ပါသည်။

"ငါ မတက်ချင်ဘူး မောင်ရှိန်ရယ်"

"ဘာရယ် ... ငါနဲ့မတွေ့ချင်တော့ဘူးပေါ့၊ အဲဒီလိုလား"

"မဟုတ်ဘူး၊ ဝိုင်းကျူရှင်ဆိုရင် ပိုက်ဆံအများကြီး ကုန်မှာလေ။ ငါ မတတ်နိုင်ဘူး။ အမေလည်း ခုတလော မကျန်းမာဘူး။ ဆေးခဏခဏ ကုနေရလို့ ပိုက်ဆံတော်တော် ကုန်နေတာ။ ငါက သိတတ်ရမယ်လေ"

"အံမယ်လေး ... ပိုက်ဆံကုန်မှာပဲ စိုးရိမ်နေရသေးတယ် မမဖုရားရယ်။ နင် လုံးဝ တစ်ပြားမှ ပေးစရာမလိုဘူး ငါက ဆရာတွေကို တစ်ဝိုင်းဘယ်နှသောင်းဆိုပြီး အကုန် ပေးပြီးသား။ နင်က လာတက်ရုံပဲ။ နင့်တစ်ယောက်စာ ပိုသင်ပေးရလို့ ဆရာတွေ ဆရာမတွေက ထပ်တောင်းလည်း မေမေက ပေးမှာပါ။ မေမေက နင့်ကို လာတက်ခိုင်းစေ ချင်မှာပါ။ နင်က လိမ်လိမ်မာမာ၊ အေးအေးဆေးဆေး တဲ့ ကောင်မလေးပဲ၊ မေမေက ချစ်ပါတယ်"

မင်းဂုဏ်ရှိန်ရော လွင်ပြင်ပါ ဒေါ်ခင်နှင်းဦး၏ အစီအစဉ်ကို မသိလေရာ သူတို့ထင်ကြေးဖြင့်သူတို့ ဟုတ်နေတော့ သည်။





"အိမ်ပြန်ရောက်ရင် မေမေ့ကို ငါ ပြောလိုက်မယ်နော်"

"အေး ... ပြောတော့ ပြောကြည့်။ ဒါပေမဲ့ တစ်ခါတည်း ပြောမရရင်လည်း အရမ်းတော့ မပူဆာနဲ့နော်"

"ပူဆာမှာပဲ၊ မေမေ ဒီကောင်မလေးကို သား ချစ်တယ်၊ သူက သားရည်းစား၊ အနားမှာ ခေါ်ထားချင်တယ်လို့ကို ပြောပြီး ပူဆာမှာ"

မင်းဂုဏ်ရှိန်က လွင့်ပြင်ကို စ,နောက်ပြီး ပြောခဲ့ပေ တကယ်လည်း အမှတ်မထင် သူ ဝန်ခံလိုက်ဖို့ အခြေအနေကို အမေက အကွက်ဆင်ထားပေးခဲ့ကြောင်း နောက်မှ သိခွင့်ရခဲ့ သည်။

❦ ✻ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၈

သူ လွှင်ပြင့်ကို ကတိပေးခဲ့တဲ့အတိုင်း အိမ်ရော
တော့ မေမေ့ကို ပူဆာဖို့ အရိပ်အခြည် စောင့်ကြည့်နေရသည်
မေမေက ခုတလော ဘာတွေအလုပ်ရှုပ်နေသည်မသိ။ နာမည်ကြ
သော ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ၊ ဒါရိုက်တာတွေ၊ ရုပ်ရှ
ဗီဒီယိုကုမ္ပဏီတွေနဲ့ အဆက်အသွယ် ဘယ်ကဘယ်လို ရသွား
ဆက်သွယ်စကား ပြောလို့ရနေသည်။ မကြာခဏလည်း ဒါရိုက်တာ
ဆိုသူတွေ အိမ်အလည်လာလိုလာ၊ ရုပ်ရှင်ဇာတ်ညွှန်းရေးသူ
ရောက်လာလိုလာနှင့်။ အားလုံးက အိမ်ကို အလည်ရောက်လာ
တိုင်း မင်းဂုဏ်ရှိန်ကို အကဲဖြတ်ဒိုင်လူကြီးတွေလိုပဲ ကြည့်
ကြောင်း သတိတော့ ထားမိသည်။ အခုလည်း မင်းဂုဏ်ရှိန် အိ
ရောက်လို့ ရေမိုးချိုး စားသောက်ပြီးသည်အထိ မေမေ့မှာ ဖုန်း
တစ်ခုပြီးတစ်ခု ဆက်နေတာ မပြီးနိုင်တော့။





မင်းဂုဏ်ရှိန်လည်း ရစ်သီ ရစ်သီနှင့် စောင့်နေခဲ့ရာ မေ ဖုန်းအားလုံး ပြောပြီးမှပဲ စကားပြောခွင့် ရတော့လေသည်။

"မေမေ"

"ဘာလဲ ... သား"

"စကားပြောချင်လို့ စောင့်လိုက်ရတာဗျာ၊ ဘာတွေအလုပ်ရှုပ်နေတာလဲ"

"မေမေတို့ ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးကုမ္ပဏီ ထောင်မလို့လေ၊ ဒါကြောင့် အဆက်အသွယ်တွေ လုပ်နေရတာ"

"ဟင် ... ဘယ်လိုကဘယ်လို အဲဒီဘက် စိတ်ဝင်စားသွားရတာလဲ၊ မေမေပဲ တခြားကုမ္ပဏီထောင်မလို့ဆို၊ ဘာဖြစ်လို့ ရုပ်ရှင်ဘက် ရောက်သွားတာလဲ"

ဟိုတလောက ဖေဖေနဲ့မေမေ တိုင်ပင်နေသံ ကြားရသည်။ အစ်ကိုကြီးနဲ့ မမတို့ ရှာတဲ့ငွေတွေကို အိမ်ခြံတွေလျှော့ကယ်၊ ငှားစားပြီး ရင်းနှီးမြှုပ်နှံတာလည်း တစ်လုပ်။ နောက်ထပ် ပွားရေးအလုပ်တစ်လုပ်အနေနဲ့ ကုမ္ပဏီထောင်ရမယ်ဆိုသော ိုင်ပင်သံကို ကြားခဲ့ရသည်။ အဲဒီတုန်းကတော့ အခုခေတ်မှာ ပွားဖြစ်သော သွင်းကုန်၊ ထုတ်ကုန် ကုမ္ပဏီတွေပဲ စ,လုပ်မယ် မင်းဂုဏ်ရှိန် ထင်ခဲ့ပါသည်။

"ဟိုတလောက တိုင်ပင်တုန်းကတည်းက မေမေ့ဆုံးဖြတ်ချက်ကို ဖေဖေပါ သဘောတူလက်ခံပြီးနေပြီ၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးကုမ္ပဏီထောင်မယ်လို့ ဆုံးဖြတ်ချက်အတည်ယူပြီးသား”

“ဘယ်လောက်များ အမြတ်ရမှာမို့လဲ”

“ဟဲ့ … မေမေလိုချင်တာ အခု ငွေကြေးအမြတ်မဟုတ်တော့ဘူး။ အရင်ကတော့ သိန်းဘယ်လောက်ဝင်မလဲ ဘယ်လောက်ရမလဲပဲ ခေါင်းထဲထည့်တာ၊ အခု ငွေမလိုတော့ဘူး။ သားတွေ သမီးတွေ ရှာပို့ထားတာကွယ် အိမ်ခြံမြေ သူဌေးကြီးတွေဘဝ ရောက်နေပါပြီ၊ ဖေဖေမေမေတို့သေတဲ့အထိတောင် စားမကုန်ဘူး။ သားတွေ သမီးတွေလည်း လိမ်လိမ်မာမာ သုံးကြရင် သားသမီးတွေ တစ်သက်လုံး လုံလောက်ပြည့်စုံနေပါပြီ”

မင်းဂုဏ်ရှိန်က ကလေးလည်း ကလေးသာသာ ဖေဖေ မေမေတို့ ဘဏ်စာရင်း ဘယ်လောက်ရှိတာ၊ ဘာတွေဝယ်ပြီး ရင်းနှီးမြှုပ်နှံထားတာတွေ စေ့စေ့ငင မသိပါ။ ဒါပေမဲ့ မေမေဟာ စိန်တိုက်၊ ရတနာတိုက်ကြီးတွေ ခဏ ခဏ သွားဝယ်နိုင်တာကိုတော့ သတိထားမိသည်။ ဒီကြားထဲ ရတနာကုန်သည်တွေကလည်း ဝယ်မှန်းသိလို့ …

“လုပ်ပါဦး အစ်မနှင်းရဲ့၊ အားပေးပါဦး။ ခုတလော ရှေ့ဦးကောင်းကောင်းဖောက်မဲ့လူ မရှိသေးလို့၊ တို့အစ်မကို အားကိုးပြီး လာရောင်းရတာ”





ဟု အတင်း အိမ်လာထားလိုထား။ သိန်းရာကျော်တန်တဲ့ စိန်ထုပ်ကိုလည်း …

“ငွေမလွယ်သေးရင် နောက်မှချေ။ ထားခဲ့မို့ ယူလာတာ၊ ထားခဲ့ပြီ မနှင်းရေ။ အေးအေးဆေးဆေးမှသာပေး၊ ရတယ်၊ မနှင်းတို့ကို ယုံပြီးသား”

ဟူ၍ ပြောကာ အတင်းထားခဲ့သူတွေလည်း မနည်း။

ထိုသို့ လာရောင်းတိုင်း၊ လာထားတိုင်းလည်း မေမေဝယ်တော့မှ ပြန်ပေးလိုက်တာ၊ ငြင်းလိုက်တာ မရှိဘဲ ဝယ်လိုက်တာတွေတော့ မြင်ဖူးသည်။ နောက်ပြီး အိမ်ရှိကားတင် သုံးစီး။ မင်းဂုဏ်ရှိန်အတွက်ဆိုကာ Mark II grande ကြီးတစ်စီး၊ ဖေဖေက ပါဂျဲရိုတစ်စီး၊ မေမေက ပေါ့ပေါ့ပါးပါး သူကိုယ်တိုင်မောင်းသွားနိုင်သော စူပါဆလွန်း နိုင်းတီမော်ဒယ်လ်လေးတစ်စီး ထားထားပါသည်။

အဝေးပြေးဟိုင်းနိုးကားတွေ၊ ကုန်တင်ကားတွေလည်း ဝယ်ပြီး ရှယ်ယာငွေထည့် ကားပါထည့်ပြီး လုပ်ငန်းတူထောင်ထားကြောင်းလည်း သိထားသည်။ ဒီလို လုပ်ငန်းတွေရှိသားနဲ့ ကုမ္ပဏီထပ်ထောင်ဦးမယ် ကြားတုန်းက လုပ်ငန်းထပ်ချဲ့တယ်ပဲ ထင်ထားတာ။ အခုမှ ကြဲကြဲဖန်ဖန် ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေး ကုမ္ပဏီလုပ်မယ်လို့ ဘယ်လိုစိတ်ကူးနဲ့ ဆုံးဖြတ်လိုက်သလဲ မသိ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ လိုချင်တာက ကိုယ့်နာမည်လေး ပြောလိုက်တာနဲ့ မြန်မာတစ်ပြည်လုံးက သိနေတဲ့လူမျိုး ဖြစ်ချင်တာ၊ လောက ကြီးထဲမှာ မြန်မာပြည်ထဲမှာ လူတွေအများကြီးရှိတယ် အဲဒီလူတွေအများကြီးထဲက ဘာမှမဟုတ်တဲ့ လူတစ်ယောက် ဥပမာပေါ့ ... သားပဲ ထားပါတော့။ သားနာမည် မင်း ဂုဏ်ရှိန်ကို ပြောပြလိုက်ရင် သားကိုသိတဲ့လူက ဘယ်နှ ယောက်မှ မရှိဘူး။ ကိုယ့်ပတ်ဝန်းကျင် အသိုင်းအဝိုင်းက လွဲရင် သားကို ဘယ်သူမှ မသိဘူး၊ သားဟာ သာမန်လူပဲ some body မဟုတ်နေဘူး။ အကယ်၍သာ သားသာ မင်း သားကြီး ညွန့်ဝင်းတို့ ကျော်ဟိန်းတို့ လွင်မိုးတို့လိုမျိုး နာမည်ကြီးမင်းသား ဖြစ်နေမယ်ဆိုရင် မင်းဂုဏ်ရှိန်လို့ ပြောလိုက်တာနဲ့ လှည်းနေ လှေအောင်း မြင်းဇောင်းမကျန် သိနေကြမယ်၊ သားဟာ some body ဆိုတဲ့ တစ်စုံ တစ် ယောက်အဖြစ် မြန်မာတစ်ပြည်လုံးက သိနေမယ်။ မေမေ က အဲဒါကို crazy ဖြစ်မိတယ်။ မေမေတို့ ပိုက်ဆံရှိ ချမ်းသာလာတာ မြန်မာတစ်ပြည်လုံး မသိဘူး။ သားသာ နာမည်ကြီးမင်းသားဖြစ်ရင် မြန်မာတစ်ပြည်လုံး သားကို သိမယ်၊ မင်းသားရဲ့မိသားစုဝင်တွေအဖြစ် ဖေဖေမေမေတို့ ကို သိမယ်၊ ခုအချိန်မှာ မေမေ့အတွက် ငွေမလိုတော့ဘူး မေမေလိုတာက အောင်မြင်ကျော်ကြားမှုပဲ"





မေမေ့ဆီက မျှော်လင့်မထားသော စကားတွေကြောင့် မင်းဂုဏ်ရှိန်မှာ သူ ပြောချင်နေသော စကားတွေပင် မေ့သွားကာ မေမေ့ကို ကြောင်ပေးကြည့်နေမိလေသည်။

သူ ဘဝတစ်သက်လုံး ငယ်ငယ်လေးတည်းက အခုထိ စိတ်ကူးလည်း မယဉ်ဘူးခဲ့။ အိပ်မက်လည်း မမက်ဘူး ခဲ့လေသော အခြေအနေကို မေမေက အကောင်အထည်ဖော်ဖို့ စီစဉ်နေပြီတဲ့လား။

"ဒါကြောင့် မေမေ ကုမ္ပဏီဖွင့်ခွင့် လျှောက်လိုက်တယ်။ အခု ကုမ္ပဏီနာမည်လည်း ကျပြီ၊ သားက ဆယ်တန်း လည်း မဖြေရသေးဘူးဆိုတော့ သားကို မင်းသားတင်ရိုက် ဖို့ မစီစဉ်သေးပါဘူး။ ခုလောလောဆယ်တော့ နာမည်ကြီး မင်းသား မင်းသမီးတွေသုံးပြီး ဒါရိုက်တာအကောင်း၊ ဝတ္ထုဇာတ်ညွှန်းအကောင်းနဲ့ ဗီဒီယိုကားတွေ DVD တွေ ဆက်တိုက် ထုတ်ရိုက်ထားနှင့်မယ်။ ကုမ္ပဏီနာမည်ရလာ တဲ့အချိန် သားလည်း ဆယ်တန်းအောင်ပြီးရမယ်လို့ မှန်း ထားတယ်၊ ဆယ်တန်းအောင်ပြီးတာနဲ့ သားကိုစပြီးကုမ္ပဏီ က အသစ်တင်တဲ့မင်းသားအဖြစ် ကားတွေဆက်တိုက် ငွေထုတ်ရိုက်မယ် ... ကဲ"

စကားအဆုံးမှာ မေမေက "ကဲ"လို့ အဆုံးသတ် သလရာ သဘောက သား ဘာပြောချင်သေးလဲ၊ မေမေတော့ စီမံ ကိန်းဆွဲပြီးနေပြီဆိုသော သဘောမျိုး ပါဝင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေရာ သားက အဲဒီအနုပညာအလုပ်ဆို သီချင်း ဂစ်တာတီးတာကလွဲရင် ဘာမှလဲ မလုပ်ဖူးဘူး။ သူမျာ တွေလို အနုပညာပိုးပါနေလို့ ကျောင်းကပွဲတွေ ဘာ ဝင်ပါဖူးတာတောင် မရှိဘူး။ အနုပညာကို အရမ်းရူးသွ လွန်းလို့ မှန်ကြည့်ပြီး အမူအရာကြိုတောင်ကျင့်ထားခဲ့ တယ်ဆိုတဲ့ လူစားမျိုးထဲမှာ သား မပါဘူးလေ။ သာ ဝါသနာလည်း မပါဘူး။ ဘယ်လိုလုပ် မင်းသားဖြစ်မယ် ပြီးတော့ သားကိုယ်သားလည်း မယုံဘူး။ စိတ်လည်းမ ဘူး၊ လုပ်ရဲမယ် မထင်ဘူး။ တော်ကြာ မေမေ ပိုက် ထုတ်ရိုက်လိုက်တာတွေ အရှုံးပေါ်သွားဦးမယ်"

"အံမယ်လေးကွယ်၊ သားက ရုပ်ချောပြီးသားပဲ၊ အရပ်ကြ ဆိုလည်း အမြင့်ကြီး။ ဒါရိုက်တာတွေက သားကို မကြ ခဏ လာကြည့်ပြီး လေ့လာပြီးပြီ။ သားကို သူတို့ကော ကောင်းသင်ပေးနိုင်တယ်တဲ့။ ဘယ်သူမဆိုသင်ရင် တ တာပဲ။ သူများတောင် ဖြစ်သေးတာ ငါကဘာလို့မဖြစ် မှာလဲ ဆိုတဲ့ စိတ်မွေးရင် ဖြစ်ရမှာပေါ့။ လုပ်စမ်းပါ သာ ရဲ့။ မေမေ့အတွက်လို့ သဘောထားပြီး ဒီအလုပ်ကို စိ နှစ်ပြီး လုပ်လိုက်စမ်းပါ။ တဖြည်းဖြည်းနဲ့ ပျော်လာမ ဝါသနာပါလာမယ်။ ကိုယ့်ကို လူတိုင်းက ဝိုင်းချစ်၊ ဝိုင် ကြိုက်ပြီး လူတိုင်းသိနေရတဲ့ဘဝကို ခံစားရရင် ကြာ





သား မက်မောသာယာပြီး ပျော်သွားမှာပါ။ မေမေ အာမခံ တယ်၊ စိတ်ချ။ သား ပျော်သွားမယ် သိလား၊ မေမေ့ကို ချစ်ရင် သား မင်းသား လုပ်ရမယ်"

မင်းဂုဏ်ရှိန်မှာ ဘာဆက်ငြင်းရမှန်းမသိ ဖြစ်ကာ တွေဝေနေတော့သည်။ ထားပါတော့၊ အဲဒီအကြောင်းအရာကြီး ဖြစ်လာမှာက ဆယ်တန်းအောင်ပြီးမှဆိုတော့ ဝေးပါသေးတယ် လို့ သဘောထားလိုက်ရင် ကောင်းမယ်။ အခုလောလောဆယ် ခေါင်းထဲမထည့်နဲ့။ မတွေးနဲ့။ အရေးမကြီးသေးဘူး။ အရေးကြီး တဲ့အချက်ကိုပဲ ပြောရမယ်။ ခုလောလောဆယ်မှာတော့ အရေး အကြီးဆုံးဟာ လွှင်ပြင့်ကို အနားခေါ်ထားပြီး ဝိုင်းကျူရှင် တွေတူတူသင်ခွင့် ရရေးပဲ။ မေမေ့ကို ပူဆာရမှာ ဒါပဲ။ ကျန်တဲ့ ကိစ္စက နောက်မှ ဖြေရှင်းတော့မယ်။ သိပ်ပြီး ခေါင်းထဲမထားနဲ့ ဦး။

မင်းဂုဏ်ရှိန် ထိုသို့ဆုံးဖြတ်ပြီး မေမေ့ကို ပူဆာရမဲ့ ကိစ္စကို သာ ထုတ်ပြောဖို့ တွေးလိုက်ပါသည်။

"ဒါဆိုလည်း အဲဒီအကြောင်းအရာကို ဆက်ပြောမနေတော့ ပါဘူး။ သား ဆယ်တန်းအောင်မှ ဖြစ်လာမဲ့ အရာဆိုတော့ အခု ခဏထားလိုက်ဦးမယ်၊ အခုလောလောဆယ် ပြောချင် တာကိုပဲ ပြောတော့မယ်၊ မေမေ"

"အံမယ် ... ဘာများပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ထူးထူးဆန်းဆန်းတော့ မဟုတ်ပါဘူး၊ ဒီလိုပဲ သားအခု မြို့ထဲကို ကျူရှင်သွားမတက်ရတော့ဘူး မဟုတ်လား"

"ဟုတ်တယ်လေ၊ နောက်အပတ်ကစပြီး ကျူရှင်ဆရာ ဆရာမတွေ သားတစ်ယောက်တည်းကိုပဲ လာသင်တော့မယ်၊ ညဘက်တွေမှာကျ စာကူကျက်ပေးဖို့ ဆေးကျောင်း တက်နေတဲ့ ဆေးကျောင်းသားတစ်ယောက်ကိုလည်း ပြော ပြီးထားပြီ၊ သူက သားကို ကူကျက်ပေးလိမ့်မယ်"

"သား တစ်ယောက်တည်း သင်ရမှာ မေမေတစ်ဝိုင်းကို ဘယ်လောက်ပေးရလဲ"

မေမေက ငွေကြေးပမာဏတစ်ခုကို ရွတ်ပြပါသည်။ အဲဒီငွေကြေးလောက်ကတော့ အခုချိန်မှာ မင်းဂုဏ်ရှိန်တို့အတွက် သိပ်ပြီး အရေးစိုက်နေစရာ မရှိသော ငွေကြေးဖြစ်ပါသည်။

"အကယ်၍ နောက်တစ်ယောက် တိုးမယ်ဆိုရင် ကျူရှင် သင်တဲ့ဆရာတွေက ထပ်တိုးပေးရမယ်လို့ရော ပြောလား"

"ဒါတော့ မေမေ မသိဘူးလေ။ သားက ဘာလုပ်ဖို့နောက် တစ်ယောက် ထည့်ချင်တာလဲ၊ ဘယ်သူ့ကို ထည့်ချင်လို့ လဲ"

မင်းဂုဏ်ရှိန်မှာ မေမေ မေးတုန်း ဝမ်းသာအားရနဲ့ ခပ်မြန်မြန်လေး ...



"လွှင်ပြင့်ကို ထည့်ချင်တာ"

ဟု ဖြေလိုက်လျှင် ဒေါ်ခင်နှင်းဦး မျက်နှာမှာ ချက်ချင်း မှုန်မှိုင်းသွားသည်။ ဒါ့အပြင် ထင်သားပဲ ဒီကောင်မလေးကိုပဲ ထည့်ချင်တယ် ပြောမယ်လို့ ဆိုသော သဘောပါသည့် အကြည့်ဖြင့် မင်းဂုဏ်ရှိန်ကို ကြည့်လိုက်ပါသည်။ ဒါကို မျက်နှာ ရိပ် မျက်နှာကဲ မသိသောကြောင့် ...

"လွှင်ပြင့်ကို ထည့်ရလို့ ကျူရှင်မှာ နည်းနည်းထပ်တိုးပြီး ပိုက်ဆံပေးရမယ်ဆိုလည်း ပေး,ပေးလိုက်ပါ မေမေရယ်။ ဒီသောင်းဂဏန်းလောက် ထပ်တိုးတာနဲ့ သားတို့အတွက် မထိခိုက်သွားပါဘူးနော်"

ဟူ၍ မင်းဂုဏ်ရှိန် ဆက်ပြောနေသေးလေသည်။

"သူက လာတက်ချင်တယ် ပြောတာလား"

"သူ ဘာမှမပြောပါဘူး မေမေ၊ သားက လွှင်ပြင့်ကို ခင်လို့ပါ။ သားနဲ့သူ ငါးတန်းတည်းက ကျောင်းကို ဆိုက်ကား အတူတူစီးပြီး သွားခဲ့တာ။ ရှစ်တန်း ကိုးတန်းတွေမှာ မြို့ထဲမှာ ကျူရှင်အကြီးတွေ သွားတက်ရတော့လည်း ဘတ်စ်ကားအတူတူတိုးစီးပြီး သွားရတာလေ။ အခုကျမှ သားက ပိုက်ဆံချမ်းသာလာတာနဲ့ ခွဲထွက်ပြီး တသီးတသန့်ကြီး လုပ်ပြလိုက်သလို ဖြစ်နေတော့ လွှင်ပြင် စိတ်မကောင်း ဖြစ်သွားလိမ့်မယ်။ ပြီးတော့ လွှင်ပြင်က လိမ္မာပါတယ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မေမေရဲ့၊ သားနဲ့လာတက်လည်း စာသင်တာကို အနှောင့်အယှက်ပေးမဲ့သူမျိုး မဟုတ်ပါဘူး မေမေရာ။ မေမေလည်း လွင်ပြင်ကို ချစ်တာပဲလေ။ သားအနားမှာ လွင်ပြင်လည်း အတူတူ စာလာသင်တာကို မေမေ လက်ခံမှာပါ"

မင်းဂုဏ်ရှိန်သည် အလိုက်ကမ်းဆိုးလည်း မသိ၊ မအေ့မျက်နှာ ဘာဖြစ်နေသလဲ ဆိုတာကိုလည်း မကြည့်တတ်ပါပဲ သူ့စိတ်ကူးထဲမှာ ကြိုတွေးထားသမျှတွေသာ ဆက်တိုက်ပြောပြီး အမေ့ဆီက ခွင့်ပြုချက်ကို တောင်းခံနေတော့လေသည်။

"မေမေ လွင်ပြင့်ကို ချစ်ပါတယ်"

ဒေါ်ခင်နှင်းဦးသည် အသံကို အချိုသာဆုံးဖြစ်အောင် ဟန်ဆောင်၍ အစပျိုးလိုက်သည်။ တကယ်လည်း ရင်ထဲမှာတော့ လွင်ပြင့်ကို မုန်းလည်းမမုန်း၊ မလိုလားတာလည်းမရှိ။ ဒါ့အပြင် ချစ်စရာကောင်းသော ရုပ်ရည်လေးနဲ့ မျက်နှာမြင် ချစ်ခင်ပါစေဆိုနဲ့ အလိုလို ပြည့်စုံနေခဲ့သော လွင်ပြင့်ကို ဒေါ်ခင်နှင်းဦး ချစ်လို့ရပါသည်။ သို့သော် ချစ်တာက ချစ်တာတစ်ကဏ္ဍပဲ။ သားအတွက် လုပ်ပေးစရာတွေ ရှိသေးတာက တစ်ကဏ္ဍပဲလို့ မှတ်ယူထားမိသည်။

"ဒါပေမဲ့ သားနဲ့အတူတူတော့ တွဲမထားနိုင်တော့ဘူး။ သူနဲ့သား သိပ်နီးစပ်နေတာကို မေမေ မကြိုက်ဘူး။ ဒါကြောင့် တမင်ခွဲပစ်လိုက်ချင်လို့ အိမ်မှာ ဝိုင်းကျူရှင်





လုပ်မယ်လို့ စီစဉ်တာပဲ၊ အေး ... နောက်တစ်ချက်က သားကို ဆယ်တန်းသေသေချာချာ တစ်နှစ်တည်းနဲ့ အောင်သွားစေချင်တာလည်း ပါတာပေါ့၊ အဲဒီနှစ်ချက်ကြောင့် ဝိုင်းကျူရှင်သင်ဖို့ စီစဉ်တာပဲ၊ ဒီတော့ လွင်ပြင်ကို သားနဲ့ အတူ မသင်ခိုင်းနိုင်ဘူး"

"ဘာဖြစ်လို့လဲ မေမေရယ်၊ ဘာဖြစ်လို့လဲ၊ လွင်ပြင့်မှာ ဘာအပြစ်မှလဲ မရှိဘဲနဲ့ ဘာလို့ သားတို့ကို ခွဲပစ်ချင်တာလဲ"

"သူ့မှာလည်း ဘာအပြစ်မှ မရှိဘူး၊ သားမှာလည်း ဘာအပြစ်မှ မရှိဘူး။ ရှေ့ဆက်ဖြစ်ပျက်လာမှာတွေကို မမြင်ချင်လို့ ခွဲပစ်တာ"

"ဘာရှေ့ဆက်ဖြစ်ပျက်လာမှာမို့လဲ"

"မင်းတို့ ရည်းစားဖြစ်သွားကြမှာစိုးလို့၊ အေးလေ ... ပြောသာပြောရတယ် ရည်းစားတောင် ဖြစ်နေကြပြီလားလို့တော့ သံသယရှိနေမိတယ်"

မင်းဂုဏ်ရှိန်လည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး ဝန်ခံလိုက်မိတော့၏။

"ဟုတ်တယ် ... သားတို့ ရည်းစားဖြစ်နေကြပြီ မေမေ"

"အမယ်လေး ... ဘုရားရေ ... ထင်တဲ့အတိုင်းပါပဲလား"

"သား ... လွင်ပြင့်ကို ချစ်တယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"အလို … အလို … တယ်သတ္တိတွေရှိနေပါလား၊ အမေ့ကို များ ပြောပြရဲနေလိုက်တာ"

"မေမေလည်း လွှင်ပြင့်ကို ချစ်တာပဲ၊ ဒီတော့ သားတို့ ရည်းစားဖြစ်တာကို မေမေသိလည်း စိတ်မဆိုးဘူး ထင် လို့ပါ။ ပြီးတော့ သားတို့ငယ်ငယ်လေးနဲ့ မမိုက်ပါဘူး။ ပညာပြည့်စုံမှ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်မှ ယူကြ မယ်၊ အသက်နှစ်ဆယ့်ငါးနှစ်လောက်မှာ မင်္ဂလာဆောင်ကြ မယ်လို့လည်း တိုင်ပင်ထားပါတယ်။ မေမေ ဘာမှမစိုးရိမ် ပါနဲ့"

ဒေါ်ခင်နှင်းဦးသည် သားဖြစ်သူကို တအံ့တသြ ငေးကာကြည့်ရင်း …

"မဟုတ်ဘူး၊ မေမေ လိုချင်တာက အဲဒီကတိစကားတွေ မဟုတ်ဘူး။ မေမေ လွှင်ပြင့်ကို ချစ်ပေမဲ့ သားအနားမှာ တော့ မရှိစေချင်ဘူး။ သားတို့ကို ခွဲပစ်ရမယ်လေ၊ သား ဘဝမှာ တက်လမ်းတွေ အများကြီး ရှိသေးတယ်လေ၊ သား မင်းသားလုပ်ရမယ်၊ အောင်မြင်မှုရအောင် ငွေနဲ့လက်ရှ ခင်းပြီး လုပ်နိုင်တဲ့ အခွင့်အရေးတွေလည်း အဆင်သင့်ဖြစ် နေပြီ၊ သား နာမည်ကြီးမင်းသား ဖြစ်ကိုဖြစ်ရမယ်ဆိုတာ မေမေ့ ရည်မှန်းချက်ပဲ"

ဟု ဖြည်းဖြည်းချင်း ပြောလိုက်သည်။





"သား မင်းသားလုပ်တာနဲ့ လွှင်ပြင့်နဲ့ ရည်းစားဖြစ်တာ ဘာဆိုင်လဲ"

"သားက ငယ်သေးတယ်၊ အချစ်ရေးကို ဦးစားပေးသင့် သေးဘူး။ ဘဝတက်လမ်းအတွက် အချစ်ရေးဟာ အနှောင့် အယှက်ဖြစ်စေတယ်၊ ဒါကြောင့် သား ဘယ်သူနဲ့မှရည်းစား မထားရသေးဘူး။ အောင်မြင်တဲ့မင်းသား ဖြစ်လာမှ ရည်း စားထားရင်ထား၊ အခုတော့ မထားရဘူး၊ လွှင်ပြင့်ကိုမှ မဟုတ်ဘူး၊ ဘယ်သူနဲ့မှ ရည်းစားမထားရဘူး။ ဒါ မေမေ့ အမိန့်ပဲ၊ မေမေအမိန့်ကို မနာခံရင် ဒါဟာ သား မေမေ့ ကို မချစ်လို့၊ မလေးစားလို့၊ အစ်ကိုကြီးနဲ့ မမတို့ သူများ နိုင်ငံမှာ အလုပ်ကြမ်းတွေလုပ်ပြီး ရှာထားတဲ့စည်းစိမ်ဥစ္စာ တွေကို ခံစားပြီး အစ်ကို၊ အစ်မတွေကို ကျေးဇူးကန်းချင် လို့ … လို့ မေမေ ယူဆတယ်။ သား အစ်ကိုနဲ့ အစ်မက လည်း မေမေ့အစီအစဉ်ကို သိပ်အံ့သြသဘောကျနေကြတာ။ ရုပ်ရှင်မင်းသား မင်းဂုဏ်ရှိန်ရဲ့ အစ်ကို အစ်မတွေ ဖြစ်မှာ ကို သိပ်လိုလားနေကြတယ်လေ။ သား မေမေ့စကားကို နားမထောင်ရင် ဒါဟာ သားအနေနဲ့ တစ်မိသားစုလုံးကို စိတ်ဆင်းရဲအောင် လုပ်တာနဲ့ အတူတူပဲ"

မင်းဂုဏ်ရှိန်သည် မျှော်လင့်မထားသော ထောင့်တစ် နေရာမှ ကြားသိလိုက်ရသည့် မေမေ့အစီအစဉ်တွေကိုရော၊ လွှင်ပြင့်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ခွဲပစ်ခဲလိုက်ရတာကိုရော၊ သူ ဘယ်လိုမှ မငြင်းဆန်ရဲအောင် မလိုက်နာရဲအောင် ချုပ်နှောင်လိုက်သော စကားတွေကြားလိုက်ရတာကိုရောပေါင်းပြီး ရင်ထဲမှာ ဖြောင်းဆန်အောင် ခံစားနေရသည်။ အဓိက,ကတော့ လွင်ပြင့်ကို မချစ်ရတော့ဘူး၊ လွင်ပြင်နဲ့ တွေ့ခွင့်မရှိတော့ဘူး ဆိုတဲ့ အချက်ဟာ သူ့ကို ပြင်းထန်စွာ နှိပ်စက်သလို ခံစားနေရလေသည်။

အသက်ဆယ့်ခြောက်နှစ်ပြည့်ခါနီးစအရွယ် ကလေးလည်းမဟုတ် လူကြီးစိတ်လည်း သိပ်မဝင်သေးသော ဆယ်ကျော်သက် ကောင်လေး မင်းဂုဏ်ရှိန်ဟာ မေမေ့ တားမြစ်စကားတွေကြောင့် မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်အိုင်လာခဲ့လေသည်။ ဘာကြောင့်ကျမှန်းမသိသော မျက်ရည်တွေပေမဲ့ ရင်ထဲမှာတော့ နာကျင်ပြီး ဆို့နင့်နေကာ တကယ်ခံစားလိုက်ရလို့ မျက်ရည်တွေ ဖြစ်တည်လာခဲ့တာပဲ ဖြစ်ပါသည်။

မေမေကတော့ မင်းဂုဏ်ရှိန်ကို အကဲခတ်၍ကြည့်ရင်းမှ ချော့မော့သလို ထပ်ပြောလိုက်သည်။

"သားက ငယ်ပါသေးတယ်၊ ဘဝအကြောင်းလည်း ဘာမှ မသိဘူး။ အချစ်အကြောင်းလည်း မသိသေးပါဘူး။ အနေနီးစပ်လို့ စိတ်လှုပ်ရှားတာကို အချစ်လို့ထင်ပြီး လွင်ပြင့်ကို ချစ်တာပါ။ ပြီးတော့ သားမှာ မိန်းကလေးသူငယ်ချင်း ဆိုလို့ လွင်ပြင်ပဲ ရှိတာလေ၊ ဒီတော့ စိတ်ကစားတဲ့အရွယ်





မှာ လွင်ပြင့်ကိုပဲ ရည်းစားထားကြည့်ချင်တဲ့စိတ် ဖြစ်လာပြီး ရည်းစားထားတဲ့ သဘောပါ။ သိပ်ခံစားမနေပါနဲ့၊ သား သူ့ကို တစ်လလောက် မတွေ့ရဘဲနေကြည့် မေ့သွားမှာပါ။ မေမေ ပြောတာယုံ တကယ်ပြောတာ။ ပြီးတော့ သားပဲ အမြဲပြောပြောနေတယ်လေ၊ သား ဒီလိုချမ်းချမ်းသာသာ နေရတာဟာ အစ်ကိုကြီးနဲ့ မမ ကျေးဇူးကြောင့်ဆို၊ သူတို့ ဒီပြန်လာရင် သား တစ်လှည့်ပြုစုပြီး ကျေးဇူးဆပ်ချင်တယ်ဆို။ သူတို့ကို ကျေးဇူးဆပ်ချင်တယ်ဆိုရင် သူတို့ကိုယ်တိုင်ကပါ ဖြစ်စေချင်တဲ့ မင်းသားဖြစ်အောင် လုပ်ပြပြီး ကျေးဇူးဆပ်ရမှာပေါ့၊ ဒီမှာ အစ်ကိုတွေ အစ်မတွေဆီက ရေးထားတဲ့စာကိုပဲ ဖတ်ကြည့်ဦး၊ သူတို့သဘောကို သားသိရင် သားဘာလုပ်မလဲ၊ ကိုယ့်ဘာသာပဲ စဉ်းစား"

မင်းဂုဏ်ရှိန် လက်ထဲ ထည့်လာသော အစ်ကိုအစ်မတွေဆီက စာသည်လည်းကောင်း၊ မေမေ့ဖျောင်းဖျနှစ်သိမ့်စကားတွေသည်လည်းကောင်း၊ ဒါမှမဟုတ် အမေ့စကားကိုဆိုသိပ်မငြင်းဆန်တတ်ဘဲ အလွယ်တကူ နားဝင်ပြီး လိုက်နာတတ်သော မင်းဂုဏ်ရှိန်၏ မွေးရာပါစိတ်ဓာတ်ကြောင့်လည်းကောင်း၊ မင်းဂုဏ်ရှိန်၏ဆန္ဒတွေကို အလိုလိုနေရင်း ရုပ်သိမ်းချိုးနှိမ်လိုက်သကဲ့သို့ ဖြစ်သွားခဲ့တော့လေသည်တည်း။

❦ ✻ ❦



www.burmeseclassic.com

www.burmeseclassic.com



၉

"သမီးကို အန်တီ ပြောစရာရှိလို့ လာစောင့်နေတာ"

ဒေါ်ခင်နှင်းဦးကို ကျူရှင်ဆင်းဆင်းချင်းမှာ ဆိုလို ရ၍ လွင်ပြင် အံ့သြနေသည်။ ကားငွေမင်ရောင်လက်လက် လုံးလုံးကားလေး (နိုင်းတီမော်ဒယ်လ် ရုပ်ပါဆလွန်းဟု မောင်မှ ပြောပြဖူး၍ သိထားပါသည်)ကို ကိုယ်တိုင် ဟန်ပါစွာမောင်းသော ဒေါ်ခင်နှင်းဦးသည် အရင်က ပေ့ွနေကျပုံစံမျိုး လုံး ဟုတ်တော့။

မျက်နှာမှာ အရှိန်အဝါတစ်မျိုး လွှမ်းသလို ဖာန် နေကာ တစ်ကိုယ်လုံး စိန်ထည်တွေ တဖျပ်ဖျပ်နှင့် မိတ်ကပ် ခမ်းဆိုးဆေးအပြည့်ဖြင့် အဆင့်အတန်းမြင့်စွာ ထည်ဝါနေသည် အရင်တည်းကလည်း အရာရှိသားသမီး ဖြစ်ခဲ့ဖူးသော အထည်





တွေမို့ ဝတ်တာ စားတာ သုံးတာ စွဲတာတွေဟာ ဘယ်နေရာ ဘာနဲ့သင့်တော်သလဲကို သိထားဖူးသည်ဖြစ်ရာ အခုလို ပိုက် ချမ်းသာလာသောအခါ ကိုယ်ပေါ်မှာ ဘာတွေ ဘယ်လိုဆင်ယင် လဲ ဆိုတာကို သိပြီးနေလေပြီ။ ဒါကြောင့်လည်း ဝတ်စားဆင် ဆင် နေထိုင်ပုံက သူမကို မြင်လိုက်တာနဲ့တင် အလိုလိုနေရင်း ဆင်ကြီး အားကျစေသောပုံစံ ထွက်ကို ထွက်နေတော့သည်။

လက်ကိုင်အိတ်ကြီး တံတောင်ဆစ်မှာချိတ်ပြီး ကား သောကိုင်ကာ ရပ်နေပုံကအစ ဂုဏ်သိက္ခာရှိပြီး အဆင့်အတန်း မြင့်တဲ့ပုံစံ ပေါက်နေတော့လေသည်။

"သမီး အခု အိမ်ပြန်တော့မှာလား"

"ဟုတ်ကဲ့ ... အန်တီ"

"ဩော် ... ဒါဆို အတော်ပါပဲ၊ အန်တီလိုက်ပို့ပေးမယ် လေ၊ လိုက်ပို့ရင်း စကားပြောမယ်နော်"

လွင်ပြင့် စိတ်ထဲမှာ ထင်တာက ငါတို့ရည်းစားဖြစ် နေကြတာကို သူ့အမေသိသွားပြီ။ ဒါကြောင့် လာတွေ့ပြီး ဆုံးမ စကားပြောတာဖြစ်မယ်ဆိုသော အတွေးပင်ဖြစ်သည်။ စိတ်ထဲမှာ သည်း လူကြီးတွေမသိအောင် ခိုးလုပ်ထားမိသဖြင့် ရှိန်ပြီးလန့်နေ သလို၊ အဖေအမေတို့ကိုပါ ပြောပြပြီးတိုင်ရင် ဒုက္ခပဲလို့လည်း ခိုးရိမ်ပူပန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လွင်ပြင်တစ်ယောက် ကျောပိုးအိတ်ကြီးလေးကို လိမ်ကျစ်ပြီး ဒေါ်ခင်နှင်းဦး ဘေးမှာ တိတ်ဆိတ်ငြိမ်သက်စွာ ပါလာသည်။ ဒေါ်ခင်နှင်းဦးက ကားကို ကျင်လည်စွာမောင်းရင်း —

"သမီး ဗိုက်ဆာလား၊ မုန့်စားဦးမလား"

"အိမ်ရောက်ရင် ထမင်းစားတော့မှာ အန်တီ"

ဒေါ်ခင်နှင်းဦးက ပြုံးလိုက်သည်။

"အမယ်လေးကွယ်၊ သမီးလွင်ပြင့် အကြောင်းမှ အန်တီ မသိရင် ဘယ်သူသိမလဲ။ သမီး ဘယ်တုန်းကများ ထမင်းဟင်းကို ဟက်ဟက်ပက်ပက် စားလို့လဲ။ မနက်စာလောက်ပဲ သေသေချာချာ စားတတ်တာ ညနေပိုင်းဆို မုန့်တွေအစုံ လျှောက်ဝယ်စားတော့တာပဲလို့ တင်တင် ပြောထားပါတယ်။ အန်တီလည်း သိပါတယ်ကွယ်၊ ငယ်ငယ်ကတည်းက အတူနေလာတာ။ ကိုယ့်မျက်စိအောက်တင် ကြီးလာတဲ့ ကလေးလေးပဲ။ အိမ်ပြန်ရောက်ရင် ထမင်းစားမှာလည်း မဟုတ်ဘဲနဲ့"

လွင်ပြင့်ကို တရင်းတနှီးပင် ပြောလိုက်သောအခါ လွင်ပြင်လည်း စိုးရိမ်ကြောင့်ကြနေတာတွေ ပျောက်ပြီး နည်းနည်း အသက်ရှူချောင်သလိုဖြစ်ကာ အဟီးခနဲ အသံထွက်အောင် ရယ်လိုက်မိလေသည်။





"လာ ... လက်ဖက်ရည်ဆိုင် ဝင်ထိုင်ပြီး မုန့်စားကြရအောင်၊ မုန့်မျိုးစုံရတဲ့ဆိုင်လေ"

စိတ်တိုင်းကျဟု အမည်ပေးထားသော လက်ဖက်ရည်ဆိုင်အကြီးကြီး တစ်ဆိုင်ရှေ့ ကားဝင်ရပ်လိုက်သည်။ လွင်ပြင်က ကျောပိုးအိတ်ကြီး တကားကားနဲ့ ဆင်းမယ်လုပ်သဖြင့် ဒေါ်ခင်နှင်းဦးက ...

"အိတ် ကားထဲမှာပဲ ထားခဲ့လေ သမီးရဲ့"

ဟု သတိပေးမှ အိတ်ပြန်ထားမိသည်။ အမြဲတမ်း တစ်ကားစီးကာ သွားလာနေရသူမို့ ကိုယ့်အိတ်ကို အမြဲရင်ခွင်ထဲ ကိုယ်နဲ့မကွာ လွယ်ထား၊ ရင်ဘတ်မှာ ပိုက်ထားရသည်မို့ အခုလည်း အကျင့်ပါပြီး ကားထဲကအဆင်းမှာ ကောက်လွယ်မိတာ ဖြစ်သည်။

"သမီး ဘာစားမလဲ"

"သမီး ပဲပလာတာပဲ စားမယ်"

"လက်ဖက်ရည် သောက်ဦးမလား"

"ဟုတ်ကဲ့"

"အန်တီကတော့ မုန့်ဟင်းခါး စားမယ်ကွယ်၊ မုန့်ဟင်းခါးတော့ ဘယ်ဆိုင်မှာစားစား ဘယ်အချိန်စားစား ကြိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရှိန်လည်း အဲဒီလိုပဲ၊ အန်တီနဲ့တူတာထင်တယ် မုန့်ဟင်းခါး သိပ်ကြိုက်တာပဲ၊ လမ်းဘေးမှာ အထမ်း ရောင်းတဲ့ မုန့်ဟင်းခါးလည်း စားချင်တယ်ဆိုပြီး စားတာ ပဲ၊ လွင်ပြင်ကတော့ မုန့်ဟင်းခါးမကြိုက်လို့ သူစားရင် လိုက်ထိုင်စောင့်ပေးရတယ်လေ"

လွင်ပြင်သည် အမှတ်မထင် မင်းဂုဏ်ရှိန်ကို သတိ ရသွားပြီး သူ့အကြောင်းတွေ ထည့်ပြောလိုက်မိလျှင် ဒေါ်ခင်နှင်းဦး ပြုံးပြီး နားထောင်နေသည်။

"စား ... စား ... ပလာတာ ပူတုန်းစားလိုက်ဦး၊ အေးသွား ရင် မကောင်းဘူး၊ ရင်ပြည့်နေမယ်"

"ဟုတ်ကဲ့ အန်တီ"

"သမီးအမေရော ဘယ်လိုလဲ၊ လေးဖက်နာဖြစ်လို့ သား ပြောပြလို့ သိတယ်"

"ဆရာဝန်က ပုံမှန်ဆေးထိုးဖို့ ညွှန်ကြားထားတယ် အန်တီ အမေပြောတော့ အဲဒီဆေးက ထိုးရင်သိပ်နာတာတဲ့။ အမေ ငယ်ငယ်တည်းက အာသီးခဏခဏရောင်တတ်တာ သေချာချာ ဆေးမသောက်ခဲ့လို့ အသက်ကြီးလာ လေးဖက်နာဝင်လာတာလို့ ပြောတယ်။ အခု ဆေးကုတာ ဆိုပေမဲ့ အမေက နှလုံးအပေါက်ကျဉ်းတဲ့ဘက်ပါ နည်းနည်း စ,ဖြစ်နေပြီလို့ ပြောတယ် အန်တီ။ ဒါကြောင့် အခုအ





အော်ဒါချုပ်တွေပါ နားထားလိုက်ပြီ၊ အမေလည်း သိပ်မ လုပ်နိုင်တော့ဘူး၊ အဖေကလည်း မလုပ်စေချင်တော့ဘူး။ နားစေချင်ပြီလေ"

"ဟုတ်တာပေါ့၊ ရှာနိုင်တုန်းကလည်း ရှာထားခဲ့ပြီးပြီ၊ နားနားနေနေ ဆေးကုတော့ပေါ့၊ သမီးလည်း ဆယ်တန်း မြန်မြန်အောင်အောင်လုပ်။ အဝေးသင်တက်ရင်း အလုပ် လုပ်နိုင်တာပေါ့"

"လွင်ပြင်လည်း အဲဒီလိုပဲ စိတ်ကူးထားပါတယ် အန်တီ"

"ဒါပေမဲ့ စိတ်ကူးက စိတ်ကူးပဲလေ၊ တကယ်လက်တွေ့ မှာလည်း အပြောနဲ့အလုပ် ညီအောင်လုပ်ပြနိုင်ရမယ် လွင်ပြင်ရဲ့"

လွင်ပြင်မှာ ကလေးသာသာ အရွယ်လောက်ပဲမို့ ဒေါ်ခင်နှင်းဦး ဘာကိုပြောချင်သလဲ ဆိုတာကို နားမလည်ချေ။ ခပ်ကြောင်ကြောင်လေး မျက်လုံးဝိုင်းကာ ပြန်ကြည့်နေသည်။ ဒေါ်ခင်နှင်းဦးကတော့ လွင်ပြင့် မျက်လုံးဝိုင်းလေးတွေကိုကြည့် ရင်း "အင်း ... ဒီကောင်မလေး မျက်လုံးတော့ တော်တော်လှတာ ပဲ၊ ဝိုင်းစက်ပြီး လက်ဖြာနေတာ" လို့ တွေးလိုက်မိ၏။ အဲဒီမျက်လုံး ဝိုင်းလေးတွေကိုပဲ သားက စွဲလမ်းနေသလား မသိ။

"ပညာသင်နေချိန်မှာ ပညာပဲသင်ပေါ့။ ကိုယ့်ပညာရေးကို ပဲ ကိုယ်အာရုံစိုက်ပေါ့။ ရည်းစားထားတာတွေ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်နဲ့၊ ဒါမှ ကိုယ်ရည်မှန်းထားတဲ့အတိုင်း ဆယ်တန်းကို တစ်နှစ်တည်းနဲ့ အောင်မှာ။ ဆယ်တန်းစာမေးပွဲဆိုတာမျိုးက နတ်ကြီးတယ် သမီး။ တချို့တွေ စာသိပ်တော်ပြီး ဆေးကျောင်းရဖို့ ကြိုးစားဖြေပေမဲ့ မရဘဲ ရိုးရိုးအောင်သွားတာတွေ ရှိတယ်။ တချို့ကျ သာမန်ဉာဏ်ရည်အဆင့်ပဲမို့ အောင်ရုံကြိုးစားပေမယ့် စာလည်းမှန်မှန်ကျက်ပေမဲ့ မအောင်တာတွေလည်း ရှိတယ်။ ဒီတော့ သမီးတို့၊ အန်တီ့သား မောင်ရှိန်တို့ဆိုတာက သာမန်အဆင့်နဲ့လူတွေ ဆယ်တန်းအောင်ဖို့ကို စိတ်နှစ်ပြီး တော်တော်လုပ်ယူရမယ်။ တခြားရည်းစားကိစ္စတို့ ဘာတို့ ခေါင်းထဲဝင်နေရင် ကျဖို့ပဲရှိတယ်"

လွင်ပြင် ကြောက်ပြီး ဒေါ်ခင်နှင်းဦးကို ရင်မဆိုင်ရဲစွာ ခေါင်းငုံ့နေမိလေသည်။

"အန်တီ သိပါတယ်၊ သမီးတို့ချင်း ရည်းစားဖြစ်နေကြတယ်ဆိုတာ"

လွင်ပြင့်ခေါင်း ပိုပြီးတော့တောင် ငုံ့သွားသည်။

"သမီး ဘာဖြစ်လို့ မောင်ရှိန့်ကို ကြိုက်တာလဲ၊ ပြောပါဦး"

လွင်ပြင်မှာ လှုပ်တောင်မလှုပ်ရဲသလို ဖြစ်နေသည်။

"ဖြေလေ ... သမီးရဲ့အန်တီ ဆူနေတာ မဟုတ်ပါဘူး၊ သိချင်လို့ မေးတာပါ"





"ဟို ... မသိ ... မသိဘူး အန်တီ"

"မောင်ရှိန်က ပိုက်ဆံချမ်းသာပြီး ရုပ်ချောလို့ သုံးနိုင်စွဲနိုင်လို့ သမီးကိုလည်း လက်ဆောင်လေးတွေ ဝယ်ပေးနိုင်လို့ သမီးစိတ်ထဲမှာ သာယာပြီး ကြိုက်သွားတာပါ၊ မိန်းကလေးဆိုတာ ဒီလိုပဲ ပိုက်ဆံချမ်းသာပြီး ကိုယ့်ကိုလက်ဆောင်များများ ဝယ်ပေးနိုင်ရင် သဘောကျတာပဲလေ"

"အဲဒီလို ... အဲဒီလို မဟုတ်ပါဘူး အန်တီ၊ ဟို ... သူနဲ့ သူနဲ့ ငယ်ငယ်တည်းက ခင်လာတာဆိုတော့ စိတ်ထဲမှာ ရင်းနှီးပြီး ပြန်ကြိုက်လို့ ရသွားတာပါ"

လွင်ပြင် မရှင်းတတ်၊ ရှင်းတတ်ဖြင့် ရှင်းပြမိသည်။ ဒေါ်ခင်နှင်းဦး ဘာတွေ လာစွပ်စွဲနေမှန်း မသိပေမဲ့ စိတ်ထဲမှာတော့ ပါဟာ မောင်ရှိန့်ကို ပိုက်ဆံမက်ပြီး ချစ်တာမှ မဟုတ်တာလို့ ဖြေရှင်းနေမိသည်။

"အန်တီကတော့ သဘောမတူနိုင်ဘူး"

"ရှင်"

"သမီးကို ချစ်ပေမဲ့ မောင်ရှိန်နဲ့ ပတ်သက်လာရင်တော့ ချစ်လို့မရနိုင်တော့ဘူး။ သမီး သူ့နားမှာ ရှိနေတာဟာ မောင်ရှိန့်တက်လမ်းကို ပိတ်နေစေတယ်လို့ မြင်တယ်၊ ဒါကြောင့် သမီးတို့ကို ခွဲထုတ်ပစ်လိုက်တာပဲ။ သမီးကိုလည်း ကိုယ့်မျက်စိအောက်တင် ကြီးလာတဲ့ ကလေးမို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့အကြံပေးရရင် ခုလောလောဆယ် ရည်းစားမ ထားနဲ့။ ဆယ်တန်းပဲ အရင်အောင်,အောင်လုပ်လိုက်ဦး ဆယ်တန်းအောင်ပြီးတာတောင်မှ သမီးဘဝက အချစ်ရေး ကို ဦးစားပေးရမဲ့ ဘဝမျိုး မဟုတ်ဘူး၊ မိဘက ဘာမှ ကျောထောက်နောက်ခံ မရှိဘူး။ အမေဆိုတာကလည်း အသက်က မကြီးသေးဘူး၊ ကျန်းမာရေးက ခုတည်းကစပြီး မကောင်းတာမျိုး ဖြစ်နေပြီ။ ဒီတော့ မိဘကို ပြန်ရှာရွေ ကျွေးမွေးရမှာတွေရှိတယ်၊ ရုန်းကန်ရမှာတွေ ရှိတယ်”

ဒေါ်ခင်နှင်းဦး စကားတွေက ကိုယ့်အပေါ် နှိမ် သလိုလို အပြောမျိုးတွေဆိုတာ လွင်ပြင် ခံစားလို့ရလာသည်။ ရင်ထဲမှာ စိတ်မကောင်းဖြစ်ပြီး နာလာသည်။ သဘောက ငါတို့ က ပိုက်ဆံရှိတယ်။ ချမ်းသာတယ်။ နင်တို့က ပိုက်ဆံမရှိဘူး မွဲတယ်။ သာမန်လူတန်းစား ဖြစ်နေတယ် မတူဘူးလို့ နှိမ်ပြီး ပြောနေတဲ့ သဘောတွေ ပါနေတာ။

“ကိုယ်က ပိုက်ဆံမချမ်းသာလို့ ပိုက်ဆံချမ်းသာတဲ့ ကောင် လေးတစ်ယောက်ကို အပိုင်ကပ်ထားလိုက်မယ်ဆိုတဲ့ စိတ် မျိုးလည်း မမွေးမိစေနဲ့ပေါ့”

“အန်တီ အဲဒီလို မပြောပါနဲ့၊ မောင်ရှိန့်ကို ပိုက်ဆံချမ်း သာလို့ ကပ်ထားတာ မဟုတ်ပါဘူး၊ လွင်ပြင့်စိတ်ထဲမှာ ရှင်းပါတယ်၊ သူ့ကိုခင်လို့ သံယောဇဉ်ဖြစ်လို့ပါ”





လွင်ပြင် စိတ်နာနာဖြင့် တစ်ခွန်းတော့ ချေပမိလိုက် လေသည်။

“မောင်ရှိန်က သမီးဘဝနဲ့ မတူဘူးလေ၊ သူ့မှာ တက်လမ်း တွေ အများကြီးရှိတယ်။ သူ့ဘဝရဲ့တက်လမ်းတွေ ရဖို့ အန်တီတို့က ငွေကို တံတားခင်းပြီး သွားနိုင်တယ်၊ ဒါကြောင့် သမီးနဲ့သူ ခွဲကိုခွဲပစ်ရမယ်၊ အန်တီ နောက်ဆုံး ပြောချင်တာက သမီး မောင်ရှိန့်ကို ဆက်သွယ်ဖို့ မကြိုး စားပါနဲ့၊ ကြိုးစားရင် အန်တီကိုယ်တိုင် သမီးမိဘတွေကို လာတိုင်ရလိမ့်မယ်”

မိဘတွေ လာတိုင်မယ်ဆိုတော့ လွင်ပြင် လန့်သွား သည်။ အဖေသိလျှင် ရိုက်သွားမည်။ အမေသိလျှင် စိတ်မကောင်း ဖြစ်ကာ ရောဂါပိုဆိုးလာနိုင်သည်။ အမေ့ရောဂါက ဆရာဝန်ပြော ထားသလို နားနားနေနေလည်းနေကာ စိတ်လည်းချမ်းသာနေမှ ဖြစ်တာတဲ့။

“လွင်ပြင်ကတော့ ကိုယ့်ကို သဘောမတူတာ ခံရရင် ဘယ်တော့မှ ဆက်သွယ်မှာ မဟုတ်ပါဘူး”

“အေး … အေး … ကောင်းပါတယ်၊ အဲဒီလို စိတ်ဓာတ် မျိုးကိုပဲ ကြိုက်ပါတယ်”

“ဒါပေမဲ့ မောင်ရှိန် ဆက်သွယ်လာရင်တော့ လွင်ပြင့်ကို အဆိုးမဆိုနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... ညည်းကများ"

ဒေါ်ခင်နှင်းဦး ရင်ထဲမှာ မျက်ခန် ဖြစ်သွားပြီး ထိုသို့ပြန်ပြောမိသည်။ ကလေးက အလာကြီးပဲ။ စကားပြောတတ်လိုက်တာ ကိုယ့်သားကိုယ် နိုင်အောင်ထိန်းဆိုတဲ့ စကားကိုသွယ်ဝိုက်ပြီးပြောတဲ့ သဘောပဲ။

"စိတ်ချ ... စိတ်ချ ... မောင်ရှိန်ကလည်း အမေ့စကားသိပ်နားထောင်တဲ့သားပါ။ သူ ဘယ်တော့မှ ဆက်သွယ်မလာစေရဘူး စိတ်ချ။ သမီးလည်း ကိုယ့်စကားကိုယ်တည်၊ အန်တီလည်း ဒီလူနဲ့ ဒီလူတွေကြားမှာ အမုန်းမပွားချင်ဘူး။ ဒီတော့ ဒီလောက်နဲ့ပဲ ဆွေးနွေးတာ ရပ်ကြရအောင်"

အဲဒီနောက်ပိုင်းမှာ လွင်ပြင်ဟာ တစ်ဦးတည်းအထီးကျန်စွာ ဆယ်တန်းကျူရှင်တွေကိုတက်ရင်း၊ မောင်ရှိန်ဆိုတဲ့ ရည်းစားလေးကို သတိရတမ်းတရင်းနဲ့ ဆယ်တန်းကိုတော့ အောင်,အောင်ဖြေနိုင်ခဲ့ပါသည်။

ထို့အတူ ဒေါ်ခင်နှင်းဦး အာမခံခဲ့သလိုပါပဲ။ မောင်ရှိန်ဟာလည်း လွင်ပြင့်ကို တစ်ချက်လေးမှတောင် ဆက်သွယ်မလာပါဘဲ အသံတိတ်သွားလိုက်တာ၊ ဆယ်တန်းအောင်စာရင်းထွက်တဲ့အထိပါပဲ။ ဘာကြောင့် အဲဒီလို ပြောရသလဲဆိုတော့ ဆယ်တန်းမအောင်ခင်အထိ အသံတိတ်နေတဲ့ မောင်ရှိန်ဟာ ဆယ်တန်းအောင်စာရင်းထွက်ပြီး သိပ်မကြာ၊ အောင်ပြီးလို့ သိပ်မကြာ။





ရုပ်ရှင်ဗီဒီယိုမင်းသား လုပ်တော့မည်ဆိုသော သတင်းတွေ၊ ကြော်ငြာတွေနဲ့ လှုပ်လှုပ်ရှားရှား အသံပြန်ကြားရလို့ပါ။ လွင်ပြင့်ဆီ သူဆက်သွယ်လာတာ မဟုတ်ဘဲ မဂ္ဂဇင်းတွေ ဂျာနယ်တွေကတစ်ဆင့် မင်းဂုဏ်ရှိန်ဆိုတဲ့ အသံကို ပြန်ကြားလာခဲ့ရလို့ပါ။

လွင်ပြင် အရင်ဆုံးသိတာ မဟုတ်ဘဲ လမ်းထဲမှာရှိတဲ့ အိမ်နီးချင်းမိတ်ဆွေ အပေါင်းအသင်းတွေက တစ်ဆင့်သတင်းကြားရတာပါ။

"ဟယ် ... ဒီကောင်လေးက မောင်ရှိန် မဟုတ်လား၊ ငါတို့ လမ်းထဲမှာ နေသွားတဲ့ ကောင်လေးတော့။ ဗီဒီယိုမင်းသားတောင် လုပ်တော့မယ်တဲ့"

ဆိုသော သတင်းတွေ ရပ်ကွက်ထဲမှာ အတော်ပျံ့လာမှ အဖေတို့လည်းသိ၊ လွင်ပြင်လည်း သိရတာဖြစ်သည်။

လွင်ပြင်မှာ ကြော်ငြာဓာတ်ပုံတွေထဲမှာ တွေ့ရသောအပြောင်းလဲကြီး ပြောင်းလဲနေတဲ့ သူ့ရုပ်သွင် ချောချောကိုသာ အလွမ်းပြေကြည့်လျက် တိတ်ဆိတ်နေခဲ့ရတော့လေသည်။

သို့သော် အသက်နှစ်ဆယ်လောက်အရွယ်ကို ရောက်လာသောအခါမှာ ဆယ့်ခြောက်နှစ်လောက်အရွယ်က ထားခဲ့ဖူးသော ငယ်ကျွမ်းဆွေ ရည်းစားလေးတစ်ယောက်အကြောင်းကို ပြန်တွေးကြည့်တဲ့အခါမှာ ရင်ထဲတွင် သိပ်မခံစားရတော့သလိုသော့ ဖြစ်လာခဲ့သည်။ ဖျတ်ခနဲလိုလို သူ့ကို သတိရတတ်ပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သတိရတိုင်းလည်း ရင်ထဲမှာ ထူးထူးခြားခြား ဝမ်းနည်းမနေတော့တာကို သတိထားမိလာသည်။

ဪ ... သူဟာ ငါနဲ့ရည်းစားဖြစ်ခဲ့ဖူးပါလား ဆိုတာကို တွေးမိရင်တောင် သံသယ ဖြစ်လာသည်။ ငါတို့ တကယ်ရော ချစ်ခဲ့ကြတာ ဟုတ်ရဲ့လား။ စိတ်ကစားတဲ့အရွယ်မှာ အနေနီးစပ်တဲ့သူကို ရင်ခုန်ပြီး ချစ်တယ်လို့ သတ်မှတ်မိလိုက်ကြတာလား။ ဒါမှမဟုတ် အနေဝေးပြီး သွေးအေးသွားလို့ ရင်ထဲမှာထည့်လို့မရတော့တာပဲလား။

အဲဒီလိုပဲ မင်းဂုဏ်ရှိန်ဖြစ်နေတဲ့ မောင်ရှိန်ဟာလည်း သုံးနှစ်ခွဲကျော်ကျော်လောက် အဆက်အသွယ်လည်း မလုပ် တစ်ချက်မှကို လာတွေ့ဖို့ မကြိုးစားဘဲ ပျောက်ချက်သားကောင်းသွားခဲ့တာဟာ သူလည်း ငါ့လိုပဲ တဖြည်းဖြည်း မေ့ပျောက်လာနိုင်ခဲ့လို့လား။ သူလည်းပဲ စိတ်ကစားပြီး ငါ့ကိုချစ်တယ် ပြောတာလား။ ရည်းစားထားချင်တဲ့ အရွယ်လေးတွေမို့ ရည်းစားထားကြည့်ခဲ့သလား။

ဆိုသော သို့လော သို့လော သံသယတွေနဲ့ လွင်ပြင်ဟာ တိတ်ဆိတ်အေးငြိမ်စွာနဲ့ပဲ သူမရဲ့ သမားရိုးကျ နေ့စဉ်ဘဝတွေကို ရင်ဆိုင်ဖြတ်သန်းလာခဲ့တော့တာ ဖြစ်ပါသည်။

❦ ✻ ❦





# အပိုင်း(၃)

## (၂၀၀၈)ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

မရောက်တာ ကြာလှပြီဖြစ်သော လမ်းထဲကို ကား ချိုးကွေ့ ဝင်လိုက်ပါသည်။ လမ်းက သိပ်အများကြီး အပြောင်း အလဲတော့ မရှိသေး။ ပြောင်းလဲတာဆိုလို့ လမ်းထိပ်မှာ တစ်လုံး တည်းကျန်တဲ့ အိမ်အစုတ်ကြီးကို သားနားခဲ့ထည်တဲ့ ကန်ထရိုက် တိုက်ကြီး ပြောင်းဆောက်လိုက်တာပဲ ရှိသည်။ အရင်တည်းက လည်း ကန်ထရိုက်တိုက်ခန်း အများစု ရှိပြီးသားလမ်းမို့ လမ်းက ပိုပြီးပြောင်းလဲသွားတာမျိုး မရှိတော့ပါ။

ငါးနှစ်နီးပါး နေခဲ့တဲ့လမ်းထဲ ဖြတ်မောင်းလာပြီး လမ်းအလယ်ကောင်လောက်မှာရှိတဲ့ အရင်နေခဲ့တဲ့ တိုက်ခန်းလေး ကို ကြိုပြီးမော့ကြည့်မိသည်။ အိမ်မှာ လူသစ်တွေ ရှိနေပါမည်။ ဒါဖြင့် အဲဒီအိမ်ခန်းမှာ လွင်ပြင်နဲ့ရှယ်တူကောင်လေးများ ပါနေ မလား။ မင်းဂုဏ်ရှိန် အမှတ်မထင် တွေးလိုက်မိသောအခါ ရင် ထဲတွင် မနာလိုသလိုလို၊ စိုးရိမ်သလိုလိုပင် ဖြစ်သွားမိ၏။





လွင်ပြင် ... ...။ ... ... ...။

လို့ ရင်ထဲမှာ ထိုနာမည်ကို ခေါ်လိုက်မိပြီး လွင်ပြင် ...နေရာ အထပ်ကို မော့ကြည့်မိလိုက်သည်။ တံခါးပိတ်ထားတာ ...ရပြီး လူရိပ်လူယောင်တောင်မရှိ။ တိတ်ဆိတ်ငြိမ်သက်နေ ...လို့ပဲ။ မင်းဂုဏ်ရှိန်သည် ကားကို နှစ်ခေါက်လောက် ခေါက်တုံ့ ...ခါက်ပြန် မောင်းလိုက်မိသည်။ နောက်တော့ မနေနိုင်တော့တာ ... ကားဒက်(ရှ်)ဘုတ်ထဲမှာ အမြဲအသင့်ပါသော ရုပ်ဖျက်ပစ္စည်း ...ကို ထုတ်ယူပြီး ရုပ်အသာဖျက်လိုက်ပါသည်။

မင်းဂုဏ်ရှိန်၏ နဂိုဆံပင် ခပ်တိုတိုပေါ်မှာ ခပ်ပျော့ ...နဲ့ မိန်းမဆန်သော ဆံပင်ဖြောင့်တစ်စုံ စွပ်ချလိုက်သည်။ ...တော့ နေကာမျက်မှန်ကို မချွတ်ဘဲ တပ်လျက်သား ကားပေါ် ... ဆင်းလိုက်ပါသည်။ မင်းဂုဏ်ရှိန် ဆိုတဲ့သူဟာ တကယ့်စူပါ ...င်းသားတော့ မဟုတ်သေးပေမဲ့ ပရိသတ် တော်တော်သိနေတဲ့ ...င်းသား၊ ဈေးကွက်ဝင်လာတဲ့ မင်းသား၊ ဘယ်နေရာ ဘာပွဲမှာ ...ို ဝင်ပါနေတဲ့ မင်းသားလည်း ဖြစ်နေတာမို့ ဒီရုပ်ကြီးကတော့ ...သိများပြီး ရင်းနှီးနေပြီဖြစ်သဖြင့် ရုပ်မဖျက်ချင်လို့လည်း မရ ...တော့။

မင်းဂုဏ်ရှိန် ဆင်းလိုက်ပြီး လွင်ပြင်တို့အခန်းကို ...ခပ်ပြေပြေထောက်ရင်း မော့ကြည့်နေစဉ် ...

"ဘယ်သူ့လာရှာတာလဲ လူကလေး"



www.burmeseclassic.com

www.burmeseclassic.com



ဟု အောက်ဆုံးထပ် မြေညီထပ်အခန်း၏ အိမ်ထဲမှာ ပက်လက်ကုလားထိုင်တစ်လုံးဖြင့်ထိုင်ကာ အပြင်ကိုစပ်စုကြည့်နေသော အဘွားကို တွေ့ရသည်။ ဟာ ... မှတ်မိပြီ။ ဒါ အဘွားကြည်ပဲ။ မှတ်မိသေးတယ်။ အရင်ကတော့ အိမ်ရှေ့လေးမှာ တံမြက်စည်း လှည်းလိုက်၊ ရေဖျန်းလိုက်၊ စာကလေးတွေ ခိုတွေကို ဆန်ကွဲပစ်ကျွေးလိုက်။ လွင်ပြင်နဲ့ မင်းဂုဏ်ရှိန်တို့ ဆိုက်ကားနဲ့ ကျောင်းသွားကြရင် သဘောတကျကြည့်ပြီး ...

"ငါ့မြေးနှစ်ကောင်ကတော့ နေ့တိုင်း မာစီဒီး(စ်)စီးပြီး ကျောင်းသွားတာဟေ့။ ဟဲ့ ... လှအောင်၊ ကလေးတွေပါတယ်နော်၊ ဆိုက်ကား ဂရုစိုက်နင်းဦး"

ဟု လှမ်းလည်းနှုတ်ဆက်၊ ဆိုက်ကားနင်းတဲ့ ဦးကြီးကိုလည်း နာမည်ခေါ်ပြီး သတိပေးလားပေးရဲ့။

အခုတော့ အဘွားက ပိုပြီး အိုမင်းသွားပြီ။ ဆံပင်တွေလည်း တစ်ခေါင်းလုံး ဖွေးနေပြီ။ တံမြက်စည်းလည်းမလှည်းနိုင်တော့ဘူး။ ငှက်လည်းမကျွေးနိုင်တော့ဘူး ထင်တယ်။ မင်းဂုဏ်ရှိန် ချစ်စနိုးနဲ့ အဘွားကို ပြန်ကြည့်နေစဉ် အဘွားက မျက်မှန်ဝိုင်းလေး ကောက်တပ်ပြီး တုန်တုန် တုန်တုန်နဲ့ ထ,လာသည်။ အဘွားကတော့ မင်းဂုဏ်ရှိန်ကို ဘယ်လိုလုပ် မှတ်မိမလဲ။ မတွေ့တာကြာလှပြီ။ မင်းဂုဏ်ရှိန် နဂိုရုပ်နဲ့ရုပ်လည်း အဘွား သိမှာမဟုတ်ဘူး။





"ဟိုကြည့် ဒီကြည့်နဲ့မို့ မေးတာကွယ်၊ လူကလေး ဘယ်သူ့လာရှာလဲလို့ပါ"

"ဩော် ... ဟို ... လွင်ပြင်တို့အခန်းကို ကြည့်နေတာပါ၊ တံခါးပိတ်ထားတာတွေ့လို့"

"လွင်ပြင့် မိတ်ဆွေလား"

"ငယ်သူငယ်ချင်းပါ၊ မတွေ့တာကြာလို့ ခဏဝင်လည်မလို့ပါ ခင်ဗျာ"

"လွင်ပြင် မရှိဘူးကွယ့်၊ ဆေးရုံမှာ"

"ခင်ဗျာ ... သူ ... သူ ဘာဖြစ်လို့လဲ"

မင်းဂုဏ်ရှိန် ရင်ထဲမှာ ဒိန်းခနဲ အသံကျယ်ကြီးပင် ထွက်သွားသလို ခံစားရသည်။

"သူ ဘာမှမဖြစ်ပါဘူး၊ သူ့အမေပါ တင်တင်လေ ... တင်တင်၊ နှလုံးခွဲစိတ်ရတယ်လေ၊ ရန်ကုန်ဆေးရုံကြီးမှာ။ မခွဲခင် ဆေးရုံတင်ထားရတာလည်း အကြာကြီးပါပဲ။ ခွဲပြီးတော့လည်း ခုထိ ဆေးရုံမှာ။ လွင်ပြင့်ခမျာ ပင်ပန်းတာပေါ့၊ အလုပ်နဲ့ အိမ်နဲ့ ဆေးရုံနဲ့ ပြေးနေရတယ်။ လွင်ပြင့်အဖေရော သိလား၊ ဦးသက်အောင်လေ။ မောင်သက်အောင်လည်း ကုမ္ပဏီအလုပ်တစ်ဖက်နဲ့ ပင်ပန်းရှာတာပါပဲ၊ အဘွားတို့လည်း အိမ်ကိုစောင့်ကြည့်ပေးရုံကလွဲရင် ပိုပြီးမကူနိုင်ကြပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အဘွားက အဘွားတွေရဲ့ ထုံးစံအတိုင်း စကားရှေ့ အတောမသတ် ပြောနေတော့သည်။ မင်းဂုဏ်ရှိန်သည် ဟိုးလွန် ခဲ့တဲ့ တစ်လလောက်က မြို့ထဲမှာ ရေးကြီးသုတ်ပျာနဲ့ သွားနေတဲ့ လွင်ပြင့်ကို တွေ့တုန်းက အကြောင်းအရာကို ဖျတ်ခနဲ ပြန်သတိ ရသွားပါသည်။ အဲဒီတုန်းက လွင်ပြင် တက္ကစီငှားတော့ "ရန်ကုန် ဆေးရုံကြီးကို"ဟု ပြောပြီး ငှားတာကို သတိထားမိလိုက်သည်။ ဪ ... လွင်ပြင်ရယ်၊ အဲဒီတည်းက အန်တီ့ကို ဆေးရုံတင်ထား ရတာလား။ ဖြစ်ရလေ လွင်ပြင်ရယ်။ လွင်ပြင် တော်တော့်ကို ပင်ပန်းပြီး စိတ်လည်းရှုပ်နေမှာပဲ။ စိတ်အားလည်း ငယ်နေမှာ နော်။ အားပေးကူညီခွင့် ရချင်ပါတယ် လွင်ပြင်ရယ်။

ရင်ထဲမှာသာ လွင်ပြင့်ကို ရင်းနှီးနေဆဲပေမဲ့ လွင်ပြင် ကရော သူ့အပေါ် ရင်းနှီးပါသေးရဲ့လား။ လွင်ပြင့်မှာ ချစ်သူတွေ ဘာတွေ ရှိနေပြီလား။ ဆယ်တန်းအရွယ်က ရှိခဲ့ဖူးတဲ့ ရည်းစား တစ်ယောက်ကို ဘယ်သူကများ စိတ်ထဲမှာ စွဲစွဲမှတ်မှတ် ထည့် ထားပြီး သတိရပါ့မလဲ။

"လူကလေး တွေ့ချင်ရင် ညဦးပိုင်းမှ ပြန်လာခဲ့လေ၊ သူ တို့သားအဖ အဲဒီအချိန်ကျမှ ပြန်ရောက်လာကြတယ်။ တင်တင့်ကိုတော့ ညစောင့် စပါယ်ရှယ်လ်နာ့(စ)နဲ့ထားခဲ့ ကြတယ်"





"ဟုတ်ကဲ့ပါ အဘွား၊ ဪ ... ဒါနဲ့ အဘွား ကျွန်တော့် ကို မမှတ်မိဘူးလား"

အဘွားက မျက်မှန်ဝိုင်းလေးကို သေသေချာချာ ဆပ်ပင့်ပြီး မေးကလေးမော့ကာ သံပန်းတံခါးကို မျက်နှာကပ် ကြည့်ပါသည်။

"မမှတ်မိပါဘူးကွယ်၊ လူကလေးက ဘယ်သူများပါလိမ့်"

"ကျွန်တော် ဒီလမ်းထဲမှာပဲ နေသွားတာလေ"

"ဟုတ်လား"

"ဒီမျက်နှာချင်းဆိုင်တိုက်ကပဲ၊ လွင်ပြင်တို့နဲ့ မျက်နှာချင်း ဆိုင်အခန်းမှာ နေသွားတာ"

"လွင်ပြင်နဲ့ ရွယ်တူတစ်ယောက်ရှိတဲ့ မိသားစုထဲကလား"

"ဟုတ်တယ် အဘွား"

"အဲဒီတိုက်ခန်းကို လူသစ်ချည်းပဲ သုံးဦးလောက်ပြောင်း နေသွားတာမို့ အဘွား လူတွေကို သိပ်မမှတ်မိတော့ဘူး၊ လွင်ပြင်နဲ့ ရွယ်တူကလေးပါတဲ့ မိသားစုတောင် တော်တော် ကြာကြာကလေးနေသွားလို့ မှတ်မိတာ။ လူကလေးက အဲဒီကလေးတစ်ယောက်ပဲလား"

"ကျွန်တော် မောင်ရှိန်လေ"

ဒီလမ်းထဲမှာ မင်းဂုဏ်ရှိန်ကို မောင်ရှိန်လို့သာ အသိများပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ... မောင်ရိုန်၊ မောင်ရိုန်။ မင်း တော်တော်ကြီး လာတာပဲ။အခု ဘာလုပ်နေလဲ"

မင်းဂုဏ်ရိုန်မှာ ရီးသားလှသော အဘွားကို ချစ်စနိုး ကြည့်မိရင်း ...

"ရုပ်ရှင်မင်းသား လုပ်နေပြီလေ အဘွားရဲ့။ သတင်းစ ကြားဘူးလား"

လို့ အမှန်အတိုင်းပဲ ဝန်ခံရင်း ပြောပြလိုက်မိ၏။ အဘွားက အံ့သြဟန်လည်းမပြ။ ဝမ်းသာဟန်လည်းမပြ။

"သြော် ... သြော် ... ဟုတ်လား၊ အေးကွယ်၊ အဘွားမ သိပါဘူး၊ ဗီဒီယိုရုပ်ရှင်ကြည့်တာတို့၊ မဂ္ဂဇင်းဖတ်တာတို့ အဘွား မလုပ်ဖြစ်တာကြာပြီ။ ရှိတဲ့မျက်မှန်လေး ပါဝါထပ် တိုးမှာစိုးလို့ တရားစာအုပ်ဖတ်ဖို့ ချွေတာပြီး ထားရတယ် လေ"

"အဘွား နေကောင်းတယ် မဟုတ်လား"

"တစ်နေ့ရွှေ၊ တစ်နေ့ငွေပါပဲ၊ အိမ်ထဲဝင်ထိုင်ပါဦးလား လူကလေး"

"မထိုင်တော့ပါဘူးအဘွား။ ကျေးဇူးတင်ပါတယ်၊ ကျွန်တော် လွင်ပြင့်အမေကို သတင်းသွားမေးချင်လို့ ဘယ် ward မှာ လဲဆိုတာ အဘွား သိများသိသလား ခင်ဗျာ"

"အဘွား မသိဘူး လူကလေးရယ်"





"ရပါတယ်၊ ကျွန်တော် နောက်ထပ်၊ထပ်လာပြီးမှ သတင်း မေးတော့မယ်လေ"

"အေး ... ကောင်းပါပြီကွယ်"

"သွားခွင့်ပြုပါဦး ခင်ဗျာ"

အဘွားက ခေါင်းလေးတညိတ်ညိတ်ဖြင့် သံပန်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း မင်းဂုဏ်ရိုန် ကားမောင်းထွက် သွားတာကို ရုပ်ကြည့်ပြီး ကျန်ရစ်ခဲ့၏။

မင်းဂုဏ်ရိုန်သည် ခုတလောမှ ဘာဖြစ်လာသလဲ တော့မသိ။ ဒီလမ်းထဲ ပြန်ရောက်ရတာရော ငယ်ငယ်က သူနဲ့ လွင်ပြင်ကိုချစ်တဲ့ အဘွားကို ပြန်တွေ့ရတာရော ပေါင်းပြီး လွမ်းစရာတွေ စုပုံလာသလို ခံစားလာရသည်။

လွင်ပြင် ပြောပြတဲ့ အချိန်ကာလ သုံးနှစ်ခွဲတုန်းက ငါ ဘာလို့ ဒီလိုသတိရမိတာတွေ၊ လွမ်းမိတာတွေ သိပ်မဖြစ်ခဲ့ တာလဲ။ ဘာကြောင့် အတိတ်မေ့ဝေဒနာ ခံစားရသူလို မေ့နေလို့ ရတာလဲ။ ဘာကြောင့် ခုတလောမှာမှ လွင်ပြင့်ကို တအားသတိရ တာရော၊ တွေ့ချင်စကားပြောချင်တာရော၊ လွင်ပြင့်ဆီက အသိ အမှတ်ပြုမှုကို ခံစားချင်တာရော ပေါင်းပြီး လှုပ်လှုပ်ရှားရှား ဖြစ် လာရသလဲ။ သုံးနှစ်ခွဲလုံးလုံး ငြိမ်သက်နေတဲ့ နှလုံးသားဟာ အခုမှ ပြန်ပြီးရှင်သန်နိုးထလာသလိုပါပဲ လွင်ပြင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မင်းဂုဏ်ရှိန်ဟာ ကိုယ့်ကိုယ်ကိုယ် ကိုယ် မပိုင်သူ၊ ကိုယ့်ဆုံးဖြတ်ချက်ကို ကိုယ့်ဘာသာ ချခွင့်မရှိသူပီး နောက်နေ့မှာ လွင်ပြင့်ကိုတွေ့ဖို့ ထပ်လာချင်သော်လည်း လာ ခွင့်မရတော့ပြန်။ တစ်လမှာ ရှားရှားပါးပါး တစ်ရက်၊ နှစ်ရက် လောက်သာ အားရက်ရသည်ဖြစ်ရာ ထိုတစ်ရက် အားပြီးတာနဲ့ နောက်တစ်နေ့မှာ ရိုက်ကွင်းရောက်နေရတော့လေသည်။ မေမေ့ ပြောစကားအရတော့ ...

"ကိုယ်က နာမည်ရလာလို့ တခြားကုမ္ပဏီတွေကပါ ခေါ် ရိုက်ချင်တဲ့ အခွင့်အရေးကို ယူတတ်ရမယ်၊ မင်းဂုဏ်ရှိန် ကို ကမ္ဘာမြေကုမ္ပဏီရဲ့တိုက်ပိုင်မင်းသားအဖြစ် မထားဘူး ဆိုတာ သိစေချင်လို့ သူတို့လာကမ်းလှမ်းတာကို မေမေ လက်ခံလိုက်ပြီ။ သားဘက်က အကောင်းဆုံးဖြစ်အောင် လုပ်ပေးလိုက်ပါ၊ ဒီလောကမှာက နေရာတစ်နေရာခိုင် သွားဖို့ပဲလိုတယ်။ နေရာရသွားပြီးရင် မင်းဂုဏ်ရှိန် ဘာကြီး ပဲ လုပ်ပြနေနေ ကြိုက်တဲ့သူတွေက စွတ်ပြီးကြိုက်နေကြ တာ"

ဟူ၍ မေမေပဲ သူ့ကိစ္စတွေကို မန်နေဂျာလုပ်ချုပ် ကိုင်ကာ ရိုက်စရာကားတွေ တန်းစီပြီး Date တွေအပြည့် ချိတ် ပေးထားသည်မို့ မေမေ့အစီအစဉ်အတိုင်း အချိန်ဇယားကြည့်ပြီး ရိုက်ကွင်းရောက်ရလေသည်။





တစ်ပတ်ပြီးတစ်ပတ်၊ တစ်ကားပြီးတစ်ကား ပြီးသွား သောအခါ တစ်လကျော်လောက် ပြန်ဝေးသွားရပြန်သည်။ ဒါပေမဲ့ အရင်တုန်းကလို လွင်ပြင့်ကို လုံးလုံးလျားလျား မေ့သွားတာမျိုး မဟုတ်ဘဲ အချိန်တိုင်း၊ စက္ကန့်တိုင်းလိုလို သတိရနေမိသည်။

သြော် ... ဒီအချိန်ဆို သူ ဘာလုပ်နေမလဲ။ ဘယ် သွားနေမလဲ။ အန်တီ ဒေါ်တင်တင် ဆေးရုံက ဆင်းပြီလား။ သက်သာသွားပြီလား။ အရင်လုပ်နေတဲ့ ကုမ္ပဏီမှာပဲ အရောင်း အရေး ဝင်လုပ်တုန်းလား။ လွင်ပြင့်မှာ ရည်းစားရှိနေလား။ ရည်းစားရှိရင် အဲဒီကောင်က လွင်ပြင့်ကို အလုပ်သွား အလုပ်ပြန် လိုက်ပို့ လိုက်ကြို လုပ်မှာလား။ လွင်ပြင်ကရော ငါ့ကိုသတိရ တတ်လား။ အိမ်အောက်ထပ်က အဘွားများ ပြန်ပြောပြမိရင် လွင်ပြင် အံ့သြသွားမလား။

မင်းဂုဏ်ရှိန်မှာ စိတ်ကတခြား။ လူကတစ်နေရာ ရောက်သလို ဖြစ်နေသည်။ မေမေ့ကိုလည်း လွင်ပြင်နဲ့ ပြန်ဆုံ ကြောင်း ပြောလည်းပြောချင်။ ပြောလည်းမပြောရဲ။ မေမေ့စိတ်က လွင်ပြင့်အပေါ်မှာ ဘယ်လိုထားခဲ့သလဲ ဆိုတာကို ခုချိန်မှာ မင်း ဂုဏ်ရှိန် မခန့်မှန်းတတ်တော့ပါ။ ဆယ်တန်းလောက်တုန်းက တော့ မေမေဟာ လွင်ပြင့်ကို ချစ်တယ်။ လိုလားတယ်လို့ သေ ချာပေါက် ထင်ခဲ့မိပေမဲ့ ထိုအထင်က မှားခဲ့ဖူးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ခုလို မင်းဂုဏ်ရှိန်ရဲ့ဘဝအနေအထားက အစစအရာရာ ပြောင်းလဲနေသော ကာလမှာ မေမေ့ရဲ့စိတ်ဓာတ်က ပိုပြီးပြောင်းလဲမနေဘူးလား။

"သားက အခုဆို သာမန်လူမဟုတ်တော့ဘူး၊ လူတိုင်းသိတဲ့ အနုပညာရှင် ဖြစ်နေပြီ။ ဒီတော့ သားက တော်ရုံတန်ရုံ မိန်းကလေးကို ရွေးလို့ကိုမရတော့ဘူး။ ရည်းစားထားမယ်ဆိုလည်း သေသေချာချာရွေးနော်"

ဟုပင် မေမေက ကြိုပြီးညွှန်ကြားထားဖူးလေသည်။

မင်းဂုဏ်ရှိန်သည် လွင်ပြင့်ဆီ တစ်ရက်တော့ သွားကိုသွားမည်ဟု အားခဲထားခဲ့ပေမယ့် ဖြစ်ချင်တော့ ဂျပန်မှာသွားအလုပ်လုပ်နေတဲ့ အစ်ကိုကြီးနဲ့ မမက ဒီကိုအပြီးပြန်လာတာနဲ့ကြုံလေရာ မိသားစုပြန်လည်တွေ့ဆုံရသဖြင့် နားရက်တွေမှာဘယ်မှကို သွားခွင့်မကြုံတော့။

မိသားစုဆုံကြတုန်း အပန်းဖြေခရီးဆိုပြီး ငွေဆောင်မှာသွားအနားယူကြလေရာ အဲဒီမှာတင် လေးရက် အချိန်ကုန်သွားပါသည်။ အစ်ကိုကြီးရော မမပါ ဂျပန်မှာ အလုပ်အတူလုပ်ခဲ့ကြသော မြန်မာအချင်းချင်းထဲကပင် ဖူးစာဖက်တွေ ရှာတွေ့လာခဲ့ကြသည်မို့ ရှေ့ဆင့်နောက်ဆင့် မင်္ဂလာပွဲတွေ ကျင်းပဖို့လည်း ရှိလေရာ ဖေဖေနဲ့ မေမေက ...





"မိသားစုလေး သီးသန့်ဖြစ်တုန်း တစ်ခါမှ အပန်းဖြေခရီး မသွားဖူးဘူး။ အခု သွားရမယ်၊ နောက်ဆို သားကြီးရော သမီးပါ ကိုယ့်အိမ်ထောင်နဲ့ ကိုယ့်မိသားစုနဲ့ ဖြစ်တော့မှာလေ"

ဟူ၍ သားသမီးတွေကို စည်းရုံးခဲ့သဖြင့် သူတို့ကပါ မိဘတွေရဲ့အစီအစဉ်ကို သဘောတူပြီး ငွေဆောင်ကို မိသားစုသီးသန့်ထွက်တာမို့ မင်းဂုဏ်ရှိန်ပင် မငြင်းသာတော့။ စိတ်ထဲမှာ လွင်ပြင့်ကို ခဏပြေးတွေ့ပြီး စကားပြောချင်ပေမဲ့ အဲဒီခဏဆိုသော အချိန်ကိုပင် ဖဲ့ပေးလို့မရတော့ပြန်တာမို့ ...။

အပန်းဖြေခရီးသွားပြီး ပြန်လာကြသောအခါ ထုံးစံအတိုင်း မင်းဂုဏ်ရှိန်ဟာလည်း နေ့စဉ်အချိန်ဇယားတွေနဲ့ပြည့်နက်နေကာ ကိုယ့်အချိန်ကို ကိုယ်ပင်မပိုင်ဆိုင်နိုင်သော လူသားတစ်ယောက် ဖြစ်သွားရပြန်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

လွှင်ပြင် ဒီလတာဝန်ကျသော ကောင်တာမှာ နေကာမျက်မှန်တွေ၊ အလှဆောင်း ဦးထုပ်တွေ၊ ခေါင်းစည်းပဝါတွေ၊ လည်စည်းပဝါတွေ ရောင်းချရသော ကောင်တာဖြစ်ပါသည်။ ဒီလိုကောင်တာမျိုးကလည်း လူသိပ်အစည်ကြီး မဟုတ်သော ကောင်တာဖြစ်လေရာ လွှင်ပြင်မှာ အလုပ်မများရသည်ကိုပင် အတော်ပျင်းရိနေမိပြီး ...

"တကယ်ပြောတာ မချိုရဲ့၊ လွှင်ပြင်ကလေ အလုပ်ရှုပ်တဲ့ ကောင်တာပဲ ကျချင်တယ်။ ဥပမာ ... သော်တာတို့ကျတဲ့ စီဒီတို့ ဒီဗီဒီတို့ အရောင်းကောင်တာမျိုးပေါ့၊ ဒါမှမဟုတ် cashier ပဲ လုပ်ရ လုပ်ရ ကြိုက်တာပဲ။ အလုပ်က အမြဲရှုပ်နေတာ အချိန်ကုန်လို့ ကုန်မှန်းမသိတော့ဘူး။ အခုလိုမျိုး ခြောက်ကပ်ကပ်ကြီး ရပ်နေရတော့ အချိန်ငါးမိနစ်ဆယ်မိနစ်ကုန်ဖို့က တော်တော့်ကို ကြာသလိုပဲ"





ဟုဆို၍ အနီးရှိ မချိုကို ညည်းညူပြမိ၏။

"အံမယ်လေးဟယ်၊ အလုပ်မရှိလို့ ညည်းညူတဲ့ ဝန်ထမ်း ဒီတစ်ခါပဲ တွေ့တော့မယ်။ အလုပ်မရှိတော့ သက်သာတာပေါ့ ညီမရဲ့။ ရပ်နေရတာကလွဲရင် မျက်စိလည်းသက်သာ၊ လူလည်းသက်သာ၊ စကားပြောရလည်း သက်သာတာပေါ့"

"လွှင်ပြင် နောက်လကျရင် စီဒီကောင်တာကျမှာ၊ အဲဒီကျမှ ပျော်ရမယ်။ စီဒီတွေ ဗီစီဒီတွေ ဒီဗီဒီတွေ စမ်းပြရင်း အလကားလည်း ကြည့်ရတယ်။ သီချင်းလည်း အမြဲနားထောင်ရတယ်"

"အံမယ် ... အခုရော ရှင့်ရုပ်က မပျော်တဲ့ရုပ်လား၊ ဘယ်တော့ကြည့်လိုက် ကြည့်လိုက် အမြဲပျော်နေတဲ့ရုပ်"

ခင်မေသူက ဟိုးတစ်ဖက် မယ်လမင်းပန်းကန်ကောင်တာဘက် ရောက်သွားပေမယ့် လွှင်ပြင်ပြောတာ နားစွန်နားဖျားကြားပြီး လှမ်းအော်ကာ စ,နေသည်။ ထိုအချိန်မှာပင် သားနားသန့်ပြန့်ပြီး တကယ့်ကို အထက်တန်းလွှာတွေဟု မြင်တာနဲ့ သိသာစေသော စုံတွဲတစ်တွဲ ဒီဘက်လျှောက်လာသဖြင့် လွှင်ပြင်လည်း စကားများနေတာတွေရပ်ပြီး ကောင်တာနောက်မှာ ခပ်မတ်မတ်လေး အသင့်ရပ်နေလိုက်ပါသည်။ မချိုက ကီးချိန်းနဲ့ ဖန်စီအရုပ်လေး သော့လေးတွေရောင်းသော ကောင်တာမို့ အလုပ်ရှုပ်ရသဖြင့် လွှင်ပြင့်ကို ကြာကြာစကားမပြောနိုင်ဘဲ လာကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းကြသော လူငယ်အများစုကို တစ်ချိန်လုံး ပြပေးနေရသဖြင့် မအားပါ။ လွင်ပြင်သာ တော်တော်ကြီး အားလပ်သလို ဖြစ်နေသည်။

လွင်ပြင်သည် ကောင်တာမှာ လာရပ်သော အမျိုးသားနှင့် အမျိုးသမီးထဲမှ အမျိုးသားကို ကြည့်မိလျှင် တော်တော်ကြီး မြင်ဖူးသလိုလို စိတ်ထဲမှာထင်သဖြင့် ဘယ်မှာမြင်ဖူးပါလိမ့်လို့ စဉ်းစားနေမိသည်။ အသက်သုံးဆယ်ကျော် အရွယ်ပေမဲ့ ထိုသူ့ကို လွင်ပြင် သေသေချာချာ သိခဲ့ဖူးမှန်း စိတ်ထဲမှာ သိနေပါသည်။

“သွယ် လည်စည်းပဝါလေးတွေ ကြည့်လိုက်ဦးမယ် မောင်။ ခဏစောင့်”

“ရပါတယ်ကွာ ကြည့်ပါ။ ခဏမဟုတ်ဘူး ရတယ်၊ အေးအေးဆေးဆေးကြည့်။ ဈေးဝယ်ဖို့လာတာ ဘာလို့ မြန်မြန်လုပ်နေမလဲ”

“အမေတို့က သုံးနာရီလောက် ပြန်ရောက်စေချင်တာ၊ ဖိတ်စာကို စာစီကြမယ် ပြောထားတယ်လေ”

“သုံးနာရီ ပြန်ရောက်ပါတယ် စိတ်မပူနဲ့”

“အံမယ် ... သူကဖြင့် ခုမှ ရန်ကုန်မှာ ကားပြန်စ,မောင်းတာကို ကြွားနေပြန်ပြီ။ လမ်းလည်းမကျွမ်းကျင်ဘဲနဲ့၊ ဩော် ... ညီမလေးရေ၊ ပဝါငွေမင်ရောင်လေးနဲ့ အဖြူဆွတ်ဆွတ်လေး ကြည့်ချင်တယ်၊ ပြပါဦး”





အမျိုးသမီးလေးက သူမ၏ ချစ်သူလား၊ ခင်ပွန်းလား မသိသူ အမျိုးသားကို စကားလည်းပြောရင်း တစ်ဆက်တည်း လွင်ပြင်ကိုပါ ပဝါလေးတွေကြည့်မဲ့အကြောင်း ဆက်ပြောပါသည်။

အမျိုးသားသည် လွင်ပြင်ကို အမှတ်မထင် အကြည့် လွင်ပြင်ကလည်း ပြန်အကြည့် မျက်လုံးချင်းတစ်ချက်ဆုံသွားလျှင် သူ့ပုံစံက တစ်စုံတစ်ခုကို တွေးသွားသလိုပုံစံ ဖြစ်သွားပါသည်။ သူလည်း လွင်ပြင်ကို သိပ်မြင်ဖူးတာပဲလို့ တွေးလိုက်တယ်ထင်တယ်။ လွင်ပြင်လည်း အဲဒီလိုပဲလေ။ သူ့ကို တွေ့ဖူးသလိုလိုပဲ ထင်ပေမဲ့ ဘယ်သူမှန်းလဲ မမှတ်မိတာမို့ ဆက်ပြီးမစဉ်းစားတော့ဘဲ နေလိုက်တာ။

ထိုသူကတော့ မျက်မှောင်အသာကြုတ်ရင်း လွင်ပြင့်ယူနီဖောင်းမှာ ထိုးထားတဲ့ ရင်ထိုးကို ရအောင်လိုက်ကြည့်ပါသည်။ ရင်ထိုးမှာ နာမည်ပါသဖြင့် နာမည်ကို ဖတ်နေတာဖြစ်သည်။ နာမည်ကိုလည်း ဖတ်လို့ရရော သူ့မျက်နှာမှာ အံ့ဩသွားခြင်းတွေကို လွင်ပြင် သတိထားမိလိုက်သည်။

“ဒီပဝါလေး ယူမယ်”

“ဩော် ... ဒါနဲ့ ညီမလေးက (...)လမ်းမှာ နေတယ် မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အသံနှစ်သံမှာ တစ်ပြိုင်တည်း ထွက်သွားပါသည်။ အမျိုးသမီးရဲ့ ပဝါယူမယ်ပြောသံနဲ့ ထိုသူ့ဆီက မေးမြန်းသံတို့ တစ်ပြိုင်တည်း ထွက်သွားခြင်းဖြစ်၏။ အမျိုးသမီးက သူ့လူကို အကဲခတ်ပြီး ပြန်လှည့်ကြည့်လိုက်လျှင် ထိုသူက သံသယကင်းစေချင်ဟန်ဖြင့် ...

"ဩော် ... ဒီလိုကွာ၊ မောင်တို့ အရင်ကနေခဲ့တဲ့ လမ်းမှာ နေခဲ့တဲ့ ညီမလေးမှန်း စဉ်းစားရင်း မှတ်မိသွားလို့ပါ"

ဟု အလျှင်အမြန် ဖြေရှင်းလေသည်။

"ဟုတ်လား ... မိတ်ဆွေဟောင်းတွေလား"

အမျိုးသမီးက လွင်ပြင်တို့၏ အသက်ချင်းကွာဟမှုကြောင့် အသိမိတ်ဆွေ ဘယ်လိုမှ မဖြစ်နိုင်မှန်း သိပေမဲ့ အထင်နဲ့မှန်းပြီး အဆင်ပြေအောင် မေးလိုက်ပါသည်။

"ညီလေးသူငယ်ချင်း လွင်ပြင် မဟုတ်လား၊ ညီလေးက မောင်ရှိန်လေ၊ မင်းဂုဏ်ရှိန်လေ၊ ငယ်ငယ်က ဆိုက်ကားနဲ့ ကျောင်းအတူတူသွားတဲ့ ကောင်လေးလေ"

ထိုအစ်ကိုကြီး၏ မေးခွန်းကြောင့် လွင်ပြင့်ခေါင်းထဲတွင် ဖြေရှင်းမရ ဖြစ်နေခဲ့သော မေးခွန်းလည်း ခုမှ အဖြေရသွားပါသည်။

"ဟုတ်ကဲ့ ... ကျွန်မ လွင်ပြင်ပါ၊ မောင်ရှိန့် သူငယ်ချင်းပါ အစ်ကိုကြီး"





"ညည်း ငါ့ကို မမှတ်မိဘူးထင်တယ်"

"ဟို ... မြင်ခါစကတော့ ဘယ်မှာ မြင်ဖူးမှန်း မသိလို့ စဉ်း တော့ စဉ်းစားနေတာ"

"ငါက မောင်ရှိန့်အစ်ကိုကြီး မင်းကျော်ဇောလေ။ ညည်း ငါ ဂျပန်ထွက်သွားတုန်းက ကလေးပဲ ရှိသေးတာ။ ငါ အခု ပြန်တွေ့တော့ မြင်ဖူးပါတယ်ထင်ပြီး မနည်းစဉ်းစားနေရတယ်၊ နာမည်တွေ့လိုက်မှ မောင်ရှိန်ရဲ့လွင်ပြင်လား လို့ သတိရသွားတာ"

မောင်ရှိန့်ရဲ့လွင်ပြင် ...။ ထိုစကားကို လွင်ပြင့်ရင်ထဲမှာ နာကျင်သွားသလိုလို ခံစားလိုက်ရပါသည်။ တကယ်ဆို အခုစကားဟာ လွင်ပြင်နဲ့ မဆိုင်တော့ပါဘူး။ မောင်ရှိန့်မှာ လွင်ပြင်ဆိုတာ မှတ်ဉာဏ်ထဲမှာ နမ်းစေ့တစ်စေ့လောက်ပဲ ကျန်တော့မယ် ထင်ပါရဲ့။

"ညည်းက ငယ်ငယ်ကရုပ်လေးအတိုင်းပဲ ဘာမှမပြောင်းလဲဘူးနော်"

"ဟုတ်လား၊ လွင်ပြင်တော့ သတိမထားမိဘူး၊ ကိုယ့်ကိုယ်ကိုယ်တော့ အသက်ကြီးသွားပြီ ထင်တာပဲ"

"မောင်ရှိန်နဲ့ အသက်အတူတူပဲ မဟုတ်လား"

"သူကတော့ ငါးလပိုကြီးတယ်"



www.burmeseclassic.com

www.burmeseclassic.com



လွှင်ပြင် သတိရစွာ ပြောလိုက်မိသော ကိုယ့်အ...
ကိုယ် မှန်းမိသွားသည်။

"သူ အခု မင်းသားဖြစ်နေပြီလေ"

"ဟုတ်ကဲ့ ... လွှင်ပြင် တွေ့ပါတယ်"

"ညည်းတို့ အဆက်အသွယ် မရှိကြဘူးလား"

အင်း ... ကြည့်ရတာ ဒီအစ်ကိုကြီးဟာ ဒီ...
အကြောင်းတွေ ဘာမှသိပုံမရဘူး။ သူ့စိတ်ဓာတ်အရင်းခံအတိုင်း
ပြောနေ မေးနေတော့တာပဲ။

"အစ်မ ... ဒီအရောင်လေး တစ်ထည်ပဲလား"

လွှင်ပြင်က စကားလွှဲလိုက်ပြီး ထိုအစ်မလေးပြ...
ပဝါအဖြူလေးကို ပတ်ကင်ထုပ်ထဲမှ ထုတ်ယူပေးဖို့ ပြင်လိုက်...
သည်။

"ဒီတစ်ထည်ပဲ တော်ပါပြီ၊ အစ်မက ပဝါ crazy ...
ဝယ်ထားတဲ့ ပဝါတွေ မနည်းတော့ဘူး။ မြန်မာပြည်မှာ...
တော့ ရာသီက အမြဲလိုလို ပူနေတော့ ပဝါစည်းရ...
အိုက်တော့အိုက်သား"

"ဂျပန်မှာက အေးတယ်လေ လွှင်ပြင်ရဲ့။ ညည်းအစ်မ...
ဂျပန်မှာဝယ်တဲ့ ပဝါတွေကို မထားခဲ့နိုင်တော့ ဒီသယ်လ...
တာ၊ ဒီမှာ အထူတွေ သုံးမရဖြစ်ပြီး အပါးတွေ လိုက်...
ဝယ်နေရတယ်"





သြော် ... သူတို့ ဂျပန်က အတူတူ ပြန်လာကြတာ
...။ အလုပ်သွားလုပ်ရင်း တွေ့ကြတာ ထင်တယ်။ ပဝါလေးကို
...တ်ကင်အသစ်ထုပ်ထဲမှာ ရှာပေးလိုက်ကာ စူပါမားကပ်တံဆိပ်
...ါသောအိတ်ဖြင့် ထည့်ပေးလိုက်ပါသည်။ ဒီစူပါမားကပ်မှာက
...ိုယ့်ကောင်တာနဲ့ကိုယ်ပေမဲ့ ဝယ်ထားသမျှပစ္စည်းတွေကိုတော့
...ငွေရှင်းကောင်တာရောက်မှ ရှင်းရသည်ဖြစ်ရာ ငွေပေး ငွေယူ ငွေ
...ှင်း အလုပ်ကို လွှင်ပြင် လုပ်စရာမလိုပါ။ ဝယ်ခြင်း၊ ပစ္စည်းထုပ်
...းခြင်းက ပြီးပေမဲ့ ကိုမင်းကျော်ဇောက လွှင်ပြင့်ကို စကားဆက်
...ြောလိုဟန် ဖြစ်နေတာ တွေ့ရသည်။ ထိုအစ်ကိုကြီးရဲ့မျက်နှာ
...ာ ဖြူစင်ကြည်လင်လှပြီး မာန်မာနလည်း ရှိပုံမရ။ သူတို့ဟာ
...အကယ့်ကို သူဌေးကြီးတွေ ဖြစ်နေကြသလို၊ လူသိများ ကျော်
...ြားစပြုနေတဲ့ မင်းသားပေါက်စ မင်းဂုဏ်ရှိန်ရဲ့မိသားစု ဖြစ်နေ
...ြတာကိုလည်း ဂုဏ်မောက်ရမှန်း ခေါင်းထဲထည့်ပုံမရ။ သူဟာ
...ွှင်ပြင့်ကို သူ သေသေချာချာ တွေ့ခဲ့၊ ဆုံခဲ့ဖူးသော ငါးတန်း
...ြောက်တန်းအရွယ်လေးလိုပဲ ထင်မြင်နေဆဲဖြစ်ဟန်ဖြင့် စကား
...တွေ ပြောချင်ပုံရသည်။

"အိမ်ဘက် မရောက်ဘူးလား"

"ရှင်"

"သြော် ... မောင်ရှိန်တို့ ပြောင်းသွားပြီးတော့ အိမ်ကို
အလည်ရောက်သေးလားလို့ မေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"လွှင်ပြင် ဆယ်တန်းလောက်ကတော့ တစ်ခါရောက်ဖူး ပါတယ်"

"သြော် ... ဟုတ်လား၊ နောက်ပိုင်း ကွဲသွားကြတာလား မတွေ့ဖြစ်ကြတော့ဘူးလား"

"ဟို ... သူက ဝိုင်းကျူရှင်ပြောင်းယူလိုက်တယ်၊ လွှင်ပြင် က ရိုးရိုးကျူရှင်တွေပဲ တက်လိုက်တော့တယ် အစ်ကိုကြီး ဒါကြောင့် ဆယ်တန်းနှစ်လယ်လောက်တည်းက သိပ်မဆုံ ဖြစ်ကြတော့တာပါ"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ၊ တကယ်ဆို ညီလေးရှ အခင်ဆုံး မိန်းကလေးသူငယ်ချင်းဆိုလို့ လွှင်ပြင်ပဲရှိတာ သူ မေ့မထားပါဘူး။ လွှင်ပြင်က လာမလည်ချင်လို့ထ တယ်"

လွှင်ပြင် ဘာမှမပြောတော့ဘဲ မတည်မပြုံးလေးသာ နေလိုက်လျှင် "သွယ်"ဟုခေါ်သံကြားပြီး နာမည်မသိသော အစ် လေးကတော့ မိန်းမချင်းချင်း ရိပ်မိပြီး သူ့လူသူ သတိပေးသည် ဖြင့် ...

"မောင်ရေ ... သုံးနာရီ အမီပြန်မယ်နော်၊ ညီမလေးနဲ့ထ ဆုံချင်သေးရင် သွယ်တို့ပွဲတွေကျ ဖိတ်လိုက်တာပေ ဘယ်လိုလဲ"

ဟု ယဉ်ကျေးစွာ စကားဝင်ပြောပါသည်။





"သြော် ... ဟုတ်သားပဲ၊ မေ့လို့ ... မေ့လို့၊ သွားလိုက် ဦးမယ် လွှင်ပြင်ရေ။ ငါ မောင်ရှိန့်ကို ပြန်ပြောလိုက်မယ်၊ ညည်းနဲ့ ပြန်ဆုံခဲ့တယ်လို့။ သွယ် ပြောသလိုပဲ ငါတို့မင်္ဂလာ ဆောင်ကျမှ သေသေချာချာ လာဖိတ်ဦးမယ်၊ သိလား"

"ဟုတ်ကဲ့"

"သူ့နာမည်က ကလျာသွယ်တဲ့။ သွယ်လည်း မှတ်ထား နော်၊ ဒါ ညီလေးရဲ့သူငယ်ချင်း၊ တစ်ဦးတည်းသောမိန်း ကလေးသူငယ်ချင်း လွှင်ပြင်တဲ့၊ သူတို့ သိပ်ခင်ခဲ့ကြတာ လေ"

လွှင်ပြင့်အပြုံး မပီပြင်လှတာကို ကလျာသွယ်က သော့ ရိပ်မိလျက် ဘာစကားမှမဆို။ ပြုံး၍သာ တုံ့ပြန်ပါသည်။

စူပါမားကပ်ထဲက ထွက်သောအခါမှ ကလျာသွယ် က စပြီး ...

"မောင်ကလည်းလေ အလိုက်ကမ်းဆိုးမသိ ကောင်မလေး ကို စကားတွေ စွတ်ပြောနေလိုက်တာ၊ ဟိုက မျက်နှာအမူ အရာ ဘယ်လိုရှိလဲ ဆိုတာတော့ အကဲမခတ်ဘူး"

ဟု ပြောတော့သည်။

"ဘာဖြစ်နေလို့လဲ"

"မျက်နှာက သိပ်ပြီး ဖော်ဖော်ရွှေရွှေ၊ လိုလိုလားလား မရှိ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … မဟုတ်ပါဘူး၊ အခုမှ ပြန်တွေ့ကြလို့ စိမ်းနေတာ ဖြစ်မှာပါ"

"ရှင်းရှင်းပဲပြော၊ အဲဒီကောင်မလေးက မောင်ရှိန့်ရည်းစားလား"

"အဲဒါတော့ မောင် မသိဘူး၊ မောင် ဂျပန်ထွက်လာတုန်းက သူတို့ ဆယ့်သုံးလား ဆယ့်လေးလား အဲဒီလောက်ပဲ ရှိသေးတာ၊ ကလေးတွေပဲ၊ ဒါပေမဲ့ တော်တော့်ကို တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ကြီးကြတာလေ။ ဒီတော့ မောင်ရှိန် အိမ်ပြောင်းသွားလည်း အဆက်အသွယ်ပြတ်စရာ အကြောင်းတော့ မရှိဘူးဆိုပြီး မောင်က ခင်ခင်မင်မင် စကားပြောမိတာပါ"

"သူတို့ကြားမှာ တစ်ခုခုတော့ ဖြစ်ခဲ့ပုံရတယ်"

"အေးလေ … ရည်းစားဖြစ်ခဲ့ဖူးရင်လည်း ဖြစ်ခဲ့ဖူးမှာပေါ့"

"သွယ်က အဲဒါကို ပြောချင်တာ မဟုတ်ဘူး၊ ပြဿနာရှိခဲ့တယ် ထင်လို့ပါ"

"မောင်ရှိန့်ကို မောင် ပြန်မေးကြည့်လိုက်ဦးမယ်"

ကလျာသွယ်က အသံထွက်ရယ်ရင်း …

"အံမယ်လေး … ဟိုက မှတ်မိရင် ကံကောင်း"

ဟု ပြောလေသည်။

"ဘာလို့ မမှတ်မိရမှာလဲ"





"သူက မင်းသား ဖြစ်နေပြီလေ"

"မင်းသားဖြစ်တော့ ဘာဖြစ်လို့လဲ"

"သူ့ဘေးနားမှာ ချောချောလှလှလေးတွေမှ ဝိုင်းနေတာ၊ လွှင်ပြင့်လို သာမန်ကောင်မလေးကို ဘယ်လိုလုပ် မှတ်မိမလဲလေ။ မှတ်မိရင်တောင် ခပ်ရေးရေးပဲ သတိရတော့မှာပါ"

"ဘာပဲဖြစ်ဖြစ် မောင်တော့ မေးကြည့်ချင်တယ်၊ စိတ်ထဲမှာ ဘာဖြစ်လို့လဲ မသိဘူးကွ။ အဲဒီကောင်မလေးကို မောင့်စိတ်ထဲမှာ ကိုယ့်ညီနဲ့ ပတ်သက်တဲ့သူလို့ပဲထင်ပြီး သနားနေတယ်၊ ဘာကြောင့် သနားမှန်းလဲ စဉ်းစားမရဘူး၊ သူတို့ကို ပြန်ဆုံပြီး အဆက်အသွယ် လုပ်ပေးချင်တယ်"

မင်းကျော်ဇောနဲ့ ကလျာသွယ်တို့ နှစ်ဦးဟာ ကိုယ်နဲ့သိပ်ဆိုင်တဲ့ အကြောင်းအရာမဟုတ်ပါဘဲ မင်းဂုဏ်ရှိန်နဲ့ လွှင်ပြင့်ဟူသော ပူသားနှစ်ဦး၏ ပြန်လည်တွေ့ဆုံရမှုကို စိတ်ဝင်တစားဖြစ်လို့နေလေသည်။

❦ ❋ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ဒီနေ့မှ ထမင်းဝိုင်းမှာ မိသားစု လူစုံသောကြောင့် ပြောစရာစကားတွေလည်း များနေပြီး ထမင်းစားတာက တစ်ဖက် ပြောနေ ဆိုနေ ဆွေးနွေးနေကြတာက တစ်ဖက်မို့ ထမင်းဝိုင်းက ပြီးပဲမပြီးနိုင်တော့။

အေးအေးဆေးဆေး၊ ခပ်ဖြည်းဖြည်းသာ ဖိမ်ခံစားကြရင်း စကားလည်း ပြောကြသည်ဖြစ်ရာ ထမင်းဝိုင်းကတော် တော့်ကို အချိန်ကြာမြင့်နေတော့သည်။

"သားလေး ပုစွန်သုပ်ကြိုက်တယ်ဆို၊ စား ... စား။ ဟဲ့ နင့်အစ်ကို,ကို ဘူးသီးဟင်းခါး ဖြည့်ပေးပါဦး၊ တကတဲ ရပ်စောင့်ဆို စောင့်နေကြတော့တာပဲ။ ဘာလိုသလဲတော့ မကြည့်ဘူး"





မေမေက မင်းဂုဏ်ရှိန် ပန်းကန်ထဲ ပုစွန်မီးဖုတ်ပြီး ကြက်သွန်နီ၊ သံပရာသီး၊ ငရုတ်သီးစိမ်း၊ နံနံပင်တို့ဖြင့် ရောသုပ်ထားသော အသုပ်ကို ထပ်ထည့်ပေးရင်း ဘေးကရပ်နေရသည့် အိမ်ဖော်မိန်းကလေးတွေကိုလည်း ညွှန်ကြားလိုက်သေးသည်။

မမြသီတာမင်းကတော့ မေမေ့ကို ပြုံးစစကြည့်ရင်း ...

"အံမယ်လေး ... မေမေရယ်၊ မေမေ့သားကဖြင့် ကလေး မဟုတ်တော့ပါဘူး၊ သူ့ဘာသာ ထည့်စားမှာပေါ့"

ဟု စနောက်သလို ပြောသည်။ ပြီးတော့လည်း ...

"တကယ်ဆို မီးက တစ်ဦးတည်းသောသမီး၊ မီးကိုပဲ အချစ်ပိုရမှာ။ မေမေက မောင်ရှိန့်ပဲ ပိုချစ်ပုံရတယ်"

လို့လည်း မေမေ့ကို ဂျီတိုက်သလိုလေး ဆက်ပြော နေသေးသည်။

"ဟဲ့ ... နင်တို့က ကိုယ်ချစ်တဲ့သူ အသီးသီး ရှာတွေ့ပြီး ပြီ။ မကြာခင်ပဲ ငါ့ရင်ခွင်ထဲကထွက်ပြီး ခွဲသွားကြတော့ မှာ။ ငါက ပိုချစ်နေစရာလား၊ ငါ့ရင်ခွင်ထဲမှာရှိသေးတဲ့ သားလေးကိုပဲ ပိုပြီးချစ်ရမှာပေါ့။ ငါ့သားက တကယ့် မေမေ့သား။ မေမေ ပြောတာ ဘာမဆို နာခံတာ"

မင်းကျော်ဇောက သိချင်ဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မေမေ ယူခိုင်းတဲ့မိန်းမပဲ ယူမှာလား"

လို့ ဆက်မေးလေသည်။

အမှန်တော့ ဒေါ်ခင်နှင်းဦးဟာ သားကြီးနဲ့ သမီးတို့ သူတို့ဘာသာ ဂျပန်မှာ အလုပ်အတူသွားလုပ်ရင်း ဂျပန်မှာတွေ့လာ၊ သဘောကျလာ၊ ရွေးချယ်လာခဲ့သော အိမ်ထောင်ဖက်တွေကို သိပ်စိတ်တိုင်းမကျမိချေ။ သားနဲ့သမီးက တစ်မိသားစုလုံး၏ဘဝကို အခြေအနေတွေ မြှင့်ပေးနိုင်ခဲ့လို့သာ မိသားစုကို ရှာဖွေကျွေးမွေးခဲ့လို့သာ သူတို့ရဲ့စိတ်ဆန္ဒကို မကန့်ကွက်လိုတော့သဖြင့် လက်ခံလိုက်ရတာဖြစ်သည်။

ဘာကြောင့်လဲဆိုတော့ သားကြီးရွေးလာသူ ကလျာသွယ်ကိုပဲကြည့်။ သူလိုကိုယ်လို မိသားစုထဲက မိန်းကလေးဖြစ်ပြီး သူမ ဂျပန်မှာ အလုပ်သွားလုပ်လိုက်လို့သာ မိသားစုက ထူထူထောင်ထောင် ဖြစ်လာကြောင်း စုံစမ်းသိရှိရသည်။ တစ်မိသားစုလုံးဟာ သူမကိုသာ မှီခိုနေရသလိုဖြစ်ပြီး မိဘ၊ မောင်နှမတွေအပေါ်လည်း အတော့်ကို သိတတ်သော သမီးအကြီးဆုံးဖြစ်နေလေရာ ဒါဟာ အတော့်ကို မကျေနပ်နိုင်စရာကိစ္စ ဖြစ်နေသည်။ အိမ်ထောင်ကျပြီးရင် သူတို့ဘက်က ကိုယ့်သားကို အပိုင်သိမ်းသွားတော့မဲ့ ပုံစံမျိုးတွေ တွေ့ရသဖြင့် စိတ်ထဲမချမ်းမြေ့လှ။ သားဟာ သူ့မိန်းမတင်မက မဆိုင်တဲ့သူတွေကိုပါ ရှာဖွေကျွေးမွေးရတော့မယ်။ သားလုပ်အားခနဲ့ ဆောက်ထားတဲ့ တိုက်ကြီးပေါ်





မှာ တစ်ပြုံကြီး တက်နေတော့မဲ့ ပုံစံတွေလည်း တွေ့နေရပြီ။ ဒါပေမဲ့ သားတို့က တစ်ယောက်နဲ့တစ်ယောက် ချစ်ကြည်ဖြူနေကြပြီဖြစ်ရာ ကိုယ့်ဘက်က ဘယ်လိုမှ မပြောသာတော့။ တားလည်း မတားချင်တော့။ အသက်တွေလည်း သုံးဆယ်ကျော်နေပြီမို့ ဝင်မပါလိုတော့။ ဒါနဲ့ပဲ မကျေနပ်တာ ရင်ထဲထားပြီး ဟန်ဆောင်ပြုံးပြနေရပါသည်။

သမီး မြသီတာမင်း ကျတော့လည်း ကြည့်ဦး။ သူ့ရည်းစားက မြန်မာပြည်မှာ ဆယ်တန်းတောင် အောင်ခဲ့တဲ့ကောင်လေး မဟုတ်ဘူး။ မိဘတွေပို့လိုက်လို့ ဂျပန်ရောက်၊ အလုပ်သိမ်းကျုံးလုပ်ရင်း ပိုက်ဆံချမ်းသာလာတာပဲ ရှိတယ်။ ဘာဂုဏ်ဒြပ်မှ ဘာဘွဲ့မှ မရှိဘူး။ ပြီးတော့ နေတဲ့အရပ်ကလည်း ရန်ကုန်တော့ ရန်ကုန်ပေမဲ့ ပြောရရင် နာမည်သိပ်မကောင်းတဲ့ရပ်ကွက်မျိုးမှာ နေကြတာ။ ရန်ကုန် ဘယ်အရပ်ကပါလို့ ပြောလိုက်တာနဲ့ သိပ်အထင်မကြီးခံရတဲ့ နေရာမျိုး ဖြစ်နေတော့ အဆင့်အတန်းကို မကြိုက်လှဘူး။ ကောင်လေးကြည့်လိုက်တော့လည်း ရုပ်ရည်သန့်ပြန့်တာကလွဲရင် သိပ်အဆင့်အတန်းမရှိတဲ့ပုံ ပေါက်နေတော့ သမီးကို သဘောမတူနိုင်ဘူးလို့ ပြောလိုက်ချင်တာ ပါးစပ်ကိုယားနေတာပဲ။ ဒါပေမဲ့ ဒီလို ဖျက်ပစ်လိုက်ရင်လည်း သမီးစိတ်ဆင်းရဲ ဝမ်းနည်းရဦးမည်။ စိတ်ထိခိုက်ရဦးမည်။ အမေအပေါ် အပြစ်မြင်သွားဦးမယ်။ သူတို့ကြောင့် ဒီမိသားစုကြီး ချမ်းသာကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဂုဏ်သိက္ခာရှိလာရတဲ့ ကျေးဇူးကိုထောက်ပြီး သားတွေ သမီးတွေကို စိတ်မဆင်းရဲရစေချင်တော့ဘူးလေ။ အရင်တည်းက စိတ်ကူးထားတာ။

သားနဲ့သမီး ပြန်လာရင် သူတို့ စိတ်ချမ်းသာအောင် ထားမယ်လို့။ ဒါကြောင့် သူ့တို့ရဲ့အိမ်ထောင်ဖက်တွေ အသီးသီး ရွေးချယ်လာမှုကို ရင်ထဲမှာ မကျေနပ်စွာနဲ့ပဲ လက်ခံနှုတ်ပိတ်ထားလိုက်ရတော့တာပါ။

ဒါကြောင့် ကိုယ့်စိတ်ကြိုက် ခြယ်လှယ်ရင် ခြယ်လှယ်ချင်သလောက်ရတဲ့ အမေ့စကားနားထောင်တဲ့ သားအပေါ်မှာပဲ စောင့်ရှောက်မှုတွေပုံပြီး အရိပ်တကြည့်ကြည့် ဖြစ်နေမိတယ်။ သားလေးက ငယ်သေးလို့ အိမ်ထောင်ရေးကို မစီစဉ်ပေးသေးပေမဲ့ သူ့အသက် နှစ်ဆယ့်ရှစ်လောက် ဆိုရင်တော့ ဒါဟာယောကျ်ားလေးတစ်ယောက်အတွက် အိမ်ထောင်ပြုရမဲ့ အရွယ်ပဲမို့ ရှာဖွေစပ်ဟပ်တော့မယ်။

တကယ့်ကို မျိုးရိုးကောင်း နာမည်ကြီးသူဌေးမိသားစုတွေထဲမှာ မွေးဖွားကြီးပြင်းလာတဲ့ မိန်းကလေးမျိုးကိုပဲ ရှာပြီး ပေးစားမယ်။ ရွှေရွှေချင်းထပ်၊ ဂုဏ်ဂုဏ်ချင်းထပ် နေစေရမယ်။ ဒေါ်ခင်နှင်းဦးမှာ ထိုစိတ်ကူး ထိုအကြံရှိနေတာ ကြာလှပြီတည်း။

"ဟော့ကောင် … ဖြေလေကွာ၊ မေမေ ရှာပေးတဲ့မိန်းမပဲ ယူမှာလား"





"အစ်ကိုကြီးကလည်း မဖြေရင် မရတဲ့အတိုင်း အတင်းဆက်မေးနေတော့တာပဲ၊ မောင်ရိန်က မေမေ့စကားနားထောင်မှာမို့ ရည်းစားတောင် မထားတာ ကြည့်ပါလား။ သူ့ကိုကြိုက်တဲ့ ကောင်မလေးတွေမှ အများကြီး။ သူက ရည်းစားလည်းမထား၊ ပြန်လည်းမကြိုက်လို့ တချို့မနာလိုတဲ့သူတွေက အခြောက်ဖြစ်နေတာလို့တောင် ပြောတာခံရတယ်လေ"

မြသီတာမင်းက မကျေနပ်သဖြင့် သူမ သိလာသမျှကို ပြောပြလေသည်။

"အံမယ် … ငါ့သားကိုများ အခြောက်လေး ဘာလေးနဲ့၊ ဘယ်ကောင်က သတင်းလွှင့်တာလဲ"

"အလကားပါ ဖေဖေ၊ မနာလိုတဲ့အုပ်စုတွေက ဒီလိုပဲ ရှာကြံ ကောလာဟလလွှင့်တာပဲ။ အပင်မြင့်လေ လေတိုက်ခံရလေပေါ့"

"လူငယ်တစ်ယောက် ရည်းစားမထားတာနဲ့ပဲ ကောင်မလေးတွေနဲ့ မရှုပ်တာနဲ့ပဲ အခြောက်လို့ ပြောတာတော့ မကောင်းပါဘူးကွာ"

"ဘာမှစိတ်မပူပါနဲ့ ဖေဖေရာ။ ပြောရတာ မောလာရင် ရပ်သွားမှပါ၊ ကျွန်တော်တင်မကဘူး ဒီလိုပဲ အနုပညာလောကမှာ ကျင်လည်သူတိုင်း ကြံဖန်အပြောခံရတာပါပဲ မဆန်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... မင်းကလည်း ဟုတ်သားပဲ၊ စိတ်ထဲပါဝါ မပါပါပေါ့ ကောင်မလေးတွေနဲ့ နည်းနည်းပါးပါး တွဲသွား တွဲလာ လုပ်ပြမှာပေါ့"

"ဟယ် ... သားကြီး၊ ကိုယ့်ညီလေးကို ဘာတွေမြှောက် ပေးနေတာလဲ"

မေမေက ဝင်ဟန့်ပေမဲ့ အစ်ကိုကြီးကမရ။ အခုမှ စကားတစ်ခုပြောဖို့ သတိရသွားဟန်ဖြင့် ...

"ဟာ ... ခုမှ သတိရပြီ၊ မင်းကို မေးမယ် မေးမယ်နဲ့ ငါနဲ့ မင်းလည်း သေသေချာချာ ခုလိုမျိုး မဆုံဖြစ်လို့ မမေးရ သေးဘူး"

"ဘာများလဲ အစ်ကိုကြီး။ ကျွန်တော်နဲ့ဆိုင်တဲ့ ဘာသတင်း ကြားလာလို့လဲ"

"ဟိုကောင်မလေးကွာ၊ (...)လမ်းမှာနေတုန်းက မင်းနဲ့ ခင်ခဲ့တဲ့ ငယ်သူငယ်ချင်း ကောင်မလေး လွင်ပြင့်လေ"

မင်းဂုဏ်ရှိန် ရင်ထဲ ဒိန်းခနဲ အသံကျယ်ကြီး မြည် သွားတဲ့အတိုင်း ခံစားလိုက်ရပါသည်။ "လွင်ပြင်"ဟု ရင်ထဲမှာ အကျယ်ကြီးပဲ အော်ခေါ်မိလိုက်သည် ထင်ပါရဲ့။

မေမေကတော့ လွင်ပြင့် အမည်ကို ကြားလိုက်ရ လျှင် အံ့သြသလို အသံတိတ် နားထောင်နေလိုက်တာ တွေ့ရ၏။





"သူ (...)ရှောပင်းမောလ်က ရှုပါမားကပ်မှာ လုပ်နေတာ တွေ့ခဲ့တယ်"

"သားကြီးက ဘယ်လိုလုပ် မှတ်မိလဲ"

"တွေ့စကတော့ ဘယ်မှတ်မိမလဲ။ ဒီရုပ်မျိုးလေး သိပ်မြင် ဖူးတာပဲ ထင်နေတာ။ ရင်ထိုးမှာ နာမည်ရေးထားတာ လေး ဖတ်မိတော့မှ လူနဲ့နာမည် တွဲမိပြီး မှတ်မိလာတာ၊ သူက ငယ်ငယ်ကပုံလေးအတိုင်းပဲ၊ သိပ်ပြီး ရုပ်အပြောင်း ကြီး မဟုတ်ဘူးဆိုတော့ ကျွန်တော် မှတ်မိသွားတယ် မေမေ"

"အေး ... မေမေတို့လည်း မတွေ့ကြတာ ကြာလှပြီ။ သူ ဘယ်လိုပုံလေးလဲ ဆိုတာတောင် မနည်းပုံဖော်ယူရလိမ့် မယ်"

"မောင်ရှိန်နဲ့သူ တော်တော် ခင်ကြတာပဲ၊ ဘာကြောင့် အဆက်အသွယ်တွေ ပြတ်ကုန်ကြတာလဲ"

"ဪ ... သားကြီးရယ်၊ ယောက်ျားလေးနဲ့ မိန်းကလေး ကွယ်၊ ဘယ်လိုလုပ် ဆက်ပြီး သူငယ်ချင်း ဖြစ်နေပါတော့ မလဲ။ သူလည်း သူ့ပတ်ဝန်းကျင်မှာပဲ။ သားလေးလည်း သူ့ပတ်ဝန်းကျင်မှာပဲ ကျင်လည်နေရတော့ ဘယ်လိုလုပ် အဆက်အသွယ် ရှိမလဲလေ"

"ကောင်မလေးက ချစ်စရာလေးကွ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက အစ်ကိုကြီးစကားကို မပြောစေချင်ဟန်ဖြင့် ...

"သားလေး လိမ္မော်ရည် သောက်ဦးမလား"

ဟု စကားဖြတ်ပြောပါသည်။

"ရတယ် မေမေ၊ မသောက်တော့ဘူး"

"အေး ... စားလို့ပြီးရင်လည်း သွားနားရင် နားတော့လေ၊ သား ဒီနေ့ပဲ စောစောပြန်လာရလို့ မိသားစု ဆုံကြတာ"

"ရပါတယ်၊ မနားတော့ပါဘူး၊ အစ်ကိုကြီးတို့နဲ့အတူတူ TV ထိုင်ကြည့်ရင်း စကားဆက်ပြောကြတာပေါ့"

ထမင်းဝိုင်းမှ တစ်ပြိုင်နက် ထလာကြပြီးလျှင် အင်န်တာတိန်းမန့်ရွမ်း (entertainment room) သီးသန့် လုပ်ထားသည့် အကုန်စုမိကြပြီး နံရံမှာကပ်ထားသော plasma TV ကြီးကို ဖွင့်ကြည့်ကြသည်။ satellite မှလာနေသော အစီအစဉ်တွေ ပြနေသည့် TV ကို မင်းဂုဏ်ရှိန်က စိတ်မဝင်စားစွာ ကြည့်ရင်း ...

"လွင်ပြင့်ကို ကျွန်တော် ပြန်တွေ့ပြီးပါပြီ"

ဟူ၍ ပြောပြလိုက်လျှင် အားလုံး အံ့သြသလို လှည့်ကြည့်ကြသည်။ မေမေကတော့ အဆိုးဆုံး ဖြစ်လိမ့်မည်။

"ဟုတ်လား သား၊ ဟုတ်လား ... ကြည့်စမ်း၊ မေမေ့ကိုတောင် မပြောဘူး"

လို့ တဖွဖွ ပြောလာသည်။





"တစ်ရက်က အဲဒီမှာ ရိုက်ကွင်းတည်တော့ အရင်ဆုံးပြန်တွေ့ကြတယ်၊ နောက်တစ်ခါကတော့ သူ ကားလမ်းဖြတ်ကူးသွားတာကို အမှတ်မထင် တွေ့လိုက်လို့ နောက်ကလိုက်ခေါ်တော့ ခဏစကားပြောလိုက်ရတယ်။ ဒါပါပဲ အဲဒီနှစ်ခါကလွဲရင် ပြန်မတွေ့ဖြစ်ကြတာ နှစ်လလောက်ရှိတော့မယ်။ တွေ့ချင်လို့ သူတို့အိမ်ကို အားတဲ့တစ်ရက်တစ်ခါသွားစုံစမ်းကြည့်သေးပေမဲ့ သူတို့မရှိကြဘူး။ လွင်ပြင့်အမေ ဆေးရုံတက်ပြီး ခွဲစိတ်နေရတယ်လို့ အိမ်နီးနားချင်းက ပြောပြလိုက်လို့ သိရတယ် မေမေ။ သား သတင်းသွားမေးချင်ပေမဲ့ မေမေ မြင်တဲ့အတိုင်း နေ့တိုင်း အလုပ်တွေနဲ့ ပြည့်နေလို့ မရောက်ခဲ့ဘူး"

အားလုံး စိတ်ဝင်တစား နားထောင်နေကြတာ တွေ့ရသည်။ အစ်ကိုကြီးကတော့ စိတ်ဝင်တစား နားထောင်တာဖြစ်သည်။ အစ်မမြသီတာမင်းကတော့ "လွင်ပြင် ဆိုတာ ငါမနည်းပုံဖော်ပြီး စဉ်းစားနေရတယ်"လို့ တစ်ခွန်း ပြောပါသည်။ ဆမေကတော့ ...

"ဒေါ်တင်တင်က အရင်တည်းက ကျန်းမာရေးမကောင်းတာ သိထားပါတယ်၊ ဘာဖြစ်လို့ ခွဲရစိတ်ရတာတွေ ဖြစ်သလဲ မသိဘူး"

ဟူ၍ စိတ်မကောင်းသလို ရေရွတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ စိတ်ရှုပ်သွားဟန်ဖြင့် တစ်စုံတစ်ခု ကို အကြီးအကျယ် အတွေးနယ်ချဲ့ကာ ငြိမ်သက်နေတာ တွေ့ရ သည်။ မင်းဂုဏ်ရှိန်ကတော့ မေမေ့စိတ်ကို မမြင်ရပေမဲ့ မေမေ ဟာ သူနဲ့လွင်ပြင် ကွဲသွားကြရဖို့ အဓိကစွမ်းဆောင်နိုင်ခဲ့သူမှန်း သိထားခဲ့လေရာ ငါတို့ ပြန်ဆုံကြရမှာကို မေမေ စိုးရိမ်နေပြီလို့ တော့ ခန့်မှန်းနိုင်ပါသည်။

“ကောင်မလေးကို ငါ မေးတော့ မေးသားပဲ။ သူက ဘာ မှလဲ မပြောဘူးကွ”

“သားကြီးရယ်၊ ဒါ အရေးကြီးလှူတွေမှ မဟုတ်တာ၊ ကျ စိုက်မနေပါနဲ့။ သူတို့နဲ့ မေမေတို့ အခြေအနေက တော် တော်ဝေးသွားပြီလေ။ ဝေးလက်စနဲ့ ဝေးတာပဲ ကောင်း တယ်”

မင်းကျော်ဇောလည်း အမေဖြစ်သူ၏ သဘောထား ကို ရိပ်မိသွားဟန်ဖြင့် ပါးစပ်ပိတ်သွားပါသည်။ ဒါပေမဲ့ ညီအစ်ကို နှစ်ယောက်တည်း ညဘက် မအိပ်သေးဘဲ ဝရန်တာအတူထွက် ထိုင်ရင်း၊ သောက်တတ်တာ ဖွဲနေတာတော့ မဟုတ်ပေမဲ့ စီးကရက် ကို အပျော်သဘော လျှောက်ဖွာရင်း ရောက်တတ်ရာရာတွေ ပြောသောအခါ လွင်ပြင်ဟူသော ခေါင်းစဉ်က ပြန်လည်ဝင်ရောက် လာခဲ့ပြန်သည်။ ညသန်းခေါင်နားကပ်နေပြီမို့ အဖေအမေတွေက တော့ လူကြီးတွေပီပီ အိပ်ရာဝင်ကုန်ကြပြီ။ မြသီတာမင်းကတော့





နက်စောစောထပြီး ချစ်သူနဲ့အတူ ရွှေတိဂုံဘုရားသွားဖူးမည်ဖြစ်၍ အိပ်ရာဝင်သွားခဲ့ပြီမို့ သူတို့ညီအစ်ကိုနှစ်ယောက်တည်းသာ ကျန် သည်။

အမှန်တော့ အစ်ကိုကြီးနဲ့ မင်းဂုဏ်ရှိန်တို့ဟာ အသက်ဆယ်နှစ်တောင် ကွာသဖြင့် ငယ်ငယ်တည်းက သိပ်တရင်း တနှီးကြီး မဖြစ်ခဲ့ပါ။ မင်းဂုဏ်ရှိန် သိတတ်သောအရွယ်တင်ပဲ အစ်ကိုကြီးက လူပျိုပေါက် ဖြစ်နေခဲ့တာ။ အစ်ကိုကြီးနဲ့ မမသော တစ်နှစ်ခွဲလောက်သာ ကွာသဖြင့် ပိုနီးစပ် ရင်းနှီးကြတာဖြစ်သည်။

ငယ်ငယ်တည်းက မရင်းနှီးခဲ့ပေမဲ့ အခု ဂျပန်က ပြန်လာပြီးသောအခါ အစ်ကိုကြီးမှာလည်း အရင်က ကျန်ခဲ့တဲ့ သူငယ်ချင်းတွေနဲ့လည်း အဆက်အသွယ်ပြတ်၊ အဖော်မဲ့နေချိန် မင်းဂုဏ်ရှိန်မှာလည်း ဒီရုပ်ရှင်လောကထဲ ရောက်ကတည်းက တကယ်ခင်မင်ရင်းနှီးရမဲ့ သူငယ်ချင်းမျိုး မဲ့နေသလို ဖြစ်နေချိန်မို့ ညီအစ်ကိုနှစ်ယောက်သား ခုမှပဲ တရင်းတနှီး အဖော်လုပ်မိကြ သလို ဖြစ်နေသည်။

“မေမေက ဘယ်လိုဖြစ်သွားတာလဲကွ၊ လွင်ပြင်တို့ကို ပြန်မဆက်သွယ်စေချင်သလိုပဲနော်”

“မေမေ ဘဝင်မြင့်သွားတာလေ အစ်ကိုကြီးရဲ့၊ လူကုံထံ အသိုင်းအဝိုင်းထဲ ဝင်ဆန့်သွားပြီ၊ သူဌေးမကြီး ဖြစ်သွား ပြီဆိုပြီး မာနကြီးသွားတာပေါ့၊ ဒါကြောင့် လွင်ပြင်တို့အောင်



www.burmeseclassic.com

www.burmeseclassic.com



မကာဘူး အရင်တုန်းက ခင်ခဲ့တဲ့ မိတ်ဆွေမှန်သမျှ သာ
အဆင့်အတန်းလောက်က လူဆိုရင် လုံးဝကို အဆက်အ
မလုပ်တော့ဘူး"

"ဒါတော့ မကောင်းပါဘူးကွာ"

မင်းကျော်ဇောက သဘောမကျဖြစ်ပြီး ရေရွ
သည်။ ကိုယ့်မိခင်ဟာ အရင်ကတော့ အထည်ကြီးပျက်၊ အနေ
အထက်တန်းလွှာ အသိုင်းအဝိုင်းမှာ ဝင်ဆန့်ရသူ၊ ဒီလို ဘဝအ
အနေ ပြောင်းသွားပေမဲ့ မာန်မာနမထားစေချင်ပါ။ လူဟာလ
ဆင်းရဲသည်ဖြစ်စေ ချမ်းသာသည်ဖြစ်စေ သူ့ကုသိုလ်ကံ အကျိ
နဲ့လာတာပဲ။ ဆင်းရဲတဲ့လူကလည်း ချမ်းသာချင်လို့ ကြိုးစ
ကြိုးစားမှာပဲ။ ကုသိုလ်ကံမပါရင် ဖြစ်ချင်တာ မဖြစ်ရဘူး

အတိတ်ကုသိုလ်ကံ ကောင်းခဲ့လို့ ဒီဘဝမှာ သူ
ထက် တစ်ဆင့်ပိုမြင့်ပြီး နေရတာကို အဆင့်အတန်းရယ်လို့
ခြားစေချင်။ ဒါကြောင့် မေမေ့ကို ကလျာသွယ်ကလည်း သ
တော့ စိတ်တိုင်းကျဟန် မပြတာ။

"မောင့်မေမေက သွယ်တို့မိသားစုကို မကြိုက်ပါဘူး၊ သ
သိတယ်၊ အဆင့်အတန်း ခွဲချင်သလိုပဲ ကြည့်ခံရတ
ထင်တယ်၊ အဲဒီလိုပါပဲ၊ မြသီတာရဲ့ ရည်းစားမိသာ
ဆို သွယ်တို့ထက်တောင် အထင်သေးပြီး ဆက်ဆံ
ပုံစံတွေ့ရတယ်နော်"





ဟူ၍ပင် ထုတ်ဖော်ဝေဖန်ခဲ့ဖူးသည်။

"ကျွန်တော်နဲ့ လွင်ပြင်လည်း မေမေ ခွဲလိုက်တာ"

"ဟုတ်လား"

"လွင်ပြင်နဲ့ ဆယ်တန်းမှာ ကျူရှင်အတူတူတက်နေရင်း မေမေပဲ စီစဉ်ပြီး အိမ်မှာ ဝိုင်းကျူရှင် တစ်ယောက်တည်း သင်ရမယ်ဆိုတဲ့နည်းနဲ့ ခွဲလိုက်တာလေ။ အဲဒီတည်းကပဲ လွင်ပြင်နဲ့ အဆက်အသွယ် ပြတ်သွားတာ ခုထိပဲ"

"အေးပေါ့ ... မင်းတို့ သိပ်ခင် သိပ်သံယောဇဉ်ရှိနေကြတော့ မေမေက ရှေ့ရေးကိုတွေးပြီး ကြိုတင်တားတာ နေမှာပေါ့"

မင်းဂုဏ်ရှိန်သည် အသံထွက်ရယ်ရင်း ...

"ကြိုတင်တားလို့ကို မရဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့က ဆယ်တန်းတည်းက ရည်းစားဖြစ်နေခဲ့ကြတာလေ"

"ဪ ... တယ်ဟုတ်ပါလား"

မင်းကျော်ဇော အံ့သြပြီး ရေရွတ်မိသည်။ ပြီးမှ ဆက်ပြောသည်မှာ ...

"ဒါပေမဲ့ကွာ၊ မင်းတို့ တစ်ယောက်နဲ့တစ်ယောက် စိတ်ကစားပြီး ရည်းစားထားတာ ဖြစ်မှာပါ။ ဒါကြောင့်လည်း မေမေ ခွဲပစ်လိုက်တော့ မင်းတို့ အလွယ်တကူ တစ်ယောက်နဲ့တစ်ယောက် မေ့သွားတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝေဖန်လိုက်ပါသည်။

မင်းဂုဏ်ရှိန်လည်း ...

"အမှန်တော့ သူနဲ့ပြန်မဆုံခင်အထိ သူ့ကို မေ့ပျောက်နေမိတယ်။ တစ်ခါတလေ ဖျတ်ခနဲ သတိရတာကလွဲရင် စိတ်ထဲမှာ စွဲစွဲလမ်းလမ်းလည်း မဖြစ်ခဲ့မိပါဘူး၊ ဒီတော့ အစ်ကိုကြီး ဝေဖန်သလိုပဲလို့ ဝန်ခံရရင် ကောင်းမလား ဒါမှမဟုတ် ဝန်မခံချင်ဘဲ ငြင်းရရင် ကောင်းမလားတော့ မသိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်စိတ်တွေက သူနဲ့ပြန်ဆုံဆုံချင်းမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး နေ့တိုင်းပဲ သူ့ကို သတိရနေမိလာတယ်။ သူ့ဆီက အသိအမှတ်ပြုမှုကို ပြန်ရချင်တယ်၊ တကယ့်ကို အပြင်းအထန်ရချင်တာ။ စိတ်ထဲမှာ တကယ် serious ဖြစ်နေတာပါ။ သူ့ကို ပြန်ဆုံရတော့ ရင်ထဲမှာ စိုးရိမ်တာတွေရော၊ ဝမ်းသာတာတွေရော၊ လွမ်းတာတွေရော ရောပြီး လူတွေရှေ့မှာ ဟန်မပျက်အောင် မနည်းဟန်ဆောင်ခဲ့ရတယ်။ စိုးရိမ်တာကတော့ သူ ငါ့ကို ချစ်သေးရဲ့လား၊ သူ့မှာ ချစ်ရမဲ့သူများ ရှိနေပြီလားဆိုတဲ့စိတ်ပါ။ ဝမ်းသာတာကတော့ ကျွန်တော့်ကို သူ အမှတ်တရ ဖြစ်နေသေးတဲ့ မျက်လုံးတွေနဲ့ ကြည့်လို့ပါပဲ၊ လွမ်းနေခဲ့တယ် ဆိုတာလည်း သူ့ကို မြင်လိုက်မှ ကိုယ့်ဘာသာ သိသွားပြီး ပိုလွမ်းမိသွားတာမျိုး"





မင်းဂုဏ်ရှိန်သည် စကားရှည်ကြီးပြောကာ ရင်ဖွင့်လိုက်ပြီးသောအခါ မသောက်ဖြစ်တော့ဘဲ လက်ကြားထဲမှာသာ ညှပ်ထားသလို ဖြစ်နေသည့် စီးကရက်လည်း ကုန်သွားပြီမို့ ပြာခွက်မှာ ထိုးချေလိုက်ပါသည်။

"မင်း ကြည့်တော့လည်း မတုန်မလှုပ်နဲ့ အေးဆေးနေသလိုပဲ"

"ဘာဖြစ်လို့လဲ မသိဘူး။ ကျွန်တော် ရုပ်ရှင်လောကထဲ ရောက်သွားပြီးမှ ဟန်ဆောင်တတ်လာတယ် ထင်တယ်။ ရင်ထဲက ခံစားချက်ကို အပြင်လူ မမြင်အောင် မရိပ်မိအောင် နေမိတတ်လာတယ်၊ အမှန်တော့ ကျွန်တော့်ရင်ထဲမှာ သူ့ကို ရူးနေအောင် ပြန်တွေ့ချင်နေတာပါ၊ တွေ့ရဖို့လည်း ကြိုးစားနေမိပါတယ်"

"ဒါများလွယ်လွယ်လေးကွာ၊ သူ အလုပ်လုပ်တဲ့ စူပါမားကပ်ကို သွားပေါ့"

"အစ်ကိုကြီး ပြောတာက လွယ်တယ်၊ သွားရအောင် ဘယ်မှာလဲ ကျွန်တော့်ရဲ့ အားလပ်ချိန်။ တစ်နေ့ကုန် ကားရိုက်လိုက်၊ ကြော်ငြာရိုက်လိုက်၊ အခမ်းအနားတွေက ဖိတ်ထားရင် ပြေးတက်လိုက်နဲ့"

"နားရက်ကျ သွားပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနားရက်ကိုပဲ စောင့်နေတာ၊ ဒါကြောင့် မေမေ့ကို တောင် request လုပ်ထားတယ်၊ တစ်ကားပြီးတစ်ကား ဆက်တိုက် မဝင်ချင်ဘူး၊ ကြားမှာ တစ်ရက် နှစ်ရက်လောက် နားပါရစေလို့"

"အေးလေကွာ၊ မေမေကလည်း ပိုက်ဆံဒီလောက်အကြီးအကျယ်ရှာဖို့ မလိုတော့ဘဲနဲ့ မင်းကို ကားရိုက်တွေဖွတ်စီစဉ်လက်ခံထားတော့တာပဲ"

"နာမည်တက်တုန်း ပရိသတ်နဲ့ မကင်းကွာသွားအောင် ဆက်တိုက် ရိုက်ရမယ်တဲ့ဗျာ"

"ဒါနဲ့ နေပါဦးကွ၊ ငါလည်း ပြန်ရောက်ပြီးကတည်းက မေးမလို့ဟာ မမေးဖြစ်ဘူး။ မင်းကိုယ်တိုင်က မင်းသားဖြစ်ချင်လို့ မေမေလည်း ကုမ္ပဏီထောင် ကားတွေရိုက်လုပ်ပေးတာလား၊ ဟုတ်လား"

မင်းဂုဏ်ရှိန်မှာ အဖြစ်မှန်ကို အစ်ကိုကြီး မသိသေးသဖြင့် ပြောပြလိုက်ဖို့ ဆုံးဖြတ်ပါသည်။

"အမှန်တော့ မေမေ့ကြောင့်ပါ၊ မေမေက ပိုက်ဆံချမ်းသာရုံနဲ့ မကျေနပ်ဘူး။ လူသိများတဲ့ celebrity တစ်ယောက်ဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ ကျွန်တော့်ကို မင်းသားတင်ရိုက်ပြီး ကုမ္ပဏီထောင်တော့တာပဲ။ ကျွန်တော်က မေမေ့ဆန္ဒနဲ့ ဓားစာခံပေါ့"





"မင်းက ဝါသနာမပါလို့လား"

"ကျွန်တော် တစ်ခါမှတောင် ယောင်ပြီး အိပ်မက်မမက်ခဲ့ဖူးဘူး။ ရူးလည်းမရူးသွပ်ဘူး။ လုံးဝလည်း ဝါသနာမပါဘူး"

"ဟာ ... ဒါနဲ့များကွာ"

"မေမေ့ကြောင့်လေ၊ မေမေ ဖြစ်စေချင်တဲ့ဆန္ဒကို ကျွန်တော် လိုက်လျှောလိုက်မိတာပါ"

"အေးလေ ... မင်းက မေမေ့သားကိုး။ မေမေ ပြောရင် တစ်ခွန်းဆိုတစ်ခွန်း နားထောင်တဲ့ကောင် ဟား ဟား၊ အငယ်ဆုံးကောင်၊ မေမေ့အချစ်ဆုံးကောင်"

မင်းကျော်ဇောက ညီဖြစ်သူ၏ ငယ်ထိပ်ကိုဖိရင်း ပြောလိုက်လေသည်။

"ဒါပေမဲ့ ခုချိန်ကစပြီး ကျွန်တော် မေမေ့စကားတိုင်းကို နားထောင်မှ နားထောင်တော့မယ်"

ဟု ပြောလိုက်လျှင် မင်းကျော်ဇောလည်း ဘာကို ရည်ရွယ်သလဲဆိုတာ သဘောပေါက်သွားပြီး ...

"အေး ... ကံကောင်းပါစေကွာ"

ဆိုသော နှစ်သိမ့်စကားဖြင့် အားပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

မှတ်မိနေသေးသော အခန်းလေး၏ ရှေ့ရောက်တော့ တံခါးဘဲလ်အဖုကို ရှာလိုက်သည်။ တံခါးဘဲလ်အဖုလေးကလည်း အရင်ကလိုပဲ ရှိနေဆဲ။ တံခါးဘဲလ်ကို ဖိနှိပ်လိုက်သောအခါ ဒင်းဒေါင် ဒင်းဒေါင် ဟူသော နာရီသံနဲ့ဆင်ဆင် အသံမျိုး အိမ်ထဲမှာ ပျံ့လွင့်သွားလေသည်။

ခြေသံသဲ့သဲ့ ကြားရသည်။ အတွင်းသစ်သားတံခါးကို ကလစ်ခနဲ အသံမြည်အောင်ဖွင့်သံ ကြားရသည်။ အပြင်သံပန်းတံခါးကတော့ ကန့်လန့်ထိုးကာ သော့ပိတ်ထားလေသည်။ တံခါးပွင့်ပွင့်ချင်း ပေါ်လာသူကား ...။

"အန်ကယ်လ် ... အဲ ... ဦးဦး ... ဦးဦးသက်အောင်"

"ယော ... ဘယ်သူများပါလိမ့်ကွာ"

"ကျွန်တော်လေ"





"ခဏ ... ခဏ၊ လှေကားက မှောင်နေတော့ သေသေချာချာ မမြင်ရဘူးကွာ၊ မီးဖွင့်လိုက်ပါဦးမယ်"

ဟု ပြောပြီး နံရံမှ ခလုတ်တစ်ခုကို နှိပ်လိုက်လျှင် ခေါင်းတည့်တည့်ရှိ မီးအိမ်ကလေး လင်းသွားပါသည်။

"မှတ်မိလား ဦးဦး"

"အေးကွာ ... မြင်ဖူးသလိုလိုတော့ ရှိသား"

"ကျွန်တော် ... ..."

"သြော် ... အမေကြီးရယ် ဖြစ်ရလေ။ ဘယ်ကဧည့်သည်များလဲလို့ လာကြည့်တာ။ ဒါ ဘယ်သူရှိဦးမလဲ။ မင်းသားလေ မင်းသား၊ မင်းဂုဏ်ရှိန်လေ့ ဘယ့်နှယ် မြင်ဖူးသလိုလိုတွေ ဘာတွေ လုပ်နေတာလဲ"

မင်းဂုဏ်ရှိန် ဖြေတောင်မဖြေလိုက်ရသေး။ ဦးသက်အောင် နံဘေးမှာ လာရပ်ကြည့်လိုက်သော ဒေါ်တင်တင်၏အသိအမှတ်ပြုမှုကြောင့် မင်းဂုဏ်ရှိန် ခုမှပဲ သက်ပြင်းချလိုက်နိုင်လေသည်။

"လာ ... လာ ... သား ဝင်ပါ"

"အေးကွာ ... ဆောရီးပါ၊ ငါလည်း ရုတ်တရက်ဆိုတော့ စဉ်းစားမရ ဖြစ်သွားလို့ပါ"

"ရပါတယ်၊ ကျွန်တော်နဲ့လည်း မတွေ့တာကြာပြီဆိုတော့ ဦးတို့ အန်တီတို့ မေ့ကုန်ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မမေ့ပါဘူး ... မမေ့ပါဘူးကွယ်၊ သားရဲ့ကားတွေ ကြည့်ကြည့်နေရပါတယ်၊ ဒါကြောင့် ဒီရုပ်လေးကိုတော့ မှတ်မိပါတယ်၊ အန်တီတို့က ဗီဒီယိုရယ်လို့ သီးသန့်တော့ ငှားမကြည့်ဖြစ်ကြပါဘူး၊ အိမ်မှာ အလုပ်သွားနေတဲ့သူတွေနဲ့ မအားဘူး။ အန်တီလည်း မောတော့ အဆင်းအတက်သိပ်မလုပ်ဘူးဆိုတော့ ဆိုင်သွားငှား ပြန်အပ်တဲ့အလုပ် မလုပ်နိုင်တာနဲ့ ဘာကားမှ ငှားမကြည့်ဖြစ်ပါဘူး။ ဒါပေမဲ့ TV ဇာတ်လမ်းလေးတွေလာရင် သားပါတဲ့အခါတော့ ကြည့်ဖြစ်နေတာပေါ့"

မင်းဂုဏ်ရှိန်ဟာ ဒီအိမ်ရောက်မှပဲ ဘာကိုရှက်ရမှန်း မသိရှက်ပြီး ...

"ကျွန်တော် သရုပ်ဆောင်တာ သိပ်တော့ မကောင်းသေးပါဘူး"

တွေ ဘာတွေ အရှက်ပြေ ပြောနေမိသည်။ သူတို့မျက်စိအောက်တင် ကြီးလာသော ကလေးက မင်းသားအဖြစ် သရုပ်ဆောင်ပြနေသည် ဆိုတာကို မင်းဂုဏ်ရှိန် အလိုလိုရှက်စရာမရှိ ကြံဖန်ရှက်နေခဲ့သည်။

"ဂျာနယ်၊ မဂ္ဂဇင်းတော့ ဝယ်ဖတ်တယ် မောင်ရှိန်ရဲ့။ ဦးလည်း မင်းပုံတွေ မြင်ပါတယ်၊ အံ့သြနေတာ အစက။ သမီးနဲ့ ကျောင်းအတူသွားခဲ့တဲ့ ကလေးက ရုပ်ရှင်မင်းသားဖြစ်လို့ပါလားဆိုပြီး"



"မေမေက ရုပ်ရှင်ကုမ္ပဏီလုပ်ငန်း လုပ်တာနဲ့ ကျွန်တော့်ကို ဆွဲခေါ်သွားတဲ့ သဘောပါပဲ"

"အစ်မရော နေကောင်းလား၊ မတွေ့ကြတာ ကြာလှပြီနော်၊ အခုနေတဲ့အိမ်က ဘယ်မှာလဲ၊ ဒီကနေစပြီး ပြောင်းသွားတဲ့ အိမ်မှာပဲလား"

"အိမ်ကတော့ စပြောင်းသွားတဲ့ အိမ်ပါပဲ၊ မေမေလည်း နေကောင်းပါတယ်၊ ခုလောလောဆယ် အစ်ကိုကြီးမင်္ဂလာကိစ္စ စီစဉ်နေရလို့ မအားဘူး"

"သြော် ... သူတို့ ဂျပန်က ပြန်လာကြပြီလား"

"ဟုတ်ကဲ့ ခင်ဗျ၊ ပြန်လာပြီးမှ သူတို့ မင်္ဂလာကိစ္စ စီစဉ်ကြတာ"

မင်းဂုဏ်ရှိန် စကားထိုင်ပြောရင်း သတိထားမိလိုက်တာက ဒီအိမ်မှာ လွင်ပြင် ရှိမနေဘူး ဆိုတာပင်။ လွင်ပြင် ဘယ်များသွားသလဲ။ ရှုပါမားကပ်ထဲ ရုပ်ဖျက်ပြီး တစ်ခေါက်ဝင်ကြည့်တော့ လွင်ပြင့်ကို လုံးဝရှာမတွေ့တာနဲ့ လွင်ပြင်တော့ အိမ်မှာရှိနေမှာပဲထင်ပြီး လိုက်ချလာခဲ့တာ။ ဒီနေ့တစ်ရက်ပဲ အားရက်ရှိတာမို့ ဒီနေ့မနက်တည်းကစပြီး ဒီတစ်နေ့တော့ လွင်ပြင့်ကို မရ, ရအောင် တွေ့မယ်ဆိုတဲ့ စိတ်ကူးနဲ့ ရောက်လာခဲ့ရတယ် လွင်ပြင်ရယ်။ ဘယ်များသွားနေသလဲ။

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... မေ့လို့၊ ဒါ အန်တီ့အတွက် မိုင်လိုနဲ့ ဘီစကစ်ပါ။ ဒါကတော့ တစ်အိမ်လုံးစားဖို့ ဝယ်လာတဲ့ သစ်သီးတွေပါ၊ ဟိုတလောက ကျွန်တော် ဒီကိုတစ်ခေါက်လာသေးတော့ အိမ်တံခါး ပိတ်ထားတာနဲ့ အောက်ထပ်ကအဘွားကို မေးမိတော့မှ အန်တီ ဆေးရုံတက်ရတယ်ဆိုတာ သိသွားတယ်၊ အဲဒီရက်ပိုင်းတွေတုန်းက ကျွန်တော်လည်း လုံးဝမအားတာနဲ့ ထပ်မလာကြည့်မိတာ ခွင့်လွှတ်ပါ ခင်ဗျာ"

"ရပါတယ်၊ မင်းက အလုပ်သိပ်များတာ အန်တီတို့ သိပါတယ်"

"အခုရော အန်တီ သက်သာသွားပြီလား"

"သက်သာသွားပါပြီ၊ ခွဲစိတ်လိုက်တော့ ရောဂါသည်ကြီးလိုတော့ မနေရတော့ဘူးပေါ့။ နှလုံးက သက်သာသွားပါပြီ၊ လေးဖက်နာ အဆစ်အမြစ်ရောင်တာကတော့ ဒီလိုပဲ ရေရှည်ဆေးစားဆေးသောက်ရမယ်"

"သမီးနဲ့ရော ပြန်တွေ့ကြသေးလား"

မင်းဂုဏ်ရှိန်၏ ဟိုရှာဒီရှာ မျက်လုံးတွေကို အကဲခတ်မိသော လွင်ပြင့်အဖေ ဦးသက်အောင်က မေးလိုက်လျှင် မင်းဂုဏ်ရှိန်လည်း ဘယ်လိုဖြေရမှန်းမသိ ဖြစ်သွားသည်။ လွင်ပြင်က ပြန်မပြောထားဘူးထင်တယ်။





"သမီး ဒီနေ့ အလုပ်အားတယ် မောင်ရှိန်ရဲ့။ အဝေးသင်စာမေးပွဲ နီးလာပြီဆိုတော့ အနီးကပ်ကျူရှင်ယူနေတာနဲ့ အားရက်ဆို နေ့တစ်ဝက်လောက် ကျူရှင်သွားနေရတယ်"

မင်းဂုဏ်ရှိန် အားလျော့သွားပါသည်။

"မောင်ရှိန်ရော ကျောင်းဆက်တက်သေးလား"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း အဝေးသင်ပဲ ယူထားပါတယ်၊ အိမ်မှာ ဆရာခေါ်သင်ပြီး စာမေးပွဲ ဝင်ဖြေရတာပေါ့"

"မတွေ့တာ ကြာပြီကွယ်၊ ခုမှ ဖြုန်းခနဲ ရောက်လာတော့ အံ့သြမိတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း သတိရပါတယ်၊ ဒီဘက်မရောက်ဖြစ်လို့ပါ။ ဟိုတလောကမှ လွင်ပြင့်ကို စူပါမားကပ်မှာ အလုပ်လုပ်တာ တွေ့လိုက်မှ ပြန်သတိရသွားလို့ လာတွေ့တာပါ"

ဟူ၍ အမှန်အတိုင်း ပြောလိုက်မိပါသည်။ အတွေးအခေါ်ရှိပုံရသော လွင်ပြင့် အဖေနဲ့ အမေကတော့ ...

"သမီးက ပြန်တောင်မပြောဘူး"

လို့သာ မှတ်ချက်ချလေသည်။ သူတို့စိတ်ထဲမှာရှိတာက လွင်ပြင်နဲ့ မောင်ရှိန်ဟာ ငယ်သူငယ်ချင်းဟူ၍သာ တွေးပုံရသည်။ အကြာကြီး အဆက်အသွယ် ပြတ်နေတာကိုလည်း ဘာကြောင့်လဲလို့မမေး။ သံသယလည်းမရှိ။ အခုမှ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သတိရပြီး တွေ့ချင်ရသလဲဆိုသော မေးခွန်းမျိုးလည်း ထွက်ေလာ။ မင်းဂုဏ်ရှိန် ရောက်လာခဲ့တာကိုပဲ တအံ့တသြနဲ့ ဝမ်းသာအားရဖြစ်နေသူမှာ ဒေါ်တင်တင်။ သူတို့အိမ်ကို နာမည်ကြီးမင်းသားလေး တကူးတက ရောက်လာရတဲ့အတွက် မိန်းမပီပီ အံ့သြဝမ်းသာနေပုံတွေက အထင်းသား တွေ့ရသည်။ ဟန်လည်းဆောင်တတ်ဘဲ သူမ ဝမ်းသာကျေနပ်နေကြောင်းကို ပြသနေခဲ့သည်။ ဦးသက်အောင်ကတော့ ယောကျ်ားပီပီ ဒါကို သိပ်မခံစားတတ်ပေမဲ့ ငယ်ငယ်က တွေ့ခဲ့ဖူးသော မောင်ရှိန်နဲ့ အခုတွေ့နေရသော မောင်ရှိန်ချင်း လုံးဝမတူတော့ဘဲ တကယ့်ကို ရုပ်ချောမင်းသားရုပ်၊ celebrity ရုပ် ထွက်နေသော ကောင်ကလေးကိုသာ အကဲတခတ်ခတ် ဖြစ်နေခဲ့သည်။

"သမီးကို တွေ့ချင်ရင် အားမှလာတွေ့ပေါ့၊ ရပါတယ် အန်တီတို့ ပြောထားလိုက်မယ်၊ သမီးကလည်း တွေ့ချင်မှာပါ၊ နောက်တစ်ခါ ဘယ်နေ့ သားအားလဲ၊ အားတဲ့ရက် ကြိုပြောထား၊ အန်တီတို့ စောင့်နေမယ်၊ သားကြိုက်တဲ့ မုန့်ဟင်းခါး ချက်ကျွေးရဦးမယ်"

"သူ အခု ဘယ်မှာကျူရှင်တက်ရလဲ"

"မြို့ထဲပဲ၊ မဟာဗန္ဓုလပန်းခြံလမ်းပေါ့၊ ဒီမှာ သူ့ကျူရှင် ကော်ဖြာစာရွက်လေးလေ"

မင်းဂုဏ်ရှိန် ယူထားလိုက်မိသည်။





"သမီး လေးနာရီမှ ပြန်ရောက်မှာ"

အခုမှ နှစ်နာရီပဲ ရှိသေးတာ။ အကြာကြီး ထိုင်တော့ မစောင့်ချင်ဘူး။ လူကြီးတွေနဲ့ ဘာမှလဲ စကားပြောစရာ မရှိတော့ဘူး။ လွင်ပြင့်ကိုပဲ တွေ့ချင်တာ။ သေသေချာချာ စကားပြောချင်တယ် လွင်ပြင့်ရယ်။

"ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျာ၊ အလုပ်ကိစ္စလေးတွေ ရှိသေးလို့ပါ၊ နောက်တစ်ခါ အားရက်ရဖို့ နှစ်ပတ်လောက် စောင့်ရဦးမှာမို့ ကြိုပြီးမချိန်းတော့ပါဘူး၊ ကျွန်တော် လာထပ်တွေ့ဖို့ ကြိုးစားပါ့မယ် အန်တီ"

မင်းဂုဏ်ရှိန် အိမ်ထဲက ထွက်လာသောအခါ လွင်ပြင့်အဖေနဲ့ အမေကြား ပြောစရာစကားတွေ အများကြီးနဲ့ ကျန်ရစ်ခဲ့လေသည်။

မင်းဂုဏ်ရှိန်သည် ကားကိုမောင်းထွက်လာပြီးနောက် သူ့ကားဟာ ဘယ်ကိုဦးတည်နေသလဲ ဆိုတာကို ဂရုစိုက်မနေတော့ဘဲ စိတ်ဆန္ဒ၏ လိုလားချက်ကိုသာ ဦးစားပေးလိုက်မိလေသည်။ ဘာကြောင့်မှန်းမသိ ဒီနေ့ လွင်ပြင့်ကို မရမက ပြန်ဆုံအောင် လုပ်ကိုလုပ်မယ်။ ဒီနေ့ လွင်ပြင်နဲ့ စကားပြောခွင့်ရမှ ဖြစ်မယ်ဆိုတဲ့ စိတ်ကူးနဲ့ ထွက်လာခဲ့သည်မို့ လွင်ပြင့်ကို မတွေ့ရရင် မနေနိုင်သလို ခံစားနေရသည်။ ဒါကြောင့် ဒီနေ့ ရအောင်တွေ့မည်ဟု ဆုံးဖြတ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျူရှင်သင်တန်းကျောင်းရှိရာမှာ ကားပါကင်ရှာပြီး ဝင်ရပ်၊ ကားမှန်တွေ တစ်ဝက်ကျော်ကျော်လောက်တင်ပြီး ထိုင်စောင့်နေခဲ့သည်။ မှန်တွေက အဖြူစစ်စစ်မဟုတ်ဘဲ နေရောင်ခံအရောင်ပါးပါး တင်ထားသဖြင့် ကားထဲမှာ နေရတာ သိပ်အပူကြီးလည်းမဟုတ်ပါ။ ကားထဲမှာ သီချင်းစီဒီလေးဖွင့်ပြီး ထိုင်စောင့်ရသော ဖီလင်သည် ဘယ်တုန်းကမှ သူ့မှာမရရှိခဲ့ဖူးသေးသော ဖီလင်တစ်မျိုးဟု သိလိုက်သည်။ ချစ်သော မိန်းကလေးတစ်ယောက်ကို တွေ့ရနိုး တွေ့ရနိုးနဲ့ စောင့်ရသော ခံစားချက်။

မှန်တာပြောရရင် မင်းဂုဏ်ရှိန်ရဲ့ ဆယ်ကျော်သက်ဘဝဟာ ပီပီပြင်ပြင် မခံစားလိုက်ရဘဲ ကျော်လွန်လာခဲ့သည်ပင်။ ဆယ်တန်းအောင်ပြီးတာနဲ့ မေမေ့အစီအစဉ်အတိုင်း ဓာတ်ကားတွေရိုက်ဖို့ စတင်ရတော့သည်။ တစ်နေ့ တစ်နေ့ ဓာတ်ပုံဆရာပေါင်းစုံနဲ့တွေ့၊ ဓာတ်ပုံပေါင်း ရာနဲ့ချီပြီးရိုက်ကာ မဂ္ဂဇင်းဂျာနယ်တွေမှာ ပုံပါဖို့ လုပ်ရသည်။

ဒါရိုက်တာ သုံးလေးယောက်ဆီမှာ သရုပ်ဆောင်သင်တန်းသဘောမျိုးနဲ့ အမူအရာလေ့ကျင့်သင်ကြားရသည်။ ရွှေကို နင့်နေအောင် ဖြုန်းနိုင်သဖြင့် မင်းဂုဏ်ရှိန်လို သရုပ်ဆောင်ပညာ ဘာမှလဲ တီးမိခေါက်မိမရှိ၊ ဝါသနာလည်းမပါ၊ အနုပညာပိုးလည်း မထကြွလှသော ရိုးရိုးသာမာန်လူသားကို ပုံသွင်းပြောင်းလဲပေးကြဖို့ အားလုံးက စိတ်အားထက်သန်စွာ သင်တန်းပေးကြတာခံရသည်။





သုံးလလောက် စာတွေ့၊ လက်တွေ့တွေပုံစံ သင်ပေးပြီးလျှင် နောက်ထပ် နှစ်လလောက်ကတော့ ကုမ္ပဏီလက်စွဲဒါရိုက်တာတွေရိုက်သော ဗီဒီယိုရုပ်ရှင်ရိုက်ကွင်းတွေမှာ ဘေးကလိုက်ထိုင်ကြည့်ပြီး လေ့လာသော အလုပ်ကို လုပ်ရလေသည်။ ဒါနဲ့ပဲ မင်းဂုဏ်ရှိန်ဟာ တစ်ရက်ပြီးတစ်ရက် အချိန်တွေကုန်ခဲ့ရတာဖြစ်သည်။

နောက်ပြီး ဆံပင်ပညာရှင်တွေဆီသွားကာ မျက်နှာနဲ့အလိုက်ဖက်ဆုံး ဆံပင်ပုံကို ပုံသွင်းပြုပြင်ရခြင်း၊ အသားအရေဒီဆက်ပိုလုအောင် တစ်ကိုယ်လုံး ပေါင်းတင်ရခြင်း၊ မျက်နှာမှာ အစက်အပြောက်တွေ အမာရွတ်တွေ ပျောက်အောင် ပေါင်းတင်ရခြင်း၊ ကြေးချွတ်ရခြင်း၊ လက်သည်း ခြေသည်းကို ပင်ကိုသဘာဝအတိုင်း ပုံစံပေမဲ့ ကြည်လင်တောက်ပနေသော အရောင်ဖြစ်အောင် ပြုပြင်ရခြင်း စသဖြင့်တွေကို မေမေက အစီအစဉ်ကျနစွာ စီစဉ်ပေးထားပြန်သေးသည်။

ဖက်ရှင်ဒီဇိုင်နာနဲ့လည်း သွားတွေ့ရသေးသည်။ ကိုယ်ခန္ဓာကြံ့ခိုင်အောင် Gym မှာ ကစားရသည်။ ကြိုက်ကြိုက်၊ မကြိုက်ကြိုက် ဝါသနာပါပါ၊ မပါပါ နာမည်ကြီးဝတ္ထုတွေ တစ်နေ့သုံးအုပ်လောက်ဖတ်ပြီး ဝတ္ထုထဲက ဇာတ်ကောင်အတိုင်း ကိုယ့်စိတ်ကိုယ်သွင်းပြီး မှန်ရှေ့မှာ သရုပ်ဆောင်ကျင့်ဖို့ကိုလည်း မေမေကဘေးမှတဖွဖွ တိုက်တွန်းသတိပေးတာလည်း လိုက်နာရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပ ဆယ်တန်းအောင်ပြီး ခြောက်လလော ကြာသောအခါအမှာ မင်းဂုဏ်ရှိန်ဟာ ဗီဒီယိုတွေ ဆက်တိုက် ဖို့ အဆင်သင့် ဖြစ်ရသတဲ့။ သူ သရုပ်ဆောင်တာ ကောင်းကော မကောင်းကောင်း ကားတွေ ဆက်တိုက်ထွက်လာသောအ ဝတ္ထုကောင်း၊ ဒါရိုက်တာကောင်း၊ တွဲဖက်မင်းသမီး နာမည်ကြီ ဇာတ်ပို့ဇာတ်ရံကအစ မချွေတာဘဲ ကောင်းကောင်းသုံးပြီး ပြထားတဲ့ကားတွေ ဖြစ်နေသောအခါ မင်းဂုဏ်ရှိန်ဟာလည်းအ နဲ့ရောပြီး တစ်ခဏချင်းပဲ လူသိများသွားတော့တာ ဖြစ်ပါသည်

"မင်းဂုဏ်ရှိန်" ... "မင်းဂုဏ်ရှိန်"နဲ့ မိန်းကလေး ပါးစပ်ဖျားမှာ ရေပန်းစားလာတာ ခံရသည်။ ဈေးကွက်ထဲ မင်းဂုဏ်ရှိန်ကားဆိုလျှင် RC ကြေးမဆိုးလှသောအဆင့်ကို ရော လာသည်။

မိဘကိုယ်တိုင်က ပိုက်ဆံချမ်းသာပြီး ကိုယ်ပိုင်ဗီဒီ ရုပ်ရှင်ထုတ်လုပ်ရေးရှိခြင်းကလည်း တစ်ပန်းသာပြီး အားလုံး အထင်ကြီး အရေးပေးမှု၊ ဝိုင်းတင်ပေးမှုကိုလည်း ခံရစေသ မင်းဂုဏ်ရှိန်ဟာ နှစ်အပိုင်းအခြားလေး အငွေ့င်းမှာပဲ နေရာ နေရာ ရလာတော့တာဖြစ်သည်။

ဒီလိုနဲ့ပဲ မေမေ ကြိုးဆွဲ၍က,စေသော ဇာတ်လ ထဲ ဝင်က,လိုက်ရသောအခါ မင်းဂုဏ်ရှိန်ရဲ့လူငယ်ဘဝ၊ ဆ ကျော်သက် လွတ်လွတ်လပ်လပ် နေလိုသော ဘဝဟာ ဘယ်





ယ်လို ကုန်ဆုံးသွားမှန်းပင် မသိလိုက်။ ဟော ... အခု စစ် ကိုက်တော့ အသက်တောင် နှစ်ဆယ်ကျော်လာခဲ့ပြီပဲ။ ဒါဟာ ယ်ကျော်သက် မဟုတ်တော့ဘူး။ နှစ်ဆယ်ကျော်လာခဲ့ပြီ။

ဟိုတွေး ဒီတွေးနဲ့ အချိန်တောင် ဘယ်လိုကုန်သွား ကိုက်မှန်း မသိပါဘဲ ကုန်သွားလေရာ ကျုံရှင်ကျောင်းပေါ်မှ ောင်မလေး ကောင်လေးတချို့ ဆင်းလာတာ တွေ့လိုက်ရမှ ခန္ဓာကိုယ်၊ မတ်ခနဲ ဖြစ်သွားကာ အသင့်အနေအထား ဖြစ် ွားပါသည်။

မျက်မှန်နက်ကို ခေါင်းပေါ်ပင့်တင်ထားရာမှ ဆွဲချ ာ တပ်လိုက်သည်။ ကက်(ပ)ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆွဲချ ဆောင်းလိုက်သည်။ ဒီလောက် ရုပ်ဖျက်လိုက်ရရင် ရပါပြီလေ။ ခေါင်းကို ခပ်ငိုက်ငိုက်ထားလိုက်ရုံပဲပေါ့။

ဟော ...။ မင်းဂုဏ်ရှိန် ရင်ထဲမှာ အပူလှိုင်းတစ်ခု ဖြတ်ပြေးသွားသလိုလို၊ အအေးလှိုင်းတစ်ခုခု ဖြတ်ပြေးသွားသလိုလို ခံစားရသည်။ လွင်ပြင် ...။ ရင်ထဲမှာ အကျယ်ကြီး အော်ခေါ် နေမိပေမဲ့ ပါးစပ်ကတော့ ထုတ်မခေါ်ရဲသေး။ လွင်ပြင် ကားနားက ဖြတ်သွားမှ ကားတံခါးကို ဖွင့်ပြီးဆင်းရပါမည်။

လွင်ပြင် သူ့အနား ရောက်လာသောအခါမှ ကား တံခါးကို ဖျတ်ခနဲ ဖွင့်ချလိုက်လျှင် လွင်ပြင့် ခြေလှမ်းတွေ တန့် သွားပြီး လန့်သလိုဖြစ်လျက် ရပ်တန့်သွားသည်။ ဘာကြောင့်ပ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ လွင်ပြင် လာရာလမ်းမှာ သူ့ကားတံခါးက ပိတ်ထားလိုက်သလို ဖြစ်သွား၍ပင်။

"လွင်ပြင် ... ငါပါ မောင်ရှိန်ပါ"

"ဟင်"

လွင်ပြင်သည် အံ့သြပြီး ငေးကြောင်ကြည့်လိုက်မိလေသည်။

"မှတ်မိရဲ့လား"

"မှတ်မိပါတယ်"

"ငါ နင့်ကို တွေ့ချင်လို့ လာစောင့်နေတာ"

"ဘာကိစ္စရှိလို့လဲ"

"ဘာကိစ္စမှ မရှိဘူး၊ တွေ့ချင်လာလို့"

"အရင်က မတွေ့ချင်ဘဲ အခုမှ တွေ့ချင်လာတယ်ဆိုတော့ ငါ့အတွက် ထူးဆန်းနေတယ်"

"ဆောရီး ... လွင်ပြင်၊ ငါ အဲဒီအကြောင်းတွေကိုလည်း ပြောပြပြီး ဝန်ခံချင်လို့ နင့်ကို လာတွေ့တာပါ"

"ငါ ဒီမှာရှိတာ ဘယ်လိုလုပ်သိလဲ"

"နင့်အိမ် ရောက်ခဲ့တယ်"

"သြော် ..."

လွင်ပြင့် အသံက ထေ့သလိုနဲ့ သြော် မဟုတ်ဘဲ သြော် ဖြစ်နေသည်။ လွင်ပြင် ဘာကိုမကျေမနပ်ဖြစ်ပြီး စိတ်မှာ





နေသလဲဆိုတာ မင်းဂုဏ်ရှိန် စဉ်းစားမရ ဖြစ်နေပါသည်။ သုံးနှစ်ခွဲလား ... အင်း ... လေးနှစ်လား မသိဘူး၊ အဲဒီလောက်ကြီး မေ့ထားပြီးမှ လုံးဝအဆက်အသွယ် မလုပ်ဘဲ နေနေပြီး အခုမှ လာတွေ့လို့လား။

ဒါဖြင့် ပြန်မေးရရင် လွင်ပြင်ကရော ဘာလို့ ငါ့ကို အဆက်အသွယ် မလုပ်လဲ။ လွင်ပြင့်အိမ်မှာ ဖုန်းမရှိလို့ မဆက်သွယ်နိုင်ပေမဲ့ ငါ့အိမ်မှာ ဖုန်းရှိတာပဲ။ လွင်ပြင်လည်း သိတာပဲ။ ဘာကြောင့် ဖုန်းမဆက်လဲ။ ဆယ်တန်းအောင်စာရင်း ထွက်တဲ့နေ့ကတောင် တစ်နေ့ကုန် မျှော်ခဲ့သေးတယ်။ နောက်ပိုင်းရက်တွေလည်း မျှော်မိသေးတယ်၊ ခက်တာက အဲဒီတုန်းက မင်းဂုဏ်ရှိန်မှာ အချိန်အားတောင် မရှိသလောက်ဖြစ်အောင် မေမေရဲ့ အစီအစဉ်တွေနဲ့ နေ့စဉ်လှုပ်ရှားနေခဲ့ရတာလေ။ ဒါကြောင့် ဘယ်လိုလုပ် လွင်ပြင့်ကို လာရှာဖွေတွေ့နေနိုင်တော့မလဲ။

"တစ်နေရာရာမှာ ထိုင်စကားပြောရအောင်လား"

"ဒီမှာ ..."

လွင်ပြင်သည် နေကာမျက်မှန်နက် တပ်ထားသဖြင့် မမြင်ရသော မင်းဂုဏ်ရှိန်၏ မျက်လုံးတွေဆီ မှန်းဆကာ စိုက်ကြည့်ရင်း လေသံမာမာဖြင့် ဆက်ပြောလိုက်ပါသည်။

"နင်နဲ့ ငါ ဘာမှမဆိုင်ပါဘူး မောင်ရှိန်။ နင်လည်း နင့်လမ်း နင်လျှောက်ပါ။ ငါလည်း ငါ့လမ်းလျှောက်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဘဝနဲ့ငါ ပျော်နေတယ်။ ဒါကြောင့် ငါတို့ ဘာမှမပတ်သက်ဘဲ နေလိုက်ကြရအောင်လား"

"ငါ နားမလည်နိုင်ဘူး လွင်ပြင်။ နင်နဲ့ ငါ ဘာမှလဲ ပြဿနာမဖြစ်ခဲ့ကြဘဲ အလိုလို ဝေးသွားကြတာပါ၊ ဒီတော့ ပြန်တွေ့ကြတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် ဘာဖြစ်လို့ မခေါ်မပြော မဆက်သွယ်ဘဲ နေရမှာလဲ"

"နင့်အမေက ငါ့ကို ဘာတွေလာပြောခဲ့သလဲ နင် မသိခဲ့ဘူးလား"

"ဟင် ... ဟုတ်လား၊ မေမေ နင့်ကိုလာတွေ့ပြီး ပြောခဲ့သေးလို့လား ... ဟုတ်လား၊ ဟာ ... ဆောရီးပါကွာ၊ ငါ တကယ်မသိခဲ့လို့ပါ၊ ဘာတွေပြောခဲ့လဲ လွင်ပြင်၊ ဘာတွေ ပြောခဲ့လို့ နင် စိတ်နာနေတာလဲ"

ထိုအချိန်တွင် စပ်စပ်စုစုနိုင်သော မိန်းကလေးတစ်ဦးထံမှ မင်းဂုဏ်ရှိန်၏ကားကို မှတ်မိပြီး ...

"ဟင် ... ဒါ မင်းဂုဏ်ရှိန် စီးနေတဲ့ကား၊ ဒီနားမှာ ရပ်ထားတယ်၊ သူ ဒီနားမှာ ရှိတယ်ဟေ့"

ဟူသော ပြောလိုက်သံနဲ့အတူ ရှာဖွေတွေ့ရှိသွားကြသော မျက်လုံးတွေကြောင့် မင်းဂုဏ်ရှိန်မှန်း အနီးတစ်ဝိုက်က မှတ်မိသွားကြတော့သည်။

"ဟိုမှာ ... မင်းဂုဏ်ရှိန်"





"ကောင်မလေးတစ်ယောက်နဲ့ စကားပြောနေတယ်ဟဲ့၊ အဲဒါ ဘယ်သူလဲ မသိဘူး"

"သူ့ရည်းစားလား"

"မင်းဂုဏ်ရှိန်မှာ ရည်းစားမရှိပါဘူး"

မင်းဂုဏ်ရှိန်လည်း အသံတွေကြောင့် စိတ်ရှုပ်သွားပြီး လွင်ပြင့်ကို ခွင့်တောင်းမံနေတော့ဘဲ ...

"လာ ... လွင်ပြင်၊ နင် ငါ့ကားပေါ်တက်တော့။ ခဏလိုက်ခဲ့ပြီး စကားပြောတော့။ ဒီမှာ ရပ်ပြောနေလို့ ရတော့မှာ မဟုတ်ဘူး"

ဟူ၍ ပြောပြောဆိုဆို လွင်ပြင့် လက်ကောက်ဝတ်ကို ဆုပ်ကိုင်လိုက်ကာ ဆွဲခေါ်လိုက်ပါသည်။ လွင်ပြင်သည် နှုတ်တရက်မို့ ကြောင်ပြီး သူ့နောက်က လိုက်သွားမိတော့မလို ဖြစ်သွားသည်။ စိတ်ထဲမှာလည်း ဟိုးလွန်ခဲ့တဲ့ လေးနှစ်လောက်တုန်းက အဖြစ်အပျက်ကို သတိတရဖြစ်ပြီး လွမ်းမောတမ်းတသွားသေးသည်။

အဲဒီတုန်းက ကားရှုပ်ထွေးသော လမ်းမကြီးတွေကို ဖြတ်ကူးတိုင်း၊ လူရှုပ်သော မီနီမားကပ်လေးတွေ စတိုးဆိုင်လေးတွေကို ဝင်ရတိုင်း မောင်ရှိန်ဟာ လွင်ပြင့်လက်ကောက်ဝတ်ကို ဒီလိုပဲ ဆွဲခေါ်တတ်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ငါ လူချင်းကွဲသွားမှာစိုးလို့၊ နင့် ငါ့နားက ပျောက်ကွယ်သွားပြီး ကျန်ခဲ့မှာစိုးလို့"

ဟု လက်ကိုင်ထားရတိုင်း ထိုသို့ဖြေရှင်းတတ်တဲ့ကောင်လေးဆီက အချစ်တွေကို လွှင်ပြင် ပြန်သတိတရ ခံစားလိုက်ရသလိုလို ဖြစ်ကာ မိန်းမောသွားမိသည်။

နောက်တော့မှ သတိရကာ ...

"ဟာ ... ဘယ်ဖြစ်မလဲ၊ မလိုက်ပါဘူး"

ဟု ငြင်းဆန်ပြီး ရုန်းပေမဲ့ ...

"လွှင်ပြင် ... ပလိစ်(စ)ကွာ၊ မရုန်းပါနဲ့။ လူတွေ ငါ့ကို သတိထားမိနေပြီ၊ ငါ အရှက်ကွဲရအောင် မလုပ်ပါနဲ့လား။ ငါနဲ့ နင် ခဏလေး ဆိုင်ထိုင်ပြီး စကားပြောရုံလေးကို နင် ဘာလို့မပေးနိုင်ရတာလဲ။ နင် ငါ့ကို မမုန်းနေဘူးဆိုရင် ဒီလောက် ခါးခါးသီးသီး ငြင်းဖို့မလိုဘူး"

မင်းဂုဏ်ရှိန်၏ တောင်းပန်စကားကြောင့် လွှင်ပြင်လည်း သူ့ဘက်က ကိုယ်ချင်းစာမိသွားကာ ဆက်ရုန်းမနေတော့ပါ။ သူ့အမေရဲ့စကားတွေကို စိတ်နာတာတော့ နာတာပဲ၊ သူ့ကို ရှောင်လို့ရသရွေ့တော့ ရှောင်တာပဲ။ ဒါပေမဲ့ တစ်ခါတလေကျ ရှောင်မရတဲ့ အခုလို အခြေအနေမျိုး၊ အကျဉ်းအကျပ်မျိုး ကြုံလာ





ရင်တော့ လွှင်ပြင် တွေဝေမနေတော့ဘူး။ ကိုယ့်မုန်းတဲ့သူက မောင်ရှိန်မှ မဟုတ်တာ။ မောင်ရှိန် ဒုက္ခရောက်ရအောင်တော့ မလုပ်သင့်ဘူး။ လွှင်ပြင် မုန်းခဲ့တာက သူ့မေမေပဲ။ ဒေါ်ခင်နှင်းဦးကိုပဲ။ ဒေါ်ခင်နှင်းဦးရဲ့အောက်ခြေလွတ် ဘဝမေ့နေသော အဆင့်အတန်းခွဲချင်တဲ့ စကားတွေကိုပဲလေ။

"အံမယ်လေး၊ တော်ပါသေးရဲ့၊ နင် ငါ့ကားပေါ် ပါလာတယ်"

မင်းဂုဏ်ရှိန်သည် အခုမှ စိတ်အေးသွားရသလို အသံဖြင့် လွှင်ပြင့်ကို လှည့်ပြောလိုက်သည်။

"အဝေးကြီး မသွားဘူး"

"အေးပါ၊ နင့်သဘောပါ၊ နင် ဘယ်သွားချင်လဲ"

"မသိဘူး"

"မရွဲ့နဲ့ လွှင်ပြင်ရာ"

"မသိလို့ မသိဘူး ပြောတာ၊ ငါက နင်တို့လို celebrity တွေ ဘယ်လိုဆိုင်မျိုးကိုထိုင်မှ သင့်တော်သလဲ ဆိုတာ သိကိုမသိလို့ မသိဘူးပြောတာ၊ နင့်ဘာသာနင် အဆင်ပြေတဲ့ဆိုင်ပဲရွေးပေါ့"

"ကောင်းပါပြီ၊ အမိန့်တော်အတိုင်းပါပဲ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းဂုဏ်ရှိန်က ရှုတ်နှောက်နှောက်ပြောပေမဲ့ လွင်ပြင်ကတော့ သူစိမ်းဆန်စွာ ခပ်တည်တည်ကြီး လုပ်နေခဲ့သည်။ ကားထဲမှာတော့ "နှးညွှတ်အမိန့်တော်အတိုင်း" ဟူသော အငဲ၏သီချင်းသံက တိုက်ဆိုင်စွာ ကြားနေရလေသည်။





၁၄

"လွင်ပြင်ရယ် ...

မေမေ့စကားတွေကြောင့် စိတ်နာတာလည်း နာတာပေါ့။ မေမေ့ကို မုန်းတာလည်း မုန်းနေတာလည်း မုန်းပါ၊ မမုန်းနဲ့လို့ ကိုယ် မတားပါဘူး။ ဒါပေမဲ့ ကိုယ့်ကိုတော့ မမုန်းလိုက်ပါနဲ့ လွင်ပြင်ရယ်၊ ကိုယ်ကတော့ လွင်ပြင့်ကို ကလေးဘ၀တည်းကလည်း ချစ်ခဲ့တယ်၊ အခု ပြန်တွေ့တော့လည်း ချစ်နေသေးတယ် ဆိုတာ ရင်ထဲက အပြည့်အ၀ ထောက်ခံမှုနဲ့ ယုံကြည်နေတယ် ...

ကိုယ်တို့ နှင်နဲ့ ငါလို့ မပြောကြေး။ သူငယ်ချင်းလည်း မဖြစ်ကြေးနော်၊ လွင်ပြင်ဟာ ခုထိ ကိုယ့်ရဲ့ချစ်သူပဲ၊ ကိုယ့်ကို ပြန်လက်ခံပါနော် ...

လွင်ပြင်ရဲ့

ကို"



www.burmeseclassic.com

www.burmeseclassic.com



လွင်ပြင်သည် မွှေးရနံ့လေး သင်းပျံ့နေသော စာရွက်လေးထဲမှ စာသားတွေ ဖတ်ပြီးသောအခါ ရင်ထဲမှာ ရှိန်းမြပူနွေးလို့နေသည်။ ဒီစာထဲက စာသားတွေကို လွင်ပြင် တစ်ယောက်တည်းသာ ဖတ်ရပေမဲ့ ဘေးကများ မြင်သွားမလားရယ်လို့ ရှက်စနိုးဖြစ်နေမိပြန်သည်။ စီဒီ၊ ဗီစီဒီနှင့် ဒီဗီဒီတွေ အရောင်းကောင်တာမှာ တာဝန်ကျချင်လှသော လွင်ပြင်သည် အခုတော့ လူတွေရှုပ်လှသော ဒီကောင်တာကိုပင် မကြိုက်မိသလို ဖြစ်သွားသည်။ လွင်ပြင် ဒီစာလေးကိုဖတ်ပြီး ရင်ထဲမှာ တစိမ့်စိမ့် ကြည်နူးနေချင်တာ၊ တိတ်တိတ်ဆိတ်ဆိတ်လေး သူ့ကို သတိရနေချင်တာ။

လွင်ပြင် အလုပ်ကို ရောက်ရောက်ချင်းမှာ ပန်းစက္ကူလက်ဆွဲအိတ်သေးသေးလေးတစ်လုံးနဲ့ ဒီစာတစ်စောင် ကြိုရောက်လို့နေသည်။ လွင်ပြင်တို့ ကောင်တာ၏ Supervisor ဖြစ်သော ကိုတိုးကြီးဆီမှာ လာရောက်အပ်နှံထားတာဖြစ်သည်။

"ဟော ... လွင်ပြင် လာပြီလား၊ ဒီမှာ ညည်းကို လူတစ်ယောက်က ဒါလေးပေးပေးပါဆိုပြီး ထားခဲ့တယ်၊ ယူလိုက်ဦး"

ဟု လွင်ပြင် ရောက်တော့မှ ထိုစက္ကူလက်ဆွဲအိတ်လေးကို ထုတ်ပေးသည်။ စက္ကူလက်ဆွဲအိတ်ကို အဝမှာဟ,မနေအောင် ဆဲလ်လိုတိပ်(ပ)ဖြင့် လေးနေရာလောက် ပိတ်ထားသဖြင့် အတွင်းဘက်ကို မဖွင့်ဘဲ ချောင်းကြည့်လို့သာ ရပါသည်။





"အရုပ်လေးတစ်ရုပ် တွေ့တယ်၊ ဘယ်သူ ပေးတာလဲ၊ လွင်ပြင့် ဘဲဘဲလား"

ကောင်တာမှာ အတူတာဝန်ကျသော ဝင်းဝင်း ဆိုတဲ့ ကောင်မလေးကတော့ သူမ ကြိုပြီးချောင်းကြည့်ထားမှန်း ဝန်ခံသလိုဖြင့် ပြောလည်းပြော၊ မေးလည်းမေးနေသည်။

လွင်ပြင် တိပ်(ပ)တွေကိုခွာပြီး အထဲမှ အရာဝတ္ထုကို ထုတ်ယူကြည့်လိုက်တော့ ခြောက်လက်မအမြင့်လောက်သာရှိသည့် မွှေးပွဝက်ဝံအဖြူလေး ထွက်လာသည်။

ဝက်ဝံရုပ်လေးရဲ့ ရင်ဘတ်မှာ ဘာစာသားမှ မပါပါ။ ရိုးရိုးပန်းရောင်ဖဲပြားလေးသာ လည်ပင်းမှာ ချည်ထားသော အရုပ်လေးက ရေမွှေးနံ့လည်း သင်းပျံ့နေသည်။ လွင်ပြင်ဟာ စာမဖတ်ရသေးပေမဲ့ အရုပ်လေးကို မြင်လိုက်တာနဲ့ ဒါ မောင်ရှိန့်ဆီကပဲဆိုတာ ကြိုသိနေသည်။ သူ့အကျင့်တွေ မပြောင်းသေးဘူးလေ။ ဟိုးအရင်ကလည်း လွင်ပြင့်ကို ဖန်စီပစ္စည်းအသုံးအဆောင်လေးတွေ ပေးတတ်သလို ဒီလိုပဲ အရုပ်ခပ်သေးသေးလေးတွေ ဝယ်ပေးတတ်ကြောင်း လွင်ပြင် အမှတ်ရနေပါသည်။

"ငါက အရုပ်ဆို အကြီးကြီးတွေ မကြိုက်ဘူး၊ သူများတွေကတော့ ဖက်အိပ်ရတာ ကြိုက်တယ်တို့ ဘာတို့ ပြောပြီး အရုပ်ဆို အကြီးကြီး ကြိုက်ကြတယ်။ ငါကတော့ အရုပ်သေးသေးလေးတွေပဲ ချစ်တယ်။ သေးသေးကွေးကွေးလေးတွေ အမွှေးနုနုလေးတွေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



လို့ လွင်ပြင် ပြောဖူးသဖြင့် သူဟာ ဒါကိုမှတ်ထား ပြီး လွင်ပြင့်ကို အရုပ်ခပ်သေးသေးလေးတွေပဲ ဝယ်ပေးတာ လေသည်။ အခုလည်း အရုပ်လေးတစ်ရုပ် စ,ဝယ်ပေးပြီး အဟောင်း တွေ အသစ်ပြန်ဖြစ်အောင် လုပ်တာလား။

"ချစ်စရာလေးဟယ်၊ အရုပ်သေးသေးလေး၊ မွေးနေတာ ဘဲဘဲဝယ်ပေးတာလား"

ဝင်းဝင်းက အရုပ်လေးကို လာကိုင်ကြည့်ပြီး စပ်စုနေပြန်သေးသည်။ လွင်ပြင် ပြုံးရုံပြုံးနေပြီး ဘာမှမဖြေခဲ့ အမှန်အတိုင်း ပြောပြလိုက်လို့ မဖြစ်ဘူးလေ။ မင်းဂုဏ်ရှိန်ဆို ကိုယ့်ရဲ့ရည်းစားဟောင်းလေးဟာ သာမန်လူမှ မဟုတ်တာ

"ကိုတိုးကြီးကို လူတစ်ယောက် လာပေးသွားတယ်ဆို အဲဒီလူက ဘယ်လိုပုံစံလဲဟင်"

လွင်ပြင် သိချင်သဖြင့် မေးလိုက်လျှင် ...

"ဦးလေးကြီးတစ်ယောက်ပါဟာ၊ ကြည့်ရတာ အိမ် ဒရိုင်ဘာလား၊ လမ်းပေါ်က လူကြီးတစ်ယောက်ကို အ အညီတောင်းတာလား မသိဘူး၊ မလွင်ပြင် လာရင် ဒါ ပေးပေးပါဆိုလို့ကွယ်လို့ပဲ ပြောသွားတယ်၊ ဘယ်သူ တယ်လဲ မပြောဘူး၊ ဘာလဲ ... ညည်းစာထဲမှာ နာမည် လျှို့ဝှက်ထား ့ိလား"

"မဟုတ်ပါဘူး၊ လွင်ပြင် သိချင်လို့ပါ"





ဘာပဲဖြစ်ဖြစ် လွင်ပြင် ကြည်နူးပြီး ရင်ခုန်နေခဲ့ပါ သည်။ မိန်းကလေးပီပီ ကိုယ့်ချစ်သူဟာ ပျိုတိုင်းကြိုက်ရတဲ့ မင်းသားလေး ဖြစ်နေတဲ့အတွက် ဂုဏ်ယူတာလည်း ပါသလို သူ ဟာ ငါ့အပေါ် တကယ်ပဲ မမေ့မလျော့ ချစ်နေနိုင်ဆဲပါလားလို့ သိရတဲ့အခါ နှလုံးသားတွေဟာ ခံနိုင်ရည်မရှိတာလည်း ပါပါသည်။

လွင်ပြင့်ဘဝမှာ သူ့ကိုသာ ချစ်ခဲ့ဖူးပြီး သူ လွင်ပြင့် အနားမှာ မရှိခဲ့သောအခါမှာလည်း ဘယ်ယောကျ်ားလေး တစ် ယောက်အပေါ်မှာမှ စိတ်လှုပ်ရှားပြီး ချစ်သူဖြစ်ခဲ့ချင်စိတ်တွေပင် ဖြစ်မလာဘူးခဲ့ပါ။ သူနဲ့ ဘယ်တော့မှလဲ ပြန်ဆုံတော့မှာမဟုတ်။ သူ့ဆီကအချစ်ကို ဘယ်တော့မှ ပြန်ခံယူခွင့်ရမှာလဲ မဟုတ်လို့သာ စိတ်ထဲထင်ခဲ့တုန်းကလည်း ဗီဒီယိုဆိုင်တွေမှာ ထောင်ထားတတ် တဲ့ သူ့ပုံကြော်ငြာနဲ့ ဗီဒီယိုကားဝေါလ်ရှိတ်ဘုတ်ထဲတွေကိုကြည့် ပြီး ချစ်နေခဲ့မိတယ်၊ သတိရလွမ်းဆွတ်နေခဲ့တယ် ဆိုတာ ဘယ်သူ ကမှလဲ သိနိုင်ကြလိမ့်မှာ မဟုတ်ပါ။ လွင်ပြင့်ဘာသာ ကိုယ့်စိတ် ကူးလေးနဲ့ကိုယ် ဒါကို ကြည်နူးကျေနပ် နှစ်သိမ့်နိုင်ခဲ့တာပါ။

အခုတော့ မမျှော်လင့်ဘဲ ခံစားခွင့်ရတဲ့ အခြေအနေ လေးကို လွင်ပြင် မိန်းမူးသာယာနေပါရစေ။ လွင်ပြင် သူ့အချစ် ကို ခံစားခွင့်ရပါစေလား။ သူ့အမေ ပြောခဲ့ဆိုခဲ့တာတွေလည်း ခမ့။ အနိမ့်ခံခဲ့ရတာလည်းမေ့။ အရာရာကိုလည်း မေ့ပြီး(မေ့ပစ် ချင်ပြီး) လွင်ပြင် သူ့ကို ပြန်ချစ်ခွင့် ရပါရစေ။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ပဲ နောက်တစ်နေ့မနက်ကျ ဖန်စီကျောက် လှလှလေးနဲ့ မိုးရေစက်ပုံဖော်ထားတဲ့ နားဆွဲသေးသေးလေးတစ်စုံ ရယ်။

"လွင်ပြင်

သိပ်ချစ်တာပဲ သိလား ...

ကို"

ဆိုသော စာတိုလေး တစ်စောင်ရယ်။

နောက်တစ်နေ့ကျ "Love her madly" ဆိုတဲ့ ရေမွှေးပုလင်းလေး 50ml လောက် အရွယ်လေး တစ်ပုလင်းရယ်။

"လွင်ပြင့်ကို ...

အရူးအမူးပဲ ချစ်ပါတယ်

ကို"

ဆိုတဲ့ စာတစ်စောင်ရယ်။

နောက်တစ်နေ့ကျ ချက်နဲ့နှိပ်ပိတ်ရတဲ့ ပိုက်ဆံအိတ် လေးတစ်လုံးရယ်။

"လွင်ပြင် ...

ကို လာတွေ့ချင်တယ်၊ ဒါပေမဲ့ ကို လုံးဝမအားသေး လို့ မလာနိုင်သေးဘူး။ ဒီတစ်ပတ်လုံး ကားရိုက်မပြတ်သေး လို့။ ကို အားတာနဲ့ လာခေါ်မယ်နော် ...

ကို"





ဆိုသော စာတစ်စောင်ရယ်။ လွင်ပြင် ထိုစာကို ဖတ်ပြီးသောအခါ နေ့တိုင်း မေးကလေးထောက် မျှော်တတ်လာ သည်။ လူရိပ်တစ်ရိပ် ကိုယ့်ကောင်တာရှေ့ လာရပ်တိုင်းလည်း သူများ ရောက်လာသလားဆိုတဲ့ မျှော်လင့်ချက်နဲ့ မော့မော့ကြည့် ရတာ အမော။

လူရောက်မလာသေးသော်လည်း နေ့တိုင်း လက် ဆောင်ပစ္စည်းလေး တစ်မျိုးစီနဲ့ စာတစ်စောင်ဆီကို ဆယ်ရက်ဆက် တိုက် လက်ခံရရှိနေသောအခါ လုပ်ဖော်ကိုင်ဖက် အားလုံးတို့က လွင်ပြင့် ချစ်သူကို စိတ်ဝင်စားကုန်ကြတော့သည်။

"ငါတို့လည်း အဲဒီလိုမျိုး အပိုးခံရချင်တယ်ဟ့ာ၊ တစ်နေ့ တစ်မျိုး လက်ဆောင်လေးတွေပေးပြီး ရည်းစားစာပေးခံ ရတာ"

"ဟိုဘက်ကောင်တာတွေမှာ လွင်ပြင် လုပ်နေတုန်းက ဒီ အသံမကြားရပါဘူး။ ငါတို့ စီဒီကောင်တာဘက်ရောက် လာမှ လွင်ပြင် စွံသွားတာဟ့ာ၊ ဒါဆို ဒီကောင်တာမှာ မြားနတ်မောင်ရှိတယ် ထင်တယ်နော်"

"ငါတို့လည်း စွံချင်တယ် မြားနတ်မောင်ရေ၊ ကူညီမ,စပါ ဦး"

လွင်ပြင် တစ်ယောက် ဝိုင်းမေးကြသူ၊ ဝိုင်းစကြသူ တွေထဲမှာ ရက်စနိုးနဲ့ ကြည်နူးလို့ကောင်းတုန်း ဆယ့်တစ်ရက်


www.burmeseclassic.com

www.burmeseclassic.com



မြောက်နေ့မှာ ထူးဆန်းသော လက်ဆောင်တစ်ခုကို ထပ်မံလက်ခံ ရရှိသောအခါ ...

"ဟင် ... ဟန်းဖုန်းလေးတစ်လုံးပါလား ... ဒီတစ်ခါ"

လွင်ပြင့် လက်ဆောင်ထုပ်ကိုဆို အမြဲစိတ်ဝင်တစား စောင့်ကြည့်ကြသူတွေဆီမှ အံ့သြတကြီး ရေရွတ်သံနှင့်အတူ လွင်ပြင့်လက်ထဲ ပန်းရောင်ဖုန်းလေးတစ်လုံး ရောက်လာသည်။

အစကတော့ ရိုးရိုးသာမန်ကောင်လေးတစ်ယောက်ဆီက လက်ဆောင်ပါမွှားလေးတွေ၊ ဖန်စီလေးတွေ ရနေတယ်ထင်ကာ သာမန်ကာလျှံကာ စနောက်ခဲ့ကြတဲ့ မိန်းကလေးတွေ အကုန်လုံး ထိုလက်ဆောင်ကို အထင်တကြီး ဝိုင်းကြည့်ကုန်ကြတော့လေသည်။

"ဟယ် ... Nokia တံဆိပ် အကောင်းစားလေးနော် ... လွင်ပြင်"

"ဗီဒီယိုဖုန်းဟဲ့၊ ဒီမှာ manual စာအုပ်ထဲမှာ အသုံးပြုပုံ ရေးထားတာမှာ ပြထားတယ် ... တွေ့လား"

"ဖုန်းက အခုတော့ အားလုံး set up လုပ်ပြီးသားပဲ၊ လွင်ပြင် အသင့်သုံးရုံပဲဟဲ့"

"လွင်ပြင့်ဘဲဘဲလေးက သူဌေးပဲ၊ ဖုန်းတောင် လက်ဆောင်ပေးနိုင်တာကိုး။ ဟား ဟား ... ဒီကိုရောက်လာတဲ့နေ့ကျ မှန့်ကောင်းကောင်းလိုက်ကျွေးဖို့ ပြောရမယ်ဟေ့"





မိန်းကလေးရွယ်တူတွေပီပီ မနာလိုခြင်းတစ်ဝက်၊ အားကျခြင်းတစ်ဝက်တို့ဖြင့် လွင်ပြင်ဟာ အားလုံး၏ စိတ်ဝင်စားမှုကို လက်ခံရတော့လေသည်။ ရုပ်မားကပ်ကြီးက ကြီးမားလှသဖြင့် တစ်ယောက်နဲ့တစ်ယောက် သိပ်မသိကြပေမဲ့ အနီးဝန်းကျင်ကောင်တာတွေကတော့ လွင်ပြင့်သတင်းကြားပြီး လွင်ပြင်ဆိုတာ ဘယ်လိုလေးမို့လဲဟုဟင် လာအကဲခတ် ကြည့်ရှုကြလေသည်။

ရုပ်မားကပ်ကြီးထဲမှာ အလုပ်လုပ်တဲ့ သာမန်အရောင်းဝန်ထမ်း ကောင်မလေးကို ဟန်းဖုန်းတစ်လုံး လက်ဆောင်ပေးပြီး ပိုးလို့တဲ့ဟူသော သတင်းက အတော်ကြီး ရေပန်းစားနေတာ။ မနက်ပိုင်း ဖုန်းရပြီး လွင်ပြင်ကိုယ်တိုင် ဘာလုပ်လို့လုပ်ရမှန်း မသိသေးဘဲ (ဒီနေ့ကျမှ စာလည်းတစ်စောင်မှ ရေးမပေးလိုက်ဘဲ ပေးလိုက်တာမို့) မောင်ရိုန့်ကို စိတ်တိုလို့မဆုံးဖြစ်နေတုန်း နေ့လယ်ကျတော့ လွင်ပြင့် ဖုန်းလေး အသံစ,မြည်လာသည်။

"ခစ် ခစ် ... အဟစ် ဟစ် ... ခစ် ခစ် ခစ်"

ဟု ကလေးတစ်ယောက်၏ ချစ်စဖွယ်ရယ်သံလေး ရုတ်တရက် မြည်လာတော့ လွင်ပြင် လန့်ပြီး တုန်လှုပ်သွားရသတဲ့။

"ဟဲ့ ... ဟဲ့ ... လွင်ပြင်၊ ညည်း ဖုန်းမြည်လာပြီဟ၊ ဖုန်းအသံမြည်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကိုတိုးကြီးကပင် စိတ်ဝင်တစား လှမ်းအော်သတိပေးတာ ခံရသည်။

"အသံက ချစ်စရာလေးဟယ်၊ ကလေးပေါက်စ ရယ်သံလေးနဲ့"

သူများတွေ ဝိုင်းပြောပေမဲ့ လွင်ပြင့်ခမျာ ဖုန်းကို တစ်ခါမှ မသုံးဘူး၊ မကိုင်ဘူးသည်ဖြစ်ရာ ဘယ်ခလုတ်ကိုနှိပ်ရင် လက်ခံစကားပြောရသလဲပင် မသိပေ။ လွင်ပြင် ကြောင်ပြီးဖုန်းကို စိုက်ကြည့်နေရာ ...

"လွင်ပြင် ဖုန်းပြောမလို့လား ပြောလေ"

"အဟီး ... ဟုတ်တယ်၊ လွင်ပြင် ဘယ်ခလုတ်ကိုနှိပ်ရမှန်းတောင် မသိဘူး၊ တကယ်ပြောတာ"

"အသုံးပြုနည်းစာအုပ် manual handling ထဲမှာ ပါတယ်လေ"

"လွင်ပြင် မဖတ်ရသေးဘူး"

"မှန်းစမ်း ... ငါထင်တာတော့ ဒီခလုတ်လေး ထင်တာပဲ။ ငါလည်း မကိုင်ဖူးပါဘူး။ ဒါပေမဲ့ ငါ့မိတ်ဆွေ ကားပွဲစားတော့ ကိုင်တာတွေ့ဖူးနေလို့"

ကိုတိုးကြီးပြသော ခလုတ်ကိုပင် လွင်ပြင် နှိပ်လိုက်ပါသည်။ လွင်ပြင် အားလုံးရှေ့မှာ ဟန်းဖုန်းနဲ့ စကားပြောရတာကို ရှက်နေမိ၏။





"ဟေး ... လွင်ပြင်၊ ဘာလို့ ဖုန်းမကိုင်တာလဲ"

လွင်ပြင်သည် သူ့အသံ ကြားလိုက်ရသောအခါ ကြားဖူးနေကျအသံပေမဲ့ အခုမှ အသစ်အဆန်း ပြန်ဖြစ်ပြီး ရင်တွေခုန်ကာ ခြေဖျားလက်ဖျားတွေ အေးလာပါသည်။

"ဖုန်း ဘာလို့ပေးတာလဲ"

လွင်ပြင် ချက်ချင်းပဲ သိချင်တာကို မေးလိုက်မိ၏။

"လွင်ပြင့်ကို အမြဲဆက်သွယ်လို့ရအောင်"

"သိပ်တန်ဖိုးကြီးတာကြီး ငါ လက်မခံရဲဘူး"

"ဟာ ... လုပ်ပြီကွာ၊ နင်နဲ့ငါ မပြောကြေးလေ၊ ကိုတို့ကလေး မဟုတ်တော့ဘူး၊ သူငယ်ချင်းဘဝကနေ ရည်းစားဖြစ်တဲ့ စုံတွဲလေးပုံစံ မဟုတ်တော့ဘူးလေ"

"အံမာ ... ဘယ်သူက လက်ခံမယ် ပြောလို့လဲ"

"လက်မခံလည်း မရဘူး၊ ခုပဲ ကို လွင်ပြင့်နား ရောက်နေပြီ"

"ဟင်"

လွင်ပြင် အလန့်တကြားပင် ဘေးပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သောအခါမှာ မင်းဂုဏ်ရှိန်ဟာ ဖုန်းပြောရက်သားပုံစံနဲ့ ကောင်တာဖွင့်ထားရာ သီးသန့်ခန်းလေးထဲကို ဝင်လာနေခဲ့လေပြီ။ စီဒီ၊ တိပ်(ပ)၊ ဗီစီဒီ၊ ဒီဗီဒီတွေရောင်းသော ကောင်တာတွေကတော့ သီးသန့်ခန်းလေးလိုလုပ်ကာ အထဲမှာ စမ်းပေးလို့



www.burmeseclassic.com

www.burmeseclassic.com



ရသောစက်တွေ ထားသဖြင့် ဒီကောင်တာကို ဝင်ချင်လျှင်တော့ မှန်တံခါးလေး တွန်းဖွင့်ပြီး ဝင်လာမှရသည်။

မင်းဂုဏ်ရှိန်သည် မှန်တံခါးကို တွန်းဖွင့်ပြီး ဝင်လာပေမဲ့ လွင်ပြင်ရှေ့ ရပ်လာပေမဲ့ ဖုန်းကိုအပြောမပျက်သေးပဲ —

"ကဲ ... ဘယ့်လိုလဲ၊ ကို ရောက်လာခဲ့ပြီ လွင်ပြင်"

တဲ့ ...။

လွင်ပြင်လည်း အံ့သြငေးကြောင်ကာ နားမှာကပ်ထားသောဖုန်းကို မခွာမိသေးဘဲ ...

"သြော် ... ရောက်လာပြီလား"

လို့ အိပ်မက်ထဲမှာ ပြောသလိုအသံနဲ့ ပြန်ပြောမိသတဲ့။

မင်းဂုဏ်ရှိန်ဟာ ဒီတစ်ခါတော့ ရပ်ဖျက်မထားတော့ဘဲ သူ့နဂိုရုပ်ဖြင့်ပင် ရောက်လာခဲ့သည်ဖြစ်ရာ အားလုံးက မှတ်မိပြီး ငေးကြည့်တာရော၊ လွင်ပြင့်ချစ်သူဟာ ဘယ်လိုလူမျိုးဖြစ်မလဲလို့ စိတ်ဝင်စားနေချိန်မှာကျမှ ဖုန်းပြောရက်သား ရောက်လာခဲ့တာရော အားလုံးပေါင်းပြီး ရှိသမျှ ပတ်ဝန်းကျင်ဟာ သူတို့နှစ်ဦးကို ရုပ်ရှင်ရိုက်ကွင်းတစ်ခုအလား ကြည့်နေကြတော့လေသည်။

"လွင်ပြင် နေ့တစ်ဝက် ခွင့်ယူလို့ ရမလား"



မင်းဂုဏ်ရှိန်သည် ဖုန်းကို ခုမှပဲ ခလုတ်နှိပ်ပိတ်လိုက်ပြီး ပြန်ခေါက်ချိုးလိုက်ကာ သူ့ ဘောင်းဘီပွပွကြီးမှာ များစွာပါသော အိတ်တွေထဲက တစ်အိတ်မှာ ထည့်လိုက်ပါသည်။

"ဘာလုပ်မလို့လဲ"

"လွင်ပြင့်ကို လာခေါ်တာ"

"ဟာ ..."

လွင်ပြင် စိတ်ဝေခွဲမရသလို အသံဖြင့် ရေရွတ်မိသည်။ အားလုံးက ဝိုင်းကြည့်ကြ၍ လွင်ပြင် အနေလည်းခက်ကာ ရှက်နေပြန်သည်။

"နေ့တစ်ဝက် ခွင့်ယူလိုက်ပါနော်၊ ညနေကျ အိမ်အထိ ပြန်လိုက်ပို့ပေးမယ်၊ ဦးဦးနဲ့ အန်တီတို့ကိုလည်း ထပ်တွေ့ဦးမယ်လေ၊ လွင်ပြင့်ကိုလည်း စကားတွေ အများကြီးပြောချင်တယ်၊ ကို ဒီလိုမှ လာမတွေ့ရင် ဘယ်လိုမှ တွေ့ကြရမှာမဟုတ်ဘူး။ ကိုက အမြဲမအားဘူး လွင်ပြင်၊ လွင်ပြင်အားတဲ့ရက်ကျတော့ ကိုက မအားပြန်ဘူး"

လွင်ပြင် တကယ်တော့ သူနဲ့လိုက်သွားချင်တာထက် လူတွေအားလုံး ဝိုင်းကြည့်ခံရတဲ့ဒဏ်၊ သူနဲ့ မလိုက်ဘဲ ကျန်ရစ်ခဲ့ရင် ဝိုင်းမေးမြန်း စပ်စုကြတဲ့ဒဏ်တွေကို မခံချင်သဖြင့် သူ့စကားတွေကို အလွယ်တကူပဲ လက်ခံလိုက်လျောလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



Family Super Market ကြီးထဲမှာသာမက ထိုစူပါမားကပ်ကြီးကိုပါ တွဲဖွင့်ထားသော ရှော့ပင်းမောလ်မှာတော့ သတင်းတွေ ပျံ့သွားပါသည်။

"မင်းဂုဏ်ရှိန်က Family မှာလုပ်တဲ့ သူ့ကောင်မလေးကို လာခေါ်သွားတယ်"

❦ ✱ ❦





၁၅

ကားပေါ်ရောက်သောအခါ လွင်ပြင် သူ့ကို မျက်စောင်းအကြီးကြီး ထိုးမိလိုက်သည်။ သူက ဒါကိုမြင်ပြီး ...

"ဟောဗျာ ... နေရင်း ထိုင်ရင်း"

ဟု ရယ်မောကာ ရေရွတ်ပါသည်။

"ဘာ ... နေရင်းထိုင်ရင်းလဲ"

"ချစ်လို့လာခေါ်တာကို မျက်စောင်းကြီးထိုးတော့ ..."

"ချက်ချင်းလိုက်လာတယ်ဆိုပြီး အထင်မသေးနဲ့၊ နင်မနက်တုန်းက ဖုန်းအကောင်းစားကြီး လက်ဆောင်ပေးကတည်းက အားလုံး ငါ့ကို စိတ်ဝင်စားနေချိန်မှာ နေ့လယ်ကျရောက်ချလာတော့ အကုန်လုံး အံ့သြပြီး သတိတွေတောင်လစ်တဲ့ပုံ ဖြစ်နေပြီ။ အဲဒီပုံကြီးတွေနဲ့ ငါ ဆက်နေပြီး ကျန်ခဲ့ရမှာစိုးလို့၊ စပ်စုခံရမှာစိုးလို့ လိုက်လာတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပြီကွာ၊ နှင်နဲ့ငါ မဟုတ်ဘူးလေ"

"နှင်နဲ့ငါပဲ ဘာဖြစ်လဲ"

"ကိုတို့ ကလေးမဟုတ်တော့ဘူး၊ တကယ့်ချစ်သူတွေလို နူးညံ့ချစ်ခင်တဲ့ အခေါ်အဝေါ်လေးတော့ ရှိရမယ်"

"ဟား ဟား ... ရုပ်ရှင်ဗီဒီယိုတွေ ရိုက်ရလွန်းလို့ အဲဒီထဲက စာသားတွေ ဇာတ်ကောင်တွေ စိမ့်ဝင်တဲ့စကားမျိုး လာမပြောနဲ့ မောင်ရှိန်ရာ။ ငါ အသည်းယားတယ်၊ ရယ်ချင်တယ်"

လွင်ပြင် ထိုသို့ပြောနေတုန်း မင်းဂုဏ်ရှိန်သည် မဆီမဆိုင်ဘဲ ...

"လွင်ပြင့်ကို ကို အရမ်းချစ်တယ်"

လို့ တည်ငြိမ်စွာ ပြောလိုက်သောအခါ လွင်ပြင်သည် ချက်ချင်းပဲ နှုတ်ဆွံ့အသွားလျက် တိတ်ဆိတ်သွားခဲ့ပါသည်။

"တကယ်ပြောတာ ကို့အတွက် ဘာမှတွေဝေစရာ မရှိဘူး။ ဘယ်အချိန်မေးမေး ဒီအဖြေပဲ ထွက်တယ်၊ လွင်ပြင့်ကိုပဲ ချစ်တယ်၊ အရမ်းချစ်တယ်၊ ဒါကြောင့် ကို ပြောပြချင်တာတွေ ရှိတယ်၊ လွင်ပြင်နဲ့ အေးအေးဆေးဆေး ဆိုင်ထိုင်ရင်း စကားပြောကြမယ်နော်"

လွင်ပြင် သူမကိုယ်သူမ သိမ်ငယ်စွာ ငုံ့ကြည့်လိုက်မိသည်။ ရှုပါမားကပ်၏ ဝန်ထမ်းယူနီဖောင်းနဲ့ လွင်ပြင်သည်





အကောင်းစားတီရှပ်ရယ်၊ ဂျင်းနိသားဘောင်းဘီပွပွကြီးရယ်၊ Gucci တံဆိပ်အစစ် နေကာမျက်မှန်အကောင်းစားရယ် ဆင်မြန်းထားသော မင်းဂုဏ်ရှိန်နဲ့ ယှဉ်တွဲသွားရမှာမျိုး ဖြစ်နေသည်။

လွင်ပြင် ပထမဦးဆုံးအကြိမ် ဝမ်းနည်းသိမ်ငယ်သွားမိခြင်းဖြစ်သည်။ သူနဲ့ငါဟာ အဆင့်ခြင်း သိပ်ကိုခြားသွားခဲ့ပြီပဲ။ သူတို့ထိုင်မဲ့ဆိုင်မျိုးဆိုတာက ကော်ဖီတစ်ခွက်ကို ဈေးကြီးကြီးပေး ဝယ်သောက်ရတဲ့ တကယ့် လူချမ်းသာအုပ်စုတွေသာ လာထိုင်သောဆိုင်မျိုး ဖြစ်နေတာ။ အဲဒီဆိုင်မျိုးထဲဝင်ပြီဆိုရင် ကိုယ့်ဘက်ကလည်း သာမန်ကာလျှံကာ အဝတ်အစားထက် အကောင်းစား Brand အဝတ်မျိုး ဝတ်ထားနိုင်မှ အထင်သေးမခံရမှာလေ။

တီရှပ်လေး ဂျင်းနိလေး ဝတ်တယ် ဆိုတာတောင် တီရှပ်ဆိုလည်း နာမည်ကြီး Tommy တို့၊ D & G တို့၊ CK တို့လို တီရှပ်မျိုးမှ၊ ဂျင်းနိဆိုလည်း Levis' 501 ၊ Guess တို့ကို ဝတ်ပြထားရမှာ။ မင်းဂုဏ်ရှိန်ကတော့ ဘာအရေးလဲ၊ သူက လူသိများပြီးသား မင်းသားပဲ။ စွပ်ကျယ်လက်ပြတ်နဲ့ သရီးကွာတားနဲ့ ခြေညှပ်ဖိနပ်ဝတ်ပြီး ဝင်သွားရင်တောင် ဘယ်သူကမှတော့ အထင်သေးမှာ မဟုတ်ဘူး။ လွင်ပြင်တို့လို သာမန်လူတွေကျတော့ အဝတ်အစား၊ အသုံးအဆောင်နဲ့ လူအထင်ကြီးအောင် လုပ်ပြနိုင်မှလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်မှာမထိုင်ဘဲ နေရိပ်တဲ့ နေရာတစ်နေရာမျိုးမှာ ကား ထဲထိုင်ပြီး စကားပြောရင်ရော"

"ဘာဖြစ်လို့လဲ"

"ငါ အလုပ်ဝတ်စုံကြီးနဲ့ ဟိုသွားဒီသွား မသွားချင်ဘူး"

"လွင်ပြင့် သဘောပဲ၊ ကိုက လွင်ပြင့်ကို အေးအေးဆေး ဆေး စကားပြောစေချင်လို့ပါ။ ခုချိန်က နေ့လယ်စာ ကော်ဖီ လက်ဖက်ရည်သောက် မုန့်စားကြတဲ့အချိန်ရောက် နေပြီလေ။ လွင်ပြင်လည်း မုန့်စားလို့ရတာပေါ့"

"မစားတော့ဘူး"

"အရင်ကလိုမျိုး အိုက်(စ)ကရင်(မ)စားပြီးရင် ကော်ဖီ သောက်တာလေး သတိရလို့။ လွင်ပြင် အိုက်(စ)ကရင်(မ) စားပြီး ကော်ဖီပါသောက်လို့ရအောင် နှစ်မျိုးရတဲ့ဆိုင်ကို ခေါ်သွားမလို့လေ"

မင်းဂုဏ်ရှိန်သည် လွင်ပြင့် အမူအကျင့်တွေ အ မမေ့သေးကြောင်းပြောကာ ချစ်စနိုး စ,လိုက်သလိုဖြင့် ဘေးတိုက် မြင်နေရသော လွင်ပြင့် မေးဖျားလေးကို သူ့လက်မ၊ လက်ညှိုး တို့ဖြင့် ဖျတ်ခနဲ လှမ်းဆွဲညှစ်လိုက်သေးလေသည်။

လွင်ပြင့်မှာ လက်ဖျားတွေ အေးခနဲဖြစ်သွားကာ မျက်နှာကိုပါ တစ်ဖက်လွှဲသွားလျှင် မင်းဂုဏ်ရှိန်မှာ အသည်းယားလို့ မဆုံး ဖြစ်နေသည်။ ကြည့်စမ်း ... ဆယ်တန်းတုန်းကတော့ ဒီလို





ရှက်တဲ့ပုံ မတွေ့ရပါလား။ သူက လွင်ပြင့် မေးဖျားချွန်ချွန်လေး ကို ထိုသို့ညှစ်လျှင် လွင်ပြင်ကလည်း အားကျမခံ၊ အနိုင်မခံသလို ဖြင့် သူ့နားရွက်ဖျားကို လာညှစ် လာလိမ်တတ်တာ။ ခုတော့ လွင်ပြင် ဘာလို့ ဒီလိုပြန်မလုပ်ရဲသလဲ။ သူနဲ့ လွင်ပြင့်ကြားမှာ ဘယ်လိုတံတိုင်းမျိုးက ခြားနေပြီလဲ။

ကားကို ကန်တော်ကြီးဥယျာဉ်ထဲပဲ ဝင်လာလိုက် ကာ လွင်ပြင့် အလိုကျ ကားထဲကမထွက်ဘဲ ထိုင်စကားပြော လို့ရအောင် အရိပ်ကောင်းကောင်းရသည့် နေရာမှာ ရှာရပ်လိုက် ပါသည်။

နေ့လယ်ဘက်၊ ကျောင်းဖွင့် ရုံးဖွင့်ရက်လည်း ဖြစ် သဖြင့် ဥယျာဉ်ထဲမှာ လူအသွားအလာ သိပ်အများကြီးလည်း မဟုတ်လှ။ ကားရပ်ပြီးပြီးချင်း မင်းဂုဏ်ရှိန်က ကားမှန်တွေကို တစ်ဝက်ကျော်ကျော်ထိ ချလိုက်ပါသည်။

နေ့လယ်ခင်း နေပူပေမဲ့ ဒီထဲမှာတော့ အရိပ်တွေနဲ့ မို့ လေတစ်ချက်အဝှေ့မှာ လေအေးလေးကို ရရှိလိုက်ပါသည်။

"လွင်ပြင် ... ကိုကို ပြန်ချစ်မယ် မဟုတ်လား"

"အံမာ"

"လွင်ပြင့်မှာ ချစ်သူလည်း မရှိရင် ကိုကိုတော့ ပြန်ချစ် သင့်ပါတယ်၊ ကိုက လွင်ပြင့်ရဲ့ ငယ်ချစ်ဦး ရည်းစားဟောင်း လေ၊ ပြီးတော့ လွင်ပြင့်ကိုပဲ သေသေချာချာ ချစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဒီလောက်နာမည်ကြီးနေပြီပဲ၊ ငါ့ထက်လှတဲ့ကောင်မလေးတွေနဲ့ မတွေ့ဘဲတော့ မနေပါဘူး"

"တွေ့တာပေါ့"

ထိုသို့ ဖြေလိုက်တော့ လွင်ပြင့် မျက်နှာ ပုပ်သိုးသွားလျှင် မင်းဂုဏ်ရှိန်သည် လွင်ပြင့် လက်ဖဝါးတစ်ဖက်ကိုဆွဲယူလိုက်ပြီး သူ့ဘယ်ဘက်ရင်အုံမှာ ဖိကပ်အပ်ထားလိုက်ကာ ...

"မှတ်ထား ... လှတဲ့ကောင်မလေးကို တွေ့ပေမဲ့ ဒီရင်ဘတ်ထဲကို ထည့်လို့မရခဲ့ဘူး။ ဒီရင်ဘတ်ထဲမှာ လွင်ပြင် ဆိုတဲ့ မျက်လုံးဝိုင်းဝိုင်း မေးစေ့သွယ်သွယ် ကောင်မလေးပဲရှိတာကွ"

ဟု ပြောလိုက်လျှင် လွင်ပြင်သည် ကြည်နူးတာလည်းတစ်ဝက်၊ မယုံနိုင်တာလည်း တစ်ဝက်ဖြင့် မင်းဂုဏ်ရှိန်ကို ပြန်ကြည့်မိသည်။

"လွင်ပြင် ... ကို့ကို ချစ်ပါတယ်၊ ဟုတ်တယ်မဟုတ်လား"

လွင်ပြင် ဆက်လိမ်ညာလို့မရ။ ဟန်ဆောင်လို့မရ။ ရင်ထဲက နှလုံးသားဟာ ပေါက်ထွက်တော့မလိုဘဲ တဖောက်ဖောက် မြည်နေတော့တာ။

"နင့်အမေက ..."

"နင့်အမေ မဟုတ်ဘူး၊ ကို့အမေကလို့ပြော"



"အမယ်လေးဟဲ့ ... သူကလည်း မင်းသားလုပ်နေရတော့ ရုပ်ရှင်တွေထဲကလို ဖြစ်ချင်နေတယ် ထင်တယ်"

"ဟာ ... အဲဒီသဘော မဟုတ်ပါဘူး။ ကိုတို့ကလေးတွေမှ မဟုတ်တာ၊ တကယ်ချစ်ကြတဲ့သူတွေလေ၊ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြတဲ့ အထိမ်းအမှတ်အနေနဲ့ ဒီလိုခေါ်သင့်တယ် ထင်လို့ပါ။ ဘာကြောင့်လဲ မသိဘူး၊ ကို့စိတ်ထဲမှာ နင်နဲ့ငါ သုံးရင် သူငယ်ချင်းလိုပဲ ခံစားနေရတယ်"

"အင်းပါ ... အဲဒါ ထားပါတော့၊ အဲဒါက အရေးမကြီးဘူး၊ အရေးကြီးတာ ပြောမယ်"

"ပြော"

"အန်တီဒေါ်ခင်နှင်းဦးက လွင်ပြင့်ကို အရင်တည်းက မောင်ရှိန်နဲ့ သဘောမတူနိုင်ဘူး ဆိုတဲ့သဘော ပြောထားတာနော်။ ဒါတောင် မောင်ရှိန်က ဘာမှဖြစ်သေးတာမဟုတ်ဘူး။ ရိုးရိုးသာမန် ဆယ်တန်းကျောင်းသားလေး၊ ပိုက်ဆံချမ်းသာလာတဲ့ မိဘကမွေးထားတဲ့ သားတစ်ယောက်ဘဝပဲ ရှိသေးတယ်။ အဲဒါတောင်မှ လွင်ပြင်နဲ့ သိပ်အလှမ်းကွာနေပြီ၊ မမှန်းပါနဲ့ပုံစံမျိုး ပြောထားတာ။ အခုလိုမျိုး နာမည်ကြီးလာတဲ့ မင်းသားတစ်ယောက်ဘဝနဲ့ ရူပါမားကဝိက အရောင်းဝန်ထမ်းဘဝဆိုရင် ပိုပြီးတော့တောင် အခွဲခံရဦးမှာ"

www.burmeseclassic.com

www.burmeseclassic.com



မင်းဂုဏ်ရှိန်သည် လွင်ပြင့် စကားတွေကြောင့် ချစ်သူ၏ အားငယ်နေမှုကို သနားသွားမိပြီး ကိုင်ထားလက်စ လွင်ပြင့် လက်ဖဝါးလေးကို အားပေးသလို ပိုပြီးဆုပ်ညှစ်လိုက်မိသည်။

"ကိုလည်း သိပါတယ်၊ မေမေ လုံးဝသဘောတူနိုင်မှာ မဟုတ်ဘူးဆိုတာ သိရက်နဲ့ ရှေ့တိုးမိတာ"

"ဒါနဲ့များ မောင်ရှိန်ရယ် ..."

"လွင်ပြင့်ကို ပြန်ဆုံရတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ပိုသိလာတယ်။ ကို လွင်ပြင်ကလွဲရင် ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး။ ပြီးတော့ လွင်ပြင်နဲ့ နောက်တစ်ခါ ပြန်မဝေးချင်ဘူးလို့လည်း စိတ်ထဲမှာ တွေးထားတယ်၊ အဝေးမခံနိုင်ဘူး။ အရင်ကတော့ ကလေးသာသာအရွယ်မို့ အမေ့လှည့်ကွက်ထဲမိပြီး ဘာမသိ ညာမသိ ကွဲခဲ့ရပေမဲ့ အခုတော့ အကွဲမခံနိုင်တော့ဘူး"

လွင်ပြင်သည် သူ ဒီလိုပြောလာမှပဲ လွင်ပြင်ကိုယ်တိုင်လည်း သူ့ကို ထပ်မဝေးချင်တော့ဘူးရယ်လို့ သိသိသာသာ ခံစားလိုက်ရလျှင် ရင်ထဲမှာ စိုးရွံ့လာသည်။ သူနဲ့သံယောဇဉ် သိပ်မထားမိခင်မှာ စောစောခွဲနှင့်ရင် ခုမဲ သူ့ကိုလက်မခံဘူးပြော ပြီး ခွဲလိုက်ကြရင် ကောင်းမလား။ ဒါမှမဟုတ် စိတ်ဆန္ဒရဲ့အလို ကိုလိုက်ပြီး ရှေ့ဆက်တိုးရရင် ကောင်းမလား။





"အကွဲမခံနိုင်ဘူး လုပ်မနေနဲ့ မောင်ရှိန်ရယ်၊ နင်က ... အဲ ... ဟို ... ကိုက ... ကိုက ... အမေ့ဆန္ဒကို ဘယ် တုန်းကများ လွန်ဆန်ဖူးလို့လဲ။ အန်တီ ခဏခဏပြော တာ ကြားဖူးတယ်၊ သားသမီးထဲမှာ မောင်ရှိန့်ကို အချစ် ဆုံးတဲ့၊ မောင်ရှိန်ကလည်း အမေကို အချစ်ဆုံးတဲ့၊ ဒီတော့ အမေချစ်တဲ့သားဟာ အမေ့ဆန္ဒကို ဘယ်တော့မှ ဖျက်ဆီး မှာမဟုတ်ဘူး။ ဒီတော့ တစ်ယောက်နဲ့တစ်ယောက် ဘာမှ သံယောဇဉ်မကြီးခင်မှာ ခွဲထားနှင့်ကြရင် ကောင်းမယ်ထင် တယ်"

"ဘာ ... ဘာ ... ဘာပြောတယ်၊ ဘာသံယောဇဉ်မကြီး ခင်မှာလဲ။ သံယောဇဉ်တွေ နှစ်နဲ့ချီပြီး ရင်ထဲမှာ သိမ်းထား လို့ လွင်ပြင့်ကို မြင်မြင်ချင်း ပြန်ဆုံဆုံချင်း အရှုံးအမှုးကို ပြန်ချစ်မိတာပေါ့"

မင်းဂုဏ်ရှိန်သည် လွင်ပြင့်ပခုံးလေးကို ဆွဲဖက်၍ သူ့ဘက်ဆွဲယူလိုက်ကာ လွင်ပြင့် ခေါင်းလေးကို သူ့ရင်ဘတ်တွင် ဆွဲကပ်ထားလိုက်မိသည်။ ချစ်သူကို ကိုယ့်နှလုံးသားနဲ့ အနီးဆုံး နေရာမှာ ထားခွင့်ရတဲ့ ကြည်နူးမှုလောက် ဘယ်ဟာကမှ ပိုပြီး ကြည်နူးစရာ မကောင်းဘူးဆိုတာ ခုမှ သိလိုက်တယ်။

ထို့အတူ လွင်ပြင်လည်း သူ့နှလုံးခုန်သံကို နား ထောင်ရင်း မိန်းမောသွားရကာ သူ့အနားကနေ ဘယ်ကိုမှ မခွဲ ခွာချင်တော့သလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုတို့ ရင်ဆိုင်ရမှာတွေ အများကြီးရှိတယ်၊ ကို ဘာ မကြောက်ဘူး ရင်ဆိုင်တော့မယ်။ လွင်ပြင်လည်း ကို့ ချစ်နေပါနော်၊ ဘယ်တော့မှ ဖွဲမလျှော့ပါနဲ့နော်၊ ကို့ကို လက်တွဲမယ် မဟုတ်လား လွင်ပြင်"

လွင်ပြင် ခေါင်းညိတ်ပြတာကို သူ သိလိုက်လေ သူ့ပါးပြင်ကို လွင်ပြင့် ငယ်ထိပ်မှာ အပ်လိုက်ရင်း ...

"လွင်ပြင့်ကို ဖုန်းလေးပေးထားမယ်၊ ယူထားရမယ်နော် ဒါမှ ကို အမြဲသတိရတိုင်း ဖုန်းဆက်လို့ရအောင်"

ဟု သေသေချာချာ မှာလေသည်။

"အန်တီသိရင် လွင်ပြင့်ကို ပြောဦးမှာပဲ၊ ပိုက်ဆံရှိမှန်း လို့ ကပ်နေတယ်ဆိုတဲ့ စကားမျိုးကို လွင်ပြင် ဆယ့်ခြော နှစ်အရွယ်တုန်းက ပြောခံရသလိုပဲ၊ အခုလည်း နာမည်ကြီ မင်းသား၊ ပိုက်ဆံလည်းချမ်းသာတဲ့သူမို့ အသေကပ်ထာ ပြန်ပြီလို့"

"ဟာ ... ဒါတွေ ဂရုမစိုက်ပါနဲ့ လွင်ပြင်ရာ၊ ကိုတို့ ရင် ထဲမှာ တကယ်ချစ်နေတာကျတော့ သူတို့မှမသိဘဲ"

"နောက်နေ့ကျ လွင်ပြင် အလုပ်သွားဖို့တောင် မဝံ့မ ဖြစ်နေပြီ"

"ဘာ်ဖြစ်လို့လဲ"





"ဒီနေ့ ရှင်ပဲလာခေါ်တာလေ မောင်ရှိန်ရယ်။ အစတည်း က ဆယ်ရက်ဆက်တိုက် လက်ဆောင်လေးတွေ လာထား ပြီး ရည်းစားစာပေးပြီး ပိုးပန်းနေတဲ့သူကို အားလုံးဝိုင်း စိတ်ဝင်စားနေတုန်းမှာမှ ရှင်က ရောက်ချလာတာ၊ သူတို့ ဘယ်လောက် စပ်စုလိုက်ကြမလဲ။ ဘယ်လိုမှလဲ ဆက်စပ် ပြီး တွေးလို့ရမှာ မဟုတ်ဘူး။ လွင်ပြင့်လို သာမန်ကောင် မလေးက ရွှေမင်းသားနဲ့ လက်တွဲသွားကြတယ်ဆိုတာ ဒဏ္ဍာရီလို့တောင် ထင်နေမှာ"

"ပြောလိုက်ပေါ့၊ အခုမှ ရည်းစားဖြစ်တာ မဟုတ်ဘူး။ ရည်းစားဟောင်းတွေ ပြန်ဆုံကြတာလို့"

"အဲဒါဆို ပြောပြရမှာ အများကြီးဖြစ်နေတော့မယ်"

"လွင်ပြင် အဲဒီမှာ မလုပ်ပါနဲ့တော့လား"

"အလုပ်မလုပ်ရင် ဘယ်က ပိုက်ဆံရမှာမို့လဲ၊ လွင်ပြင်တို့ မှာ ထိုင်စားနေရလောက်အောင် ပိုက်ဆံမရှိပါဘူး မောင်ရှိန် ရယ်။ မိဘတွေ အသက်ကြီးလာပြီ၊ လွင်ပြင် ပြန်ကျွေးမွေး ပြုစုရမဲ့အချိန် ရောက်နေပြီ၊ အမေကလည်း ခွဲစိတ်ထားရ တော့ အိမ်မှာ နားနားနေနေပဲ နေနိုင်တော့တာ။ အရင် တုန်းကလို ဝင်ငွေရတဲ့ အချုပ်အလုပ်ဆိုတာ ပြန်လုပ်ဖို့ ဝေးရောပဲ"

"ကို ပြောတာက ကုမ္ပဏီအလုပ် ဝင်လုပ်လိုက်ပါလားလို့"



www.burmeseclassic.com

www.burmeseclassic.com



လွင်ပြင်သည် မင်းဂုဏ်ရှိန်ကို စူးစမ်းသလို သေသေချာချာ ကြည့်လိုက်ရင်း မေးလိုက်ပါသည်။

"ဘာလဲ … လွင်ပြင် အရောင်းဝန်ထမ်း လုပ်တာဟာ မောင်ရှိန့်အတွက် သိမ်ငယ်နေစေလို့လား"

"ဟာ … မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကိုက အဲဒီသဘောနဲ့ ပြောတာ မဟုတ်ဘူး၊ လွင်ပြင့်ကို စပ်စုကြမှာကို မခံချင်ဘူးဆိုလို့ နောက်နေ့ကစပြီး ကုမ္ပဏီအလုပ်ကို စပြီးပြောင်းလျှောက်ပါလားလို့ အကြံပေးချင်တာပါ။ လွင်ပြင် ဘာအလုပ်ပဲလုပ်လုပ် ကို လုံးဝမတားဘူး။ လွင်ပြင် စိတ်ချမ်းသာရင် ပြီးရော"

"လွင်ပြင် စဉ်းစားဦးမယ်"

"ကိုကတော့ လွင်ပြင့်ဆီ အားရင် အားသလို ရောက်လာမှာပဲနော်၊ အဲဒါ လွင်ပြင် ဘယ်လိုသဘောရလဲ"

လွင်ပြင်သည် တစ်ချက်စဉ်းစားလိုက်ပြီးလျှင် …

"မလာနဲ့ ပြောလည်း လာမှာပဲ မဟုတ်လား"

ဟု မေးလိုက်သောအခါ မင်းဂုဏ်ရှိန်လည်း …

"ဒါပေါ့ … လာမှာပေါ့"

လို့ ပြုံးစိစိ ပြန်ပြောလေသည်။

"ဒါဆိုလည်း မလာနဲ့လို့ မပြောတော့ပါဘူး"





လွင်ပြင်သည် မထင်မှတ်၊ မမျှော်လင့်ထားပါပဲ တစ်ခါက မေ့ပျောက်ထားခဲ့သော "အချစ်"ကို ပြန်ပြီး ဆုံတွေ့ခွင့်ရခဲ့ပြီး ပိုင်ဆိုင်ခွင့် တစ်ဖန်ရလိုက်ပြန်သောအခါ လူတစ်ကိုယ်လုံးဟာ တိမ်တိုက်တွေထဲ မျောနေသလို အိပ်မက်တွေသာ မက်လို့ကောင်းနေခဲ့တော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၆

အခုဆို လွှင်ပြင် မနက်အလုပ်လာလျှင် ရှော့ပင်းမောလ်ထဲ ဝင်လိုက်တာနဲ့ လုံခြုံရေးဝန်ထမ်းကအစ တခြားဆိုင်က အရောင်းဝန်ထမ်းတွေအလယ် သန့်ရှင်းရေးဝန်ထမ်းအဆုံး သတိထား ဂရုပြုမိကြကာ လိုက်လံငေးမောကြည့်ရှု ဝေဖန်တာ ခံနေရလေပြီ။ တချို့ဆို သိသိသာသာပင် လုပ်လက်စ အလုပ်ကိုတောင် ချထားပြီး လွှင်ပြင့်ကို ဝေဖန်ဖို့ ငေးမောကြလေသည်။

"သိပ်လည်း ထူးထူးခြားခြား မလှပါဘူး"

"အေးလေ ... သာမန်ရုပ်လေးပါ"

"ချစ်ဖော့ ချစ်စရာလေးပါဟယ်၊ မျက်နှာလေးက အမြဲ ချိုနေတဲ့ပုံလေး။ cute ဖြစ်တယ်"

"ငယ်ငယ်လေးတည်းက ရည်းစားဖြစ်လာကြတာတဲ့၊ အခုမှ ပြန်ဆုံတာလို့ သတင်းကြားတယ်"



"မင်းဂုဏ်ရှိန်ကို ချီးကျူးစရာကောင်းတာပေါ့၊ သူက ငယ်ရည်းစားကို မမေ့ဘဲ ပြန်ချစ်နိုင်တယ်"

လွှင်ပြင့် သတင်းတွေ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ပြောသံတွေကို ရင်ဆိုင်ရလေသည်။ အလုပ်ထဲမှာတော့ ပိုဆိုးပေါ့။

အရင်တည်းက တရင်းတနှီးရှိခဲ့တဲ့ ခင်မေသူနဲ့ မချိုဆိုတာ လွှင်ပြင့်ကို ဖြောင်ပဲဖွင့်ပြောကြတာ ခံရသည်။

"လွှင်ပြင်ဟာလေ၊ တော်တော်ကိုလျှို့တဲ့ ကောင်မလေးမှန်း ခုမှပဲ သိတော့တယ်၊ နာမည်ကြီးနေတဲ့ မင်းသားနဲ့ ရည်းစားဟောင်း ဖြစ်ခဲ့ဖူးတယ် ဆိုတာတောင် မပြောဘူး၊ ငါတို့ ဒီလောက်ခင်ကြတာကိုဟယ်"

"ပြန်ပြီး အဆက်အသွယ် ရှိနေရင်လည်း ရှိနေပြီပြောပါလား ညီမရယ်။ ညည်းနှယ့် ဟန်ကြီးတစ်ခွဲသားနဲ့ မင်းသား ဗီဒီယိုလာရိုက်တုန်းကတောင် နေပြနိုင်တယ်၊ တော်တော် ဟန်ဆောင်တတ်တာပဲနော်။ မင်းဂုဏ်ရှိန်ကို ပြောလိုက်ပါဟယ်၊ အစ်မတို့ ခုတလောမှ လွှင်ပြင့်ကြောင့် သူ့ကားတွေ ပိုပြီးငှားကြည့်ဖြစ်နေပြီလို့"

"လွှင်ပြင်ရေ ... မင်္ဂလာဆောင်ကြမယ် ဆိုရင်လည်း မလျှို့ထားနဲ့နော်၊ ငါ့ကိုဖိတ်ဖို့လည်း မမေ့နဲ့ဦး"

www.burmeseclassic.com

www.burmeseclassic.com



လွင်ပြင်မှာ ကိုယ့်လူရင်းတွေကိုတော့ အထင်မမှားရအောင် အသေအချာပဲ ရှင်းပြရပါသည်။

"သူနဲ့ ငါးတန်းကနေ ဆယ်တန်းအထိ ငယ်သူငယ်ချင်းတွေ ဖြစ်ခဲ့ကြတာပါ။ တိုက်ခန်းချင်း မျက်နှာချင်းဆိုင်၊ ကျောင်းသွားတော့လည်း အိမ်ကလူကြီးတွေ လိုက်မပို့တာမို့ ဆိုက်ကားဖယ်ရီတစ်စီးတည်း အတူတူစီးပြီး သွားရတော့ ပိုပြီးခင်မင်ရင်းနှီးကြတယ်၊ ဆယ်တန်းမှာ လူကြီးတွေမသိအောင် ရည်းစားခိုးထားမိကြပေမဲ့ နှစ်လယ်လောက်မှာ သူ့က အိမ်မှာပဲ ဆရာခေါ်သင်ပြီး အပြင်မထွက်နိုင်တော့တာမို့ လွင်ပြင်နဲ့ သူလည်း အဆက်အသွယ်ပြတ်သွားကြတယ်လေ။ သူတို့က သိပ်ချမ်းသာလာပြီး လွင်ပြင်တို့ကတော့ ဒီအတိုင်းက ဒီအတိုင်း ကျန်ခဲ့တာမို့ လွင်ပြင်လည်း ကိုယ့်ဘက်က အတင်းလိုက်မဆက်သွယ်တော့ဘဲ နေခဲ့တာပါ ...

ပြီးတော့ သူက နာမည်ရှိတဲ့ သရုပ်ဆောင်မင်းသားဖြစ်လာချိန်မှာ လွင်ပြင်က ကိုယ့်ကို လူအထင်ကြီးရအောင် သူနဲ့ရည်းစားဟောင်းတွေပါလို့ လျှောက်မပြောချင်လို့ ငြိမ်နေခဲ့တာပါ၊ ပြန်တွေ့ကြတာတော့ သူ ဒီကို တစ်ခါကအလာရိုက်တော့မှ ပထမဆုံး ဆုံတာပါ။ လွင်ပြင် မချိုတို့မေသူတို့ကို လျှို့ဝှက်ထားချင်လို့ မဟုတ်ပါဘူး၊ မသေချာဘဲနဲ့ လျှောက်ပြောရင် ကြွားသလို ဖြစ်မှာစိုးလို့ပါ"





လွင်ပြင် အစအဆုံး ရှင်းပြတော့ သူတို့ ရယ်ရယ်မောမောနဲ့ပဲ ...

"အေးပါ ... အေးပါ၊ ငါတို့က စတာပါ၊ ယုံပါတယ် လွင်ပြင်ရယ်၊ နင်က စိတ်သဘောလည်းရှင်းပြီး သူများအပေါ်လည်း မကောင်းစိတ် မမွေးတတ်တော့ ကောင်းတာပဲ ဖြစ်ရတယ်လို့ ငါယုံပါတယ်၊ မချိုကတော့ ဒီတစ်ခါ မင်းသားလာရင် သူနဲ့အတူ ဆိုင်ထိုင်ဖူးတယ်ရှိအောင် မုန့်လိုက်ကျွေးခိုင်းချင်တယ် ရမလား လွင်ပြင်၊ သိပ်ဈေးကြီးတဲ့ဆိုင်ကို ပို့ခိုင်းမှာ မဟုတ်ပါဘူး။ J'Donuts ဆိုင်လောက် Moon Backery ဆိုင်လောက်လည်း ရပါတယ်"

ဟု ဆိုလာသဖြင့် လွင်ပြင်မှာ ချက်ချင်းပဲ ...

"ဟာ ... ရပါတယ် အစ်မ မချိုရဲ့။ မချိုတို့ သွားချင်တဲ့ဆိုင် သူ့ကိုလိုက်ပို့ခိုင်းလို့ ရပါတယ်"

ဒီလိုနဲ့ မင်းဂုဏ်ရှိန် ဖုန်းကြိုဆက်ထားသော တစ်ရက်မှာ လွင်ပြင်လည်း သူလာအခေါ်ကို စောင့်နေရင်း ...

"အလုပ်ကပြန်ရင် သူ လာစောင့်ခေါ်လိမ့်မယ်။ မချိုနဲ့ မေသူပါ လိုက်ခဲ့နော်၊ သူ့ကို ဖုန်းထဲမှာ ပြောပြီးသား၊ သိပ်ခင်တဲ့သူငယ်ချင်းနှစ်ယောက်ကို မုန့်လိုက်ကျွေးချင်တယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ သတင်းပေးလျှင် မချိုနှင့် ခင်မေသူတို့ စိတ်တွေလှုပ်ရှားကုန်ကြတော့သည်။ မှန်ကြည့်ပြီး မိတ်ကပ်ရိုက်၊ နှုတ်ခမ်းနီ ဆိုးလိုဆိုး၊ ခေါင်းဖြီးလိုဖြီး လုပ်ကုန်ကြတော့သည်။

"လှချင်လို့ မဟုတ်ပါဘူးဟယ်၊ လူသိများတဲ့ မင်းသားနဲ့ အတူတူ သွားရမှာဆိုတော့ ကိုယ့်ပုံကြီးက သိပ်စုတ်ပြတ်နေရင် လူကဲ့ရဲ့စရာ ဖြစ်မှာစိုးလို့ပါ"

မချိုက ရယ်မောပြီး ပြောသည်။

"ငါ့ဘဝမှာလေ ဒီလို မင်းသားတို့ ဘာတို့ Celebrities တွေနဲ့ မိတ်ဆွေဖြစ် ခင်မင်ပြီး ဆိုင်အတူတူ ထိုင်ရမယ်လို့ အိပ်မက်တောင် မမက်ခဲ့ပါဘူး လွင်ပြင်ရယ်။ နင့်ကြောင့် အခုမှ မဖြစ်နိုင်တာတွေ ဖြစ်ရသလိုပဲ။ မင်းသားမိန်းမ ဖြစ်သွားရင်လည်း ငါတို့ကို မမေ့နဲ့ဦးနော်"

လွင်ပြင်တို့ စူပါမားကပ်က ညပိုင်းထိ အလုပ်ဆင်းရပေမယ့် ညရှစ်နာရီ ဆိုင်ပိတ်ပါသည်။ ရှောပင်းမောလ်က ကိုးနာရီပိတ်ပေမဲ့ စူပါမားကပ်ကတော့ ရှစ်နာရီမှ ပိတ်သဖြင့် ရှစ်နာရီကျော်မှ ထွက်လာလို့ရသည်။ နောက်ဆုံးပေါ် 4WD Landcruisar ကားကြီးထဲမှာ ထိုင်စောင့်နေသော မင်းဂုဏ်ရှိန်ကတော့ လွင်ပြင်ထွက်အလာကိုစောင့်ရင်း လွင်ပြင့်ကို ပြောပြချင်တာတွေကြောင့် စိတ်စောနေသည်။ ဒါပေမဲ့ လွင်ပြင် ထွက်လာလည်း သူတို့နှစ်ယောက်တည်း စကားပြောခွင့် ဒီနေ့တော့ ရမှာမဟုတ်ပေမဲ့ လွင်ပြင် ကြိုဖုန်းဆက်ထား၍ သူငယ်ချင်းနှစ်ယောက် ပါလာမည်ဆိုတာ သိထားပါသည်။





ဟော ... လွင်ပြင် ထွက်လာပြီ၊ တန်ဖိုးနည်းသော ပခုံးလွယ် သားရေဟန်းဘက်အိတ်လေးလွယ်ပြီး၊ ပလတ်စတစ်ခြင်းတောင်းလေး လက်ကကိုင်ကာ ထွက်လာသော လွင်ပြင့်ကို မြင်တော့ အရင်တစ်ပတ်ကို သွားသတိရမိသည်။

အရင်တစ်ပတ်က လွင်ပြင့်အားရက် တနင်္ဂနွေမှာ လွင်ပြင့်ကို အိမ်မှာသွားခေါ်ရသည်။ သူတို့နှစ်ဦး၏ အခြေအနေကို သိထားနှင့်ပြီးဖြစ်သော လွင်ပြင့်အဖေနဲ့အမေတို့ကတော့ မိဘတွေပီပီ သမီးဖြစ်သူကို မင်းဂုဏ်ရှိန်နဲ့ အင်မတန်မှ သဘောတူနေလှကြောင်း တွေ့ရသည်။ လွင်ပြင်ကတော့ သူကားပေါ်ပါလာတာနဲ့ ...

"ခဏ ခဏ တွဲမသွားရင် ကောင်းမယ်ထင်တယ် ကိုရယ်"

ဟု ညည်းညည်းညူညူလေး ပြောလာသည်။

"ဘာဖြစ်လို့လဲ"

"လူတွေ ခဏခဏမြင်တာပေါ့"

"မြင်တော့ ဘာဖြစ်လို့လဲ"

"လွင်ပြင် တစ်ယောက်တည်း ကျန်ရစ်ခဲ့ရတဲ့အခါ အပြောခံရမှာပေါ့၊ မင်းသားကို သွားတွဲပြီး နောက်တော့ ဟိုကသူ့ကို ထားခဲ့တာ ခံရတာပဲလို့ ပြောကြမှာ"

"ဟာ ... ဘယ်သူက ထားခဲ့မှာမို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ကျရင်တော့ မဖြစ်မနေ ထားခဲ့ရမယ်ဆိုရင် ကို လွှင်ပြင့်ကို ထားခဲ့မှာပါ"

မင်းဂုဏ်ရှိန် စိတ်မကောင်းဖြစ်ပြီး လွှင်ပြင့်ကို ရင်ခွင်ထဲ ထွေးပွေ့ထားခဲ့မိသည်။

"ကို လွှင်ပြင့်ကို ဘယ်တော့မှ မထားခဲ့ဘူး"

လို့လည်း အကြိမ်ကြိမ် ပြောမိခဲ့သေးသည်။

လွှင်ပြင်နဲ့အတူသွားတုန်းက လွှင်ပြင့်အိတ်လေး သိပ်မကောင်းသဖြင့် သူ လွှင်ပြင့်ကို အိတ်ဆိုင်ခေါ်သွားပြီး –

"လွှင်ပြင် ကြိုက်တဲ့အိတ်ယူလိုက်၊ ကို ဝယ်ပေးချင်လို့"

ဟု ရွေးခိုင်းတော့ လွှင်ပြင် ဘာမပြော ညာမပြောနဲ့ ချက်ချင်းပဲ ဆိုင်ထဲက လှည့်ထွက်သွားဖူးသည်။ မင်းဂုဏ်ရှိန် အမြန်ပြေးလိုက်သွားပြီး မေးလျှင် ...

"လွှင်ပြင် ဘာမှမယူချင်ဘူး၊ လွှင်ပြင် ကို့ကိုချစ်တာ လူကိုပဲချစ်တာ။ ငါးတန်းတုန်းက စပြီးခင်ခဲ့ရတဲ့ မောင်ရှိန် ဆိုတဲ့ ကောင်လေးအဖြစ်နဲ့ပဲ ချစ်တာ။ လက်ဆောင်တွေ ဝယ်ပေးနိုင်လို့ ပိုက်ဆံချမ်းသာလို့၊ ကျော်ကြားလို့ချစ်တာ ဆိုတာမျိုး အထင်မခံစေချင်ဘူး။ ဟန်းဖုန်းတောင် ယူမထားချင်ဘူး၊ ဒါပေမဲ့ လွှင်ပြင်နဲ့ကို မတွေ့ရတဲ့အခါ ကို့ကို သိပ်လွမ်းလာရင် ဒီဖုန်းနဲ့ ဆက်သွယ်ပြီး စကားပြောလို့ရလို့ ခဏယူထားတာပါ"





"ဟာ ... လွှင်ပြင်ရာ၊ အဲဒီလိုတွေ ပြောမနေပါနဲ့ကွာ၊ ကိုတို့ကြားမှာ ဒါတွေရှိနေဖို့မလိုပါဘူး၊ ကိုလည်း လွှင်ပြင့် စိတ်ကို သိတယ်၊ လွှင်ပြင်လည်း ကို့စိတ်ကို သိတယ်လေ၊ ဘာလို့ မာနတွေ ထားနေတာလဲ"

"မာနထားတာ မဟုတ်ဘူး၊ လွှင်ပြင် ကိုယ့်ဘဝနဲ့ကိုယ် တန်ရာတန်ရာပဲ သုံးချင်တယ်၊ လွှင်ပြင့်လို လူလတ်တန်းစား ရပ်ကွက်ထဲမှာပဲနေပြီး ရုပါမားကပ်မှာ အရောင်းစာရေး လုပ်တဲ့ မိန်းကလေးက သိန်းဂဏန်းနားကပ်နေတဲ့ လက်ကိုင်အိတ်ကြီးကိုင်ဖို့ မသင့်တော်ပါဘူး"

ဒါနဲ့ပဲ အတင်းဝယ်ပေးချင်တာတောင် လွှင်ပြင် စိတ်ဆိုးသွားမှာစိုးပြီး မဝယ်ပေးဖြစ်ဘဲ ဒီတိုင်း ပြန်လာခဲ့ရတာဖြစ်သည်။

ခုထိ လွှင်ပြင့်အိတ်လေး ဟောင်းနေတာ၊ လွှင်ပြင့်မှာ အဝတ်အစား အသုံးအဆောင် သိပ်မများလှတာကို သတိပြုမိတိုင်း ရင်ထဲမှာနင့်နေအောင် သနားခြင်းနဲ့အတူ စိတ်မကောင်းလည်းဖြစ်နေရဆဲ။ ငါတို့က ဘာကြောင့်များ ဒီလောက်ကြီး ချမ်းသာပြီး လုပ်တိုင်းဖြစ်နေရသလဲ။ လွှင်ပြင်တို့ကျတော့ ဘဝဟာ မပြောင်းလဲဘဲ ဘာကြောင့် ဒီအတိုင်းက ဒီအတိုင်း ဖြစ်နေရသလဲ။

"အမေ့အသက်ကို ငွေနဲ့လဲယူလိုက်ရသလိုပဲလေ၊ ခုတော့ အမေလည်း အသက်အန္တရာယ် စိုးရိမ်ရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



မကျန်းမာနေတာမျိုး မရှိတော့ဘူး၊ အဲဒီတစ်ခုပဲ စိတ်ချ
သာလှပါပြီ၊ ရွှေငွေတွေ မရှိပေမဲ့ မိဘအစုံအလင်ရှိနေရ
လွှင်ပြင် ပျော်တယ်”

လို့ ဖွင့်ပြောဖူးသဖြင့် လွှင်ပြင်တို့မှာ ပုံမှန်လခရ
ငွေလေးအပေါ် မှီခိုပြီး မိသားစုသုံးယောက် မျှတစားသောက်
ထိုင်ရသည်ဆိုတာ ရိပ်မိပါသည်။

ဒါပေမဲ့ လွှင်ပြင့်ကို သူ လက်ထပ်မယူနိုင်သေ
သရွေ့ လွှင်ပြင်တို့ရဲ့ အခက်အခဲတွေကို ကူညီမျှဝေခံစားပေးနိုင
ဦးမှာ မဟုတ်ပေ။

“ဟော ... ရောက်နေတာ ကြာပြီလား”

လွှင်ပြင်တို့ ကားပါကင်ဆီလျှောက်အလာကို စေ
ရင်း စိတ်အတွေးတွေ လွင့်နေမိသော မင်းဂုဏ်ရှိန်သည် လွှင်ပြင့်
အသံကြားမှပဲ ပြုံးပြနှုတ်ဆက်လိုက်ဖို့ သတိရတော့လေသည်။

“မကြာသေးဘူး။ လွှင်ပြင် ပြောထားတယ်လေ၊ ရှစ်နာရ
ဆယ့်ငါးလောက်မှ အပြင်ထွက်ကြရတယ်ဆိုတော့ ကို
ဒီကို ရှစ်နာရီငါးမိနစ်လောက်မှ ရောက်လာတာ”

“ဒီည နိုက်ဆင်း(န်)ရှိတယ်ဆို”

“အစက တည်ထားပြီးသား၊ ဒါပေမဲ့ ဒါရိုက်တာ ရုတ်တရက်
မိုက်အောင့်လာလို့ အိမ်ပြန်နားချင်တာနဲ့ ဒီနေ့ ကားရိုက်
ဖျက်လိုက်ကြတယ်”





လွှင်ပြင်က ကားပေါ်မတက်သေးဘဲ သူမဘေးမှာပါ
လာသော မိန်းကလေးနှစ်ယောက်တို့ဘက် လက်ညှိုးညွှန်လိုက်
ရင်း ...

“ကို ... သူက ခင်မေသူတဲ့။ လွှင်ပြင်နဲ့ အတူတူပဲ နောက်
ဆုံးနှစ် ဖြေထားတယ်လေ။ သူကတော့ မမချိုတဲ့။ လွှင်ပြင်
တို့ အစ်မလိုပဲ ခင်ရတဲ့ အစ်မပေါ့”

ဟု မိတ်ဆက်ပေးလိုက်ပါသည်။ ရိုးသားပြီး သာမန်
အမျိုးသမီးလေးတွေပုံစံ ပေါက်နေသော ရှုပ်ပါမားကပ်ဝန်ထမ်း
ဝတ်စုံ ဝတ်ထားသည့် ခင်မေသူနဲ့ မမချိုတို့ကို ဖော်ရွေစွာပြုံးပြီး
ခေါင်းညွှတ်နှုတ်ဆက်လိုက်ပါသည်။

“တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ၊ ကားပေါ်တက်ကြပါ၊
ကျွန်တော် အိမ်အထိပါ ပြန်လိုက်ပို့ပေးမယ်”

“အို ... ရပါတယ်၊ ကားမှတ်တိုင်မှာ ချပေးခဲ့ရင်ရပါတယ်
မင်းဂုဏ်ရှိန်ရယ်၊ အားနာစရာကွယ်”

“ကိစ္စမရှိပါဘူး။ အစ်မတို့က လွှင်ပြင် သိပ်ခင်တဲ့ မိတ်
ဆွေတွေဆိုတော့ ကျွန်တော့်မိတ်ဆွေတွေပဲပေါ့၊ လမ်းကြုံ
လို့ လိုက်ပို့သင့်ရင်လည်း လိုက်ပို့ရမှာပေါ့”

“ကို ... လွှင်ပြင် နောက်မှာပဲ ထိုင်လိုက်မယ်”,

“ဟား ... မဟုတ်တာ လွှင်ပြင်ရယ်၊ နင်ကလည်း၊ သွား
ပါ ... သွားပါ ... ရှေ့မှာပဲ ထိုင်ပါဟယ်၊ နင်ကလည်း
ငါတို့ကို အားနာမနေပါနဲ့၊ နင်တို့ပဲ အတူတူထိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



ခင်မေသူက အတင်းတွန်းလွှတ်သဖြင့် လွှင်ပြင် ရှေ့ခန်းပြန်ရောက်လာရသည်။

"ဘယ်သွားချင်ကြလဲ"

မင်းဂုဏ်ရှိန် ကားကိုစပြီးမောင်းတော့ အားလုံးကို မေးသလိုဖြင့် စပြီးမေးလိုက်ပါသည်။ လွှင်ပြင်ကပဲ ...

"အစ်မ မချိုတို့ ဘယ်မှာစားကြမလဲ"

ဟု နောက်မှာ အသံတိတ်ပါလာသူတို့ကို ဆက် မေးလိုက်ပါသည်။

"မသိပါဘူးကွယ်၊ လွှင်ပြင့် သဘောပါ၊ လွှင်ပြင်တို့ကြိုက် တဲ့နေရာသွားပါ"

"တရုတ်စာ စားကြမလား"

"ဟယ် ... လွှင်ပြင်၊ လျှောက်လုပ်မနေနဲ့၊ ညနေစာလျှောက် စားနေရင် အချိန်ပိုကြာနေမယ်၊ လွယ်လွယ်စားလို့ရတဲ့ ကော်ဖီတို့ မုန့်တို့ပဲ စားကြမယ်ဟာ၊ နင်ကလည်း၊ ငါတို့ ကိုပြောထားသားနဲ့"

"pizza (ပစ်ဇာ)သွားစားကြမလား"

မင်းဂုဏ်ရှိန်က ဝင်မေးလိုက်သဖြင့် သူတို့အားလုံး အသံတိတ်သွားသည်။

"လွှင်ပြင် ကြားပဲ ကြားဖူးတယ်၊ မစားဖူးတော့ ဘာမှန်း မသိဘူး"





"ဒါဆို သွားစားကြတာပေါ့"

အမှန်တော့ မင်းဂုဏ်ရှိန်ကလွဲရင် အားလုံး စိတ်ထဲ တွေးနေတာက အဲဒီနာမည်ကြီးနေတဲ့ Pizza ဆိုတာကြီးက ချပ်တစ်ချပ်လေးကို တစ်သောင်းကျော်တောင် ပေးရတယ်၊ အရမ်းကြီးတယ်လို့ ကြားဖူးနေသဖြင့် မစားဖူးတာပါဆိုသော တွေးကို တွေးနေမိကြလေသည်။

မင်းဂုဏ်ရှိန်က ခြံဝင်းလေးနဲ့ ကားပါကင်ပါသီးသန့် သော Pizza Hut အမည်ရဆိုင်ကို မောင်းသွားလိုက်ပါသည်။ ပေါ်မှာ တခြားသူစိမ်းမိန်းကလေးနှစ်ယောက် ပါနေသဖြင့် ပြင်နဲ့သူလည်း စကားပြောလို့မရ။ လွှင်ပြင်ကလည်း သူ့မိတ် နှစ်ယောက် အနေကျပ်မှာစိုးသဖြင့် လှည့်ကာ လှည့်ကာစကား ပြောပေးနေရသောကြောင့် မင်းဂုဏ်ရှိန်ကိုပင် စကားမပြောအားပါ။

ဆိုင်ထဲဝင်လာတော့ မီးနီအသီးသီးကောက်ကိုင်ထား ပေမဲ့ လွှင်ပြင်တို့မှာ ဘယ်လို Pizza အမျိုးအစားကို မှာရမှန်း ဖြစ်နေသည်။

"ဘာမှာမလဲ"

"ကို ကြိုက်တာမှာလိုက်၊ လွှင်ပြင် မသိဘူး၊ တစ်ခါမှလည်း မစားဖူးဘူး"

လွှင်ပြင်ကတော့ ချစ်သူချင်းမို့ ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကတော့ Pizza ထဲမှာဆိုရင် Hawaiian (ဟာဝိုင်ယီယန်) Pizza နဲ့ Supreme (စူပရင်း(မ)) Pizza အကြိုက်ဆုံးပဲ"

"ဟုတ်လား"

"Hawaiian မှာက နာနတ်သီးအတုံးလေးတွေနဲ့ Ham လို့ ခေါ်တဲ့ အသားတုံးလေးတွေပါတယ်၊ Supreme မှာ ကတော့ အသီးအနှံအစုံရော Ham ရော Pepperoni ရော တာရော ပါတယ်လေ၊ စားလို့ကောင်းတယ်၊ Pizza စား ရင် Pepsi (ပက်(ပ်)စီ)နဲ့ဖြစ်ဖြစ်၊ Coke (ကုတ်(ခ်))နဲ့ဖြစ် ဖြစ် တွဲသောက်ရတယ်၊ ဘယ်ဟာမှာမလဲ၊ Pepsi လား Coke လား"

"လွင်ပြင်က Coke သောက်မယ်၊ အစ်မ မချိုနဲ့ မေသူရော"

"ငါတို့လည်း Coke ပဲ မှာလိုက်ပါ"

ဆိုင်ထဲမှာ Pizza နံ့က မွှေးပျံ့နေသည်။ Pizza ထဲ မှာထည့်သော cheese (ချိ(စ်))အနံ့၊ ခရမ်းချဉ်သီးဆော့(စ)အနံ့နဲ့ ဂျုံနံ့တွေက မွှေးပျံ့နေပါသည်။

ဒီလိုအစားအစာမျိုးက ဘိုနိုင်ငံတွေမှာတော့ အလွယ် တကူ ဝယ်စားလို့ရပြီး လူတိုင်းလည်း ဝယ်စားနိုင်သော သာမန် လူတန်းစား အစားအစာမျိုးပေမဲ့ မြန်မာပြည်မှာတော့ ဈေးကြီးလှ ပြီး တကယ်ပိုက်ဆံရှိ အတန်းအစားထဲက လူမျိုးတွေသာ လာ စားနိုင်သည်ဖြစ်ရာ ဆိုင်ထဲမှာတော့ လူကျောက်သောက်ဖြစ်မနေ





လာစားတဲ့သူ၊ လာဝယ်တဲ့သူတွေဟာ ကားတွေတစီစီ မောင်းဝင် လာပြီး တကယ့်ကို သူဌေးပုံထွက်နေတဲ့ ပုံစံမျိုးတွေသာ ဖြစ်နေ သည်။ အနုပညာလောကထဲက ကျော်ကြားသောလူတွေလည်း တချို့တလေ တွေ့နေရသည်။

မချိုနဲ့ ခင်မေသူတို့မှာ အသက်ရှူရတာပင် ဟန်က လေးနဲ့ရှူနေသလို ခံစားရကာ အားလုံးကို မသိမသာ ငေးမောနေ မိသည်။ သူတို့စိတ်ထဲမှာလည်း လွင်ပြင် ကံကောင်းလိုက်တာ။ လွင်ပြင်ဟာ သာမန်လူတန်းစားဘဝကနေ ချက်ချင်းကို ခုန်တက် သွားနိုင်လိုက်တာ။ မင်းသား မင်းဂုဏ်ရှိန်ကလည်း လွင်ပြင့်ကို ချစ်လိုက်တာ အရမ်းပဲ။ သူ့မျက်လုံးတွေဟာ ဟန်ဆောင်နေတာ မဟုတ်ဘူး။ သိပ်ရှင်းတယ်။ လွင်ပြင့်ကို အမြတ်တနိုးနဲ့ချစ်ပြီး ရင်ထဲထည့်တဲ့ပုံစံ။ စသဖြင့်သော အတွေးပေါင်းစုံတွေနဲ့ ဖြစ်နေ ကြပါသည်။

Pizza အချပ်ကြီးနှစ်ချပ် ရောက်လာသောအခါ အနံ့က မွှေးပျံ့နေပြီး စားချင့်စဖွယ်။ ရောက်လာကတည်းကကို သုံးမြှောင့်အပိုင်းလေးတွေ ရှစ်ပိုင်း ညီညီပိုင်းထားပေးပြီး ဖြစ်သည်။ စားသုံးသူတွေက တစ်ခါသုံး ဖော့ပန်းကန်ပြားလေးတွေထဲ ကိုယ် ကြိုက်သလောက်အချပ် ထည့်စားရုံ။ စားပြီးသွားလျှင် ပန်းကန် ကို ဖော့ပန်းကန်ပြားတွေသာ သီးသန့်လွှင့်ပစ်ရသော အမှိုက်ပုံး ကြီးထဲ ပစ်လိုက်ရုံသာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းဂုဏ်ရှိန်ကတော့ လူအများစုနဲ့ အမြဲ ဆက်ဆံနေရသော မင်းသားပီပီ လွင်ပြင့် မိတ်ဆွေအမျိုး နှစ်ယောက် အနေမခက်ရအောင် တခြားသော အကြောင်း စကားတွေကို ရှာကြံပြောရင်း ဧည့်ခံနေပါသည်။ အနုပညာလော က ပရိသတ်စိတ်ဝင်စားသော သရုပ်ဆောင်၊ အဆိုတော် အကြောင်း သူ အခုရိုက်နေတဲ့ ရုပ်ရှင်ကား၊ ဗီဒီယိုကား၊ ကားတွေအကြောင်း၊ နောက်ရိုက်မဲ့ ကားအကြောင်း၊ ဟုတ်ဟု မဟုတ်ဟုတ် ဆိုတတ်သည်ဖြစ်စေ မဆိုတတ်သည်ဖြစ်စေ၊ သား မင်းသမီးဖြစ်လျှင် စီးရီးတော့ ထုတ်ကြည့်ရစမြဲမို့ သူလ ပဲ စီးရီးခွေ စီစဉ်နေပြီဆိုတဲ့အကြောင်း စသဖြင့် သင့်တော်သ စကားပြော ဧည့်ခံပါသည်။

စားသောက်ကြပြီးသောအခါ ညကိုးနာရီပင် ထိုး နီးနေပြီ။ မင်းဂုဏ်ရှိန်က အမျိုးသမီးနှစ်ယောက်တို့ကို သူ က ပေးထားတဲ့အတိုင်း လိုက်ပို့ပေးရပါသည်။ တစ်ယောက် တစ် ရာစီ လိုက်ပို့ပေးရတာမို့ အားလုံးပြီးသောအခါ ညကိုးနာရီခွဲနေပြီ

“တော်တော်တောင် နောက်ကျနေပြီ၊ လွင်ပြင့်အိမ်ကစ ပူနေတော့မှာလား”

“စိတ်မပူပါဘူး၊ နေ့လယ်က ကို ဖုန်းဆက်လာပြီးတော လွင်ပြင်လည်း အမေတို့ဆီကို တစ်ဆင့်ခေါ်ဖုန်းနဲ့ ပြန်ဆ ပြီး အသိပေးထားလိုက်တယ်၊ မချို့နဲ့ မေသူ့ကိုလည်





မုန့်လိုက်ကျွေးရမယ် ပြောထားတော့ အမေတို့ အချိန်ကို မှန်းမိပါတယ်”

“ကိုက လွင်ပြင့်ကို သီးသန့် စကားပြောချင်တာ ရှိသေးလို့”

“ဩော် ... ဟုတ်လား၊ မသိပါဘူး ကိုရယ်။ ဒီလိုဆို ဖုန်းဆက်တုန်းက ကို ပြောစရာရှိလို့ လာခေါ်မှာလို့ ကြိုပြောရောပေါ့၊ လွင်ပြင် မချိုတို့ကို ဒီနေ့ မဖိတ်ဘဲ နေမှာပေါ့”

“ဟုတ်တယ်၊ ကို ကြိုပြောဖို့ မေ့သွားတာ”

“အရေးကြီးလို့လား”

“အရေးကြီးတယ်”

“ဒါဆို ခုပဲ ပြောလိုက်လေ”

“ပြောရင် ချက်ချင်းပြီးမှာ မဟုတ်ဘူး၊ လွင်ပြင်နဲ့ ကိုနဲ့ အင်း ... ဟို ... ညှိရမှာတွေလည်း ရှိတယ်”

လွင်ပြင့် စိတ်ထဲ ထင့်ခနဲတော့ ဖြစ်သွားပါသည်။ လွင်ပြင် မျှော်လင့်စောင့်စားနေတဲ့နေ့ကို ရောက်လာခဲ့ပြီလား။ ကိုမေမေက လွင်ပြင်တို့အကြောင်းကို သိသွားပြီး သဘောမတူဘော ဘူးမို့ ခွဲတော့မယ် ဆိုတာမျိုး၊ ဟင်း ... လွင်ပြင် ထိုအတွေးကို ဆက်မတွေးတော့ဘဲ သက်ပြင်းချလိုက်ပါသည်။

“မနက်ဖြန်မနက်အစောကြီး လွင်ပြင့်ကို ကို လာခေါ် အန်တီတို့ ဦးတို့က ခွင့်ပြုပါ့မလား”

www.burmeseclassic.com

www.burmeseclassic.com



"အခု ပြောလို့ မရဘူးလား"

"အခု သိပ်နောက်ကျနေပြီ လွင်ပြင်၊ ပြန်ရမှာ ရှိသေးတယ်၊ မနက်ဖြန်မနက်ကျ ခပ်စောစော လာခေါ်ချင်တယ်၊ ဘယ်လိုလဲ"

"လာမခေါ်ပါနဲ့၊ လွင်ပြင် အိမ်ကအစောကြီးပဲ ကြိုထွက်ခဲ့မယ်၊ အလုပ်ကို အစောကြီး ကြိုသွားစရာရှိတယ်လို့ အမေတို့ကို ညာပြောခဲ့မယ်"

"ဘာဖြစ်လို့လဲ"

လွင်ပြင် တစ်ချက်စဉ်းစားလိုက်ပြီးမှ ...

"ဒီလိုပါ၊ မိဘက ခွင့်ပြုထားတိုင်းလည်း သူတို့ရှေ့မှာ တတွဲတွဲ ခဏခဏမထွက်သွားသင့်ဘူး ထင်လို့ပါ၊ အဖေနဲ့ အမေက ဘာမှမပြောပါဘူး ကိုလည်း ရိပ်မိမှာပါ။ သူတို့ကတော့ အတိုင်းထက်အလွန် ကျေနပ်ဝမ်းသာပြီး သဘောတူနေပြီးသားပါ၊ အမှန်အတိုင်း ပြောတာပါ။ ကိုက ပိုက်ဆံချမ်းသာတယ်။ နာမည်ကျော်ကြားတယ်။ ငယ်ငယ်တည်းက တွေ့သိခင်မင်ခဲ့တဲ့ ကလေးတစ်ယောက်လည်း ဖြစ်တယ်ဆိုတဲ့ အချက်ဟာ ဘယ်မိဘကမှ လက်မလွှတ်ချင်စရာ အချက်တွေပါ။ သူတို့သိပ်ကိုကျေနပ်ဝမ်းသာပြီးသားပါ၊ ဒါပေမဲ့ လွင်ပြင်က ဒီအက် တစ်ဖက်သတ်ကြီး အဆင်ပြေနေတာနဲ့ ဘဝကို စိတ်ဒုန်းဒုန်းချပြီး မယုံ





ရဲသေးဘူး။ ဒါကြောင့် လွင်ပြင် အဖေနဲ့ အမေရှေ့မှာ ခဏခဏ တွဲမထွက်သွားချင်ဘူး"

မင်းဂုဏ်ရှိန်ရဲ့ စိတ်ထဲမှာတော့ ...

"လွင်ပြင်ရယ် ကြိုပြီးသိနေလို့များ ပြောနေသလား"

လို့သာ တိတ်တဆိတ် ညည်းညူတွေးတောမိနေခဲ့လေသည်။

❦ ✱ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

"မေမေက ကိုကို ပြောတယ်၊ သား ကောင်မလေးတ
ယောက်နဲ့ တွဲနေတယ်လို့ သတင်းကြားတယ်တဲ့။ အဲ
ကောင်မလေး ဘယ်သူဘယ်ဝါ ဆိုတာလဲ သိတယ်တဲ့
သဘောတူတာ၊ မတူတာတွေတော့ ထွေထွေထူးထူး ပြေ
မနေချင်ဘူးတဲ့။ ဒါပေမဲ့ မေမေကတော့ ဒီကိစ္စရပ်လိုက်
တော့လို့ တားရမယ်တဲ့၊ ဘာကြောင့်လဲဆိုတော့ သား
သိပ်ငယ်သေးတယ်၊ ခုမှ စပြီးအောင်မြင်ခါစပဲ ရှိသေးတယ်
ဒါကြောင့် အချစ်ရေးကို ဦးစားမပေးစေချင်ဘူးတဲ့၊ အဲ
လိုပြောလာတယ် လွှင်ပြင်"

လွှင်ပြင်သည် မနက်စောစောဆီက ကိုနဲ့ဆွေးနွေး
တိုင်ပင်ခဲ့သည်များကို ပြန်စဉ်းစားတွေးတောကာ ငေးငေါင်နေ
သည်။ လွှင်ပြင် မျှော်လင့်ထားခဲ့ပြီးသော သတင်းမျိုးနဲ့ ခပ်ဆင်
ဆင် ဒီသတင်းကို လွှင်ပြင် ခံနိုင်ရည်ရှိမယ် ထင်ထားခဲ့ပေ



တကယ်တော့ လွှင်ပြင် ခံနိုင်ရည်မရှိခဲ့ပါ။ ရင်ထဲမှာဆို့နေအောင်
နာနေကာ ဒီစကားဟာ ငါနဲ့မို့လို့ သူ့အမေက ပြောတာ။ သူတို့
နဲ့ တန်းတူရည်တူ အသိုင်းအဝိုင်းထဲက မိန်းကလေးမျိုးဆို ဒီလို
ပြောမှာ မဟုတ်ဘူးလို့လည်း အခါခါတွေးကာ နာနေမိသည်။

"ကို အမှန်အတိုင်း ပြောရရင် ဒီတစ်ခါတော့ လွှင်ပြင်နဲ့
မဝေးချင်တော့ဘူး။ အရင်ကတော့ ကလေးလောက်သာသာ
အရွယ်တွေမို့ ဘုမသိ၊ ဘမသိ ခံလိုက်ရတာ။ ဒီတစ်ခါ
တော့ လွှင်ပြင်နဲ့ အကြာကြီး မဝေးချင်ဘူး။ ကိုကတော့
လွှင်ပြင့်ကို ဆက်ပြီးချစ်နေဦးမှာပဲ၊ လွှင်ပြင်လည်း ကို့ဘက်
က သတ္တိရှိရှိ နေရဲရမယ်နော်၊ ဘာပဲကြုံလာလာ ရင်ဆိုင်
ရဲရမယ်နော်"

"ဘာတွေကြုံရမှာမို့လဲ ကိုရယ်"

"အခုတော့ မပြောသေးပါဘူး၊ စောလွန်းတယ်၊ လွှင်ပြင်
ကို့ကိုချစ်နေဖို့ပဲ လိုတယ်"

လွှင်ပြင်ဟာ ချစ်သူရဲ့စကားကိုပဲ ဖဝေဖဝါနဲ့လက်ခံ
နားထောင်ကာ ရင်ထဲမှာ တထင့်ထင့်နဲ့ပဲ အလုပ်ကိုရောက်လာ
ခဲ့ရတာ။ အလုပ်ရောက်တော့လည်း မနက်က ခဏတွေ့ပြီး
စကားပြောခဲ့တဲ့ မရေမရာ ဘာမှန်းမသိရသေးတဲ့ သူ့အမေသဘော
မတူတော့ဘူးဆိုတဲ့ ပြဿနာကြီးကို ခေါင်းထဲထည့်တွေးတွေး။
စိတ်နဲ့လူနဲ့ မကပ်။ အများများ အယွင်းယွင်းတွေဖြစ်။

www.burmeseclassic.com



နေ့လယ် ထမင်းစားချိန်ကျတော့ အလှည့်ကျ ထမင်းစား Break ယူမလို့ စဉ်းစားတုန်း ...

"ဒီကောင်တာမှာ လွင်ပြင် ဆိုတာ ရှိသလား"

ဟူသော မေးမြန်းသံတစ်ခုကြောင့် လွင်ပြင်သည် မှတ်မိနေခဲ့ဖူးသည့် အသံပိုင်ရှင်ကို အလန့်တကြား မော့ကြည့်လိုက်မိတော့သည်။

လွင်ပြင် မော့အကြည့်မှာ မျက်လုံးချင်း ဆုံသွားလျှင် ...

"အို ... သမီး လွင်ပြင် ... ကြည့်စမ်း။ အရင်ကရုပ်လေး အတိုင်းပဲ၊ မပြောင်းဘူးကွယ်၊ အန်တီ့ကိုရော မှတ်မိလား၊ အန်တီလေ ... ဒေါ်ခင်နှင်းဦးလေ၊ မောင်ရှိန့် အမေလေ"

လွင်ပြင့် စိတ်ထဲမှာ "မှတ်မိပါတယ်"လို့ ဖြေပေမဲ့ နှုတ်ကတော့ ထွက်ကျမလာဘဲ ခေါင်းသာညိတ်ပြခဲ့မိလေသည်။

"သမီး ဒီမှာရှိမယ်မှန်း သိလို့ လာတွေ့တာ ... ဟင်းဟင်း"

စကားသံအဆုံးက ရယ်သံမှာ တစ်စုံတစ်ရာ ပါဝင်နေကြောင်း လွင်ပြင် ခံစားလို့ရပါသည်။

"သမီးကို စကားပြောချင်လို့"

"လွင်ပြင် အခု နေ့လယ်စာ ထမင်းစားဖို့ break ယူပါမယ်၊ အန်တီ စကားပြောချင်ရင် နာရီဝက် အချိန်ရပါတယ်"





"အိုကေ ... အဆင်သင့်လိုက်တာကွယ်"

လွင်ပြင်သည် ကိုယ့်ကို ဘာကြောင့် လာတွေ့သလဲ ဆိုတာ သိပြီးဖြစ်နေလျှင် မရှောင်တော့ဘဲ ချက်ချင်း ရင်ဆိုင်တွေ့လိုက်ဖို့ အသင့်ဖြစ်နေလေပြီ။

လာပြန်ပြီ ... တွေ့ကြရပြန်ပြီ။ လွန်ခဲ့တဲ့ လေးနှစ်တုန်းကလို ဒေါ်ခင်နှင်းဦး ပြောမဲ့စကားတွေကို လိုက်နားထောင်ရပြန်ပြီ။ လွင်ပြင်သည် ထမင်းချိုင့်နှင့် ရေဘူးထည့်သောခြင်းလေးဆွဲကာ ရှော့ပင်းမောလ်က food court ကို အရင်ဦးအောင် ခွေးနှင့်လိုက်ပြီး ...

"အန်တီနဲ့ food court မှာပဲ ထိုင်စကားပြောမယ်နော်။ လူတော့ သိပ်မရှင်းဘူးပေါ့၊ ဒါပေမဲ့ အစေးကြီးသွားရင် လွင်ပြင် အလုပ်ကို အချိန်မီ ပြန်မဝင်ဖြစ်မှာစိုးလို့ပါ"

"ရပါတယ် ... ရပါတယ်"

food court ရှိ အအေးဆိုင်မှာ ထိုင်လိုက်ကြသည်။ လွင်ပြင်သည် သုံးဆင့်စတီးချိုင့်လေးကို ဖွင့်လိုက်သည်။ တစ်ဆင့်မှာ ထမင်းဖြူ၊ နောက်တစ်ဆင့်မှာ ငါးရှူစင်းကောဆီပြန် အနည်းငယ်၊ နောက်တစ်ဆင့်မှာ ဂေါ်ဖီပန်းပွင့်ကြော် အနည်းငယ် ထည့်လာခဲ့သည်။ ဒေါ်ခင်နှင်းဦးကတော့ အေးဆေးတည်ငြိမ်လှပြီး ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲနေသော၊ တန်လှပ်အံ့အားသင့်မှု နည်းနေသော လွင်ပြင့်ကိုသာ အကဲခတ်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းဟင်း နည်းနည်းလေး ယူလာတယ်နော်"

"လွင်ပြင်က မုန့်စားတာ ပိုများတယ် အန်တီ"

"အရင်ကအတိုင်းပဲ၊ မပြောင်းလဲသေးဘူးပေါ့"

"ဟုတ်ကဲ့၊ အရင်ကအတိုင်းပါပဲ၊ မနက်စာပဲ သေသေချာချာစားပြီး ညနေကျ မုန့်တွေဝယ်စားပစ်တတ်တဲ့အကျင့်က ရှိတုန်းပဲ"

"လွင်ပြင်နဲ့သားက ဘယ်တုန်းက ပြန်တွေ့ကြတာလဲ၊ ပြောပါဦး"

ဒေါ်ခင်နှင်းဦးက အချိန်မဆွဲချင်တော့ဟန်ဖြင့် ချက်ချင်းပဲ လိုရင်းကို မေးချလိုက်ပါသည်။ ဒေါ်ခင်နှင်းဦး စိတ်ထဲမှာ ဘာရှိသလဲ ဆိုတာကို လွင်ပြင် ကြိုသိနေသလိုပဲ၊ လွင်ပြင့်စိတ်ထဲမှာ ဘာရှိနေသလဲ ဆိုတာကိုလဲ ဒေါ်ခင်နှင်းဦး သိနေသကဲ့သို့ ဖြစ်နေလေရာ သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးဟာ ဟန်ဆောင်ထားတာတောင် အေးစက်စက်နိုင်နေပါသည်။

"သိပ်မကြာသေးပါဘူး"

"ပြန်တွေ့တွေ့ချင်းပဲ ... ..."

ဒေါ်ခင်နှင်းဦးက စကားကို ဘယ်လိုစီစဉ်ပြီးမေးရင်ကောင်းမလဲ စဉ်းစားလိုက်လျှင် လွင်ပြင်ပဲ ဖြတ်၍ ...

"သူကလည်း လွင်ပြင့်ကို ချစ်နေသေးတယ်၊ လွင်ပြင်ကလည်း သူကလွဲရင် ဘယ်သူ့ကိုမှ ရည်းစားတောင် ထပ်





မထားဘဲ သတိရနေခဲ့တာလေ။ ဒါကြောင့် ပြန်တွေ့တွေ့ချင်းပဲ ချစ်သွားကြပါတယ်"

"သားက ငယ်သေးတယ်"

"လွင်ပြင့်လည်း ငယ်သေးတာပဲ အန်တီ"

"သားဘဝက တကယ့်ကို အညွန့်တလူလူနဲ့ အခုမှနာမည်စပြီး ကြီးခါစလေ"

"လွင်ပြင့်မှာ ဘာမှနာမည်ကြီးစရာ အကြောင်းအရာတော့ မရှိပေမဲ့ လွင်ပြင့်ဘဝကလည်း အညွန့်တလူလူပါပဲ၊ လွင်ပြင်လည်း ကိုယ့်ဘဝနဲ့ကိုယ်တော့ တက်လမ်းတွေ အများကြီး ရှိပါတယ်"

"မတူဘူးလေ၊ သားနဲ့မတူဘူး။ သားက တစ်နေ့ကျရင် အကယ်ဒမီတောင်ယူရမဲ့ မင်းသားဖြစ်ရမှာ၊ ပြီးတော့ သူနဲ့တန်းတူရည်တူ ချမ်းသာတဲ့ မျိုးရိုးကောင်းတဲ့ မိန်းကလေးနဲ့ သင့်တော်တဲ့ အရွယ်ကျရင် လက်ထပ်ရမှာလေ"

"လွင်ပြင်ကတော့ မျိုးရိုးမကောင်းဘူး။ မျိုးရိုးညံ့တယ်ပေါ့ ဟုတ်လား အန်တီ။ ပြောပါဦး ... လွင်ပြင့်အဖေက ဘာနာမည်ပျက်ရှိလို့လဲ၊ အမေ့မှာ ဘာများအမည်းစက်ရှိလို့လဲ"

လွင်ပြင်သည် တစ်ဖက်စောင်းနင်း အထက်စီးဆန်ဆန် ပြောလာသော စကားကြောင့် ပက်ခနဲ ပြန်မေးလိုက်မိတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



“လူလူချင်း မတူဘူး ပြောရအောင် အန်တီ့သားက ရွှေ… ကိုက်ပြီး မွေးလာတဲ့ ဘုရင့်မျိုးရိုးမို့လား၊ လူတစ်ယော… ကို ကြိုက်သလို နှိမ်နိုင်ပါတယ်၊ ပိုက်ဆံမချမ်းသာတာ… မှိဘက ဘာကောင်ကြီးမှ မဟုတ်တာတွေကို နှိမ်ချင်… …လို့ရပါတယ်၊ ဒါပေမဲ့ အန်တီ့သားကတော့ အညွန့်တ… လူနဲ့တို့၊ အန်တီ့သားနဲ့ လွင်ပြင်နဲ့က ဘဝချင်းမတူဘူး… ခဏခဏ ထပ်လာပြောပြီးတော့ မနှိမ်ပါနဲ့။ လွင်ပြင်လည်… အသက်အရွယ်ငယ်သေးပြီး ရိုးရိုးသားသား ကြိုးစားနေ… သာမန်မိန်းကလေးပါ။ ဘာကြောင့် အညွန့်တလူလူ မ… လို့ပြောချင်ရတာလဲ၊ ဘာကြောင့် လူလူချင်း မတူနိုင်ရမှာလဲ”

လွင်ပြင်သည် ထမင်းကို လုံးဝပင် မစားဖြစ်… ရှိုင့်တွေ တစ်ဆင့်ချင်း ပြန်စီလိုက်ကာ ရင်ထဲမှာ နာနေမိတာ… အတွက် ပြန်ပြောမိတော့လေသည်။ ဒေါ်ခင်နှင်းဦးက ဒီတစ်… တော့ အပြုံးမပျက်လေးပဲ လွင်ပြင့်စကားကို ဆုံးအောင်နားထော… ပြီးလျှင် …

“အေး … အဲဒါတွေ ထားပါတော့ကွယ်၊ စကားနိုင်လုတာ… တွေ မလုပ်ချင်တော့ပါဘူး။ အန်တီ မေးချင်တာ… လွင်ပြင် မောင်ရှိန့်ကို တကယ်ချစ်တယ်ဆိုရင် သူ့ဘဝမြ… မားတာကို မြင်ချင်လား၊ ကျရှုံးသွားတာကို မြင်ချင်လာ… ဒါပဲ မေးတော့မယ်”





လွင်ပြင် မဖြေဘဲ ရူးရူးရဲရဲသာ ပြန်ကြည့်မိသည်။ ဒေါ်ခင်နှင်းဦးက အပြုံးကို လုံးဝမပျက်စေရအောင် ဆင်မြန်းထားရင်း ဆက်ပြောပါသည်။

“ရှင်းရှင်း ပြောရရင် သားဟာ အနုပညာနဲ့ ပတ်သက်ရင် ပေါ့၊ အထူးသဖြင့် သရုပ်ဆောင်ပညာနဲ့ ပတ်သက်ရင် ဘာမှလုပ်တတ်တာ မဟုတ်ဘူး။ ဘာမှလဲ မသိဘူး၊ သူ ဝါသနာလည်းမပါတော့ ပိုဆိုးတာပေါ့၊ အန်တီက သူ့ကို သာမန်လူဘဝ မဖြစ်စေချင်လို့ အတင်းကို တွန်းတင်ဆွဲ တင်ပြီး ငွေပုံကြီးနဲ့ ပုံအောပြီး အရှုံးခံကားတွေရိုက်ပြီး တင်ပေးနေရတာ၊ ခုထိ သူ့ဝင်ငွေဟာ ဘာမှမရှိသေးဘူး။ လူတွေမြင်ပါများအောင် ကားတွေဆက်တိုက်ထုတ်တာရယ်၊ ဂျာနယ်မဂ္ဂဇင်းတွေမှာ အမြဲမပြတ်ပါနေအောင် လုပ်တာ ရယ်၊ အသိမိတ်ဆွေ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ကုန်ပစ္စည်း တွေကို မေတ္တာနဲ့ ကြော်ငြာသရုပ်ဆောင်လုပ်ပေး၊ ဘေးလ် ဘုတ်တွေမှာ ကြော်ငြာပါအောင် လုပ်နေတာရယ်ကြောင့် လူသိများနေတာ။ ပရိသတ်က ဒါကိုပဲ သူဟာအောင်မြင် စပြုလာပြီလို့ထင်အောင်လုပ်ပြီး နေရာတစ်နေရာရအောင် လုပ်နေတာ၊ သား သုံးစွဲလည်ပတ်နေတဲ့ ငွေတွေဟာ အကုန် လုံး မိဘပိုက်ဆံတွေနဲ့ချည်းပဲ။ သူ ကားရိုက်လို့ရတဲ့ဝင်ငွေ ဆိုတာ ဖြစ်ဖြစ်မြောက်မြောက်တောင် ရှိသေးတာမဟုတ်ဘူး။ အရှိန်နဲ့ အဟန့်နဲ့ လူအထင်ကြီးအောင် လုပ်ထားတာ…



www.burmeseclassic.com

www.burmeseclassic.com



လွင်ပြင် အံ့ဩစွာ နားထောင်နေမိသည်။ လွင်ပြင် ထင်တာက မောင်ရိုန်ဟာ ဝင်ငွေကောင်းတဲ့မင်းသား ဖြစ်နေပြီဟု ပင်။ ဘာကြောင့်လဲဆိုတော့ သူ့ကားတွေက ဗီဒီယိုဆိုင်မှာ တစ်လ နှစ်ကားလောက်ကို ထွက်နေတာ မြင်ရ၍ပင်။

"အန်တီ ပိုက်ဆံအကုန်ခံပြီး သားဘ၀တက်လမ်းအတွက် တွန်းတင်ပေးနေတုန်းအချိန်မှာ သူ့ကို ရည်းစားလည်းမထား စေချင်ဘူး။ ရည်းစားထားကြရင် မတော်တဆ အိမ်ထောင် ကျရင် ကျသွားနိုင်တယ်လေ၊ ငယ်လည်းငယ်သေးတော့ သားကို လူပျိုဘ၀နဲ့ပဲ အောင်မြင်မှုတွေ အရင်ရအောင် လုပ်စေချင်သေးတာ။ အကယ်၍များ လွင်ပြင်က အလျှော့ မပေးဘူး၊ သားကို လက်တွဲနေဦးမယ်ဆိုရင် သားဟာ လွင်ပြင့်ကိုလည်း သိပ်ချစ်တော့ သိပ်မကြာခင်မှာ လက် ထပ်ချင်လာလိမ့်မယ်၊ အဲဒီကျ အန်တီ ပုံအောရင်းနှီးထား ရတာတွေ အလကားဖြစ်မယ်လေ၊ အခုခေတ်မှာ ပရိသတ် က လူပျိုရယ်၊ အိမ်ထောင်ရှိနေသူရယ် မခွဲခြားဘဲ အားပေး ပါတယ် ပြောနေကြပေမဲ့ ဒါက သိပ်အောင်မြင်ပြီးတဲ့သူ တွေအတွက်ပါကွယ်။ သားတို့လို မင်းသားပေါက်စ နာမည် ယူခါစ . မင်းသားတွေအတွက်တော့ လူပျိုဆိုတဲ့ဂုဏ်က လိုကိုလိုသေးတာ"

"အန်တီက ဘာဖြစ်ချင်တာလဲ"





လွင်ပြင် လိုရင်းကိုပဲ ကောက်မေးချလိုက်သည်။

"လွင်ပြင် သူ့ကို တကယ်ချစ်တယ်ဆိုရင် သူ အောင်မြင် တိုးတက်သွားတာကို ပျော်ပျော်ကြီးကြည့်ပြီး နောက်ဆုတ် ရှောင်ထွက်သွားနိုင်ရမှာပေါ့၊ မဟုတ်ဘူးလား"

လွင်ပြင် မျက်နှာတစ်ချက်မှ မပျက်ဘဲ ...

"လွင်ပြင်ကတော့ ကိုယ်ချစ်တဲ့သူကိုပဲ အရယူမယ်ဆိုတဲ့ စိတ်ဓာတ်မျိုး ရှိနေတယ်ဆိုရင် အန်တီ ဘယ်လိုလုပ်မလဲ"

ထိုအခါ ဒေါ်ခင်နှင်းဦးဘက်ကလည်း အဆင်သင့် ကြိုတင်ပြင်ဆင်ထားသောမျက်နှာဖြင့် တုံ့ပြန်ကြည့်ရင်း ...

"သူ့ကိုသာ လွင်ပြင်ရရင်ရမယ်၊ သူနဲ့အတူ ဘာမှပါလာ မှာ မဟုတ်ဘူး လွင်ပြင်၊ သူစီးနေတဲ့ကား၊ သူသုံးနေတဲ့ ပိုက်ဆံ၊ သူနေနေတဲ့အိမ် ဆိုတာက လွင်ပြင်သိတဲ့အတိုင်း ပဲ သားကြီးနဲ့ သမီး ပင်ပင်ပန်းပန်း အလုပ်လုပ် ရှာထား တာတွေကြောင့် တိုးပွားလာတဲ့ အဆွယ်အပွားတွေပဲ။ ဒီတော့ သားရဲ့လုပ်စာဟာ ဘာမှမရှိဘူး။ သူ အန်တီ သဘောမကျတာကို ခွတ်လုပ်သွားခဲ့ရင် သူ့ကို ပိုက်ဆံ တံတားခင်းပြီး နာမည်ကြီးမင်းသားဖြစ်ဖို့ တွန်းတင်နေတာ ကိုလည်း ရပ်လိုက်မယ်လေ။ ဘာကြောင့် ဆက်လုပ်ပေးနေ တော့မလဲ။ ကိုယ်ကတော့ အပင်တစ်ပင်ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးလိုက်ရတာ၊ အသီးအပွင့်တွေ ရလာမှ



www.burmeseclassic.com

www.burmeseclassic.com



တခြားသူအတွက် အဆင်သင့် ဖြစ်နေတယ် ဆိုတာမျိုးတော့ အဖြစ်မခံနိုင်ဘူးပေါ့"

လွင်ပြင်သည် ဒေါ်ခင်နှင်းဦး မှာပေးထားသော အအေးကို ထိတောင်မထိတော့ဘဲ ထမင်းချိုင့်ကိုသိမ်းကာ ထရပ်လိုက်ပါသည်။

"နာရီဝက်ပြည့်သွားပြီ အန်တီ၊ လွင်ပြင့်ကို ခွင့်ပြုပါဦး"

"အေး ... အေး ... ရပါတယ်၊ လွင်ပြင့်ဘက်ကသာ အန်တီ ပြောတာတွေ စဉ်းစားထားလိုက်ပေါ့၊ အန်တီ လွင်ပြင့်ကို မုန်းလို့လာပြောတာ မဟုတ်ပါဘူး။ ကိုယ့်သားလေးက ငယ်သေးပြီး ဘာမှဖြစ်ဖြစ်မြောက်မြောက် မရှိသေးလို့ ပြောပြတာပါ"

လွင်ပြင် ခပ်ပြုံးပြုံးလေးပင် ...

"လွင်ပြင် တစ်ခုပဲ သိချင်တယ်၊ လွင်ပြင့် နေရာမှာ လွင်ပြင် မဟုတ်ဘဲ မိဘက အရမ်းချမ်းသာတဲ့ မိန်းကလေးဆိုရင်ရော အန်တီ မောင်ရှိန့်အတွက် အခုလို စိုးရိမ်တကြီးလာပြီး တားမြစ်ဦးမှာလားလို့ပါ"

ဟူ၍ မေးလိုက်ပေမဲ့ အဖြေကိုမစောင့်ဘဲ ချက်ချင်းလှည့်ထွက်လာခဲ့လေသည်။

ဒေါ်ခင်နှင်းဦးကတော့ ခေါင်းမာပြီး ကိုယ်လုပ်ချင်ရာကို လုပ်တော့မဲ့ပုံပေါက်နေတဲ့ လွင်ပြင့်ကို လျှော့တွက်လို့မရ





ကြောင်းတွေးရင်း ဒီကိစ္စကို ဘယ်လိုဖြေရှင်းရင်ကောင်းမလဲဆိုတဲ့ အကြံကိုသာ ထုတ်နေရသည်။

သူတို့ကို ဒီအတိုင်း လွှတ်ထားပြီး ပေးတွဲထားလိုက်လို့မဖြစ်။ သံယောဇဉ် သိပ်မတွယ်ခင်မှာ ခွဲကြဖို့ ကြိုးစားတာ အကောင်းဆုံး။ သိပ်သံယောဇဉ်ဖြစ်လာမှဆိုရင် ကွဲဖို့မလွယ်တော့၊ ဒါကြောင့် ခုတည်းက ကြိုတင်ကာကွယ်တဲ့အနေနဲ့ ခွဲကိုခွဲပစ်ရမည်။

❦ ✻ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

အဲဒီနောက်ပိုင်းမှာ မင်းဂုဏ်ရှိန်ဆိုတဲ့ လူတစ်ယောက်ဟာ လွင်ပြင့် အနီးအနားကနေ ထပ်မံပျောက်ကွယ်သွားခဲ့ပြန်ပါတော့တယ်။ တစ်ရက်ရောက်လာနိုး၊ ရောက်လာနိုးနဲ့ မျှော်မိခဲ့သလို သူ့ပေးထားတဲ့ **Nokia** ဖုန်းလေးကများ အသံမြည်လာမလား (ကလေးရယ်သံ အသံမျိုးလေး ထွက်လာမလား)လို့ မကြာခဏ မျှော်လင့်နားစွင့်နေမိပေမဲ့ လွင်ပြင့်ဘက်ကတော့ စပြီးမဆက်သွယ်ဖြစ်ခဲ့ပါ။

သူဟာ ဒီတစ်ခါမှာလည်း သူ့အမေ အလိုကျ သူ့အမေစကား နားထောင်ပြီး ချစ်တဲ့သူကိုတောင် စွန့်လွှတ်နိုင်ခဲ့ပြန်ပြီ ထင်ပါရဲ့။

လွင်ပြင်ဟာ တိတ်ဆိတ်ခြောက်သွေ့စွာပဲ နေ့ရက်တွေကို ဖြတ်သန်းရင်း၊ အကဲခတ်သလို ကြည့်ခံရသော ဝေဖန်ခြင်း





အပြည့်ပါတဲ့ မျက်လုံးပေါင်းများစွာကို ရင်ဆိုင်ရင်း၊ ဟဲ့ ... မင်းသား ရောက်မလာတော့ပြန်ဘူး၊ မတွေ့တာ ကြာပြီနော် ဆိုသော မကြားတကြား ပြောသံတချို့ကို တင်းခံရင်း နောက်ဆုံးတော့ လွင်ပြင် ရုပါမားကပ် အလုပ်ကနေ ထွက်လာခဲ့တော့လေသည်။

သူနဲ့လွင်ပြင် အဆက်အသွယ် ပြတ်သွားပြီး သုံးလအကြာမှာ လွင်ပြင်သည် အဖေ့အစီအစဉ်နဲ့ အဖေ အလုပ်လုပ်နေဆဲ ကုမ္ပဏီမှာပင် သာမန်စာရေးမကလေးအဖြစ် ဝင်လုပ်ဖို့ကို ဆုံးဖြတ်လိုက်ပါသည်။

အသက်နှစ်ဆယ်ကျော် မိန်းကလေးတစ်ယောက်၊ ကျန်းမာသန်စွမ်းသော လူငယ်တစ်ယောက်အနေနဲ့ မိဘကိုမှီခိုကပ်ပြီး မနေချင်၊ မစားချင်။ အချစ်ရေး အဆင်မပြေတာနဲ့ပဲ အသည်းကွဲ လေလွင့်ပြီး ဘာမှမလုပ်မကိုင်ဘဲ စိတ်မလေချင်။ လွင်ပြင်သည် ဒီတစ်ခါ ဒုတိယအကြိမ်မြောက် ကြုံလိုက်ရသော နှလုံးသားကြေအက်ခြင်း ဒဏ်ရာကိုတော့ ဘယ်လိုမှ ပျောက်အောင်ကုနိုင်တော့မယ် မဟုတ်ပါ။

သို့သော် လွင်ပြင်သည် မင်းဂုဏ်ရှိန်ကိုတော့ အင်မတန်မှ စိတ်နာမုန်းတီးသလို ဖြစ်သွားခဲ့တော့လေသည်တည်း။



www.burmeseclassic.com

www.burmeseclassic.com

## ၁၉

နောက်ထပ် သုံးလ ထပ်ကြာသွားပြီးသောအခါ လွင်ပြင် တစ်ယောက် ခံစားချက်တွေ အနည်ထိုင်လုနီးနီး ဖြစ်လာချိန်မှာ သတင်းဆိုးတစ်ခုက အမှတ်မထင် ဝင်လာပါသည်။ ကုမ္ပဏီမှာ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းအဖြစ် ရင်းနှီးလာရသူ စန္ဒီ့ဆီမှ အမှတ်မထင် ...

"ဟယ် ... ပြောရဦးမယ်၊ မင်းဂုဏ်ရှိန်က ဆေးစွဲနေပြီလို့ သတင်းကြားတယ်"

ဟူ၍ ဘယ်က ဘယ်လို သိလာသည် မသိသော သတင်းတစ်ခုကို အလုပ်လုပ်ရင်း ပြောချလိုက်သည်။

ကွန်ပျူတာကီးဘုတ်ခလုတ်တွေကို နှိပ်နေလက်စ လွင်ပြင့်လက်တွေ ရုတ်တရက် ရပ်တန့်သွားပြီး ရင်ထဲမှာ သူ့ကို ပြေးတွေ့လိုက်ချင်စိတ်တွေ ဖြစ်သွားမိသော တဒင်္ဂမှာ ...။ လွင်ပြင်





သိလိုက်ပြီ။ လွင်ပြင် သူ့ကို ဘယ်လောက်ပဲ မေ့ထားထား မေ့လို့ ခိုန်းလို့ မရသေးပါလား။

"စန္ဒီတို့ကတော့ စ,ပြောပြီဟော့၊ သူက မင်းသားမင်းသမီး အကြောင်း၊ အဆိုတော်အကြောင်း၊ မော်ဒယ်လ်အကြောင်း ဆို သိပ်စိတ်ဝင်စားတာ၊ သူပဲ ဘယ်သူက ဘယ်လိုဆိုတာ မှတ်မိလေရဲ့။ ငါကတော့ တစ်ခါတလေ လူနဲ့နာမည်တွဲ ရက်မှတောင် မှတ်ရ ခက်နေတာ။ နာမည်သိပ်ကြီးတဲ့ လူက လွဲရင် အသစ်တွေဆို များလွန်းလို့ မှတ်ကိုမမှတ်မိဘူး"

နောက်တစ်စားပွဲမှာရှိသော အစ်မကြီးတစ်ယောက်က မျက်မှန်ပင့်တင်ရင်း ရယ်မောဝေဖန်လေသည်။

"စန္ဒီက နိုင်ငံခြားမှာဆို ပါပါရာဇီဖြစ်မယ်၊ celebrities တွေရဲ့ အတင်းအဖျင်းတို့၊ မကောင်းတာတို့ဆို လိုက်သတင်း ဖြန့်တတ်လို့လေ"

"ဩော် ... ဒီလိုလည်း မဟုတ်ပါဘူး၊ အစ်ကိုသိန်းနိုင်ရယ်၊ စန္ဒီက သူတို့ရဲ့ ကောင်းတာရော မကောင်းတာရော စိတ်ဝင်စားတာပါ၊ စဉ်းစားကြည့် ... အဲဒီ celebrities ဆိုတာ အလွှာတစ်လွှာလို ဖြစ်နေတာ၊ သူတို့က သာမန်လူထက်ကို ထူးခြားနေတာဆိုတော့ သူတို့ဘာလုပ်လုပ် လူတွေက စိတ်ဝင်စားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ... ဒါပေါ့၊ အရပ်ထဲက မတုတ် ကလေးမွေးတာ စိတ်မဝင်စားဘူး၊ မင်းသမီး ကလေးမွေးတာကျတော့ ရှ တိုင်း စိတ်ဝင်စားတဲ့သဘောပေါ့"

အားလုံး ဒီစကားဝိုင်းမှာ ဘာမှရယ်စရာမပါ ဘဲ ရယ်မောလိုက်ကြသည်။ မရယ်နိုင်သူမှာ လွင်ပြင် တစ်ယောက် တည်း။ ဒါကို ကြုံကြုံဖန်ဖန် သတိပြုမိသွားသော စန္ဒီက –

"ဟဲ့ ... လွင်ပြင်၊ ဘာတွေအရေးတကြီး စိတ်ဝင်စားပြီး စာရိုက်နေတာလဲဟယ်၊ ခဏနားစမ်းပါ၊ ဒီမှာအတင်းအဖျင်း ပြောတာကိုတောင် ဝင်မပါနိုင်ဘူး ဖြစ်နေတယ်"

ဟု လှမ်းပြောပါသည်။

"လွင်ပြင့် ကြည့်လိုက်ရင် တကယ့် အဆွေးသမား တစ်ခါတလေ ဘာတွေ တွေးနေ ငေးနေမှန်း မသိဘူး အရယ်အပြုံးလည်း နည်းတယ်၊ ဒီကောင်မလေး ရည်းစား မိနေတယ် ထင်တယ်"

ခပ်နောက်နောက်နဲ့ ပွင့်ပွင့်လင်းလင်း ပြောတတ် ဝေဖန်တတ်သော ကိုသိန်းနိုင် ဆိုတဲ့ အစ်ကိုကြီးက ဝင်ပြော ရာ လွင်ပြင်မှာ အရင်က စူပါမားကပ်ကြီးမှာ လုပ်စဉ်က ပေး ရသော မှတ်ချက်နှင့် ကွာခြားလှတဲ့ ပြောင်းလဲမှုကို သတိထား သည်။ စူပါမားကပ်မှာတုန်းက လွင်ပြင့်ကြည့်လိုက်ရင် ပြုံးနေ တာပဲ၊ စိတ်ချမ်းသာပုံရတယ် ဆိုသော မှတ်ချက်နဲ့ အခုကမှ





မှာ ဝင်လုပ်တဲ့အခါ ကြားရသော မှတ်ချက်တို့က တကယ့်ကို ဆန့်ကျင်ဘက် ဖြစ်နေတော့လေသည်။

လွင်ပြင်သည် ကိုယ်က သီးသန့်ကြီး ဖြစ်မနေလို ဘာနဲ့ လုပ်လက်စအလုပ် ခဏအေးချကာ ...

"ပြောပါဦး စန္ဒီရဲ့၊ ခုနက သဲ့သဲ့ကြားလိုက်တာ၊ ဘယ်သူ တွေ ဆေးစွဲနေတယ်"

"မင်းသားသစ်ထဲက မင်းဂုဏ်ရှိန် ပါတယ်၊ (......)ပါ တယ်၊ တခြား နာမည်ကြီးထဲကတော့ (......)တို့ (......) တို့ပေါ့"

"သေချာလို့လား"

"ဟယ် ... သေချာပါတယ်၊ ငါ့သူငယ်ချင်းတစ်ယောက် ရဲ့အဒေါ်က မူးယစ်ဆေးဖြတ်ဌာနမှာ အထူးကုဆရာဝန် ဟဲ့၊ မင်းဂုဏ်ရှိန်အမေက သူ့သားကို ကျိတ်ကုနေတာ"

"ဘိန်းဖြူထိုးတာတဲ့လား"

"ဘိန်းဖြူ မဟုတ်ဘူး၊ အိပ်ဆေးလို စိတ်ကြွဆေးလိုဟာ မျိုး စွဲတာတဲ့၊ မင်းဂုဏ်ရှိန်က ဟိုးတလောက ကောင်မလေး တစ်ယောက်နဲ့ တော်တော်တွဲလိုက်သေးတယ်လို့ သတင်း ကြားတယ်၊ သူတို့စုံတွဲ တွဲတွဲသွားတာကို မြင်လိုက်တဲ့လူ တွေက ပြောတယ်၊ သူ့ကောင်မလေးက လှတော့မလှပေ မဲ့ ချစ်စရာလေးတဲ့။ သူက အရမ်းချစ်ပုံရတယ်လို့ ပြောကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အခု ရည်းစားနဲ့ကွဲသွားလို့ စိတ်လေပြီး ဆေးစွဲတာဖြစ်မယ်”

စန္ဒီက ဘယ်သူဘယ်ဝါရယ်မှန်း မသိဘဲ စွတ်ပြောပေမဲ့ လွင်ပြင်မှာ ကိုယ့်ကိုလာပြောသလို ခံစားရကာ မလုံမလဲ ခံစားရသည်။ ဒီကုမ္ပဏီကလူတွေ တစ်ယောက်မှ လွင်ပြင်တို့အကြောင်းကို မသိခဲ့ကြတာ တော်ပါသေးရဲ့။ စန္ဒီ့စကားတွေထဲက မင်းဂုဏ်ရှိန်ဟာ သူ့ကောင်မလေးကို တော်တော်ချစ်ပုံရတယ် ဆိုတဲ့စကားကြောင့် လွင်ပြင့်ရင်ထဲ လွမ်းဆွေးကြေကွဲသွားမိသည်။

“အခု မပြတ်သေးဘူး၊ ဆေးဆက်ချတုန်းပဲတဲ့၊ ပထမတစ်ခါ ဆရာဝန်နဲ့တိုင်ပင်ပြီး ဆေးဖြတ်ပြီးပြီ၊ သိပ်မကြာဘူး ထပ်သုံးတာပဲတဲ့၊ ဒါကြောင့် အခုနောက်ပိုင်း သူ့ကားတွေ မပေါက်တော့ဘူး၊ သူ သရုပ်ဆောင်တာလည်း အစတည်းက သိပ်အကောင်းကြီး မဟုတ်ပါဘူး၊ နာမည်ကြီးဝတ္ထုတွေဝယ်၊ နာမည်ကြီး ဒါရိုက်တာတွေသုံး၊ နာမည်ကြီးတဲ့ မင်းသမီးတို့၊ ဇာတ်ပို့ဇာတ်ရံတို့ သုံးပြီး တကယ့်ကို ကောင်းကောင်းလေးတွေရိုက်ပြီး ထုတ်တော့ ဘေးကပံ့ပိုးတဲ့အရှိန်နဲ့မို့ သူ့ကားတွေ ပေါက်ထွက်လာတာ၊ တကယ်တော့ သူ မတော်ဘူး၊ သူ့ကြည့်ရတာ စိတ်မပါသလိုလို စိတ်နဲ့လူနဲ့ပဲ တခြားစီလိုလိုပုံစံ ဖြစ်နေတာ။ ရုပ်ချောပြီး စန်းလည်းနည်းနည်းရှိလို့သာ ဒီလောက်ထိ ဖြစ်လာတာပါ”





စန္ဒီကတော့ ရုပ်ရှင်ဗီဒီယို ဝါသနာအိုးမို့ သေသေချာချာကို ထောက်ပြပြီး အကြီးအကျယ် ဝေဖန်နေတော့လေသည်။ လွင်ပြင့်မှာသာ ကိုယ်ချစ်ခဲ့သူ၏ အဖြစ်ဆိုးကို ယူကျုံးမရဖြစ်လိုက်၊ လွင်ပြင်နဲ့အမေကို ယှဉ်လိုက်တိုင်း အမေ့ဘက်ပါပြီး အမေ့စကားကို နားထောင်ကာ လွင်ပြင့်ကို သူက ချည်းထားခဲ့သဖြင့် စိတ်ပြန်နာလာလိုက်နဲ့ စိတ်ထဲမှာ ရောထွေးခံစားနေရသည်။

တကယ်တော့ လွင်ပြင့် သိစိတ်ထဲမှာသာ သူ့ကို မုန်းဖို့၊ နာကြည်းဖို့ ကြိုးစားနေပေမဲ့ မသိစိတ်ထဲမှာတော့ ချစ်နေဆဲ၊ လွမ်းနေဆဲ၊ တမ်းတနေဆဲဖြစ်ကြောင်း ကိုယ်ကိုယ်တိုင်လည်း သိနေပါသည်။

သူဟာ တကယ်တော့ လွင်ပြင်ရဲ့အချစ်ဦး၊ ဆယ်ကျော်သက်ဘဝမှာကတည်းက အချစ်ကို ဘာမှန်း ညာမှန်း မသိသေးခင်ကတည်းက ချစ်ခဲ့သူ၊ လွင်ပြင့် နှလုံးသားမှာ သူ့ကိုသာ နေရာပေးနိုင်ခဲ့သူ တစ်ဦးတည်းသာ ဖြစ်ပါသည်။ ဘယ်အချိန် ဘယ်ကာလပဲရောက်ရောက် လွင်ပြင် သူ့ကိုသာလျှင် ချစ်သူအဖြစ် နှလုံးသားမှာ သတ်မှတ်ထားမိမှာပဲ ဖြစ်သည်။ သူ့နာမည်သည် လွင်ပြင့် နှလုံးသားမှာ ဘယ်တော့မှ မပျောက်ပျက်အောင် ထွင်းထု ကမ္ပည်းတင်ထားပြီးနေခဲ့ပြီဖြစ်သည်။ လွင်ပြင် သူ့ကို ဘယ်တော့မှ ဘယ်လိုမှ ဘယ်အကြောင်းကြောင့်မှ မေ့ပျောက်ဖျက်ဆီးနိုင်တော့မည် မထင်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်သောအခါ လွှင်ပြင်သည် မသုံးတာ ကြာပြီဖြစ်သော၊ ဘက်ထရီတောင် အားမဖြည့်တော့သော၊ အဝတ် ဗီရိုထဲမှာ အဝတ်ပုံရဲ့နောက်ဆုံးမှာ ထိုးထည့်ထားလိုက်သော သူ ပေးခဲ့တဲ့ Nokia ဖုန်းလေးကို ထုတ်ကြည့်မိသေးသည်။ လွှင်ပြင် ဘာလုပ်ရင် ကောင်းမလဲ။ သူ့ကို ဆက်သွယ်ရင် ကောင်းမလား ကိုယ်ချစ်တဲ့သူရဲ့ဘဝ မနစ်မွန်းအောင် ကာကယ်စေတနာအမှ နဲ့ ကယ်တင်ရင် ကောင်းမလား။ လွှင်ပြင် ဆက်သွယ်တာကိုရော သူက လက်ခံပါ့မလား။ သူ့အမေစကားကို သိပ်နားထောင်တဲ့ သားမို့ လွှင်ပြင့်ဆီက ဖုန်းနံပါတ် သူ့ဖုန်းမှာ ပေါ်လာရင် သူ လက်ခံစကားပြောပါ့မလား။ လွှင်ပြင့် စေတနာ အမှန်ကိုရော ဂုဏ်မောက်နေတဲ့ ဒေါ်ခင်နှင်းဦး လက်ခံယုံကြည်ပါ့မလား။

လွှင်ပြင်သည် ချီတုံချတုံ ဝေခွဲမရစွာဖြင့် ဖုန်းလေး ကို ဘက်ထရီအားတော့ ပြန်ဖြည့်ထားခဲ့မိပေမဲ့ အဲဒီနေ့ကတော့ ဖုန်း မခေါ်ဖြစ်ခဲ့ပါ။

❦ ✱ ❦





## ၂၀

စိတ်ရွဲလို့ပဲလား။ ရင်ထဲမှာ သိပ်ပြီး စိတ်မကောင်း ဖြစ်ရလို့ပဲလား မသိ။ အဲဒီညမှာ လွှင်ပြင် အိပ်မက် မက်ပါသည်။ အိပ်မက်ကတော့ (သူနဲ့ပတ်သက်တဲ့အကြောင်း) မကြာခဏ မက် ပေမဲ့ အခုညမှာ မက်တဲ့အိပ်မက်လိုမျိုးတော့ ပီပီပြင်ပြင်၊ ထင်ထင် ရှားရှားကြီး မရှိဘူးခဲ့။

ဥပမာ ... အိပ်မက်ထဲမှာ လွှင်ပြင်ဟာ သူနဲ့စကား တွေပြောလိုက် (ဘာတွေမှန်းမသိသော မမှတ်မိနိုင်သော စကား မျိုး)၊ ကော်ဖီဆိုင် ထိုင်တာမျိုး ဖျတ်ခနဲ မက်လိုက်၊ တစ်ခါတလေ အင်းလျားကန်ပေါင်မှာ လမ်းလျှောက်နေရာကနေ လွှင်ပြင့် အိမ် မှာ အမေချက်ကျွေးသော မုန့်ဟင်းခါးကို အတူစားနေတယ်လို့ မြင်လိုက်၊ သူ့ကားပေါ် အတူတူထိုင်ပြီး ဘယ်တွေမှန်းမသိတဲ့ နေရာတွေကို သွားနေတယ်လို့ မက်လိုက် ...။



www.burmeseclassic.com

www.burmeseclassic.com



လွင်ပြင် ညတိုင်းလိုလို မက်တတ်တာကတော့ သူ ခဏခဏ ခိုးပြီးနမ်းတတ်လို့ လွင်ပြင့် ပါးပြင်လေးတွေ၊ နဖူးပြင် လေးတွေ၊ နှုတ်ခမ်းလေးတွေ၊ လည်တိုင်လေးတွေမှာ သူ့အနမ်း တွေ တင်ကျန်ခဲ့ဖူးတာကို သတိရလျက် အိပ်မက်ထဲမှာ အခါများ စွာ ထည့်ထည့်မက်တတ်ဆဲ။

အိပ်မက်က နိုးလာတိုင်း ကြည်နူးစိတ်နဲ့ အပြင်မှာ သူ တကယ်လာနမ်းသွားခဲ့တယ်လို့ ထင်ရကာ မျက်ရည်တွေနဲ့ ပြန်အိပ်မပျော်တော့တဲ့ ညတွေကို အမြဲလိုလို ဖြတ်သန်းခဲ့ရ စမြဲ။

အခု ဒီညမှာတော့ မက်နေကျ အိပ်မက်မျိုးတွေ မမက်ခဲ့ဘဲ လွင်ပြင် စပြီးအိပ်ပျော်ပျော်ခြင်းမှာ ကယောက်ကယက်တွေ မြင်လို့ မက်လို့ ကောင်းတုန်း၊ ဝေဝါးနေတုန်း ဖြူန်းဆို ရှင်း ခနဲ လင်းခနဲ ဖြစ်သွားကာ သူ့ကို လွင်ပြင် မြင်လိုက်ရပါသည်။ လွင်ပြင် ဝမ်းသာအားရနဲ့ ...

"ကို ... လွင်ပြင် ကို့ကို သိပ်တွေ့ချင်နေတာ"

လို့ အကျယ်ကြီး အော်ပြောပေမဲ့ လွင်ပြင့်အသံဟာ အကျယ်ကြီး ထွက်မလာခဲ့ပါ။ လွင်ပြင် ကိုယ့်အသံကိုယ် အားမရသလို ဖြစ်နေတုန်း ...

"လွင်ပြင့်ကို ကို အရမ်းချစ်တယ်"





ဟု သူ တမ်းတဆွေးမြည့်သလို အသံနဲ့ ပြောပြီး လွင်ပြင့်ကို ချက်ချင်း ကျောခိုင်းထွက်သွားခဲ့ပါတော့သည်။

လွင်ပြင်သည် ရင်ထဲမှာ မခံမရပ်နိုင်အောင် ကြေမွ သွားလျက် သူ့နောက်ကို ပြေးလိုက်မိသည်။ ဒါပေမဲ့ လွင်ပြင် သိလိုက်တာက လွင်ပြင် သူ့ကို ဘယ်လိုမှ လိုက်မမီဘူးဆိုတာ ပင်။

လွင်ပြင် ပြေးသာ ပြေးလိုက်နေရပေမဲ့ သူ့ကျောပြင ကလည်း လွင်ပြင်နဲ့ နီးနီးလေးပေမဲ့ လွင်ပြင် သူ့ကို ဘယ်လိုမှလိုက် မမီတော့ချေ။

လွင်ပြင်သည် ပြေးလိုက်ရင်း ပြေးလိုက်ရင်းနဲ့ ဘာကိုကြောက်မှန်းမသိ ကြောက်လာသည်။ ဘာကို စိုးရိမ်မှန်းမသိ စိုးရိမ်လာသည်။ လွင်ပြင် ဝမ်းနည်းစွာ အော်ဟစ်ငိုကြွေးလိုက် စဉ် အိပ်မက်မှ ဖျတ်ခနဲ နိုးလာခဲ့ပါသည်။ တကယ်ပဲ အပြင်မှာ လွင်ပြင် ရှိုက်ကြီးတငင် ငိုကြွေးနေခဲ့မိသည်ပဲ။ လွင်ပြင့် တစ်ကိုယ် လုံး ချွေးစေးတွေနဲ့ မျက်ရည်တွေ ရောထွေးနေခဲ့ကာ လွင်ပြင် သည် သွေးရူးသွေးတန်းဖြင့် ညဘက်ကြီး သူ့ဆီ ဖုန်းခေါ်မိတော့ သည်။

အဆင်သင့် အားဖြည့်ပြီးသော Nokia ဖုန်းလေး ဖြင့် သူ့ဖုန်းကို ခေါ်ပေမဲ့ ခေါ်မရခဲ့။ "ဆက်သွယ်၍ မရနိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အကြောင်းပြန်ကြားချက်ကိုသာ ထပ်ခါတလဲလဲ ကြားနေခဲ့ရသောအခါ လွင်ပြင်သည် ပြန်မအိပ်နိုင်တော့ဘဲ တစ်ညလုံး တိတ်တဆိတ် ငိုကြွေးလျက် ရှုံ့သွပ်နေခဲ့ရလေသည်။





# အပိုင်း(၄)

www.burmeseclassic.com

www.burmeseclassic.com



## ၂၁

အဲဒီနေ့မနက် အဆောင်ကြီးမှာ တံခါးခေါက်သံကြား ရသည်။ ညက ညတစ်ဝက်လုံး အိပ်မပျော်ခဲ့ပေမဲ့ အဆောင်ကြီး၌ နေသော လွင်ပြင်သည် မနက်အစောကြီး ရောက်လာသူကို တံခါးဖွင့်ကြည့်လိုက်သောအခါ ...

"ဟင်"

လွင်ပြင် အံ့သြတုန်လှုပ်ပြီး ကြောင်ငေးရပ်ကြည့်မိ လေသည်။

"အစ်ကိုပါ ... မင်းကျော်ဇောပါ"

"ဟုတ် ... ဟုတ်ကဲ့၊ လွင်ပြင် မှတ်မိပါတယ်"

"ညီမလေးကို အဆောင်ကြီး [illegible] တောင်း ပန်ပါတယ်"

"ရပါတယ်"





လွင်ပြင် မေ့ပြီးတံခါးမဖွင့်မိ။ ဒါပေမဲ့ မင်းကျော်ဇော ကလည်း ဒါကို သတိထားမိပုံမရ။ သူ့မျက်နှာမှာ ပင်ပန်းနွမ်း နယ်နေပြီး ဝမ်းနည်းကြေကွဲမှုတွေ ပြည့်နှက်နေခဲ့သည်။

"ဖြစ်နိုင်မယ်ဆိုရင် ကိုယ် ညီလေးအစား၊ မေမေ့အစား၊ ကြားထဲက ဝင်တောင်းပန်ချင်တယ်၊ လွင်ပြင် ကျေအေး တယ်၊ ခွင့်လွှတ်တယ်ဆိုရင် ညီလေးဆီကို လိုက်ခဲ့ပေးပါ လို့၊ ကိုယ့် ညီလေးကို ကယ်တင်နိုင်တဲ့သူဆိုလို့ လွင်ပြင် ပဲ ရှိတယ်လို့ ကိုယ်ထင်တယ်။ သူ့ဘဝ လုံးလုံးကြီးပြန် ကောင်းပြီး ဘာအရိပ်မည်းမှ မရှိတဲ့ အခြေအနေနဲ့ ရှင် သန်ဖို့အတွက် လွင်ပြင် သူ့ကို ဘေးကနေ တစ်သက်လုံး စောင့်ကြည့်ဖေးမပြီး ကယ်တင်မှ ဖြစ်တော့မယ်"

လွင်ပြင် ရုတ်တရက် နားမလည်နိုင်ဘဲ ...

"အစ်ကိုကြီး ဘာပြောတာလဲဟင်၊ လွင်ပြင် မရှင်းလို့ပါ"

လွင်ပြင် ထိုစကားကို မေးလိုက်ရပေမဲ့ ညက မက် ခဲ့သော အိပ်မက်ဆိုးကို ထိုအချိန်မှာ သတိရနေမိခဲ့လေသည်။

"ညီမလေး လိုက်ခဲ့ပေးပါ၊ ညီမလေး မိဘတွေကို ကိုယ် ခွင့်တောင်းပြီး ညီမလေးကို ဆေးရုံခေါ်သွားချင်လို့ပါ၊ ညီလေး ဒီမနက်နှစ်နာရီမှာ ဆေးရုံရောက်သွားတယ်"

မနက် နှစ်နာရီ။ ဘုရားရေ။ ဒါ ... ဒါ ... ငါ အိပ် မက်ဆိုးမက်ပြီး နိုးနေခဲ့တဲ့ အချိန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



“သူ ဘာဖြစ်လို့လဲ”

“ကားပေါ်ရောက်မှ ဆက်ပြောမယ်ကွာ”

“သူ ... သူ့အသက်အန္တရာယ် စိုးရိမ်ရလား”

“သူ့အသက်ကိုတော့ ကယ်နိုင်ပါတယ်။ ဒါပေမဲ့ သူဘဝ ပြန်ကယ်တင်နိုင်ဖို့က မသေချာဘူး။ သူ့အသက်ကို ဘယ်လောက်ပဲ ကယ်နိုင်နိုင် သူ့စိတ်က သူ့ဘဝသူ ပြန်မွ ဆီးနေရင် ဘာထူးမှာလဲ။ ရှင်လျက်နဲ့သေတဲ့သဘော ဒါကြောင့် ကိုယ် သိလိုက်တယ်။ သူ ပထမဦးဆုံး သတိ ချိန်မှာ လွင်ပြင့်ကိုမြင်ရရင် လွင်ပြင် သူ့ဘဝထဲကို ပြ ဝင်လာပေးခဲ့ရင် သူ့ကို ကယ်နိုင်မယ်လို့ သိလိုက်တယ်။ ဘာကြောင့်လဲဆိုတော့ ညီက လွင်ပြင့်ကို အရမ်းချစ် တာလေ၊ လွင်ပြင်နဲ့ ဝေးရလို့ သူ့ဘဝသူ ဒီလို ရေစု မျှောပစ်လိုက်တာ”

အဖေအမေတို့ကို အကျိုးအကြောင်း ပြောပြပြီး နောက် လွင်ပြင်သည် ကိုမင်းကျော်ဇော၏ ကားပေါ်ကို ပါလာ ခဲ့ပါသည်။ ကားမောင်းရင်း ကိုမင်းကျော်ဇောသည် အေးဆေးတည် ငြိမ်စွာပင် စကားရှည်ကြီး ပြောပြနေခဲ့ပါသည်။

“ကိုယ် အားလုံး သိပါတယ်၊ မေမေ့ကြောင့် လွင်ပြင်နဲ့ ညီလေးတို့ ပြန်ကွဲသွားကြတယ်ဆိုတာ။ ဒီတစ်ခါတော့ ညီလေးက အလွယ်တကူ အလျှော့မပေးဘူး။ လွင်ပြင့်





ခိုးပြေးမယ်တောင် သူ့ဘာသာ ကြိုတ်စီစဉ်သေးတယ်။ မေမေ အသိမြန်သွားတော့ သူ ဘာမှ လှုပ်ရှားလို့ကို မရခဲ့ဘူး”

လွင်ပြင့် ရင်ထဲ ကြည်နူးသွားသလို ဖြစ်သွားပါသည်။ သူ ဒီလောက်ထိတောင် ဆုံးဖြတ်ခဲ့သတဲ့။

“မေမေက ညီလေးနောက်ကို ဘော်ဒီဂတ်တွေ ငှားပြီးတောင် လွှတ်ပေးထားပြီး စောင့်ကြည့်နိုင်းထားခဲ့တယ်လေ။ သူ ဘယ်လိုမှ လွင်ပြင့်ကို ဆက်သွယ်လို့မရဘူး။ လွင်ပြင့်ဆီ ထွက်လာပြီး လွင်ပြင့်ကို လာခေါ်ထွက်ပြေးဖို့တောင် လုပ်လို့မရဘူး။ မေမေ့တပည့်တွေက သူ့ခြေလှမ်းပျက်တာနဲ့ ချက်ချင်းဖမ်းချုပ်ပြီး မေမေ့ဆီ ပြန်ပို့တာကွ၊ ဟား ဟား ... ပြောပြရရင် ရုပ်ရှင်ထဲကလို ဖြစ်နေမလားဘဲ။ ဒါပေမဲ့ မယုံမရှိနဲ့ လွင်ပြင်၊ တကယ်ပဲ အဲဒီလိုဖြစ်ခဲ့တာ။ ညီလေး ဇွဲရှိရှိနဲ့ ကြိုးတော့ ကြိုးစားတာပဲ။ ဒါပေမဲ့ မရ တော့ သူ့ဘက်က နည်းတစ်မျိုး ပြောင်းပြီး မေမေ့ကိုဆန့် ကျင်ပြတော့တယ်။ လွင်ပြင်လည်း သတင်းသဲ့သဲ့တွေ ဘာတွေ ကြားမလား မသိဘူး။ သူ လုံးဝကြိုက်လည်းမ ကြိုက်၊ စိတ်လည်း မဝင်စားခဲ့တဲ့ မူးယစ်ဆေးသုံးတာကို စ,လုပ်လာတော့တာပဲ။ ဘယ်က ဘယ်လို အဆက်အသွယ် နဲ့ ရလာလဲ မသိဘူး၊ သူ သုံးနေတာ တော်တော်ကြာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံတွေ တစ်မျိုးဖြစ်လာမှန်း သတိထားမိလာပြီး ကိုယ်တို့လည်း ရိပ်မိတော့တယ်"

လွှင်ပြင့် ရင်ထဲ နင့်သွားပါသည်။ ကိုရယ် ... ဖြစ်ရလေ။ အဲဒီလောက်တောင်ပဲလား၊ လွှင်ပြင့်နဲ့ နှီးစပ်ရဖို့ကို ပေးဆပ်လိုက်ရသလား။ ဘဝပျက်ခံပြီးတော့ ပေးဆပ်ရသလားကွယ်။

"တစ်ခါ ဖြတ်ကြည့်ပြီးပြီ၊ မရဘူး။ ပြန်သုံးတယ်၊ သူ စိတ်ပါလို့ မဟုတ်ဘူး။ တမင် သူ့ဘဝသူ အနစ်နာခံပြီးလုပ်တယ်လို့ ကိုယ် ထင်တယ်။ မေမေ့ကို တိုင်ပင်တယ်၊ ရှင်းပြတယ်။ ဒါပေမဲ့ မေမေက နားမဝင်ဘူး။ ငွေရှိရင် ဘာမဆို အနိုင်ရရမယ် ဖြစ်ရမယ်ဆိုတဲ့ စိတ်မျိုး ရှိတယ်လို့ ဝေဖန်ချင်တယ်။ မေမေ အဲဒီလို ဆက်မာနထားလို့လည်း ညီလေး အခုလို ဖြစ်သွားတာပဲ"

ကိုမင်းကျော်ဇောက သက်ပြင်းချလိုက်ပြီး ...

"တမင် အများကြီး သောက်ပစ်လိုက်လား။ ဘာကြောင့် သောက်သလဲ မသိဘူး။ သူ over dose (အိုဗာဒို့(စ))ဖြစ်သွားတယ်၊ ကံကောင်းချင်တော့ သူ့အသက် ငွေ့ငွေ့လေး ကျန်တဲ့အချိန်ကျမှ မေမေ သူ့ကို အချိန်မီတွေ့တာပဲ။ သူက အခန်းတံခါးကို လော့(ခ)လည်း မလုပ်ထားဘူး၊ အခန်းထဲမှာ TV ကြီးလည်း ဖွင့်ရက်နဲ့ နေနေတော့ မအိပ်သေးဘူးထင်လို့ တစ်ရေးနိုးထတဲ့ မေမေ ခဏဝင်အကြည့်မှာ





တွေ့တာပဲ။ သူ့ကို အချိန်မီ ဆေးရုံပို့နိုင်ခဲ့တယ်။ သူ့အစာအိမ်ထဲမှာရှိနေတဲ့ အရာတွေကို စုပ်ထုတ်ပစ်နိုင်ခဲ့တယ်။ အခုတော့ သူ သတိမရသေးဘူး။ မကြာခင်မှာ သတိရကော ရလာမှာပါ၊ သူ သတိရတဲ့အချိန်မှာ သူ အချစ်ရဆုံး ချစ်သူကို တွေ့ချင်မှာပဲလို့ ကိုယ် ထင်လို့ ကိုယ့်သဘောနဲ့ကိုယ် လွှင်ပြင့်ကို လာခေါ်တာပါ"

ဆေးရုံရှေ့ ကားအရပ်မှာ လွှင်ပြင့်သည် အရာအားလုံးကို ရင်ဆိုင်နိုင်တဲ့ ခွန်အားတွေပါသော ခြေလှမ်းတွေနဲ့ ပြေးဝင်လာခဲ့မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၂

လွင်ပြင် ဝင်လာခဲ့သောအခါ သူ့ကို ခုတင်ပေါ်တွင် ပိုက်တချို့ ဆက်သွယ်ထားသော အနေအထားနဲ့ တွေ့ရသည်။ သူ့မျက်လုံးတွေကတော့ ပိတ်ထားဆဲ ဖြစ်သည်။ လွင်ပြင့်ကိုမြင်တော့ ဒေါ်ခင်နှင်းဦးက ကျေနပ်လိုလားစွာ လက်ကမ်းကြိုဆိုသော အသံမျိုးဖြင့် ...

"လာ ... သမီး"

ဟု တစ်ခွန်းခေါ်ပါသည်။

သူ့ခုတင်နံဘေးခုံမှာ ဝင်ထိုင်နိုင်ဖို့ ဒေါ်ခင်နှင်းဦး ကိုယ်တိုင် နေရာဖယ်ပြီး ထရပ်ပေးလိုက်လေသည်။

လွင်ပြင်သည် နောက်ဆုံး တွေ့ခဲ့ရစဉ်နဲ့ မတူဘဲ တော်တော်ကြီး ညှိုးနွမ်းရင့်ရော်သလို ဖြစ်နေသော သူ့မျက်နှာကို ဝမ်းနည်းစိုးရိမ်စွာ ငုံ့စိုက်ကြည့်နေမိသည်။





"ဟော"

လွင်ပြင် သူ့ဘေးမှာ ထိုင်လိုက်တာနဲ့ သူ့ဆီမှ ညည်းညူသံလိုလို၊ ဗလုံးဗထွေး ရေရွတ်သံလိုလို အသံသဲ့သဲ့ ကြားရကာ သူ အနည်းငယ် လူးလွန့်လာလျှင် အခန်းထဲမှာရှိနေကြသူ အားလုံးတို့၏ အာမေဋိတ်သံတွေ တစ်သံတည်း၊ တစ်ပြိုင်တည်း ထွက်လာသည်။ တိတ်ဆိတ်ပြီး နှလုံးခုန်သံတိုင်းသောစက် အသံကလွဲရင် ဘာသံမှမရှိသော အခန်း၌ ထိုအာမေဋိတ်သံမှာ ဟိန်းထွက်သလိုတောင် ဖြစ်သွားပါသည်။

မျက်ခွံတွေ ပွင့်လာလျှင် ...

"ကို"

ဟု လွင်ပြင် သူ့နားရွက်ဖျားမှာကပ်ကာ ခေါ်လိုက်မိသည်။

"လွင်ပြင်လား"

သူ့အသံက တိုးလျပြီး အနားမှာ ထိုင်နေသော လွင်ပြင့် တစ်ယောက်သာ ကြားနိုင်သော အသံမျိုး ဖြစ်နေသည်။

"လွင်ပြင် ... ကို့အနားမှာပါ"

သူ ဝမ်းသာအားရ ပြုံးသွားပြီး မျက်ခွံတွေ လေးလံနေတာကို ကြိုးစားအားယူကာ ဖွင့်ကြည့်လိုက်ပါသည်။ မျှော်တော့ အားနည်းနေသော သူ့မျက်ဝန်းနှင့် အားပေးနှစ်သိမ့်သော လွင်ပြင့်မျက်ဝန်းတို့ ဆုံသွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကို ဘဝထဲကို ပြန်လာခဲ့ပါ လွှင်ပြင်၊ လွှင်ပြင် မရှိရင် မဖြစ်ဘူး။ ကို ဘယ်လိုမှ မရပ်တည်နိုင်ခဲ့ဘူး။ ပြီးတော့ ကို အရမ်းလွမ်းလည်းလွမ်းတယ် လွှင်ပြင်ရယ်"

"လွှင်ပြင် အားလုံးကို ရင်ဆိုင်ပြီး ကို့ကို ချစ်ပါ့မယ်၊ ကို့ အနားမှာပဲ နေပေးပါ့မယ်၊ စိတ်ချပါ ကို"

"ကို ဆေးတွေသောက်ပြီး အိပ်ပျော်သွားတုန်းက လွှင်ပြင့် ဆီကို လာခဲ့တယ်လို့ အိပ်မက်ထဲမှာ မက်တယ်"

"လွှင်ပြင်လည်း အဲဒီအချိန်မှာ ကို့ကို တွေ့ရတယ်လို့ အိပ်မက် မက်ခဲ့တာ"

"အံ့သြစရာကြီးနော်"

လွှင်ပြင် ပြုံးလျက် ...

"အံ့သြစရာ မဟုတ်ပါဘူး၊ လွှင်ပြင်တို့က စိတ်ချင်းဆက်သွယ်နေတာပါ"

ဟု ပြောလျှင် မင်းဂုဏ်ရှိန်က ခေါင်းခါလိုက်ရင်း ...

"စိတ်ချင်း ဆက်သွယ်တာ မဖြစ်နိုင်ဘူး"

ဟု၍သာ ငြင်းပါသည်။

"စိတ်ချင်း မဆက်သွယ်ဘူး။ နှလုံးသားချင်း ဆက်သွယ်နေတာပါ။ ကို့နှလုံးသားက လွှင်ပြင့် နှလုံးသားထဲက အကြောင်းအရာတွေကို သိတယ်။ လွှင်ပြင့် နှလုံးသားကလည်း ကို့နှလုံးသားထဲမှာ ဘာတွေဖြစ်နေသလဲ ဆိုတာကို



သိနေတယ်။ ဒါကြောင့် အိပ်မက်ထဲမှာ တစ်ချိန်တည်း တစ်ပြိုင်တည်း ကိုတို့ ဆုံခဲ့ရတာပေါ့"


လွှင်ပြင်သည် တကယ်တော့ ချစ်ရသူ၏ ရင်ခွင်တွင် ခေါင်းမှီမှေးစက်ရင်း ချစ်သူ ပြောသမျှ ယုံကာ ကျေနပ်ပီတိဖြစ်စွာ နားဆင်နေခဲ့လိုသော မိန်းကလေးတစ်ဦးသာ ဖြစ်နေခဲ့တော့သည်။

❦ ❋ ❦

www.burmeseclassic.com

www.burmeseclassic.com








နှလုံးသားချင်း
ဆက်သွယ်ထားတယ်

www.burmeseclassic.com

www.burmeseclassic.com



"အရာအားလုံးထက်
အရေးကြီးဆုံးသော
ဆက်သွယ်ထားနိုင်မှုဟာ
နှလုံးသားချင်း ဆက်သွယ်ထားနိုင်မှုလို့ပဲ
ထင်ပါတယ်"



ရှင်မိုး
(ဆေးတက္ကသိုလ်)
1 st October
Wednesday
2008.

www.burmeseclassic.com